

ရုပ်ပစ္စက္ခဓိဋ္ဌာန်

၂၁၀၄

ပိဋကတ္တယဆေကာ၊ဗဟုသုတဂန္ထနှံ့ရဓမ္မကထိက၊
ဆိပ္ပပါမောက်၊ မုန်သောက်အာဇာနည်
ဖြစ်တော်မူသော

မုံရွာမြို့ "လယ်တီဆရာတော်ဘုရားကြီး" သည်
ကျွတ်လွတ်ထိုက်သူ-ရဟန်း,ဂျင်,လူ အပေါင်းတို့အား
သံသရာဒုက္ခမှ ကျွတ်လွတ်ရန် အလင်းကြီး ငါးပါးနှင့်
ဓာတ်ခြောက်ပါး ကမ္မဋ္ဌာန်းပွါးနည်းတို့ဖြင့် စီရင်တော်မူသော

အလင်းကျမ်း

နှင့်

ပဋိစ္စသမုပ္ပါဒ်အကျဉ်း။

ဂေါဏသုရာဒီပနီကျမ်း

နိဒါးမေတ္တာစာ

သံဝေဂ လေးချိုး

(၅-စောင်တွဲ။)

ပါဠိဆရာ-ဆရာထွန်း နှင့် ဦးတင်ဇိုန်တို့
ကြည့်ကြပ်ပြင်ဆင်သည်။

ဦးထွန်းရှင်-ဒေါ်ကြည်ဇွန်

၈မ္မ။ မိတ်ဆွေ ပိဋကတ်စာအုပ်ဆိုင်။

နံပါတ် (၈-၉) စီရုံ၊ ဈေးချိုတော်၊

မန္တလေးမြို့။

နိဒါန်း။

ဖြန်မာသက္ကရာဇ် ၁၂၇၂-ခုနှစ်၊ ကဆုန်လအတွင်း ရေဦးမြို့တရားမဏ္ဍပ်ကြီးတွင် တးထောင်ကျော်မျလောက်သော ရှင်, လူပရိသတ်အပေါင်းတို့အား အဓိက်ကြီး ၅-ပါး, အလင်းကြီး ၅-ပါးတို့ကိုထင်လျားစွာ ဘော်ပြ, ပြောဟောတော်မူရာ၊ အဓိက်ကြီး ၅-ပါးတို့မှကျွတ်လွတ်၍ အလင်းကြီး ၅-ပါးဘက်သို့သက်ရောက်ပါဝင်လိုကြသူ ရှင်, လူ အပေါင်းသူတော်းကောင်းတို့၏ အကျိုးငှါ "အလင်းကျမ်း စာအုပ်" ကို ထုတ်ဘော် စီရင်တော်မူပါမည့် အကြောင်းနှင့် ၎င်းရေဦးမြို့ နယ်ပိုင် စန်ထောက် မောင်စံမင်း- ၁၊ မြို့ပိုင်, မြို့အုပ် မောင်ပေါက်နှန်- ၂၊ တဆယ်မြို့အုပ် မောင်တိုးဆိပ်- ၃၊ ဒီပရင်းမြို့အုပ် ထိပ်တင်ဝ- ၄၊ တမာတောမြို့အုပ် ထိပ်တင်ကြီး- ၅ တို့က ရှိသေစွာ တောင်းပန် လျှောက်ထားကြသည့် တကြိမ်။ ။ ၁၂၇၂-ခုနှစ်၊ တပေါင်းလဆန်း ၇-ရက်နေ့ည၊ မန္တလေးတွင်းမြို့တော်၌ ဒေါင်းရိုးရပ်ကွက် တရားဟောမဏ္ဍပ်ကြီးတွင် ၅၀၀၀-ကျော် မျလောက်သော ရှင်, လူ အပေါင်းတို့အား ၎င်းအလင်းကြီး ၅-ပါးကို စေ့စပ်သေချာ, ဒေသနာတော် အစဉ်မပျက် ဟောပြောတော်မူရာ၊ ဗုဒ္ဓဘာသာဝင် ရှင်, လူ အများတို့အား ၎င်းအလင်းကြီး ငါးပါးကို ထင်လျားစွာ ရှင်းစေကြခြင်းအကျိုးငှာ "အလင်းကျမ်း" ကို စိမံ ပြုစုတော်မူပါမည့် အကြောင်းနှင့် မန္တလေး မြို့နေ ဆရာတော်ဘုရားကြီး၏ တပည့်ခင်း-ရှင်မာလာသည် ဆယ်ဖြာဟပ္ပန္ဓ၊ ညွှတ်ခရိုကျိုး ရှိခိုးလျှောက်ထားသည် တကြိမ်။ ။ဤသို့ အကြိမ်ကြိမ် တောင်းပန်လျှောက်ထားကြသည်ဖြစ်၍၊ မုံရွာမြို့ လယ်တီဆရာ ငါသည် အဓိက်ကြီး ၅-သင်း, အလင်းကြီး ၅-ပါးတို့ကို အကျဉ်းအားဖြင့် ထင်လျားစွာ ဘော်ပြပေအုံသတည်း။

ရေ အကြောင်းအရာ။ နံပါတ်။

၁ အဓိကဏ်ကြီး ငါးပါးတို့ကို အကျဉ်းအားဖြင့်
သံပေါက်နှင့်တကွ ရေတွက်၍ပြခြင်း ၉

၂ အလင်းကြီး ငါးပါးတို့ကို အကျဉ်းအားဖြင့်
သံပေါက်နှင့်တကွ ရေတွက်၍ပြခြင်း ၉

၃ ပထမအဓိကဏ်ကြီး နှင့် ပထမ အလင်းကြီး
နှစ်ပါးတို့၏အဓိပ္ပါယ်ကိုပြခြင်း ၁၀

၄ ဒုတိယအဓိကဏ်ကြီး နှင့် ဒုတိယအလင်းကြီး
နှစ်ပါးတို့၏ အဓိပ္ပါယ်ကိုပြခြင်း ၁၄

၅ တတိယအဓိကဏ်ကြီးနှင့်တတိယအလင်းကြီး
နှစ်ပါးတို့၏အဓိပ္ပါယ်ကိုပြခြင်း ၁၆

၆ စတုတ္ထအဓိကဏ်ကြီးနှင့် စတုတ္ထအလင်းကြီး
နှစ်ပါးတို့၏အဓိပ္ပါယ်ကိုပြခြင်း ၁၉

၇ ပဉ္စမအဓိကဏ်ကြီးနှင့် ပဉ္စမအလင်းကြီးနှစ်ပါး
တို့၏ အဓိပ္ပါယ်ကိုပြခြင်း ၂၀

အဓိကဏ်ကြီးငါးသင်း, အလင်းကြီးငါးပါးတို့၏
အကျဉ်း မာတိကာ ပြီး၏။

---

၈ ဗုဒ္ဓ ဘာ သာ သာသနာတော် အလင်းကြီး
လေးပါးတို့ကို ရေတွက်၍ပြခြင်း ၂၂

၉ ပထဝီဝေတ်ကို ဓာတ်ပေါက်အောင် အနှံ
စိတ်၍ပြခြင်း ၂၆

၁၀ အာပေါဝေတ်ကို ဓာတ်ပေါက်အောင် အနှံ
စိတ်၍ပြခြင်း ၂၁

၁၁ တေဇောဝေတ်ကို ဓာတ်ပေါက်အောင် အနှံ
စိတ်၍ပြခြင်း ၂၂

ဦးရေ	အကြောင်းအရာ	နံပါတ်
၁၂	ဝါယောဓာတ်ကို ဓာတ်ပေါက်အောင် အနဲ့ စိတ်၍ပြခြင်း	၃၅
၁၃	ဂင်းဓာတ်ကြီး လေးပါးတို့၏ ဇာတိ တည်း ဟူသောအဖြစ်, ဘဂ်တည်းဟူသော အပျက် တို့ကို ထင်ရှားအောင်ဥပမာနှင့်တကွဘော် ပြခြင်း	၃၇
၁၄	အာကာသဓာတ်ကို ဝေဘန်၍ ပြခြင်း	၃၈
၁၅	ဝိညာဏဓာတ်ကို ဥပမာနှင့်တကွ ဓာတ် ပေါက်အောင်ပြခြင်း	၄၀
၁၆	ဗုဒ္ဓဘာသာ ပထမအလင်းကြီးကို အကျယ် ပြခြင်း	၄၃
၁၇	ပစ္စယ ပဋိဂ္ဂဟဉာဏ် အလင်းကြီးကို အ ကျယ်ပြခြင်း	၄၇
၁၈	လက္ခဏာတ္တယ ပဋိဝေဓဉာဏ်အလင်းကြီး ကို အကျယ်ပြခြင်း	၅၆
၁၉	ဝိညာဉ်ခြောက်ပါးတို့၏အနိစ္စလက္ခဏာကို ထင်ဖြင်အောင်ပြခြင်း	၆၀
၂၀	စက္ခုဝိညာဉ်ကို လက္ခဏာတင်၍ ပြခြင်း	၆၄

အလင်းကျမ်း မာတိကာ ပြီး၏။

ပဋိစ္စသမုပ္ပါဒ်မာတိကာ။

၂၁	အဝိဇ္ဇာပစ္စယာ သင်္ခါရာ၏ လက်ဝန်ှင့် အ ဓိပ္ပါယ်ကိုပြခြင်း	၁၁
၂၂	သင်္ခါရပစ္စယာ ဝိညာဏ်၏ လက်ဝ နှင့် အ အဓိပ္ပါယ်ကို ပြခြင်း။	၁၆

ဦးရေ	အကြောင်းအရာ	နံပါတ်
၂၃	ဝိညာဏပစ္စယာ နာမရူပံ၏ လက်ဝါ နှင့် အ ဓိပ္ပါယ်ကို ပြခြင်း။	..... ၈၇
၂၄	နာမရူပပစ္စယာ သဠာယတနံ၏ လက်ဝါ နှင့် အဓိပ္ပါယ်ကို ပြခြင်း။	..... ၈၉
၂၅	သဠာယတနပစ္စယာ ဖဿာ၏ လက်ဝါနှင့် အဓိပ္ပါယ်ကို ပြခြင်း။	..... ၉၀
၂၆	ဖဿ ပစ္စယာ ဝေဒနာ ၏ လက်ဝါ နှင့် အ ဓိပ္ပါယ်ကို ပြခြင်း။	..... ၉၂
၂၇	ဝေဒနာပစ္စယာ တဏှာ ၏ လက်ဝါ နှင့် အ ဓိပ္ပါယ်ကို ပြခြင်း။	..... ၉၃
၂၈	တဏှာပစ္စယာ ဥပါဒါန်၏ လက်ဝါ နှင့် အ ဓိပ္ပါယ်ကို ပြခြင်း၊	..... ၉၄
၂၉	ဥပါဒါနပစ္စယာ ဘဝေါ ၏ လက်ဝါ နှင့် အ ဓိပ္ပါယ်ကိုပြခြင်း၊	..... ၉၅
၃၀	ဘဝပစ္စယာ ဇာတိ၏ လက်ဝါနှင့် အဓိပ္ပါယ် ကို ပြခြင်း။	..... ၉၆
၃၁	ဇာတိပစ္စယာ ဇရာမရဏံ၏ လက်ဝါနှင့် အ ဓိပ္ပါယ်ကို ပြခြင်း။	..... ၉၆
၃၂	သောက ပရိဒေဝဒုက္ခဒေါမနဿုပာယာသာ နံ လက်ဝါနှင့် အ ဓိပ္ပါယ်ကို ပြခြင်း။	..... ၉၇
၃၃	ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၏ လက်ဝါနှင့် အ ဓိပ္ပါယ်ကို ပြခြင်း၊	..... ၉၇
၃၄	သြဝါဒစာတမ်းကို ပြခြင်း	..... ၉၈

အလင်းကျမ်း မာတိကာပြီး၏။

ဦးရေ အကြောင်းအရာ နံပါတ်

ကါဏသုရာဒီပနီကျမ်းမာတိကာ။

၃၅ နွားတရားကိုပြခြင်း ၉၉
၃၆ သေရည်၊ သေက်တရားကိုပြခြင်း ၁၁၅
၃၇ နွား၊ မြင်းပြိုင်ပွဲကိုပြခြင်း ၁၂၂
၃၈ နွားမောင်္ဂလာစာ ၁၂၆
၃၉ သံဝေဂလေးချိုးကြိုး ၁၃၁
၄၀ ဂင်းအဓိပ္ပါယ်ပြန်ချက် ၁၃၂



အခင်းကျင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(က) အမိုက်ကြီးငါးပါးကို ပြဆိုခဏ်း။

၁ ကမ္မသမ္မောဟ, အဓိက်ကြီးတပါး၊
၂ ဓမ္မသမ္မောဟ, အဓိက်ကြီးထပါး၊
၃ ပဗ္ဗယသမ္မောဟ, အဓိက်ကြီးတပါး။
၄ လက္ခဏသမ္မောဟ, အဓိက်ကြီးတပါး၊
၅ နိဗ္ဗာနသမ္မောဟ, အဓိက်ကြီးတပါး။

ပေါင်းငါးပါးတည်း။

ကမ်-ဓမ် ပစ်-လက်၊နိဗ်-ငါးချက်၊ဖုံးဝှက်အမိုက်ငါး။

ကေထိန်သံခိဓ်သံပေါက်။

(ခ) အလင်းကြီးငါးပါးကိုပြဆိုခဏ်း။

၁ ကမ္မသကတာဉာဏ်, အလင်းကြီးတပါး၊
၂ ဓမ္မဝဝတ္ထာနဉာဏ်, အလင်းကြီးတပါး၊
၃ ပဗ္ဗယဝဝတ္ထာနဉာဏ်, အလင်းကြီးတပါး၊
၄ လက္ခဏာပဋိဝေဓဉာဏ်, အလင်းကြီးတပါး၊
၅ နိဗ္ဗာနပဋိဝေဓဉာဏ်, အလင်းကြီးတပါး၊

ပေါင်းငါးပါးတည်း။

ကမ်–ဓမ်–ပစ်–လက်၊ နိဗ်–ငါးချက်၊ ပေါ်ထွက်အလင်းငါး။
ကေဇိန်သံခိပ်သံပေါက်။
ပထမအမိုက်ကြီးနှင့်၊ပဿမအလင်းကြီး-၂-ပါးကို တွဲစပ်၍ပြဆိုခဏ်း။

(က–၁) အချက်။ပထမ ကမ္မသမ္မောဟ, အမိုက်ကြီးနှင့်

(ခ–၁) အချက်။ပထမ ကမ္မသကတာဉာဏ်, အလင်းကြီး အစုံကို ကွဲဘက်၍ပြအပ်၏။

(က-၁) ထိုအရုံတို့တွင် ကမ္မသမ္မောဟ အဓိုက်ကြီး ဆိုသည် ကား။ ။ကံကိုငင်း,ကံ၏အကျိုးကိုငင်း,မဆိတြင်းကိုဆိုသည်။ ။ ကံကိုမဆိတြင်း ဆိုသည်မှာလည်း ခပ်ဆိပ်းသောသတ္တဝါတို့သည် ပဒိတ်ရှုပြုကြသော ကံသည်သာလျှင် ကိုယ်ပိုင်ဥစ္စာ ဂိုကုန်၏။ ကံ သည်သာလျှင် အမွေခံဥစ္စာ ဂိုကြကုန်၏။ ကံသည်သာလျှင် အ ငြောင်းရှင်း ဂိုကြကုန်၏။ ကံသည်သာလျှင် ပဋိဘဏ္ဍမျိုး အစစ် ဖြစ်ကြကုန်၏။ကံသည်သာလျှင် ကိုးကွယ်ရာအစစ်ဂိုကြကုန်၏ဟု မဆိတြင်း။ ။ပဒိတ်ရှုပြုကြသောကိုယ်အမှု, နှုတ်အမှု, စိတ်အမှုတို့ တွင် ဘယ်အမှု, ဘယ်အမှုမျိုးတို့ကား အကုသိုလ် အမှုမျိုးတို့ဖြစ် ကုန်၏။ ဤအမှုမျိုးတို့သည် နေ့ဂက်နေ့ဂက်ဘဝတ်ရှိမကောင်းသော အကျိုးတို့ကို ပေးတတ်ကုန်၏။ အပါယ် လေးပါးသို့ ပစ်ချတတ် ကုန်၏ဟု မဆိတြင်း၊

ဘယ်အမှု, ဘယ်အမှုမျိုးတို့ကား ကုသိုလ်အမှုမျိုး ဖြစ်ကြ ကုန်၏။ ဤအမှုမျိုးတို့သည် နေ့ဂက်နေ့ဂက် ဘဝတ်ရှိကောင်း သောအကျိုးတို့ကိုပေးတတ်ကုန်၏။ လူ့ပြည်,နတ်ရပ်,ဗြတ်သော ဘဝတို့သို့ ပို့ဆောင်တတ်ကုန်၏ဟု မဆိတြင်း။ ဤကဲ့သို့ ကံ၏ သဘာဝ,ကံ၏လက္ခဏာတို့ကို မဆိတြင်းဟူသမျှတို့သည် ကံကို မဆိတြင်းမည်ကုန်၏၊

ကံ၏ အကျိုးကို မဆိတြင်း ဆိုသည်ကား သတ္တဝါတို့ မည်သည် ဌေးချာနိုက် ဘဝဆုံးကြကုန်သနည်း ပေါ့တ်သေး၊ ကံ

ပစ်ချရာ, ကံပို့ဆောင်ရာ, ကံဆွဲငင်ရာ, ကံ စီရင်ရာ, ကံ ချထားရာ-ဘဝတပါးဖြစ် ဖြစ်ကြကုန်၏ဟု မဆိုခြင်း။ ။လူတို့၏ပကတိ မျက်စိဖြင့် မမြင်ကောင်းသော ငရဲမျိုးအနွံ, ပြိတ္တာမျိုးအနွံ, အသူရကာယ်မျိုးအနွံ, တိရစ္ဆာန်မျိုးအနွံ ဘိုကြကုန်၏ဟု မဆိုခြင်း။ ။အကုသိုလ်ကံကိုပြုခဲ့သျှင် ထိုထိုအပါယ်ဘဝတို့ဌာန ဖြစ်ကြရကုန်သည်ဟု မဆိုခြင်း။ ။လူတို့၏ ပကတိမျက်စိဖြင့် မြင်ကောင်း,မြင်နိုင်သော လူသတ္တဝါမျိုးအနွံ, မမြင်ကောင်း,မမြင်နိုင်သောနတ်ဆိုးမျိုး အနွံ, နတ်ကောင်းမျိုးအနွံ, အထက်ကောင်းကင်တံတိုက်ဌာန နတ်ပြည်ခြောက်ထပ်, ရူပဗြဟ္မာ, အရူပဗြဟ္မာတို့ အဆင့်ဆင့်ဂိုကြကုန်သည်ဟု မဆိုခြင်း။ ။ဒါန, သီလ, ဘာဝနာကုသိုလ်ကံအမျိုးမျိုးတို့ကို အားထုတ်ကြ, ပြုကြ,ပွါးများကြလျှင် ထိုပြုကြသော ကံအားလျော်စွာ ထိုထိုလူမျိုး, နတ်မျိုး,ဗြဟ္မာမျိုးတို့ဌာန ဖြစ်ကြရကုန်သည်ဟုမဆိုခြင်း။ ။အတိတ်ကာလဌာလည်း အစမရှိ။ နောင်အနာဂတ်ကာလဌာလည်း အဆုံးမရှိသော သံသရာကြီးသည်ရှိ၏ဟုမဆိုခြင်း။ ။သတ္တဝါဟူသမျှတို့သည် ဤသံသရာကြီးအတွင်းမှာ မိမိတို့ပြုကြသောကုသိုလ်ကံ,အကုသိုလ်ကံတို့က ပို့ဆောင်ရာ,ပစ်ချရာ,ဆွဲငင်ရာ,စီရင်ရာ,ယူဆောင်ရာ,ချထားရာ, မရေပမနား ပြေးသွားကျင်လည်၍ နေကြကုန်သည်ဟုမဆိုခြင်း။ ။ ဤမဆိုခြင်းအလုံးစုံတို့ကို 'ဂမ္ဘသမ္မာဟ'အဓိက်ကြီးဆိုသည်။

(က-၁) အချက်၊ပထမအဓိက်ကြီးကိုဆိုသာထင်ဖြင့်ရုံမျှ ဘော်ပြချက်ပြီး၏။

(ခ-၁) အချက်။ ဂမ္ဘသဘာဝ၏ အလင်းကြီး ဆိုသည်ကား-ကံကိုဂုဏ်း, ကံ့၏အကျိုးကိုဂုဏ်း ဆိုခြင်းတည်း။ ။ကံကိုဆိုခြင်း ဆိုသည်ကား-ခပ်ဆိမ်းသော သတ္တဝါတို့သည် ကံသည်သာလျှင် ကိုယ်ပိုင်ဥစ္စာ ဂိုကြကုန်၏။ ကံသည်သာလျှင် အဖွေခံဥစ္စာဂိုကြကုန်၏။ ကံသည်သာသျှင် အကြောင်းရင်း မူလဂိုကြကုန်

ဦးရေ အကြောင်းအရာ နံပါတ်

ကေါဏသုရာဒီပနီကျမ်းမာတိကာ။

၃၅ နွားတရားကိုပြခြင်း ၉၉
၃၆ သေရည်, သေရက်တရားကိုပြခြင်း ၁၁၅
၃၇ နွား, မြင်းပြိုင်ပွဲကိုပြခြင်း ၁၂၂
၃၈ နွားမေတ္တာစာ ၁၂၆
၃၉ သံဝေဂလေးချိုးကြိုး ၁၃၁
၄၀ ဂုဏ်အာဓိပ္ပါယ်ပြန်ချက် ၁၃၂



အလင်းကျင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(က) အမိုက်ကြီးငါးပါးကို ပြဆိုခဏ်း။

၁ ကမ္မသမ္မောဟ, အဓိက်ကြီးတပါး။
၂ ဓမ္မသမ္မောဟ, အဓိက်ကြီးထပါး။
၃ ပဋိယသမ္မောဟ, အဓိက်ကြီးတပါး။
၄ လက္ခဏသမ္မောဟ, အဓိက်ကြီးတပါး။
၅ နိဗ္ဗာနသမ္မောဟ, အဓိက်ကြီးတပါး။

ပေါင်းငါးပါးတည်း။

ကမ်-ဓမ် ပစ်-လက်၊နိမ်-ငါးချက်၊ဖုံးဝှက်အမိုက်ငါး။
ကေဒိန်သံခိစ်သံပေါက်။

(ခ) အလင်းကြီးငါးပါးကိုပြဆိုခဏ်း။

၁ ကမ္မသကတာဉာဏ်, အလင်းကြီးတပါး။
၂ ဓမ္မဝဝတ္ထာနဉာဏ်, အလင်းကြီးတပါး။
၃ ပဋိယဝဝတ္ထာနဉာဏ်, အလင်းကြီးတပါး။
၄ လက္ခဏာပဋိဝေဓဉာဏ်, အလင်းကြီးတပါး။
၅ နိဗ္ဗာနပဋိဝေဓဉာဏ်, အလင်းကြီးတပါး။

ပေါင်းငါးပါးတည်း။

ကမ်–ခမ်–ပစ်–လက်၊ နှိမ့်–ငါးချက်၊ ပေါ်ထွက်အလင်းငါး။
ကေဇိန်သံခေါင်သံပေါက်။

ပထမအမိုက်ကြီးနှင့်၊ပဉမအလင်းကြီး-၂-ပါးကို တွဲစပ်၍ပြဆိုခဏ်း။

(က–၁) အချက်။ပထမ ကမ္မသမ္မောဟ, အမိုက်ကြီးနှင့်

(ခ–၁) အချက်။ပထမ ကမ္မသကတာဉာဏ်, အလင်းကြီး
အစုံကို ကွဲဘက်၍ပြအပ်၏။

(က–၁) ထိုအရုံတို့တွင် ကမ္မသမ္မောဟ အဓိုက်ကြီး ဆိုသည် ကား။ ။ကံကိုငင်း, ကံ၏အကျိုးကိုငင်း, မဆိုခြင်းကိုဆိုသည်။ ။ ကံကိုမဆိုခြင်း ဆိုသည်မှာလည်း ခပ်သိမ်းသောသတ္တဝါတို့သည် ပဒိတ်ရှုပြုကြသော ကံသည်သာလျှင် ကိုယ်ပိုင်ဥစ္စာ ဂိုကုန်၏။ ကံ သည်သာလျှင် အမွေခံဥစ္စာ ဂိုကြဲကုန်၏။ ကံသည်သာလျှင် အာ ခြေကြောင်းရင်း ဂိုကြဲကုန်၏။ ကံသည်သာလျှင် ပဋိဘဏ္ဍမျိုး အစစ် ဖြစ်ကြကုန်၏။ကံသည်သာလျှင် ကိုးကွယ်ရာအစစ်ဂိုကြကုန်၏ဟု မဆိုခြင်း။ ။ပဒိတ်ရှုပြုကြသောကိုယ်အမှု, နှုတ်အမှု, စိတ်အမှုတို့ တွင် ဘယ်အမှု, ဘယ်အမှုမျိုးတို့ကား အကုသိုလ် အမှုမျိုးတို့ဖြစ် ကုန်၏။ ဤအမှုမျိုးတို့သည် နောက်နောက်ဘဝတို့၌ မကောင်းသော အကျိုးတို့ကို ပေးတတ်ကုန်၏။ အပါယ် လေးပါးသို့ ပစ်ချတတ် ကုန်၏ဟု ဆိုခြင်း၊

ဘယ်အမှု, ဘယ်အမှုမျိုးတို့ကား ကုသိုလ်အမှုမျိုး ဖြစ်ကြ ကုန်၏။ ဤအမှုမျိုးတို့သည် နောက်နောက် ဘဝတို့နှင့် ကောင်း သောအကျိုးတို့ကိုပေးတတ်ကုန်၏။ လူ့ပြည်, နတ်ရွာ, ဗြတ်သော ဘဝတို့သို့ ပို့ဆောင်တတ်ကုန်၏ဟု မဆိုခြင်း။ ဤကဲ့သို့ ကံ၏ သဘာဝ, ကံ၏လက္ခဏာတို့ကို မဆိုခြင်းဟူသမျှတို့သည် ကံကို မဆိုခြင်းမည်ကုန်၏။

ကံ၏ အကျိုးကို မဆိုခြင်း ဆိုသည်ကား သတ္တဝါတို့ မည်သည် သည် သေရာနှိုက် ဘဝဆုံးကြကုန်သေးသည် ဟုတ်သေး၊ ကံ

ပစ်ချရာ, ကံပို့ဆောင်ရာ, ကံဆွဲငင်ရာ, ကံ စီရင်ရာ, ကံ ချထားရာ-ဘဝတပါးဌ ဖြစ်ကြကုန်၏ဟု မဆိုခြင်း။ ။လူတို့၏ပကတိမျက်စိဖြင့် မမြင်ကောင်းသော ငရဲမျိုးအနွံ, ပြိတ္တာမျိုးအနွံ, အသုရကာယ်မျိုးအနွံ, တိရစ္ဆာန်မျိုးအနွံ ဘိုကြကုန်၏ဟု မဆိုခြင်း။ ။အကုသိုလ်ကံကိုပြုခဲ့သျှင် ထိုထိုအပါယ်ဘဝတို့ဌ ဖြစ်ကြရကုန်သည်ဟု မဆိုခြင်း။ ။လူတို့၏ ပကတိမျက်စိဖြင့် မြင်ကောင်း,မြင်နိုင်သော လူသတ္တဝါမျိုးအနွံ, မမြင်ကောင်း,မမြင်နိုင်သောနတ်ဆိုးမျိုး အနွံ, နတ်ကောင်းမျိုးအနွံ, အထက်ကောင်းကင်တံတိုဌ နတ်ပြည်ခြောက်ထပ်, ရူပဗြဟ္မာ, အရူပဗြဟ္မာတို့ အဆင့်ဆင့်ရှိကြကုန်သည်ဟု မဆိုခြင်း။ ။ဒါန, သီလ, ဘာဝနာကုသိုလ်ကံအမျိုးမျိုးတို့ကို အားထုတ်ကြ, ပြုကြ,ပွါးများကြလျှင် ထိုပြုကြသော ကံအားလျော်စွာ ထိုထိုလူမျိုး, နတ်မျိုး,ဗြဟ္မာမျိုးတို့ဌ ဖြစ်ကြရကုန်သည်ဟုမဆိုခြင်း။ ။အတိတ်ကာလဌလည်း အစမရှိ။ နောင်အနာဂတ်ကာလဌလည်း အဆုံးမရှိသော သံသရာကြီးသည်ရှိ၏ဟုမဆိုခြင်း။ ။သတ္တဝါဟူသမျှတို့သည် ဤသံသရာကြီးအတွင်းမှာ မိဒိတို့ပြုကြသောကုသိုလ်ကံ,အကုသိုလ်ကံတို့ကပို့ဆောင်ရာ,ပစ်ချရာ,ဆွဲငင်ရာ,စီရင်ရာ,ယူဆောင်ရာ,ချထားရာ, မရေပမနား ပြေးသွားကျင်လည်၍ နေကြကုန်သည်ဟုမဆိုခြင်း။ ။ ဤမဆိုခြင်းအလုံးစုံတို့ကို 'ကမ္မသဿမှာဟ'အဓိက်ကြီးဆိုသည်။

(က-၁) အချက်၊ပထမအဓိက်ကြီးကိုဆိုသာထင်ဖြင်ရုံမျှ ဘော်ပြချက်ပြီး၏။

(ခ-၁) အချက်။ ကမ္မသကတာဉာဏ်အလင်းကြီး ဆိုသည်ကား-ကံကိုဂုဏ်း, ကံ၏အကျိုးကိုဂုဏ်း ဆိုခြင်းတည်း။ ။ကံကိုဆိုခြင်း ဆိုသည်ကား-ခပ်ဆိမ်းဆေး သတ္တဝါတို့သည် ကံသည်သာလျှင် ကိုယ်ပိုင်ဥစ္စာ ဂိုကြကုန်၏။ ကံသည်သာလျှင် အဖွဲခံဥစ္စာဂိုကြကုန်၏။ ကံသည်သာလျှင် အကြောင်းရင်း မူလဂိုကြကုန်

ဇ၏၊ကံသည်သာလျှင်ဓိဘ,ဆွေမျိုးအစစ်ဘိုကြောကုန်ဇ၏၊ ကံသည်သာလျှင် ကိုးကွယ်ရာအစစ် ဖြစ်ကြောကုန်ဇ၏ဟု ဆိုခြင်း။ ။မိမိတို့ပြုကြသော ကိုယ်အမှု,နှုတ်အမှု,စိတ်အမှုတို့တွင် ဤအမှုမျိုးတို့ကား အကုသိုလ်ကံ အမှုမျိုးတို့ ဖြစ်ကုန်ဇ၏၊ နောက်နောက် ဘဝတို့၌ မကောင်းကျိုးတို့ကို ငင်စေပေးတတ်ကုန်ဇ၏၊ အပါယ်လေးပါးသို့ ပစ်ချတတ်ကုန်ဇ၏ဟု ဆိုခြင်း-ဤအမှုမျိုးတို့ကား ကုသိုလ်ကောင်းမှုမျိုးတို့ ဖြစ်ပေကုန်ဇ၏၊ နောက်နောက်ဘဝတို့၌ ကောင်းသော အကျိုးတို့ကိုပေးတတ်ကုန်ဇ၏၊လူ့ပြည်,နတ်ရပ်၊ဗြတ်သောဘဝတို့သို့ ပို့ဆောင်တတ်ကုန်ဇ၏ဟု ဆိုခြင်း၊ ။ဤဆိုခြင်း အလုံးစုံတို့ကို ကမ္မသကတာဉာဏ်ပညာအလင်းကြီးဆိုသည်၊

(ခ-၁)အချက်၊ကမ္မသကတာဉာဏ်ပညာအလင်းကြီးကို ဆိုသာဆင်ဖြင်ရုံဘော်ပြချက်ပြီး၏။

ဤကမ္မသမျှာဟာ အဓိကကြီးသည် အလွန်ကြောက်မက်ဘွယ်ကောင်းလှ၏၊ လောကဌ ခပ်ဆိမ်းသော မိန္ဆာဒဋ္ဌကြီးတို့သည် ဤကမ္မသမျှာဟာ အဓိကကြီးမှ ဖြစ်ပွါးကြကုန်ဇ၏၊ ကမ္မသကတာဉာဏ်ပညာအလင်းကြီးသည် အနမတဂ္ဂသံသရာကြီးဌ ကျင်လည်၍ နေကြရကုန်သော သူတို့၏ ကိုးကွယ်ရာကြီးပေတည်း၊ ထိုအလင်းကြီးရှိကြမှ ဒါန,သီလ, ဘာဝနာ ကုသိုလ်တရားမျိုးကို ပွါးများပြုကျင့်ကြ၍ လူချမ်းသာ,နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတို့ကို ရနိုင်ကြကုန်ဇ၏၊သဗ္ဗညုဗောဓိပါရမီ,ပစ္စေကဗောဓိပါရမီ, သာဝကဗောဓိပါရမီ-၌ပါရဂူကုသိုလ်မျိုးတို့သည်လည်း ထိုအလင်းကြီးမှ ဖြစ်ပွါးကြရကုန်ဇ၏၊

ဤကမ္မသကတာဉာဏ် ပညာအလင်းကြီးသည် စကြဝဠာ အနန္တတို့မှာပင် သမ္မာဒိဋ္ဌိလူမျိုး, နတ်မျိုးတို့မှာ ရှိကြကုန်ဇ၏။ ။ ဤစကြဝဠာမှာလည်း ဖြတ်စွာဘုရားတို့မပျှင့်ရာ သုညကမ္ဘာတို့ဌပင် သမ္မာဒိဋ္ဌိလူမျိုး, နတ်မျိုးတို့မှာ ရှိကြကုန်ဇ၏။ ။ဤသမ္မာ

ဒီဋ္ဌိဟာသောစကားသည် ဤသမ္မသကတာဉာဏ်ပညာ အလင်းကို ဆိုသောစကားပင်တည်း၊

ဤကမ္မသကထာ ဉာဏ်ပညာ အလင်းကြီးသည် ယခုအခါ ကမ္ဘာပေါ်မှာ ဗုဒ္ဓဘာသာလူမျိုး, ဟိန္ဒူဘာသာလူမျိုးတို့၌ တည်ရှိ၏၊ ၊ကြွင်းသော လူမျိုးတို့နှင့် ဗိုက်ဖဲသော ခပ်ထိမ်းသော တိရစ္ဆာန်မျိုးတို့မှာ မရှိကြကုန်ပြီ၊ ၊ငရဲတံ, အာသူရကာယ်တံ, ပြိတ္တာတံတို့မှာသည်း မရှိကြသည်သာများ၏၊ ၊ထိုအလင်းကြီး မရှိကြသော သတ္တဝါတို့သည် ကမ္မသမ္မာဟ အဓိက်ကြီး၏ အတွင်းမှာ တည်ရှိကြကုန်၏၊ ၊ထိုအဓိက်ကြီးအတွင်းမှာတည်ရှိကြရကုန်သောသတ္တဝါတို့သည် သံသရာ၌ ချမ်းသာလမ်းမျိုး, အထက်ဖြစ်သော လူ့နှတ်, ဗြဟ္မာ-သံသရာလမ်းမျိုး အလုံးစုံကွယ်ပျောက် ပိတ်ဖုံး၍ နေသောကြောင့် အောက်သံသရာ အပါယ်လမ်းကြီးတလမ်းသာလျှင် ဟင်းလင်းပွင့်လျက် ရှိလေကုန်၏၊ ဘဝအထောင်,ဘဝအသောင်း, ဘဝအဆိန်း လွန်သော်လည်း အလင်းနယ်သို့တန်းခါက်တခါမျှ မချဉ်းလာနိုင်,မသိလာနိုင်ကြလေကုန်ပြီ၊

နိယတဗျာဒိတ်ရရှိကြကုန်ပြီးသော အလောင်းအလျာကြီးများ ဖြစ်းပမှုကား တိရစ္ဆာန် သတ္တဝါမျိုးမှာပင် ဖြစ်ကြကုန်းသော်လည်း ထိုအဓိက်ကြီး မတိစိုးနိုင်။ ထိုအလင်းကြီး သည်လည်း မကွယ်ပနိုင်ပြီ။ ၊ဤကမ္မသကတာဉာဏ်ပညာသမ္မာဒိဋ္ဌိ အလင်းကြီးသည် ဗုဒ္ဓဘာသာ ကျမ်းဂန်တို့မှာ များစွာသော်ရှိသော်လည်း ဘုရားမပွင့်ရာကမ္ဘာ, ဘုရားမပွင့်ရာ အခန့်အစကြဝဠာတို့မှာပင် သမ္မာဒိဋ္ဌိလူမျိုးတို့၌ရှိတည်ရှိလေသောကြောင့်ဂင်း၊လောကီရှုမြင်စွာ ဘုရားတို့သည် ဤအလင်းကို ဟော်ပြလို၍ပွင့်တော်မူကြကုန်သည်မဟုတ်။ စတုသစ္စပဋိဝေဓအလင်းကိုသာဟော်ပြလို၍ ပွင့်တော်မူကြကုန်သောကြောင့်ဂင်း၊ ထိုကမ္မသကတာ ဉာဏ်ပညာ သမ္မာဒိဋ္ဌိအလင်းကြီးကို ဗုဒ္ဓဘာသာသာသနာအလင်းဟူ၍မဆိုလောက်မဆိုရသေး၊သံသရာအလင်း,ကမ္ဘာ့အလင်းဟူ၍သာ ဆိုရမည်။ ။ ယခုအခါ သာသနာတော်အတွင်း၌ ကြုံကြိုက်ကြကုန်သော ပညာ

ဂိုတို့သည် ဖြတ်စွာဘုရားကြီး ပွင့်လာတော်မူရာ ရည်ရွယ်တော်မူရင်း အလင်းဓဟုတ်သောကြောင့် ဤကမ္ဘသကတာ ဥာဏ်ပညာသမ္ဘာဒိဋ္ဌိအလင်းဘက်သို့ သက်ရောက်ကာမျှနှင့် အာဒီနဝတင်းတိမ်၍ ဖနေကြဲကုန်ရာ၊ ပညာဂိုတို့သတိဂိုကြဖန် အလွန်ကောင်းသောအနက် အချက်ကြီးတရားပတည်း၊

ပထမအဓိက်ကြီးနှင့်ပထမအလင်းကြီးအစုံကို ပြဆိုခဏ်းပြီး၏

ဒုတိယ အဓိက်ကြီးနှင့် ဒုတိယ အလင်းကြီး အစုံကို တွဲစပ်၍ ပြဆိုခဏ်း။။

(က—၂) ဓမ္မသမ္မောဟ ဒုတိယ အဓိက်ကြီးနှင့်
(ခ—၂) ဓမ္မဝဝဏ္ဍာနဉာဏ် ဒုတိယအလင်းကြီးအစုံကိုတွဲစပ်၍ပြအပ်၏။

(က-၂) ထိုနှစ်ပါးသော အစုံတို့တွင်၊ ဓမ္မသမ္မောဟ အဓိက်ကြီး ဆိုသည်ကား-မြေကို-ဓမ္မဟူ၍ မဆိုခြင်းတည်း။ ခန္ဓာငါးပါးရပ်နာမ်တရားတို့သည် ပုဂ္ဂိုလ် မဟုတ်, သတ္တဝါမဟုတ်, အတ္တမဟုတ်, ဇီဝ မဟုတ်ကုန်၊ ရုပ်ဓမ္မ, နာမ်ဓမ္မတို့သာအမှန် ဖြစ်ကုန်၏။ ထိုသို့ ဓမ္မအာဒစ် ဖြစ်သည်ကို မဆိုခြင်းသည် ဓမ္မသမ္မောဟအဓိက်ကြီးမည်၏။ ထို ဓမ္မသမ္မောဟ အဓိက်ကြီးမှ ဝိပလ္လာသတရားသုံးပါးတို့သည် ဖြစ်ပွါးကုန်၏။ ဖြစ်ပွါးသော ဝိပလ္လာသတရားတို့ကား သညာဝိပလ္လာသဘရားတပါး, စိတ္တဝိပလ္လာသတရားတပါး, ဒိဋ္ဌိဝိပလ္လာသတရားဘပါး-ဟူ၍ သုံးပါးတို့သည် ဖြစ်ပွါးကုန်၏၊

၁ ထိုတွင် သညာဝိပလ္လာသ ဆိုသည်ကား အာထင်အမှတ်လွဲခြင်းတည်း၊ မြေကို ဓမ္မဟူ၍ မထင်မမှတ်ဘဲ ပုဂ္ဂိုလ်ဟူ၍ထင်မှတ်ခြင်း, သတ္တဝါဟူ၍ထင်မှတ်ခြင်း, အတ္တဟူ၍ ထင်မှတ်ခြင်း, ဇီဝဟူ၍ထင်မှတ်ခြင်း, ဇာတိဟူ၍ထင်မှတ်ခြင်း, ပုဂိုလ်သဟူ၍ထင်မှတ်ခြင်း, အထင်လွဲ အမှတ်လွဲ အထင်မှား အမှတ်မှားဆိုသည်၊

၂ စိတ္တဝိပလ္လာသထရား ဆိုသည်ကား အကြံအဆိ လွဲခြင်းတည်း၊ ဓမ္မကို ဓမ္မဟူ၍ မကြံမသိတဲ့ ဓမ္မကို ပဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, ဇာတိ, ပုဂ္ဂိုသဟူ၍ ကြံခြင်းသိခြင်းကို အကြံလွဲ, အသိလွဲ၊ အကြံမှား, အသိမှားဆိုသည်။

၃ ဒိဋ္ဌဝိပလ္လာသထရား ဆိုသည်ကား အယူလွဲခြင်း, အမြင်လွဲခြင်းတည်း၊ ဓမ္မကိုဓမ္မဟူ၍ ယူ, ဓမ္မဟူ၍ မမြင်မထင်ဘဲဓမ္မကိုပဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ, ဇာတိ, ပုဂ္ဂိုသ-ဟူ၍ ယူခြင်း, အရိုးအစဉ် ကြောင်ကြောင်ထင်ဖြင့်၍ နေခြင်းကို အယူလွဲခြင်း, အမြင်လွဲခြင်း, အယူမှားခြင်း, အမြင်မှားခြင်း, ဆိုသည်၊

ဤကား ဓမ္မသမ္မောဟအဓိကကြီးမှ ဖြစ်ပွါးသော ဝိပလ္လာသထရားသုံးပါးတို့ဝတည်း၊

ထိုဝိပလ္လာသတရား သုံးပါးတို့မှ ပါဏာတိပါတ-စသော ဒုစရိုက်တရားဆယ်ပါးတို့နှင့် ခပ်သိမ်းသော အဓိကအမှား မိစ္ဆာဒိဋ္ဌိတရားတို့သည် ဖြစ်ပွါးကုန်၏၊

(ခ-၂) ဓမ္မဝတ္ထုဩဇာနဉာဏ်အလင်းကြီး ဆိုသည်ကား လောကဋ္ဌ ပဂ္ဂိုလ်ဟူ၍ မဂ်၊ သတ္တဝါဟူ၍မဂ်၊ အတ္တဟူ၍မဂ်၊ ဇီဝဟူ၍မဂ်၊ ဇာတိဟူ၍မဂ်၊ ပုဂ္ဂိုသဟူ၍မဂ်၊ ဓမ္မမျိုးတို့သော ဂိုဏ်ကုန်၏၊ ရုပ်တရားအစု, နာမ်တရားအစုမျှတို့သော ဂိုဏ်ဟု သိခြင်း, မြင်ခြင်းတည်း။ ရုပ်တရား, နာမ်တရားတို့ကို ခြားနားစွာ မြင်နိုင်ခြင်း, ရုပ်တရားတပါးနှင့် ရုပ်တရားတပါး၊ နာမ်တရားတပါး၊ နာမ်တရားတပါးနှင့်နာမ်တရားတပါးကို ခြားနားစွာ မြင်ခြင်းတည်း။ ဒိဋ္ဌဝိသုဒ္ဓိခေါ်သော သမ္မာဒိဋ္ဌိအလင်းကြီးပေတည်း၊

ဤဓမ္မသမ္မောဟအဓိကကြီးသည် အလွန် ကြောက်မက်ဘွယ်ကောင်းလှ၏၊ မြတ်စွာဘုရား သာသနာတော်မြတ်ကြီးနှင့် တွေ့ဆုံ ကြုံကြိုက်ကြသော အခါ၌သာသျှင် ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့ကို စင်စစ် ဓမ္မအစစ်ဟု အသိဉာဏ်လင်းနိုင်, ပေါက်နိုင်ကြကုန်သည်၊ သာသနာတော်မြတ်ကြီးနှင့် မတွေ့မဆုံ မကြုံကြိုက်ကြ

သည့် ဂို့သော် ဘဝအရာ, ဘဝအထောင်, ဘဝအသောင်း, ဘဝအသန်း, ဘဝအသင်္ချေ ကြာသော်လည်း ဓမ္မကို ဓမ္မမှန်း မသိကြကုန်၊ ဓမ္မဝဝတ္ထုနာ အလင်းကြီးပေါ်ခွင့်, ပေါက်ခွင့် မဂို့ကြကုန်ပြီ။ ယခုအခါ သာသနာတော် ဖြတ်ကြီးနှင့် ကြုံကြိုက်ပါလျက် ရုပ်ဓမ္မကို ရုပ်ဓမ္မဟူ၍, နာမ်ဓမ္မကို နာမ်မွေ့ဟူ၍ထင်ထင်လျားလျား မသိကြသူ ဂို့၍, လူ အပေါင်းတို့သည် ထိုကြောက်မက်ဘွယ် ကောင်းလှသော ဓမ္မသမ္မောဟ အဂိုက်ကြီး အတွင်းမှာ တည်ကြဂေကုန်၏၊ ထိုအဂိုက်မှောင်ကြီး အထဲမှာ ငုတ်တုတ် နေကြဂေကုန်၏၊ အဂိုက်မှောင်ကြီး အတွင်းမှာ နေကြဂေ၍ ဓမ္မဝဝတ္ထုနာ ဉာဏ်အလင်းကြီးကို မရသည့်အတွက် ဝိပလ္လာသတရားသုံးပါး ဒုစရိုက်တရားဆယ်ပါး, ဒိဋ္ဌိဘေဒဋ္ဌိအားမှောက်အမှားကြီးတွေ ပွါးစီးသောကြောင့် သံသရာမှ ကျွတ်လွတ်ခွင့်နှင့် ကွာဝေး၍ သံသရာဝဲသြဃထဲ၌သာ မျောရန်, မြုပ်ရန်, နစ်ရန် သံသရာသမ်းကြီး တမျိုးသာ ဟင်းလင်းပွင့်၍ နေကုန်၏၊ ပညာသတိဂို့ကြဲသော သူတို့မှာဤဓမ္မဝဝတ္ထုနာဉာဏ် အလင်းကြီးဘက်သို့ ရောက်ရန်, ဂရန် ရုပ်ဓမ္မ, နာမ်ဓမ္မတို့ကို ပိုင်းခြားဝေဘန်အမှန်ဓမ္မအစစ်ကို သိုးအောင်အားထုတ်သင့်လှကုန်၏။

ဒုတိယအဂိုက်ကြီးနှင့် ဒုတိယအလင်းကြီးအခုံကို ပြဆိုခဏ်းပြီး၏။

တတိယအမိုက်ကြီးနှင့် တတိယအလင်းကြီးနှစ်ပါးကို တွဲစပ်၍ ပြဆိုခဏ်း။။

(က–၃) ပစ္စယသမ္မောဟအမိုက်ကြီးနှင့်

(ခ–၃) ပစ္စယဝဝတ္ထုနာဉာဏ်အလင်းကြီးနှစ်ပါးကို တွဲစပ်၍ပြအပ်၏။

(က–၃) ထိုနှစ်ပါးတို့ထွင် ပစ္စယသမ္မောဟ အဂိုက်ကြီး ဆိုသည်ကား- ရုပ်တရား, နာမ်တရားတို့၏ ဖြစ်ပွားရေန် အကြောင်းတရားတို့ကို မသိခြင်းတည်း။ ၊'အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ ၊လ။ ဒုက္ခက္ခန္ဓသ

သမုဒ္ဒယော ဟောတိ- ဟူ၍ ဟောတော်မူသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ အကြောင်းအရာတို့ကို မထိခြင်းတည်း။ထိုပစ္စယသမ္မောဟအဓိက်ကြီးမှ ကာရကဒိဋ္ဌိကြီးသည်ဖြစ်ပွားး၏။ ကာရကဒိဋ္ဌိကြီး ဆိုသည်ကား ထိုရုပ်တရား, နာမ်တရားတို့သည် ပြုလုပ်သူဂိမှ ဖြစ်နိုင်ကုန်သည်ဟု စွဲလမ်းခြင်းတည်း။

(ခ-၃) ပစ္စယဝေဝတ္ထာန ဉာဏ် အလင်းကြီး ဆိုသည်ကား- ရုပ်တရား, နာမ်တရား၏ဖြစ်ပွားရန် အကြောင်းတရားတို့ကို ထိခြင်းတည်း။ ။'အဝိဇ္ဇာပစ္စယာသင်္ခါရာ၊သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊လာဒိကဿ်ဒိသ သမုဒယောဟောတိ' ဟု ဟောတော်မူသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ အကြောင်းအရာတို့ကို ထိခြင်းတည်း။

၍ပစ္စယ သဗ္ဗမှာဟ အဓိက်ကြီးမှ အဟေတုက ဒိဋ္ဌိ, ဝိသမဟေတုဒိဋ္ဌိ,ပုဗ္ဗေကတဟေတုဒိဋ္ဌိဟူသော၍ဒိဋ္ဌိမျိုးသုံးပါးတို့သည် ဖြစ်ပွါးကုန်၏။ ။အဟေတုကဒိဋ္ဌိဆိုသည်ကား-ရုပ်တရား,နာမ်တရားတို့သည် ဖြစ်ပေါ်ရန် အကြောင်းတရား ဟူ၍လည်း မရှိကြကုန်။တည်နေရန်အကြောင်းတရားလည်း မရှိကြကုန်၊ အကြောင်းတရားနှင့်ကင်း၍ မိမိတို့ အလို အလျောက် သာလျှင် ဖြစ်ပေါ်ကြကုန်၏၊ တည်နေကြကုန်၏ ဟူသော အယူသည် အဟေတုကဒိဋ္ဌိမည်၏။

ဝိသမဟေတုဒိဋ္ဌိ ဆိုသည်ကား-ထိုရုပ်တရား, နာမ်တရားတို့သည် အကြောင်းကင်း၍ မိမိတို့ အလိုအလျောက် ဖြစ်ပေါ်နိုင်ကြသည်လည်း မဟုတ်ကုန်၊ တည်နိုင်ကြသည်လည်း မဟုတ်ကုန်၊ အကြောင်းတရားကြောင့် သာလျှင် ဖြစ်ပေါ်နိုင်ကြကုန်၏။ တည်နေနိုင်ကြကုန်၏၊ အကြောင်းဘရား ဆိုသည်ကား-ထာဝရဘုရားသည် အလုံးစုံသော သတ္တဝါဟူသမျှ, သင်္ခါရ ဟူသမျှ, ရုပ်တရား, နာမ်တရားဟူသမျှတို့သည် ထာဝရဘုရား၏ တန်းခိုးတော်ဖြင့်သာလျှင် ဖြစ်ပေါ်နိုင်ကြကုန်၏၊ တည်နေနိုင်ကြကုန်၏ ဟူ၍ အကြောင်းမဟုတ်သည်ကိုအကြောင်းပြုလုပ်၍ယူခြင်းသည်

ဝိသမဟေတုဒိဋ္ဌိ မည်ကုန်၏၊ ၊ပုဗ္ဗေကတဟေတုဒိဋ္ဌိ ဆိုသည့် ကား-ရုပ်တရား, နာမ်တရားတို့သည်အကြောင်းတရားကင်း၍ ဖြစ်သည့်လည်းမဟုတ်ကုန်။ ထာဝရဘုရား၏ တန်းခိုးတော်အားဖြင့် ဖြစ်သည်လည်း မဟုတ်ကုန်။ စင်စစ်မူကား ရှေးရှေးဘဝတို့၌ ပြုခဲ့ကြသော ကုသိုလ်ကံ,အကုသိုလ်ကံတို့ကြောင့်သာလျှင် ဖြစ်ကြကုန်၏၊ တည်နေကြကုန်၏ဟု၍ ရှေးကံဟောင်း အကြောင်းတရုတည်းကိုသာ ခိုင်မြစွာ ယူခြင်းသည် ပုဗ္ဗေကတဟေတုဒိဋ္ဌိ မည်၏။

၍ ဒိဋ္ဌိသုံးပါးတို့တွင် အနဟေတုကဒိဋ္ဌိသည် အမှားကြီး မှားသော ဒိဋ္ဌိတည်း။ ဝိသမဟေတုဒိဋ္ဌိသည် အမှားကြီးမှားသော ဒိဋ္ဌိတည်း။ ပုဗ္ဗေကတဟေတု ဒိဋ္ဌိသည် တစိတ်တဒေသအားဖြင့် မှန်သည်ဖြစ်၍ ထိုဒိဋ္ဌိနှစ်ပါးတို့ထက် မှားမှ သက်သာ၏။ ၊အာဘယ်သို့ တစိတ် တဒေသအားဖြင့် မှန်သနည်း ဟူမူကား။ ၊ရုပ်တရား, နာမ်တရားတို့သည် ရှေးကံဟောင်းကြောင့်ဖြစ်သည်လည်း ဂိုဂုန်၏၊ယခုပစ္စုပ္ပန်စိတ်ကြောင့် ဖြစ်သည်လည်း ဂိုကုန်၏၊ ယခုပစ္စုပ္ပန် ဥတုကြောင့် ဖြစ်သည်သည်း ဂိုကုန်၏၊ ယခုပစ္စုပ္ပန် အာဟာရကြောင့် ဖြစ်သည်လည်း ဂိုကုန်၏။ ထိုတွင် ရှေးကံဟောင်းကြောင့် ဖြစ်သော ရုပ်,နာမ်ရုအတွက် တစိတ် တဒေသအားဖြင့် ထိုအယူမှန်၏၊ ၊စိတ်,ဥတု, အာဟာရတို့ကြောင့်ဖြစ်သော ရုပ်,နာမ်ရုအတွက် ထိုအယူမှား၏၊ ၊ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် ဝေဘန်သည်ဂိုသော် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ(၁၂)ပါးတို့တွင် ရှေးကံဟောင်းကြောင့်ဖြစ်သောအင်္ဂါရုအတွက်ထိုအယူမှန်၏၊ပစ္စုပ္ပန်အကြောင်းကြောင့်ဖြစ်သောအင်္ဂါရုအတွက် ထိုအယူမှား၏၊ ၊ပဋ္ဌာန်းနည်းနှင့် ဝေဘန်သည့် ဂိုသော် ထိုအယူသည် နာနာကွဲကွက်က ကမ္မပစ္စည်းတခုကိုသာ အမှန်ပြု၍ သဟဇာတ ကမ္မပစ္စည်းနှင့်တကွ ကြွင်းသော-၂၃-ပစ္စည်းတို့ကို ပယ်ဖျက်၏၊ ဤသို့လျှင် ဤပုဗ္ဗေကတဟေတုဒိဋ္ဌိသည် တစိတ်တဒေသအတွက်အားဖြင့်မှန်၏၊ ယေဘုယျအားဖြင့် မှားဏ်။

ပစ္စယသမ္မောဟအဓိကကြီးမှ ဤဒိဋ္ဌိမျိုးသုံးပါးတို့နှင့် ထိုထိုဒိဋ္ဌိ, ဝိစိကိစ္ဆာထရားတို့သည် ဖြစ်ပွါးကုန်၏။

ပဋိစ္စသမုပ္ပါဒ်ဉာဏ်အဖြင့် ပေါက်ရောက်ခြင်း ဟူသော ပစ္စယပရိဂ္ဂဟဉာဏ် အသင်းကြီးသည် ထိုဒိဋ္ဌိမျိုး သုံးပါးတို့ကို ပယ်ရှားနိုင်၏၊ အကြောင်းမရှိဟု ယူသောအားဟတုကဒိဋ္ဌိ ကိုလည်း ပယ်ရှားနိုင်၏၊ အကြောင်း မဟုတ်သည်ကို အကြောင်းပြုလုပ်၍ ယူသောဝိသမဟေတုဒိဋ္ဌိကိုလည်း ပယ်ရှားနိုင်၏။ ရှေးကံဟောင်း အကြောင်းတရတည်းသာ ရှိသည်ဟူသော ပုဗ္ဗေကတဟေတုဒိဋ္ဌိကိုလည်း ပယ်ရှားနိုင်၏။ ဤပစ္စယပရိဂ္ဂဟဉာဏ် ဒုတိယအလင်းကြီးကို ပေါက်ရောက်သော သူသည် စူဠသောတာပန်အဖြစ်သို့ ရောက်၏ဟူ၍ အဋ္ဌကထာကြီးတို့၌ဆိုခဲ့၏၊ အလွန်အားထုတ်ဘွယ်ကောင်းလှ၏။

တတိယအဓိကကြီးနှင့်တတိယအသင်းကြီးအစုံကို ပြဆိုခဲ့ကြောင်း ပြီး၏။

စတုတ္ထအဓိကကြီးနှင့်စတုတ္ထအလင်းကြီးအစုံကို ပြဆိုခဲ့ဖော်။

(က-၄) လက္ခဏသမ္မောဟအဓိကကြီးနှင့်
(ခ-၄) လက္ခဏ ပဋိဝေဓဉာဏ် အလင်းကြီးနှစ်ပါးကို ဘွဲ့စပ်၍ ပြဆိုအပ်၏။

(က-၄) ထိုတွင် လက္ခဏ သမ္မောဟ အဓိကကြီး ဆိုသည် ကား-အကြောင်းအကျိုး ဖြစ်ကြကုန်သော ရုပ်တရား, နာမ်တရား တို့၏ လျင်မြန်လှသော အနိစ္စအချက်ကို မသိခြင်း, မမြင်ခြင်း, ကြာခဲ မက်ဘွယ် ကောင်းလှသော ဒုက္ခအချက်ကို မသိခြင်း, မမြင်ခြင်း, ပုဂ္ဂိုလ်သတ္တဝါတို့၏ အမာခံ, အထည်ခံ-အနှစ် အသား မဟုတ်၊ အသက်ဇီဝ မဟုတ်သော အနတ္တအချက်ကို မသိခြင်း, မမြင်ခြင်း သည် လက္ခဏသမ္မောဟအဓိကကြီးဖြစ်၏။

(ခ-၄) လက္ခဏာပဋိဝေဓ ဉာဏ်အလင်းကြီး ဆိုသည်ကား အကြောင်းအကျိုး ဖြစ်ကြကုန်သော ရုပ်တရား, နာမ်တရားတို့၏ အလွန်လျင်မြန်သော အနိစ္စအချက်ကို သိခြင်း, မြင်ခြင်း, ကြောက်မက်ဖွယ် ကောင်းလှသော ဒုက္ခအချက်ကို သိခြင်း, မြင်ခြင်း, ပုဂ္ဂိုလ်သတ္တဝါတို့၏ အမှားခံ,အထည်ခံ,အနှစ်အသားမဟုတ်၊ အသက်ဓာတ်မဟုတ်သောအနတ္တအချက်ကိုသိခြင်း,မြင်ခြင်းတည်း။

ခပ်သိမ်းကုန်သော ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာအရှင်မြတ်တို့သည် ဤလက္ခဏာပဋိဝေဓ ဉာဏ်အလင်းကြီးကို ရကြကုန်၍သာလျှင် ကိုယ်လေသာအဓိက်အမဲ, သံယောဇဉ်အဓိက်အမဲ-သံသရာ၌ ချည်တတ်,တုပ်တတ်, ချုပ်တတ်, ဖွဲ့တတ်သော တဏှာအရှုပ်အထွေးတို့နှင့် ဘေးအနှောင့်အယှက် ဒုက္ခအပေါင်းတို့မှ လွတ်လွတ်တော်မူကြပေကုန်၏၊ ဤသက္ခဏာပဋိဝေဓဉာဏ်အလင်းကြီးကို မရကြကုန်သော ရှင်လူအပေါင်းတို့သည် ကိုယ်လေသာ အဓိက်အမဲ, သံယောဇဉ်အဓိကအမဲ၊သံသရာ၌ ချည်တတ်,တုပ်တတ်,ချုပ်တတ်,နှောင်တတ်,ဖွဲ့တတ်သော တဏှာအရှုပ်အထွေးတို့နှင့် ဘေးအနှောင့်အယှက် ဒုက္ခအပေါင်းတို့မှ မကျွတ်နိုင်ကြဘဲ,မလွတ်နိုင်ကြကုန်။ လက္ခဏာပဋိဝေဓတတိယ အလင်းကြီးကို ရ၍ လက္ခဏာ သမ္မောဟာအဓိက်ကြီးကင်းရှင်းကြကုန်မှသာလျှင်ထိုကိုယ်လေသာအဓိက်အမဲ, သံယောဇဉ်အဓိက်အမဲ,တဏှာအရှုပ်အထွေးတို့မှကင်းလွတ်ကြကုန်၍ နိဗ္ဗာန်သို့ ရောက်နိုင်ကြကုန်၏၊

စတုတ္ထအဓိက်ကြီးနှင့် စတုတ္ထအလင်းကြီးအစုံကို
ပြဆိုခဏ်း ပြီး၏၊

ပဉ္စမ အဓိက်ကြီးနှင့်ပဉ္စမ အလင်းကြီးအစုံကို ပြဆိုခဏ်း။

(က-၅) နိဗ္ဗာန သမ္မောဟာအဓိက်ကြီးနှင့်
(ခ-၅) နိဗ္ဗာန ပဋိဝေဓ ဉာဏ်အလင်းကြီးကို တွဲဘက်၍ ပြဆိုအပ်၏။

(က-၅) ထိုတွင် နိဗ္ဗာနသမ္မောဟ အဓိက်ကြီး ဆိုသည်ကား-ဤသတ္တဝါ အပေါင်းတို့မှာ-သံသရာ ဝဋ်ဒုက္ခနှိက် ကျင်လည်၍ နေကြကုန်ရာ မည်သည့် တရားမျိုးကို ကျင့်ခဲ့သော် ထိုကိလေသာ အဓိက်အမဲ, သံယောဇဉ် အဓိက်အမဲ, တဏှာအရှင်အထွေး ဒုက္ခဘေးအနှောင့်တို့၏ အကြွင်းအကျန်မရှိ, ချုပ်ငြိမ်းခြင်းသို့ရောက်၏၊ ၎င်းတို့၏ချုပ်ငြိမ်းခြင်းဟူသော သန္တိစဓနိုးကြီးတရားသည် ဂုဏ်ဟု မထိခြင်းတည်း။ ။အဓိက်ကြီးငါးခုတို့သည် အစဉ်အတိုင်း ပျောက်ကင်း၍ အလင်းကြီး ငါးချက်တို့သို့ အစဉ်အတိုင်း ပေါက်ရောက်၍သွားခဲ့သော် ပဋ္ဌမအာသင်းကြီးသို့ ဆိုက်ရောက်သည်နှင့် တပြိုင်နက် ထိုအဓိက်ကြီး ငါးပါးတို့သည် အကြွင်းမဲ့၌ ချုပ်ငြိမ်းကုန်၏၊ ထိုအဓိက်ကြီးငါးပါး, အဝိဇ္ဇာတရားတို့၏ နောင်တဘဝနှင့် ပေါ်ပေါက်ခြင်း အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းသည် သန္တိစဓနိုးကြီးဖြစ်၏၊ ထိုအဓိက်ကြီးငါးပါး အဝိဇ္ဇာတရားတို့၏ ချုပ်ငြိမ်းရာမှာ,ဒုစရိုက်အဓိက်တရား, ဒိဋ္ဌာဒိဋ္ဌိအမြောက်အများတရား, အပါယဒုက္ခ တရားတို့၏ ချုပ်ငြိမ်းခြင်းသည်လည်း အတွင်းဝင်ဖြစ်၍ ပါ၏လို၏၊ ဤကဲ့သို့သော သန္တိစဓနိုးကြီးသည်ဂုဏ်၏ဟု မထိခြင်းတည်း၊ ဤမထိခြင်းအလုံးစုံသည် နိဗ္ဗာနသမ္မောဟအဓိက်ကြီးမည်၏၊

(ခ-၅) ဤကဲ့သို့သော သန္တိ စဓနိုးကြီးသည် ကောန ဂုဏ်၏ဟု ထိခြင်း, ဖြင်ခြင်း, မျက်မြောက် ပြုခြင်းသည် နိဗ္ဗာနပဋိဝေဓဉာဏ် အလင်းကြီးမည်၏၊ မဂ်ဉာဏ်လေးပါးကို နိဗ္ဗာနပဋိဝေဓဉာဏ်အာလင်း ဆိုသည်။

အဓိက်ကြီးငါးသင်း, အလင်းကြီးငါးပါးတို့ကို
အကျဉ်းအားဖြင့် မှတ်သားရန်
ပြဆိုချက် ပြီး၏

ထိုအလင်းကြီး ငါးပါးတို့တွင် ကမ္ဘာသကတာ သမ္မာဒိဋ္ဌိ ဟူသော ပထမအလင်းကြီးသည် ဗုဒ္ဓဘာသာ သာသနာအလင်းအစစ် မဟုတ်သေး၊ သံသရာအလင်း ကမ္ဘာအလင်းသာ ဖြစ်၏။

၁ ဓမ္မဝဝတ္ထာနဉာဏ် ဟူသော ဒုတိယအလင်းကြီးတပါး။
၂ ပစ္စယပရိဂ္ဂဟဉာဏ်ဟူသော တတိယအလင်းကြီးတပါး။
၃ လက္ခဏာပရိဝေဝဉာဏ်ဟူသောစတုတ္ထအလင်းကြီးတပါး။
၄ နိဗ္ဗာနပရိဝေခဉာဏ် ဟူသော ပဉ္စမအလင်းကြီးတပါး၊

၍အလင်းကြီး လေးပါးသည်သာသျှင် ဗုဒ္ဓဘာသာ သာသနာ အလင်းကြီးအမှန်ဖြစ်၏။ထို့ကြောင့် ၍ဒုတိယအခဏ်းမှာပထမအလင်းကြီးကို မဆင်မှု၍ ဗုဒ္ဓဘာသာ သာသနာအလင်းကြီး လေးပါးအမှန်ကိုသာ အတန်ငယ် အကျယ် ပြဆိုရာ၏။

ဓမ္မဝဝတ္ထာန ဉာဏ်အလင်းကြီးနှိုက် အကျဉ်းဆုံးအားဖြင့် အဘယ်မျှလောက်သော ရုပ်ဓမ္မ, နာမ်ဓမ္မတို့ကို ဉာဏ်အမြင်ပေါက်ရောက်မှ ၍ဓမ္မဝဝတ္ထာန ဒုတိယအလင်းကြီးကို ပေါက်ရောက်သနည်း ဟူမူကား။ ။ပထဝီဓာတ်-၁။ အာပေါဓာတ်-၂။ တေဇောဓာတ်-၃။ ဝါယောဓာတ်-၄။ အာကာသဓာတ်-၅။ ဝိညာဏဓာတ်-၆။ ၍ဓာတ်ခြောက်ပါးတို့ကို ဉာဏ်အမြင် ပေါက်ရောက်သည်ရှိသော် ၍ဓမ္မဝဝတ္ထာန ဒုတိယအလင်းကြီးသို့ ပေါက်ရောက်၏။

ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝ-ဟူသောလောကဝေါဟာရတို့ဦး အဘိဓမ္မာ အလိုအားဖြင့် ပုဂ္ဂိုလ်ဟူ၍ မရှိ၊ သတ္တဝါဟူ၍ မရှိ၊ အတ္တဟူ၍ မရှိ၊ဇီဝဟူ၍ မရှိ၊ ပထဝီစသော ဓာတ်မျိုး,ဓာတ်ရုသာ အမှန် ရှိ၏၊ လောကဝေါဟာရအားဖြင့်သာ ပုဂ္ဂိုလ်ဟူ၍, သတ္တဝါ ဟူ၍, အတ္တ,ဇီဝ-ဟူ၍ ခေါ်ဆို၏၊ သမုတ်, ခေါ်ဆိုအပ်သော ပညတ်မျှသာတည်း၊ ဥပမာကား၊ လောကနှိုက် သစ်ဝါးတို့ကို ပြုလုပ်ကြသော အထည်ဝတ္ထု၊အမျိုးမျိုးတို့သည်ရှိကြကုန်၏၊ အိမ်ဟူ၍ ရှိ၏၊ ကျောင်းဟူ၍ ရှိ၏၊ တန်ဆောင်းဟူ၍ ရှိ၏၊ ဓရုပ်ဟူ၍

ဂိုဏ်၊ ပဏ္ဍုပ်ဟူ၍ ဂိုဏ်၊ ထိုတွင် အိမ်ဟူသော အမည်သည် သစ်ဏ် အမည် မဟုတ်၊ ဝါး၏ အမည် မဟုတ်၊ ပြုလုပ်၍ ထားသော သဏ္ဌာန်မျက်ကို စွဲ၍ နောက်မှ ဖြစ်ပေါ်သော အမည်တည်း၊ ထိုသစ် ဝါးတို့သည် အပင်၌ နေကြကုန်စဉ်အခါ အိမ်ဟူ၍မခေါ် ရကုန်၊ အိမ်ဟူသောအမည်ကို မရကြကုန်။ အိမ်သဏ္ဌာန် ဆောက်လုပ်ပြီမှသာလျှင် ထိုးပေါ်ကျ ကဲ့သို့ ခေါ် ဝေါ် ရသော အာဂန္တုကအမည်မျိုးသာတည်း။ ထို့ကြောင့် အတိဓမ္မာနည်းအားဖြင့် အိမ်ဟူ၍ မရှိ၊ သစ်, ဝါးတို့သည် သာသျှင် ဂေါနှိကြကုန်၏။ အိမ်သည်မှကား ဆောက်လုပ်ပြီမှ ပေါ်လာသော သဏ္ဌာန်မျိုးသာဖြစ်၍ ဂေါနှိမဟုတ်၊ ထိုအိမ်ကိုဖျက်၍ ကျောင်းတိုက်တွင်းမှာ ကျောင်းသဏ္ဌာန် ဆောက်လုပ်ပြန်လျှင် ကျောင်းသဏ္ဌာန်ပေါ် ပြန်၏၊ ကျောင်းဟူ၍ ခေါ် ဝေါ် ရပြန်၏၊ အိမ်သဏ္ဌာန်ဖျက်ပြန်၏၊ အိမ်ဟူသော အမည် ပျောက်ကွယ်ပြန်၏။ ။တဘန်ထိုကျောင်းကိုဖျက်၍ ဘုရားရှေ့မှာ တန်ဆောင်း, ပြာသာဒ်သဏ္ဌာန် ဆောက်လုပ်ခဲ့ပြန်လျှင် တန်ဆောင်း, ပြာသာဒ်သဏ္ဌာန်ပေါ် ပြန်၏။ တန်ဆောင်း, ပြာသာဒ်ဟူ၍ ခေါ် ရပြန်၏၊ ကျောင်းဟူ၍မခေါ် ရပြီ။ ကျောင်းဟူသော အမည် ပျောက်ကွယ်ပြန်၏၊ ။တဘန် ထိုတန်ဆောင်းကိုဖျက်၍ ဓာရိပ် ဆောက်ခဲ့ပြန်သော် ထိုဓာရိပ်ကိုဖျက်၍ မဏ္ဍပ်ဆောက်ပြန်သော် တန်ဆောင်းဟူသော အမည်ပျောက်၍ ဓာရိပ်ဟူသော အမည် ဓာရိပ်ဟူသော အမည် ပျောက်၍ မဏ္ဍပ်ဟူသောအမည် ပေါ်လာကြရပြန်၏၊ သဏ္ဌာန်ပျက်သော်, အမည်ပျက်ကြကုန်၏။ သဏ္ဌာန် ပေါ်လာမှသာ အမည်ပေါ်လာကြကုန်၏။ ။သစ်, ဝါးတို့သည် မူကား အပင်၌နေစဉ်အခါလည်း သစ်, ဝါးတို့ပင်တည်း။ အိမ်ဖြစ်ရဉ်အခါ၌လည်း သစ်, ဝါးတို့ပင်တည်း။ ကျောင်းဖြစ်စဉ် အခါ၌လည်း သစ်, ဝါးတို့ပင်တည်း။ တန်ဆောင်းဖြစ်စဉ်ကို အခါ၌လည်း သစ်, ဝါးတို့ပင်တည်း။ ဓာရိပ်ဖြစ်စဉ်အခါ, မဏ္ဍပ်ဖြစ်စဉ် အခါ၌လည်း သစ်, ဝါးတို့ပင်တည်း။မဏ္ဍပ်ကိုဖျက်၍ ဂေဖြ၌ရပုံ၍ထားပြန်လျှင်လည်း သစ်ပုံ, ဝါးပုံတို့ပင်တည်း၊ ။ထို့ကြောင့် သစ်ဝါးတို့

သည်းမဂ္ဂိ,အဇြွေးမဂ္ဂိ,အပျဉ်းမဂ္ဂိ,အဆုတ်မဂ္ဂိ,အရုမမဂ္ဂိ,အရုဆိပ်မဂ္ဂိ, အစာသစ်မဂ္ဂိ, အစာဟောင်းမဂ္ဂိ, ပထဝိ-စသော ဓာတ်ကျိုးသာဂ္ဂိ ၏၊ ၊ဤသို့လျှင်သံသရာနယ်တခွင်နှိုက် အစဉ်ထင်မှတ်စွဲလမ်း၍၊ လာကြသောသတ္တဝါနုပညာပ ဒြဗ်အထည် ကြီးငယ်ဝတ္ထု၊ အရုတို့ကို ဉာဏ်နှင့်ဂျာကြို၍ တရုံတရုမျှမရတဲ့ တလောကလုံးဌိဓာတ်ပုံ, ဓာတ်ထု,ဓာတ်စု, ဓာတ်ခဲမျှသာဂျိနေသည်ဟု ထင်နိုင်,ဖြင်နိုင်သော ဉာဏ်အလင်းကြီးကို မမြဝ ဝတ္ထုဒနဉာဏ်,အလင်းကြီးဆိုသည်၊

ပထဝီဓာတ်ကိုခွဲ၍ ပြခြင်း။

ဤဒွိ ပထဝီ-စသော ဓာတ်ကြီးလေးပါးကို အတန်ငယ်မျှခွဲ ပိတ်၍ ပြဦးအုံ၊

၁ ကကွဇ္ဈသဘာဝ၀ါ၊ ခက်မာသော သဘောသည်လည်း ကောင်း၊ မရှုသဘာဝ၀ါ၊ နူးညံ့သော သဘော သည်လည်း ကောင်း၊ ပထဝီ၊ ပရမတ်နှစ်၊ ဖြေအစစ်ပေတည်း။

၂ အာပဗန္ဓနံ၊ ဖွဲ့စည်းမှုသည်သည်းကောင်း၊ ပဋ္ဌဂရဏံ၊ ယိုစိုးမှုသည်လည်းကောင်း၊ အာဒေါ၊ ပရမတ်နှစ်၊ ရေအစစ်ပေတည်း၊

၃ ဥဏှဘာဝ၀ါ၊ ပူသော အဖြစ် သည်လည်းကောင်း။ သိတဘာဝ၀ါ၊ အေးသော အဖြစ်သည်လည်းကောင်း၊ တေဇော၊ ပရမတ်နှစ်၊ မီးအစစ် ပေတည်း၊

၄ ဝိတ္ထမ္ဘနံ၊ ထောက်ကန့်,တောင့်တင်းမှုသည်လည်းကောင်း၊ သမုဒီရဏံ၊ လှုပ်ကြွ ရွေ့ရှားမှုသည်လည်းကောင်း၊ ဝါယော၊ ပရမတ်နှစ်၊ လေအစစ်ပေတည်း၊

ဤဓာတ်ကြီး လေးပါး၏အနက်ကို ကြွေကြွေ မွမွ နူးတ်တက် ရအောင်ကျက်၍ဆောင်ကြဲရမည်၊ ထိုဆောင်ပုံနှိုက်၊ မြေ,ရေ,လေ, မီး,ဓာတ်ကြီးလေးပါးကို မမြဝဝတ္ထုဒနဉာဏ်,အလင်းပေါက်အောင် ဆောင်ပြပေအုံး၊

ပရမတ်နှစ် ဖြေအစစ် ဆိုသည်ကား-ခက်ဖာသော အမှုအရာ အခြင်းအရာမျှသာတည်း၊ အကျဖြိုတခုကို အစိတ်တဝိန်း စိတ်၌ ထစိတ်စာမျှ အခဲ,အကြိတ်,အဆန့်, အဖာ, အထည်ခြွံပတ်ဟူ၍မရှိ၊ အလွန်ကြည်လင်လှစွာသော ဖြစ်ရေ, ချောင်းရေ, စိမ့်ရေ, စမ်းရေ တို့၌ဖြင်း၊နေရောင်,လရောင်, ကြယ်ရောင်,မိုးရောင်, ပတ်ဖြားရောင် တို့၌ဖြင်း၊ အနီး,အဝေးပြန့်နှံ့၍သွားသော ခေါင်းလောင်းသံ, ကြေးစည်သံ-စသည်တို့၌ဖြင်း။ လေပြေ, သေတ္တင်း၊ လေပြင်းမုန်တိုင်း စသည်တို့၌ဖြင်း။အဝေးအနီးပြန့်နှံ့ လွှင့်ပါး၍သွားသော အမွှေးနံ့, အပုပ်နံ့၌ဖြင်း၊ ထိုပရမတ် ဓာတ်ဖြေသည့် အပြည့်ပါဂို၏၊ ။ ယုတ္တိကား၊ ဓာတ်ကြီးလေးပါး၌ တပါးနှင့်တပါးအချင်းချင်း အဝိနိဗ္ဘောဂဝုတ္တိဖြစ်၍ မကွဲစကောင်းသောကြောင့် တကွ ဖြစ်ကြဲသည်ကို ထောက်၍ဖြင်း။ ။ကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊တယော မဟာဘူတေ ပဋိစ္စ ကံ မဟာဘူတံ၊နွေ မဟာဘူတေ ပဋိစ္စ နွေ မဟာဘူတာ၊ ။ဟူ၍ဟောတော်မူသည်ကိုထောက်၍ဖြင်း။ ပထဝီ၊ဖြဲခဲတ်သည်။ သမ္ဘဒိုဆွဲနဟရသာ၊ ရေ ခဲတ်, လေခဲတ်, မီးခဲတ်တို့ကို ခံရခြင်းကိစ္စဂို၏။ ဟူ၍ အဋ္ဌကထာတို့၌ ပိန့်ဆိုသောကြောင့်ဖြင်း။ အဖာခံဖြစ်သော ဖြဲခဲတ်အခံ မဂ္ဂိသျှင် ရေခဲတ်လည်း မဂ္ဂိနိုင်၊လေခဲတ်လည်းမဂ္ဂိနိုင်၊ မီးခဲတ်လည်း မဂ္ဂိနိုင်သောသဘောကို ထောက်၍ဖြင်း။ ဆိုခဲ့ပြီးသော ရေအမျိုးမျိုး,အရောင်အမျိုးမျိုး, အသံအမျိုးမျိုး, လေအမျိုးမျိုး, အနံ့အမျိုးမျိုး-စသည်တို့၌ ဖြဲခဲတ်အပြည့် ပါဂို၏ဟု သိလေ။ ။ဤကား ဝိဒူကတ်ကျမ်းဂန် ယုတ္တိတည်း။ ။လက္ခဏာယုတ္တိကား-တလုံးတခဲတည်းဖြစ်ကြဲသော ရေတို့၌ဖြင်း,လေတို့၌ဖြင်း၊ အထက်အထက်နေသော ရေ,လေတို့ကို အောက်အောက်နှံသော ရေ,လေတို့က အဆင့်ဆင့်ခဲခဲ့၍နှံမှုသည် ထင်ရှားဂို။ ထိုခံမှုသည် အာပေါမှုသည်း မဟုတ်၊ကပ်တွယ် ဖွဲစည်းမှုသည်သာအာပေါတည်း၊ ထိုခံမှုသည် တေးဇောမှုလည်း မဟုတ်၊ ပူမှု, ဧးမှုသည်သာ ထေဇောတည်း၊ထိုခံမှုသည် ပထဝီမှု,ဝါယောမှု နှစ်ချက်နှင့် ဆိုင်ဂို၊

ထိုခုခံမှုဌိခက်မာ ခန့်ကျန်းမှုတရ, ထောက်ကန်တောင့်တင်းမှုတရ ဤနှစ်ခုဘက်စပ်မှ ခုခံမှုဖြစ်နိုင်သည်။ ထိုနှစ်မှုတို့တွင် ခက်မာ ခန့်ကျန်းမှုကိုပင် ပရမတ်ဖြေဆိုသည်။ ထောက်ကန် တောင့်တင်းမှုကိုပင် ပရမတ်လေဆိုသည်၊ထိုနှစ်မှုတို့တွင် ထောက်ကန်တောင့်တင်းမှုဟူသော လေခတ်သည် ခက်မာခန့်ကျန်းမှုဟူသော ဖြေခတ်ကိုမှီခသည်၊ဖြေခတ်ကိုလွှတ်၍ ပိမိအလိုအလျောက်ဖြစ်နိုင်သည်မဟုတ်၊ခက်မာခန့်ကျန်းမှုနှင့်ထောက်ကန် တောင့်တင်းမှုကို ခြားနားအောင်ကြည့်လေ။

ဤသို့လျှင် ထိုဆိုအပ်ခဲ့ပြီးသော ဓရေ,လေတို့၌ ခက်မာခန့်ကျန်းမှုဟူသော ပရမတ်ဖြစ် ထင်ရှားဂိုးကြောင်းကို ထိုဓရေ,လေတို့၌ ဓရေအားလျော်စွာ, လေအားးလျော်စွာ ကကွဋ္ဌလက္ခဏာ ဂိုသည်ကို ဖြင့်၍ သိအပ်၏၊ဆိုအပ်ခဲ့ပြီးသောနေရောင်-စသည့်, ခေါင်းလောင်းသံ-စသည့်,အမွေးနုံ-စသည်တို့၌ကား ထိုထိုဝယ္ဘူအားလျော်စွာ ခက်မာခန့်ကျန်းမှု အသီးအသီး ပ်ဂိုကြောင်းသော်လည်း အလွန်တရာ အားနည်းလှသောအမှု ဖြစ်ခဲ့၍ လက္ခဏာယုတ္တိနှင့် မပြသာခဲ့၊ ကျမ်းဂန်ယုတ္တိနှင့်သာ ပြသာခဲ့သည်၊ ဤကြည်လွှာသော ဓရေ, လေ, လရောင်၊ အသံ,အနုံတို့ကို ပြဆိုလိုက်သည်မှာ ကကွဋ္ဌကိုရိယာ ခက်မာ ခန့်ကျန်းမှုဟူသော အမှုအရာသက်သက် သည်သာလျှင် ပရမတ်းဖြ အစစ်အမှန်ဖြစ်ကြောင်း၊ ပရမတ်ဖြေ အစစ်မည်သည့် အကျဖြူမှုကို အစိတ်တသိန်း စိတ်သော်လည်း တစိတ်ခန့်မျှ အဆန်အမာ အထည်ဝတ္ထုမဂိုကြောင်းကို ထင်သင်းစေခြင်းငှါ ပြဆိုလိုက်သည်။ အထည်ဝတ္ထုဟူ၍မဂို၊ ခက်မာသော အမှုအရာသက်သက်မျှသာဖြစ်သော ထိုဖြေခတ်သည်လည်း လွန်ကဲသော ခက်မာမှုကို ထောက်၍ နုံ့သော ခက်မာမှုကို နူးညံ့သည်ဟုဆိုရသည်၊ ထို့ကြောင့် ဝဒ္ဓိနကျောက်သွားဓို့ ဂိုသော ခက်မာမှုကိုအလွန်ဆုံးထား၍ လရောင်ကလာဝ်ဓို့ဂိုသော ခက်မာမှုကို အနုံ့ဆုံးထား၍ စပ်ကြားဓို့ ခက်မာမှု အဆင့်ဆင့်, နူးညံ့မှု

အဆင့်ဆင့်ဖြစ်၍နေသော ထိုဖြေဝတ်၏ အလားကို သိရမည်၊ ဤဖြေဝတ်၌ ခက်မာခြင်းသက္ခကာဆိုသည်ကို ပရမတ်သဘောနှင့် ကြည့်ရမည်၊ ပဂတိလူတို့၏ အမှတ်သညာနှင့် မကြည့်ရ၊ ပကတိလူတို့၏ အမှတ်သညာနှင့် ကြည့်ခဲ့သော် လရောင်-ဓာသည် တို့၌၌ ခက်မာသောအမှုကို မတွေ့နိုင်ရှိလိမ့်မည်။

ထိုခက်မာသော အခြင်းအရာ သဘောသက်သက်မျှသာ ဖြစ်သော ပရမတ်ဖြေဝတ်သည် အာပေါဟ္ဝသော ပရမတ်စေးဖွဲ့စည်းမှုကြောင့် ဖြေဝတ်ပေါင်း-ကုဋေ၌, သိန်း, သောင်း, ပေါင်းဖွဲ့မိသည်ရှိသော် အလုမြူတခုဟူသော ဝတ္ထု၊ အထည်ဒြဗ်ဖြစ်၏။ အလုမြူပေါင်း-ကုဋေ၌, သိန်း, သောင်း, ပေါင်းဖွဲ့မိသည်ရှိသော် သန့်, ကြမ်းပိုးဖြစ်၏။ ထိုမှအဆင့်ဆင့်ပွါး၍ သင်္ဘာဝါတွင် ယူဇနာ လေးထောင်ရှစ်ရာရှိသော အာသူဂိန်နတ်ကြီးတိုင်အောင် ဗဟိဒ္ဓ သန္တာန်တွင် ယူဇနာ ရှစ်သောင်း လေးထောင်-နှစ်ပြန် ဆောင်သော မြင့်မိုရ်တောင်ကြီး, နှစ်သိန်း လေးသောင်းအထရှိသော ပဟာပထဝီဖြေကြီးတိုင်အောင်သိ။

သန့်-အစရှိသောအလုမြူ-အစရှိသော သက်ရှိ,သက်မဲ့ ရုပ်ရု, ရုပ်ခဲ့ဟူသမျှတို့၌ ခက်မာခြင်းဟူသော ဤဖြေဝတ်သည် အထည်ခံ, အမာခံ ဖြစ်သတည်း၊ ဤဖြေဝတ်မှတပါး :အထည်ဝတ္ထု၊ ရကောင်းသောခဝတ်မရှိ၊ ရေဝတ်, ဒီးဝတ်, လေဝတ်တို့သည်လည်း ဖြေဝတ်၌ တွယ်ကြရကုန်သည်။ ဤသို့ဖြေဝတ်၏ကိစ္စကြီးကျယ်ဟန်ကိုသိရမည်။

မြင့်မိုရ်တောင်ကြီး တခုလုံး၌ဝင်း, မဟာပထဝီဖြေကြီး တခုလုံး၌ဝင်း-ပရမတ် ဖြေဝတ်သက်သက်ကို ကြည့်လိုသည်ရှိသော် အလုမြူမျှ အထည်ဒြဗ်မရှိ၊ ခက်မာသော အခြင်းအရာ ကြီးယာသဘောသက်သက်ကို ကွက်ခြားး၍ ကြည့်ရသည်၊ အလုမြူမျှ အထည်ဒြဗ်မရှိတဲ့ မှန်ထဲ၌ဝင်သော အရိပ်ကြီးကဲ့သို့ ရေထဲ၌ဝင်သောအရိပ်ကြီးကဲ့သို့ဖြင့်လိမ့်မည်၊ အလုမြူမျှလောက် အရှည်,

အတို့,အကြီး,အငယ်၊အခဲ,အမာထင်၍လာလျှင် ပရဖတ်ဖြေအစစ် မဟုတ်ပြီ၊သဏ္ဌာနပညတ်ခြင်းအထည်နှင့် ရောမိပြီ၊ သဏ္ဌာနပညတ် ခြင်းအထည်နှင့်ရောခဲ့လျှင် ဖြစ်မှု,ပျက်မှုကို ရှုသောအခါ ဖထင်နိုင် တဲ့ နေထတ်သည်၊ဤဝေတ်ကမ္မဋ္ဌာန်းဦး ဂုဏ်အာနန္ဒာကို အဂုဏ်ပုဏ္ဏား မဖြစ်ထိုက်ဆုံးမသောအခါ မှန်ရိပ်ဥပမာနှင့် ဆုံးမသည်၊ ဤမှန်ရိပ် ဥပမာနှင့်ပင်ဂုဏ်အာနန္ဒာသောတာပန်ဖြစ်လေသည်၊ဖြင့်ဗိုရိတောင် မဟာပထဝီးဖြကြီးတို့ကို အကုန်ခြိုချကြည့်သောအခါဦးပင် အခဲ, အကြိတ်,အထည်ဝတ္ထု-အကာဖြုမျှမရောမယှက်တဲ့ ပရမတ်အစစ် အမှန်ဖြစ်သော ခက်မာမှုဟူသော ဖြဝေတ်သက်သက်ကို ထင်ဖြင်အောင် ရှုနိုင်သောသူအား ထို့အောက်ပယ်သောသက်ရှိ,သက် မဲ့တို့၌ ပရမတ်အစစ်ဖြစ်သော ဖြဝေတ်ကို ထင်ဖြင်အောင်ရှုရန် အလွန်လွယ်လွန်းတော့သည်၊ မှန်၌ထင်သောအရိပ်, ရေ၌ထင်သော အရိပ်,သစ်ပင်ရိပ်, တောင်ရိပ်-အစရှိသော အရိပ်တို့သည် ဖြင့်ဗိုရ် တောင်မျှပင် ကြီးမားစွာ ထင်ဖြင်ငြားသော်လည်း အကုန်ဖြိုမျှ အ ထည်ခြင်းရှိသည့် အကွက်းကြောင့် ပျောက်ခွင့်, ပျက်ခွင့်ဆိုက်ခဲ့ လျှင် မျက်တောင်တခတ်၊လျှပ်တပြက်အတွင်းမှာပင်အကြိမ်တရာ မက ပျောက်နိုင်,ပျက်နိုင်သကဲ့သို့ ထို့အတူ ထိုဖြင့်ဗိုရ်တောင်နှင့် အမျှ ပြန့်နှံ့ကြီးကျယ်၍နေသော ထိုပရမတ် ဖြဝေတ်သည်လည်း တခုတည်းသော ပရမတ်စိုင်, ပရမတ်ခဲဟူ၍ အကုန်ဖြိုမျှမရှိသည့် အတွက် မျက်တောင်တခတ်၊ လျှပ်တပြက်အတွင်းမှာပင် အကြိမ်တရာ တရာမက ပျောက်ပျက် ကွယ်ပနိုင်ရာသော အရိပ်နှိပ်တို့ထက် ထင်ဖြင် နိုင်လိမ့်မည်၊ဒါဒါကိုယ်၌ ထိုပရမတ်စစ်ဖြစ်သော ဖြဝေတ်ကို အ လင်းပေါက်အောင် ကြည့်ရှုသောအခါ ဥာဏ်ငုံနိုင်လောက်ရုံ, ဥာဏ်ဝါးနိုင်လောက်ရုံ ပိုင်း၍,ပိုင်း၍ကြည့်၊ ဦးခေါင်းကို ပိုင်း၍ ကြည့်သောအခါ အတွင်း, အပြင် မခြားမနား ထုတ်ချင်းပေါက် အောင်ကြည့်။ ဖြခေတ်မဟုတ်သော အဆင်းဝေတ်ရုံခံ၍ နေတတ် သည်၊ သဏ္ဌာနပညတ်ခြင်းအထည်ကြီးသည်းရုံခံ၍ နေတတ်သည်၊ ဥာဏ်-ကိုကြပ်ကြပ်လှပ်၍ပေးလေ။

ခြေဘဝါးတိုင်အောင် အောက်အင်္ကျီစုကိုလည်း ဥဒေါင်နိုင်ရုံ, နိုင်ရုံလောက် ပိုင်း၍ ကြည့်၊ တကိုယ်လုံးစပ်မိသောအခါ ဥဒက် ကို ဦးထိပ်က နေ၍ ရွှမ်းလိုက်လျှင် ခြေဘဝါးတိုင်အောင် ထုတ် ချင်း တောက်ထွင်း၍ သွားလိမ့်မည်း ပိမိ ကိုယ်ခန္ဓာ တခုနိုက် ခေတ်ပေါက်အောင် မြင်ခဲ့လျှင် စကြဲ ဝဠာအနန္တ, ကမ္ဘာအနန္တတို့ နိုက် ဂိုသမျှသော သတ္တဝါခန္ဓာစု၊ အကုန်လုံး ခေတ်ပေါက်ပြီးဖြစ် တော့သည်၊ ။ဤ ပရမတ် ဖြောတ်တခု ပေါက်၍ သွားလျှင် ကြွင်းသော ရေခေတ်, လေခေတ်, မီးခေတ်တို့ကိုလည်း အလွန် လွယ်လွတော့သည်၊ ။ပထဝီခေတ်ခဲ့နည်း အဖြက် ပြီး၏၊

အာပေါခေတ်ကို ခွဲ၍ ပြဆိုခဏ်း။

၂ ပရမတ်နှစ်၊ ရေအာစစ်ကား-တွယ်မှု, ကပ်မှု, ဖွဲ့စည်းမှု သည်သာလျှင် ပရမတ်ရေခေတ်အစစ်တည်း။ ထိုတွယ်မှု, ကပ်မှု, ဖွဲ့စည်းမှု-ဟူသော ပရမတ် ရေခေတ်သည် ထက်သန်ခြင်းထို ရောက်သည် ဂိုသော် စိုစွတ်ခြင်း, ယိုစိုးခြင်း-ဟူသော ပဿရေဓာ ရေခေတ် ဖြစ်လေ၏။ ထိုတွယ်မှု,ကပ်မှု, ဖွဲ့စည်းမှု-ဟူသောအာ ပဒ္ဓနဂိုရိယာသက်သက်မျှသာ ဖြစ်သော ပရမတ်ရေခေတ်အစစ် သည်သည်း အကျရွှိကို အစိတ်တဆိန်း စိတ်သော်လည်းကစိတ် စာမျှ အခဲ,အကြိတ်, အဆန့်,အဖာ, အထည် ဒြဗ်ဟူ၍ မဂို၊တွယ် ကပ် ဖွဲ့စည်းခြင်း ကြိယာ-အမှုအရာ သက်သက်မျှသာတည်း။ ထိုတွယ်ကပ် ဖွဲ့စည်းမှု ဟူသောပရမတ်ရေခေတ်သည်ခြောတ်, မီးခေတ်, လေခေတ် သုံးပါးတို့ကို တခုတဲ့, တသားတဲ့ကဲ့သို့ နေ အောင် ဖွဲ့နှောင် စည်းကြပ်ပေသည် ဖြစ်၍ ကဲလာပ်တူ ပဟာ ဘုတ်တို့သည် တပါးကိုတပါးအား ပြုစွင့်ရေကြကူနိသည်း၊ တပါး ကိုတပါး ထောက်ပံ့စွင့် ရေကြကူနိသည်။ ဖွဲ့နှောင် စည်းကြပ် ချုပ်ထိန်း၍ နေသော ရေခေတ် ချုပ်ကွယ် ပျောက်ပျက် ခဲ့သည် ဂိုသော် ထိုခေတ်ကြီး သုံးပါးတို့သည်အစည်းပြယ်ပျက်၍ခဏခြင်း

ပျောက်ပျက်ကွယ်ဆုံးကြလေကုန်၏၊ ဤကား ကလာပ်တရုတည်း
နှိုက် ရေဝေတ်၏ ကျေးဇူးကို ဆိုသော စကားတည်း၊ လော
ကဋ္ဌ. ပရမာဏုမြူမှ စ၍ သတ္တဝါနှိုက် အသူရိန် နတ်ကြီးဟု ဆိုအပ်
သောရုပ်တုံး ရုပ်ခဲကြီးတိုင်အောင် ဗဟိဒ္ဓနှိုက် ဖြင့်မိရ်တောင်ကြီး,
စကြဝဠာတောင်ကြီး, မဟာပထဝီမြေကြီး တိုင်အောင် သတ္တဝါန
ကြီးငယ်အထည်ခြုံအနေနှင့်ရုပ်တရားတို့အကြိတ်အခဲ,အတုံးအခဲ
ဖြစ်၍ နေကြမှသည်လည်း ဤရေဝေတ်၏ကျေးဇူးပင်တည်း၊ ဤရေ
ဓာတ်မှတပါး အကြိတ်အခဲ ဖြစ်အောင်ဖွဲ့စည်းသော ဓာတ်ဟူ၍
မရှိပြီ။ ဂုစ်သေးငယ်လေးထောင် နှစ်ပြုန်ဆောင်သော ဖြင့်မိရ်တောင်
ကြီးဦးဂိုသော ဖွဲ့စည်းမှုသည် ပဓာနခြင်းပျက်ဆုံးခဲ့သည်ဖြစ်အံ့။
ထိုဖြင့်မိရ်တောင်ကြီးသည် ပဓာနခြင်းကွယ်ပျောက်ရာ၏။ ဂုစ်
သောင်းနှစ်ထောင် နှစ်ပြုန်ဆောင်သော စကြဝဠာတောင်ကြီးဦး ဖွဲ
စည်းမှုသည် ပဓာနခြင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့။ ထိုစကြဝဠာ
တောင်ကြီးသည် ပဓာနခြင်းကွယ်ပျောက်ရာ၏။ မဟာပထဝီ
မြေကြီးဦးဂိုသော ဖွဲ့စည်းမှုသည်ပဓာနခြင်းပျက်ဆုံးခဲ့သည်ဖြစ်
အံ့။ မဟာပထဝီ မြေကြီးသည် ပဓာနခြင်း ကွယ်ပျောက်၍
ကောင်းကင်အာတိသာ ဖြစ်လေရာ၏။ အဘယ်ကြောင့်နည်း ဟူမူ။
ဖွဲ့စည်းမှုဟူသော ချုပ်ထိန်းမှု မရှိခဲ့သည်ဂိုသော် မြင့်မိရ်တောင်,
စကြဝဠာတောင်, သီလာပထဝီဖြစ်၍ နေသော တခဲနက်သော ပရ
မတ်မြေ, ပရမတ်ရေ, ပရမတ်မီး, ပရမတ်လေတို့သည် တပါးကို
တပါးထောက်ပံ့မှ,ဒိတွယ်မှအစည်းအရုံးခဏခြင်းကင်းလွတ်ကြ
လေကုန်၏။

နိဗ္ဗာန်မှတပါးသော သင်္ခတလက္ခဏာရှိသော ပရမတ္ထဓမ္မတို့
မည်သည် ထောက်ပံ့မှ, ဒိတွယ်မှနှင့်ကင်း၍ မျက်တောင်တခတ်,
လျှပ်တပြက်မျှ အာသက်ရှည်၍ တည်နေနိုင်သော မည်သည်မရှိလေ
ကုန်းမြင့်မိရ်းတောင်ကြီး, စကြဝဠာတောင်ကြီး, မဟာပထဝီမြေ
ကြီးတို့ဦး ပရမတ်ရေဓာတ်သက်သက်ကို ကွက်ခြားး၍ ကြည့်ရှုလို
သည်ရှိသော်ခက်မာမှုဟူးသား၊ မြဓာတ်နှင့် မရောစပ်၍,ဖွဲ့စည်းမှု

ဟူသောရေစောတ်သက်သက်ကို ကွက်ခြားခြင်ကြည့်ရသည်၊အဆင်း သဏ္ဌာန်အထည်ခြုံဗဟုရ ခုခံ၍ နေတတ်သည်။ ကြည့်ရှုသော ဝမ္မ ဝဝထွာနဉာဏ်၌ အဆင်း သဏ္ဌာန် အထည်ခြုံခုခံ၍ နေခဲ့သျှင် နောက်၌ဖြစ်မှ,ပျက်မှကို ရှုသောအခါ မထင်နိုင်တဲ့ နေတတ်သည်၊ ပရမတ်အစစ်ကို အမြင်စင်ကြယ်လှပါမှ အနိစ္စအစစ်, ဒုက္ခအစစ်, အနတ္တအစစ်ကို ဖြင်နိုင်သည်၊

ဖြောတ်၌ဆိုခဲ့ပြီးသောအတိုင်း ဤရေစောတ်၌လည်း ဖွဲ့စည်းမှု သက်သက်ဟုဆိုအပ်သော ရေစောတ်အမြင်စင်ကြယ်သောအခါ မြင့်မိရ်,မဟာပထဝီတခုလုံး၌ အကြိတ်, အခဲ, အဆန့်,အမာမရှိသည့် အတွက် မှန်ထဲ, ရေထဲမှာ, ထင်မြင်ရသော မြေစိမ်းရိပ်, တိမ်ရိပ်, နေဝန်း, လဝန်းအရိပ်, သစ်ပင်ရိပ်တို့ကဲ့သို့ ဖွဲ့စည်းမှု-ဟူသော အာပေါလက္ခဏာကြီး ထင်မြင်လိမ့်မည်၊ မြင့်မိရ်တောင်, မဟာပထဝီတို့၌ထင်မြင်နိုင်သောအခါလျှ,နှတ်,ဖြဟ္မာ-သတ္တဝါခပ်သိမ်း တို့၌ထင်မှ, မြင်မှ-အလွန်လွယ်လှတော့သည်၊ သတ္တဝါသန္တာန်မှာ ထင်မြင်မှုသာ လိုရင်းဖြစ်သည်၊ မြင့်မိရ်,မဟာပထဝီတို့က ဤ၍ပြ လိုက်သည်မှာ သတ္တဝါ သန္တာန်၌ ထင်လွယ်, မြင်လွယ်အောင် ဤလိုတ်သည်၊ ပဒါသန္တာန်၌ ဦးခေါင်း,ခြေဘဝါး-ထုတ်ချင်းပေါက် အောင် ထင်လင်းပြီးမှ သူတပါး သန္တာန်စုကိုလည်း ထို့အတူ ထုတ်ချင်းပေါက်အောင်ရှုလေ။

အာပေါဝေတ်ပေါက်အောင် ခွဲ၍ ပြဆိုခဲ့ပြီး၏။

တေဇောဝံဝတ်ကို ခွဲ၍ ပြဆိုခဲ့ပါ။

ပူမှု, ငေးမှု-ဟူသော အမှုအရာ ကြီယာမှ သက်သက်သည် ပရမတ်နှစ် မြေးအစစ်မည်၏။ ပူမှု, ငေးမှု-ဟူသည်လည်း ကလာပ်တူ မဟာဘုတ် သုံးပါးတို့ကို ရင့်မာ သန်စွမ်းအောင် ပေါင်းနွေးမှုပေတည်း၊ အပူစွမ်း, အငေးစွမ်း-နှစ်ပါးစုံသည် ပင်လျှင် ကလာပ်တူ မဟာဘုတ်တို့ကို ရင့်မာအောင်, ထက်သန်အောင်, အသိုးအသိုး

အစွမ်းသတ္တိနှင့် ပြည့်စုံကြွအောင် ပေါင်းနွေးမှု ရှိသည်ချည်း ဖြစ်သည်းအမဝမ်းမှ ဥ၍ မြုံ၌ တည်ရှိသောကြောက်ဥတို့သည် အဓိဖြစ်သူ, ကြောက်မက မပြုတ်ဝပ်၍ အနွေးပေးမှ အစဉ်အတိုင်း ရင့်မာသန်စွမ်း၍ ကြောက်သူငယ်အဖြစ်သို့ ရောက်သဖြင့် ပေါက်ဘွားနိုင်သည်။ အဓိကြောက်မက မငပ်တဲ, အနွေးမပေးတဲ နေခဲ့သည်ရှိသော် ကြောက်သူငယ်အဖြစ်သို့ မရောက်နိုင်ပြီ၊အဓိဝမ်းတွင်းက ထုံခဲ့သောအငွေ့အကုန်တွင် ပုပ်ခြင်းသို့ရောက်လေတော့သည်၊ ဤအတူ တစောဟူသော ဤဝေတ်မိုးသည် အဓိ, ကြောက်မနှင့်တူသည်။ အတူတကွ ဖြစ်သော ဖြေဝေတ်, ရေဝေတ်, လေဝေတ်-ဤဝေတ်ကြိုးသုံးပါးတို့သည် ကြောက်ဥနှစ်တို့နှင့်တူကုန်သည်၊ မိုးဝေတ်နှင့်အတူ တွဲဘက်ရမှ ဖြေဝေတ်ဟူသော ခက်မာမှုသည် အောင်ဖြင့်စွာ ဖြစ်နိုင်သည်၊ ရေဝေတ်ဟူသော ဖွဲစည်းမှုသည်လည်း အောင်ဖြင့်စွာဖြစ်နိုင်သည်၊ လေဝေတ်ဟူသော အဝှန်အဝှာမှုသည်လည်း အောင်ဖြင့်စွာ ဖြစ်နိုင်သည်။ မိုးဝေတ်နှင့်ကင်း၍ အောင်ဖြင့်စွာမဖြစ်နိုင်ကြကုန်၊မဟာသမုဒ္ဒရာရေ,သိတာရေ,ကမ္ဘာကို ခံသောရေတို့သည်လည်း သိတဝေတ်မိုးဏိအစိုးအပ္ပါးတို့သည်သာတည်း၊သိတဝေတ်မိုး၏အခိုင်စိုးချက်နှင့် ဆက်လက်ဖြစ်ပွါးကာ နေကြရကုန်သည်။ဖြင့်ဖိရိတောင်, စကြဝဠာတောင်,မဟာပထဝီဖြကြိုးတို့သည်လည်း သိတဝေတ်မိုး၏ အစိုးအပ္ပါး တို့သည်သာတည်း၊ တပါးသော ဝေတ်တို့နှင့် မရောမနှောစေဘဲ မိုးဝေတ်သက်သက်ကို ရှုသောအခါ ဤသောဝထ္ထုတို့၌ ဤမှသက်သက်ကို ရှုရမည်၊ ပုံသောဝထ္ထုတို့၌ ပုမ္ဘသက်သက်ကို ရှုရမည်၊ အဆင်းသဏ္ဌာန် အထည်ဒြဗ်ပညတ်နှင့် ရောနှောခြမနေစေနှင့်၊ ပုမ္ဘ,ဤမှ-ဟူသော၌ပရမတ်ဝေတ်မိုး၏အကျယ်ဖြူမျှဒူးဆန်, ဒူးမာ, အထည်ဝထ္ထု မရှိကြောင်းကား ထင်ရှားပါ၏၊ အဆန်, အမာ, အထည်ဝထ္ထုဟူ၍ ဒူးကျယ်ဖြူမျှ မရှိသည့် အတွက် ကြောင့်၍ ဝေတ်မိုးကိုအဖြင်စင်ကြယ်သောအခါလည်း ရေကြည့်, မှန်ကြည့်-စသည်တို့၌ နေဝန်း,လဝန်းတို့ အရိပ်, တိမ်ရိပ်, မိုးရိပ် တို့ကဲ့သို့ ဥာဏ်အမြင်မှာသာကြိုးကျယ်၍အထည်ဒြဗ်မရှိကြောင်း

ထင်ရှားလိမ့်မည်၊ ပိဝိကိုယ်ကို ရှုသောအခါ ဥာဏ်ဖြင့်နှိုင်ရုံ ပိုင်း၍ ပိုင်း၍ ရှု၊ ပိဝိကိုယ်မှာ အလင်းထင်ဖြင့်နှိုင်လျှင် သတ္တဝါ အနှံ့မှာပင် ထင်တော့သည်၊

တေးဓာဒေတ်ကို ခွဲ၍ ပြဆိုခဏ်း ပြီး၏။

ဝါယောဓာတ်ကို ခွဲ၍ ပြဆိုခဏ်း။

မီးတောက်, မီးခိုး၏ အတွင်း၌ မီးဓာတ်၏အာနုဘော်ကြောင့် မီးခေါက်ကိုပင် အစဉ်ဖြစ်ပွါး၍ သွားနိုင်အောင် လှုံ့ဆော်ချိပင့်မှုဟူသော ဝါယောသည် ပါဂ်ိုဂ်၏၊ ထိုဝါယောအတွက်ကြောင့် မီး၏ ပြန့်ပွားခြင်း, မီးဂ်ိုန်၏ ပြန့်ပွားခြင်း, မီးရောင်၏ ပြန့်ပွားခြင်း, မီးတောက်၏ လူလူတက်ပွားခြင်း, အခိုးထွက်ခြင်း, အဆင့်ဆင့် မီးကူးခြင်း- အစရှိသော မီးဓာတ်၏ ပြန့်ပွား စည်ကားမှုတို့သည် ထင်ရှား ဖြစ်ကုန်ကြသကဲ့သို့ ထို့အတူ ဝါယော မည်သော ဤလေဓာတ်သည်ပုဂ္ဂိ, ဒေါမှ-ဟူသောမီးဓာတ်၏အဂ်ိုန်အဝှန်ပေတည်း၊ မီးစာရှိရာ၌ အနည်းငယ် ချဆားသောမီးသည် ထိုအဂ်ိုန်, အဝှန်ကြောင့် မီးစာရှိသမျှ အကုန် ပြန့်ပွားနိုင်သည်။ မီး၌ အတွင်းက အဂ်ိုန်အဝှန် ညှံ့၍ မပွားတဲ့နိုင်, မတောက်တဲ့နိုင်ရှိလျှင် ယပ်နှင့် ယပ်၍ ပြောင်းနှင့်မှုတ်၍ အပက အဂ်ိုန်အဝှန် ကူခဲသေးသည်။ ပုဂ္ဂိ ရှိလျှင် ပုဂ်ိုန်, ပုဟုန်ဂ်ိုမြဲ၊ ဒေါမှဂ်ိုလျှင် ဒေါဂ်ိုန်, ဒေါဟုန်ဂ်ိုမြဲ။ ပုဂ္ဂိ, ဒေါမှကား တခြား။ အဂ်ိုန်အဝှန်ကား တခြား။ ပုဂ္ဂိ, ဒေါမှကား ပရမတ် မီးဓာတ်တည်း။ အဂ်ိုန်အဝှန်ကား ပရမတ် လေဓာတ်တည်း၊ ထိုအဂ်ိုန်, အဝှန်ကြောင့် မီးစာရှိသမျှ အကုန် ပြန့်ပွားနိုင်သည်။ မီး၌ အတွင်းက အဂ်ိုန်အဝှန် ညှံ့၍ မပွားတဲ့နိုင်, မတောက်တဲ့နိုင်ရှိလျှင် ယပ်နှင့် ယပ်၍ ပြောင်းနှင့်မှုတ်၍ အပက အဂ်ိုန်အဝှန် ကူခဲသေးသည်။ ပုဂ္ဂိ ရှိလျှင် ပုဂ်ိုန်, ပုဟုန်ဂ်ိုမြဲ၊ ဒေါမှဂ်ိုလျှင် ဒေါဂ်ိုန်, ဒေါဟုန်ဂ်ိုမြဲ။ ပုဂ္ဂိ, ဒေါမှကား တခြား။ အဂ်ိုန်အဝှန်ကား တခြား။ ပုဂ္ဂိ, ဒေါမှကား ပရမတ် မီးဓာတ်တည်း။ အဂ်ိုန်အဝှန်ကား ပရမတ် လေဓာတ်တည်း၊ ထိုအဂ်ိုန်အဝှန် ဟူသော လေဓာတ်သည်ကလေပ်တူဖြစ်သောမြဓာတ်, ရေဓာတ်, မီးဓာတ်တို့၏ အားခွန်ဗဟသည်း မည်၏။ ထိုအဟုန်အဝှန်ပွားရာ ကလေပ်တူ မဟာဘုတ် ချဉ်းကလေပ်တို့သည် ဖြစ်ပေါ်၍ လိုက်ရကုန်၏။ ထိုအဟုန် အဝှန်သည် အလွန် ထက်သန်သည်ရှိသော် လေပြင်းမုန်တိုင်း ဖြစ်လေ၏။ ထိုအဟုန်အဝှန်သည် လေမွှေရာ, လေခေါင်းအုံး စသည်တို့ရှိကဲ့သို့ ထောက်ကန်တောင့်

တင်းမှ,ချိုပင့်ထမ်းဆောင်မှုဖြစ်၍ဝိဇ္ဇာမဲ့နလက္ခဏာဟု ကျမ်းဂန်တို့၌ဆိုပေသည်။ ဖြင့်မိရင်ထောင်,စကြဝဠာတောင်,သိလာပထဝီစသည်တို့၌ရှိသော သိတဇာတ်မိုးသည် ထိုအဟုန်အဝှန် ဟူသော လေဓာတ်၏အစွမ်းဖြင့် ခဏတိုင်း ခဏတိုင်း ပွားများ၍ ကမ္ဘာပျက်သည့်တိုင်အောင် ရပ်ကလာပ် အဆက်ဆက်တို့ကို ပွားများစေနိုင်သည်။ ။(ဖြင်အောင်ကြည့်)

ဟဒယဝတ္ထုဒွေ ဖြစ်ပေါ်သော တရုတရားသာစိတ်ကြောင့် ခဏခြင်း,ခဏခြင်း တကိုယ်လုံး စိတ္တဇရုပ်ကလာပ် ပြန့်ဖွာ ပြန့်ပွားမှု, ဥတုဇရုပ်ကလာပ်တို့ ပြန့်ဖွာ ဖြစ်ပွားမှု, ဝမ်းထဲသို့ ရောက်သော အစာအာဟာရဓာတ်တို့၏ တကိုယ်လုံးအနှံ့ အပြားပြန့်ဖွာ ဖြစ်ပွားမှု, ကလလရေကြည်မှစ၍ သတ္တဝါတို့၏ အစဉ်အတိုင်း တိုးပွားစည်ကားမှု, အညွှန့်အးညှာက် ပေါ်ပေါက်သည်မှစ၍ သစ်ပင်,ချုံမြက်တို့၏ အစဉ်အတိုင်း တိုးပွား စည်ကားမှုတို့သည်လည်း ဝါယောလှုံ့ဆော်မှုနှင့် ဖြစ်ကြကုန်သည်သာတည်း၊ မြင့်မိရင်ထောင်, စကြဝဠာထောင်, မဟာပထဝီမြေကြီးမှစ၍ သက်ရှိ,သက်မဲ့ အလုံးစုံတို့ကို ၀၀၊၀၀ထင်အောင်ကြည့်လေ၊ မိမိကိုယ်မှစ၍အကုန်လုံးနှံ့အောင်ကြည့်။ ဦးထိပ်မှစ၍ ခြေဘဝါးတိုင် အလင်း ပေါက်အောင်ကြည့်၊ ဤဓာတ်လည်း ဆိုခဲ့ပြီးသော ဓာတ်တို့နည်းတူ အဆန်,အမာဟူ၍ အနဲမြူမျှ မရှိသည့်အတွက်ကြောင့် ရေထဲ,မှန်ထဲ၌ ထင်သော လူရိပ် စသည်ကဲ့သို့ ထင်ဖြင်လိမ့်မည်။ မျက်စိတွင် ဖြင်နေကြဖြစ်သော အဆင်းသဏ္ဌာန် အထည်ခြုံပညတ်ကြီး ချခံ၍ နေတာဘ်သည်၊ အဟုတ်မရှိသော ထိုပညတ်ကို ဉာဏ်ဖြင့် မှုတ်လွှင့်၍ပစ်လေ။

ဝါယောဓာတ်ကို ခွဲ၍ ပြဆိုခဏ်းပြီး၏။

ခဲတက်ကြီးလေးပါးတို့ အဖြစ်, အပျက်ကိုဂြဆိုခဏ်း။

ခက်ဓာတု-၁၊ ဖွဲ့စည်းမှု-၁၊ ပေါင်းနွှဲးမှု-၁။ အဂ္ဂိန်အဟုန်မှု ၁-၊ ဤလေးခုသော အခြင်းအရာ, အမှုအရာ ကြီးယာကြီးတို့သည် သတောလက္ခဏာအားဖြင့် အသီးအသီး ထင်ရှားကြံကုန်၏။ တည်ရာဌာနအားဖြင့် ခက်ဓာမှုကို ဓ, တည်ပြု၍ တရထည်း ကဲ့သို့ တည်ကြကုန်၏။ ဖြစ်အတူ, ပျက်အတူ, တည်အတူတို့သာတည်း။ ခက်ဓာမှုဟူသော မြေဓာတ် ပျက်ဆုံးလျင် တည်ရာမရှိသည်ဖြစ်၍ ကြွင်းသောဓာတ်သုံးပါးလည်း ပျက်ဆုံးရတော့သည်၊ ထို့အတူ ဖွဲ့စည်းမှုဟူသော ရေဓာတ်ပျက်ဆုံးလျင်လည်း အဖွဲ့အစည်းပျက်သဖြင့် တပါးနှင့်တပါး ထောက်ပံ့မှု ကင်းကြ၍ အကုန်လုံးပျက်ဆုံးကြတော့သည်၊ ပေါင်းနွှဲး၍ ထက်သန်အောင်ပြုမှု ဟူသော သော မီးဓာတ် ပျက်ဆုံးလျင်လည်း ကြွင်းသော ဓာတ်သုံးပါးတို့သည် ဒိပိတို့ သတောအတိုင်း ပြည့်စုံစွာ မတည်နိုင်ကြ၍ အကုန်လုံး ပျက်ဆုံးကြတော့သည်၊ ကြံ့ခိုင်တောင့်တင်းမှု ဟူသော လေဓာတ်ပျက်ဆုံးလျင်လည်း ကြွင်းသော ဓာတ်တို့သည်လည်း အားပြတ်၍ ပျက်ဆုံးကြရကုန်တော့သည်၊ မီးဟူသော ပူမှု, ဒေးမှုလို့ ဆော်၍ ထလှုပ်ဆောင်ရွက်ခြင်း ဟူသော လေဓာတ်နှင့် တွဲဖက်မှ ဖြစ်နိုင်သည်၊ လေဓာတ်မရှိလျင် အားပြတ်၍ ခကာခြင်း ကွယ်ဆုံးလေ၏၊ ထိုအတူ ခက်ဓာမှု ဟူသော မြေဓာတ် သည်လည်း ခက်ဓာခြင်း ကြီးယာကို ကြံ့ရံ့ကောင့်တင်းအောင် ချိပင့်သော လေဓာတ် မရှိလျင် အားပြတ်၍ ကွယ်ဆုံးလေ၏၊ ဖွဲ့စည်းခြင်းဟူသော ရေဓာတ် သည်လည်း ဖွဲ့တွယ်ခြင်းကြီးယာကို ကြံ့ရံ့တင်းရင်းအောင် ချိပင့်သော လေဓာတ်မရှိလျင် အားပြတ်၍ ကွယ်ဆုံးလေ၏။ ဤကား အခြင်းအရာလေးပါးတို့၏ အချင်းချင်းဖို့တွယ်ကြံပုံ, တပါးပျက်သျှင် အကုန်လုံးပျက်ကြံပုံကို ပြဆိုလိုက်သော အချက်တည်း၊

ထိုဓာတ်ကြီးလေးပါးတို့၏ သက်ဒို, သက်ဓဲ့-သန္တာန် နှစ်ပါးတို့၌ ဖြစ်ပုံ ဆန်းကြယ်မှု သည်လည်း အစိန္တေယျအာရာဖြစ်၍ ကြံ

အပ်,မကြီရာ ကြီးကျယ်လှစွာ၏၊ ထိုဓာတ် လေးပါးတို့၏ တန်းခိုး ဇာဒ္ဓိပါဒ်သည်လည်း ကြီးအပ်,မကြီရာကြီးကျယ်လှစွာ၏၊ ၌ဓာတ် လေးပါးကို ဘုရား၏ နည်းလမ်းနှင့် အထင်အဖြင် ထိုးထွင်း၍ ထ ဖြောက်ပေါက်ရောက်အောင် လုပ်ကြံနိုင်လျင် နိဗ္ဗာန ပဋိဝေဓဉာဏ် အလင်းသို့ ပေါက်ရောက်နိုင်၏၊ လောကုတ္တရာ ဝိဇ္ဇာဉာဏ်ပေါက် ၏၊ လောကီ ဝိဇ္ဇာတို့၏ နည်းလမ်းနှင့် ထဖြောက် ပေါက်ရောက် အောင် လုပ်ကြံနိုင်လျင် လောကီဝိဇ္ဇာသမ်းပေါက်၏၊ အလတ်သော လောကီ နည်းလမ်းနှင့် ထဖြောက် ပေါက်ရောက်အောင် လုပ်ကြံ နိုင်လျင် ဆေးလမ်း, ဓာတ်လမ်း, စက်ကြိုးသာလမ်း ပေါက်၏၊ ထို ဓာတ်လေးပါးတို့၌ အချုပ်အချာ ဦးစီး ဦးကိုင်ကား တေဇောပေ တည်း။ စကြဝဠာ ကမ္ဘာ ဖြေ,ရေနှင့် တကွ ရုပ်သဏ္ဌာန်နှင့် စပ် သော သက်ဂို,သက်ဓဲ့-အလုံးစုံသည် တေဇော၏ အစိုးအပွားချည်း တည်း။ ဓာတ်မိုး၏ အစိုးအပွားချည်းတည်း။ တေဇော ဟူသော ဓာတ်မိုး၏ ဇာဒ္ဓိပါဒ် တန်းခိုးအကျိုးအသွားကို ဘုရားသဗ္ဗညုတ္ဍာဉ်၏ ဉာဏ်ဝေဒ်သည်သာ ဖိနိုင်ရာသတည်း။

၌တွင် ဓာတ်လေးပါးတို့၏ဖြစ်ပုံ,ပျက်ပုံကို ပြဆိုခဏ်းပြီး၏။

အာကာသဓာတ်ကို ပြဆိုခဏ်း။

၌ပြဆိုခဲ့ပြီးသော ပထဝီဓာတ်,အာပေါဓာတ်,တေဇောဓာတ်, ဝါယောဓာတ်-ဟူသည်းဟူသော၊ မြေ,ရေ,လေ,မီး,ဓာတ်ကြီးလေးပါး တို့သည် ကံကြောင့်ဖြစ်သော ဓာတ်ကြီးလေးပါး, စိတ်ကြောင့်ဖြစ် သောဓာတ်ကြီးလေးပါး,ဥတုကြောင့်ဖြစ်သောဓါတ်ကြီးလေးပါး, အာဟာရကြောင့်ဖြစ်သောဓာတ်ကြီးလေးပါး-ဟူ၍ အသီး,အသီး အကြောင်းအား လျော်စွာ သူ့အကြောင်းနှင့် သူ့ဓာတ်ကြီးလေး ပါးတစု,လေးပါးတစုစီ တဘွားဘွား ဖြစ်ပေါ်၍ နေကြကုန်၏၊ထို ဓာတ်ကြီးလေးပါး တစုကို ကလာပ်တခု,တစုကိုကလာပ်တခုဟု ဆိုခဲ့၏၊ထိုရုပ်ဓာတ်ကြီး ကလာပ်တခုနှင့် ကလာပ်တခုကို မေးရာ

နှောစေခြင်းငှာ အခြားအခြားဖြစ်သော ပရိယေဋ္ဌိဒရုပ်ကို အာကာသဓာတ်ဟု ဆိုရသည်၊ ဆိုအပ်ခဲ့ပြီးသော ဓာတ်ကြီးလေးပါးတို့သည် ဖြစ်အတူ, ပျက်အတူ-ဖြစ်ကြံသော်လည်း၌ အာကာသဓာတ်ကြီးခြင်း၍ နေသည့်အတွက် ကလာပ်တူဓာတ်ကြီးတို့သာ ဖြစ်အတူ, ပျက်အတူ-ဖြစ်နိုင်၏၊ ပကတိမျက်စိအမြင်အထင်မှာ သတ္တဝါသန္တာန်၌ဌင်း, ဗဟိဒ္ဓရုပ်ခဲ, ရုပ်ဗဒ္ဓိဌင်း၊ တလုံးတည်း, တခဲတည်းကဲ့သို့ ထင်မြင်၍ နေကြသည်၊အာကာသဓာတ်ကို မထင်မမြင်ကြ၊ ထိုမြေ, ရေ, လေ, မီးဓာတ်ကြီးလေးပါးတို့၏ဂုဏ်ပါင်း၍ နေသော မြင့်ရိရိတောင်ကြီး, စကြဝဠာတောင်ကြီး, မဟာပထဝီမြကြီးစသော ဗဟိဒ္ဓအထည် ဝတ္ထုတို့၌ ရုပ်ကလာပ်တို့၏ အကြားအကြား အာကာသဓာတ်ကြီး, ခြားလျက်ရှိ၏၊ ရုပ်ကလာပ်တခုနှင့် ရုပ်ကလာပ်တခုအကြား၌ ကောင်းကင်ကြီးရှိ၏ဟုလိုသည်၊ထိုကောင်းကင်တည်းဟူသော အာကာသဓာတ်ကြီးကို ပိုင်ပိုင်ကြီး သိရှိမှ ရုပ်ကလာပ်တခု, တခု အဆိုဂ္ဂါဏ်ကွဲလိမ့်မည်၊ ထိုတခု, တခု ရုပ်ကလာပ်အဆိုဂ္ဂါဏ်ကွဲမှ လက္ခဏာတွေ့ယဉ်ဂါဏ်, အလင်းကြီး သို့ပေါက်ရောက်အောင်ပြုလုပ်အားထုတ်ရာသက္ခဏာတွေ့ယဉ်ဂါဏ်, အလင်းသို့ ပေါက်နိုင်, ရောက်နိုင်မည်၊ ရုပ်အထည် ဝတ္ထုတို့သော သက်ရှိ, သက်မဲ့-အလုံးစုံတို့၌ ၍အာကာသဓာတ်ကြီးကို ထင်မြင်အောင် ကြည့်လေ။ ၍အာကာသ ဓာတ်ကြီးသည် ဥပါဒါဇာတိရှိသော ဓာတ်မျိုးမဟုတ်၊ ဥပါဒါဇာတ်ရှိသောရုပ်ကလာပ် ဓာတ်ကြီးလေးပါးတို့၏ အကြား ကောင်းကင်ကြီးဖြစ်၍ အနိစ္စသဘောလက္ခဏာ, ဒုက္ခသဘောလက္ခဏာ, အနတ္တသဘောလက္ခဏာ-ဂုဏ်ပေါက်အောင် ကြည့်ရှုရန်လို၊ လက္ခဏာတွေ့ယဉ်ဂုဏ်ဖြင့် ထိုအာကာသဓာတ်ကို မရှုရပြီ၊ မြေ, ရေ, လေ, မီး-ဓာတ်ကြီးလေးပါးတို့ကို လက္ခဏာတွေ့ယဉ်ဂုဏ်ပေါက်ရောက်အောင် ရှုရာမှာသာ ထင်လျား ပေါ်လွင်သ်ရန် ၍အာကာသ ဓာတ်ကို ပေါက်ရောက်အောင် ထိရှိရလေသည်၊

အာကာသဓာတ်ကြီးကို ပြဆိုခဏ်း ပြီး၏၊

ဝိညာဏဓာတ်ကို ပြဆိုခဏ်း။

ဝိညာဏဓာတ်ဆိုသည်ကား-ထိထိ အာရုံကို သိသော အသိဓာတ်ကိုဆိုသည်၊ ထိအသိဓာတ်သည် စက္ခုဝိညာဏ်အသိဓာတ်တမျိုး, သောတဝိညာဏ် အသိဓာတ်တမျိုး, ဃာနဝိညာဏ် အသိဓာတ်တမျိုး, ဇိဝှါဝိညာဏ် အသိဓာတ်တမျိုး, ကာယဝိညာဏ် အသိဓာတ်တမျိုး, မနောဝိညာဏ် အသိဓာတ်တမျိုး-ဟူ၍ အသိဓာတ်ဝိညာဏ်ခြောက်မျိုးရှိ၏။

၁ ထိတွင် ထိထိအဆင်းတည်းဟူသော ရူပါရုံနှင့် ဆုံသောအခါ မျက်စိထဲမှာ ဖြစ်ပေါ်လာသော အသိဓာတ်ဝိညာဏ်သည် စက္ခုဝိညာဏ်မည်၏။

၂ ထိထိအသံတည်းဟူသော သဒ္ဒါရုံနှင့် ဆုံသောအခါနားထဲမှာ ဖြစ်ပေါ်လာသော အသိဓာတ် ဝိညာဏ်သည် သောတဝိညာဏ်မည်၏၊

၃ ထိထိ အနံ့တည်းဟူသော ဂန္ဓာရုံနှင့် ဆုံသောအခါ နှာခေါင်းထဲမှာ ဖြစ်ပေါ်လာသော အသိဓာတ်ဝိညာဏ်သည် ဃာနဝိညာဏ်မည်၏။

၄ ထိထိအရသာ တည်းဟူသော ရသာရုံနှင့် ဆုံသောအခါ လျှာပေါ်မှာ ဖြစ်ပေါ်လာသော အသိဓာတ် ဝိညာဏ်သည် ဇိဝှါဝိညာဏ်မည်၏။

၅ ထိထိ အဝတ် အဝေွ့ တည်းဟူသော ဖောဋ္ဌဗ္ဗာရုံနှင့် ဆုံသောအခါ တကိုယ်လုံးမှာ ထိထိနေရာနှိုက် ဖြစ်ပေါ်လာသော အကြည် ဝိညာဏ်ဓာတ်သည်ကား ကာယဝိညာဏ်မည်၏။

၆ သဒ္ဓါ, သိလ, သုတ, စာဂ-အစရှိသော လောဘ, ဒေါသ, မောဟ-အစရှိသော ကောင်း မကောင်းသော ထိထို ဓမ္မာရုံနှင့် ဆုံသောအခါ နှလုံးခေါ်သော ဟဒယဝတ္ထုမှာ ဖြစ်ပေါ်လာသော အမျိုးမျိုးသောအသိဝိညာဏ်သည် မနောဝိညာဏ်မည်၏၊

မျက်စိဖြင့် ထိုထို အဆင်း သဏ္ဌာန်ကို ဖြင်သောအခါ ငါဖြင်သည်ဟု မှတ်ထင်စွဲလမ်းကြသည်ကား စက္ခုဝိညာဏ်ကို စွဲလမ်းသော ဒိဋ္ဌိတည်း၊ ဉာဏ်ဖြင့် ထိုထို ဖြင်မှုကို ဓာတ်တရ အသိုးအခြားဖြစ်သည်ဟု ပိုင်နိုင်စွာသိရာ၏။

နားဖြင့် ထိုထိုအသံကို ကြားသောအခါ, နှာခေါင်းဖြင့် ထိုထိုအနံ့ကို နံသောအခါ, လျှာဖြင့် ထိုထို အရသာကို ခံစားသောအခါ, ကိုယ်အင်္ဂါအစိတ်ဖြင့်ထိုပူမှု,ဖွဲ့မှု,အနှံ့,အကြမ်းကိုထိမှန်းသိ့သော အခါတို့၌၌လည်း ထိုနည်းတူ ဓာတ်အသိုးအခြားကိုသိလေ၊

မနောသင်္ကသင်္ကဖြင့် ထိုထိုအာရုံဝတ္ထုအမှုအခွင့်ကို ထွေထွေလာလာ ကြံဘန်သောအခါ,သိသောအခါ ငါကြံဘန်သည်, ငါသိသည်ဟု မှတ်ထင်စွဲသမ်းမှုကား သင်္ကာယဒိဋ္ဌိတည်း။ ဉာဏ်ဖြင့် ထိုကြံဘန်မှု, သိမှုတို့ကို ဓာတ်အမှု ဖြစ်သည် ဟု ပိုင်နိုင်စွာ သိရာ၏။

သိပုံကား— ရူပကာယကြီးသည် အနာပုပ်ကြီးနှင့်တူ၏၊ အသိဝိညာဏ် ခြောက်ပါးသည် အနာပုပ် ကြီးမှာ ထိုထို နေရာ ကျ၍ တဖွဖွ နေကြသော သံသေဒဇ ပိုးငယ်တွေနှင့် တူ၏၊ ဝိညာဏ်မည်သည် နာမ်တရားဖြစ်၍ အထည်ဝတ္ထု၊ မရှေးကောင်းသော်လည်း မျက်စိ အစရှိသော ရုပ်အပြင်မှ အသိုးအခြားတပါးသော အခြင်းအရာဖြင့် ဉာဏ်မျက်စိတွင် ထင်သာ, ဖြင်သာ ရှိအောင် မှန်းခြေထား၍ ပိုင်းခြားရမည်၊

စက္ခု၊သောတ-အစရှိသော ရုပ်ရကို အလွန်ကြည့်လွယ်သော ရေပွက်ကလေးတွေအား၌ ထား၍ ဝိညာဏ်ခြောက်ပါးကို ထိုရေပွက်ကြည့်ကလေးတွေမှာ ပေါ်ရှိ၍ နေသော အရိပ်ကလေးတွေကဲ့သို့ မှန်းခြေထား၍ ပိုင်းခြားရမည်၊

နောက် ဆင်ခြင်ခြင်း, ရှုမြင်ခြင်းများ၍ ဉာဏ်သိမ်မွေ့၍ လာသောအခါ နာမ်အခြင်းအရာအတိုင်းပင် ထင်ဖြင်နိုင်လတ္တံ့။ ထိုသို့ပင် မထင်နိုင်မှု၍ အရိပ်အခြင်းအရာ, ရေပွက်ငယ် အခြင်းအရာ, နှင်းပေါက်ငယ်အခြင်းအရာမျိုးအားနဲပင် ထင်ဖြင်သော်သည်း ကိစ္စ

မင်္ဂါ၊ မြင်မှု,ကြားမှု, နံမှု,လျှာမှု, ကိုယ်တွေထိမှု,သိမှု, ကြီဘန်မှု တို့ကို အာဆိဉာဏ်မှာ ငုံမိ,ခြိုမိ,သိမ်းပိုက်မိလျှင် ပြီးတော့သည်၊ မှန်းခြေထား၍ ကြည့်ရှုသော ဝထ္ထုက တခြားနေ၍ မြင်မှုမှာ ငါမြင်သည် ဟူသော သင်္ကာယဒိဋ္ဌိ၏ လက်ထဲက မလွတ်တဲ့ နေခဲ့လျှင်မူကား ဓမ္မဝဝတ္ထာနဉာဏ် အလင်းသို့ မဒူရောက်သေး၊ ငါမြင်သည် ဟူသော ထင်မြင်မြဲတိုင်းသော သင်္ကာယဒိဋ္ဌိ၏ လက်မှ လွတ်၍ ဉာဏ်၏ လက်တွင်းမှာ ဆုပ်မိ, ကိုင်မိ, ငုံမိ,ခြိုမိ, သိမ်းပိုက်မိလျှင် ပြီးတော့သည်။

နိဒ္ဒေသပါဠိ,ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌ :"ဝိဇ္ဇုပ္ပါဒါဝ အာကာသေ၊ ဥပ္ပဇ္ဇတိ ဝယန္တိဂ" ဟူ၍ ပေါတော်မူသဖြင့် လျှပ်စစ်မှန်ယ်ပန်း၏ ဖြစ်ခြင်း, ပျက်ခြင်း လျှင်မြန်သကဲ့သို့ မျက်တောင် တခက် အတွင်း စသည်၌ အလျှင်အမြန် ဖြစ်နိုင်,ချုပ်နိုင်သော အခြင်းအရာကို ထင်မြင်စေရမည်။

အနိစ္စ, ဒုက္ခ, အနတ္တ ရှုမှသည် နိဗ္ဗာန်သည်, သုခသည်, အတ္တသည်, သင်္ဘာပဂ္ဂလဇီဝသည် တို့ကို ဖျက်ဆီးမှ ပေတည်း။ လျှပ်စစ်ကဲ့သို့ဖြစ်မှ, ပျက်မှမြန်သည်ကိုထင်မြင်နိုင်လျက်ပင် ခိုကိုးရာ မဟုတ်သော အနိစ္စအဖြစ်, ဒုက္ခအဖြစ်, အနတ္တအဖြစ်, သင်္ဘာပဂ္ဂလဇီဝ မဟုတ်သော အဖြစ် ထင်ရှားလှလေပြီ၊ ထိုအဖြစ် ထင်ရှားသျှင် ဓမ္မဝဝတ္ထာနဉာဏ် အလင်းကြီး ကိစ္စ ပြီးစီးနိုင်တော့သည်ဖြစ်၍ လျှပ်စစ်ရောင် ဥပမာကို ပြုတော်မူကြပေသည်၊ နာမ်, ရုပ်တရားတို့၏ ဖြစ်မှ, ပျက်မှတို့သည်ကား လျှပ်တပြက် အတွင်းမှာ အကြိမ်တရာ, တထောင်မက ဖြစ်နိုင်, ပျက်နိုင်သည်၊ ထိုသို့သော ခဏိက အချက် ဖြစ်မှ, ပျက်မှတို့သည်ကား-သင်္ဘာဝါတို့၏ ဉာဏ်အမြင်မှာ ပိုင်းခြားလျှင် ထင်မြင်နိုင်သောအရာရှိ ပေဟုတ်ကုန်ပြီ၊ မထင်မြင်နိုင်သော အရာကို ဝိပဿနာ၏ အချက် အကွက် ပြု၍ ရှုသည့် ဂိုးသင် အနှစ် တရာ, အနှစ် တထောင်ပင် ရှုးသင်လည်း ဝိပဿနာဉာဏ ဒဿန အနုမြှုမျှ ဖြစ်ခွင့် မရှိ၊ သမ္မောဟဒုက္ခသာ ဖြစ်ခွင့်ရှိးလေသည်၊ အဘယ် ကြောင့်နည်းဟူမူ၊ နာမ်တရားတို့မှာ

မျက်တောင်တခတ်, လျှပ်တပြက်, လက်ပစ်တတွက်ခန့် ကာလအ
တွင်းမှာ ကုဋေအသိန်းမက ဖြစ်မှ,ပျက်မှ မြန်သည်ဟု ကျမ်းဂန်
တို့မှာလာသည်၊ ပကတိ လူတို့မှာ မျက်တောင်တခတ် ဆိုလျှင်ပင်
အံ့သွန်မြန်လှလေပြီ၊ ကျမ်းဂန်အဆိုအတိုင်း ကျန်လေအောင် မျက်
တောင်တခတ်မှာ အချက်ပေါင်း ကုဋေတသိန်း ထင်ဖြင့်နိုင်အောင်
ရှိမည်ဟု ကြံစည်ခြင်းငှါပင် မထိုက်သေးကြောင့်တည်း၊ ထို့
ကြောင့် ဆိုခဲ့ပြီးသောအတိုင်း ခိုကိုးရာ မရှိအောင် ဖြစ်မှ, ပျက်မှ
မြန်သည်ကို ထင်ဖြင့်နိုင်သည်သာ ပမာဏ ဟု ဗုဒ္ဓ ယုံကြည်ရ
မည်၊

သင့်ညီတူတ ဥာဏ်တော်အရာနှင့် အာဘိမ္မောက္ခကျမ်းဂန်တို့၌ပြဆို
၍ထားသော အရာအချက်များကို နားယောင်၍ စက္ခုဒ္ဒါရုတဝိထိ
အတွင်းမှာ ဖြစ်မှ,ချုပ်မှများကို လက္ခဏာရေးတင်သည်ဟု ပြော
ဆိုကြသော အရာများသည် ယောင်ယမ်းကာသာဖြစ်၏။ ဝိပဿ
နာဉာဏဒဿနအစစ်ဖြစ်နိုင်ရန်အငှင့် အလွန်ဝေးလှ၏ဟုမှတ်လော။

ဝိညာဏဓာတ်ကို ပြဆိုခဏ်း ပြီး၏။

ဗုဒ္ဓဘာသာ ပဌမအလင်းကြီးကို ပြဆိုခဏ်း။

၅၏သို့ ဖြေ, ဂရေ, လေ, ဒီးဓာတ်ကြီးသေးပါး, အာကာသဓာတ်
တပါး, ဝိညာဏဓာတ်တပါး ၅၏ဓာတ်ခြောက်ပါးတို့ကို ဆိုခဲ့ပြီး
သည့်အတိုင်း ဖြင့်ဖိရှိတောင်, စက္ခဝိဉ္ဉာတောင်, မဟာပထဝီ,
သမုဒ္ဒရာဒရ-စသော ဗဟိဒ္ဓသန္တာန်၌ဖြင်း၊ လူ, သတ္တဝါ, နတ်,
ဗြဟ္မာ-စသော ပုဂ္ဂိုလ်သန္တာန်၌ဖြင်း၊ ထိုက်သည့် အားလျော်စွာ
ဓာတ်ပေါက်အောင် ကြံသည်ရှိမှ ပိုင်နိုင်ပါသျှင် ဗုဒ္ဓဘာသာ ပဌမ
အလင်းကြီးဟု ဆိုအပ်သော ဓမ္မဝဝတ္ထာနဉာဏ်,အလင်းကြီး ပိုင်
နိုင်လေတော့သည်။ ၅၏အစ္ဆရိတ္တ, ဗဟိဒ္ဓသန္တာန်တို့၌ ၅၏ဓာတ်ခြောက်
ပါး မပေါက်မရောက် မလင်းမခြင်းခဲ့သျှင် ဗုဒ္ဓဘာသာပဌမအလင်း
ကြီးကိုမျှ မရတဲ့ ဓမ္မသင်္ဂဗျာဟ,အဓိက်မျောင်ကြီး၏ အတွင်း၌သာ

နစ်မြုပ်၍ ငုတ်တုတ်နေရလေ၏၊ သာသနာတော်ဖြတ်ကြီးနှင့် ကွဲကြိုက်ကျိုး, ဝတ္ထုကျိုးနပ်စေခြင်းငှါ ဤဓာတ်ခြောက်ပါးကို ပုဂ္ဂိုလ် အောင်အားထုတ်သင့်လှပေ၏၊

ဗုဒ္ဓဘာသာ ပဌမအလင်းကြီး ပြီး၏၊

ပစ္စယပရိဂ္ဂဟဉာဏ်, အလင်းကြီးကို အကျယ် ပြဆိုခဏ်း။

၂ ပစ္စယပရိဂ္ဂဟဉာဏ်, အလင်းကြီးခို့ အကျဉ်းဆုံးသောအား ဖြင့် အာဘယ်မျှလောက်သော ပစ္စယဓမ္မတို့ကို ဉာဏ်အမြင်ပေါက် ရောက်မှ ဤပစ္စယပရိဂ္ဂဟဉာဏ်, အလင်းကို ပေါက်ရောက်သနည်း၊

ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ-ဟူသော ရုပ်ဓာတ်ငါးပါးတို့ခို့ကံ, စိတ်, ဥတု, အာဟာရ-ဟူသော အကြောင်း တရားလေးပါး, ဝိညာဏ်ဟူသော နာမ်ဓာတ်တပါး, ဝတ္ထုအာရုံ ဟူသော အကြောင်းတရား နှစ်ပါး-ဤဓာတ် ခြောက်ပါးတို့၏ အ ကြောင်းတရားခြောက်ပါးတို့ကို ဉာဏ်အမြင် ပေါက်ရောက်သည် ရှိသော် ဤပစ္စယပရိဂ္ဂဟဉာဏ် အလင်းသို့ ပေါက်ရောက်၏၊

ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ် ဟူသော ဤဓာတ်ကြီးလေးပါးတို့သည် ၁-ကံကြောင့် ဖြစ်သည် လေးပါး, ၂-စိတ်ကြောင့် ဖြစ်သည် လေးပါး, ၃-ဥတုကြောင့် ဖြစ်သည်လေးပါး, ၄-အာဟာရကြောင့်ဖြစ်သည် လေးပါး-ဟူ၍ လေးပါး လေးလီရှိကုန်၏၊

အာကာသဓာတ်မှာ ဥပါဒိဏ္ဏာတိရှိသော တရားမျိုး မဟုတ်၊ အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်ကြကုန်သော ရုပ်ကလာပ်တို့ ၏ အကြားမျှသာဖြစ်၍ အကြောင်းအသီးအခြား မရှိပြီ၊ ပစ္စယဓမ္မ ကို အာကာသဓာတ်ပေါ်မှာ မခွဲမခြာရပြီ၊

၁၊ ထိုအကြောင်းတရား လေးပါးတို့တွင် ကံဆိုသည်ကား- ရှေးဘဝတို့၌ ပြုခဲ့ကြံသော ဒါန, သီလ-စသော ကုသိုလ်ကံမျိုး, ပါဏာတိပါတ, အဒိန္နာဒါန-စသော အကုသိုလ်ကံမျိုး-ဟူ၍ နှစ်

မျိုးဂိုဏ်၊ ကံကြောင့်သာ ဖြစ်ကောင်းသော ရုပ်မျိုးကား အသက်ခေါ်သော ဇီဝိတရုပ်, နှလုံးခေါ်သောဟဒယဝတ္ထုရုပ်, ဒိန်းမသဏ္ဌာန် ဖြစ်ပေါ်ရန် အကြောင်း ဖြစ်သော ဣတ္ထိဘာဝ ရုပ်, ယောကျ်ားသဏ္ဌာန် ဖြစ်ပေါ်ရန် အကြောင်းဖြစ်သော ပုမ္ဘာဝရုပ်တို့နှင့် စက္ခု၊ အကြည်ရုပ်, သောတ အကြည်ရုပ်, ဃာန အကြည်ရုပ်, ဇိဝှါ အကြည်ရုပ်, ကာယအကြည်ရုပ်တို့တည်း၊ ဤရုပ်တို့ကား- ဝေးကံ ပေါင်းကြောင့်သာဖြစ်ကုန်၏၊ ထိုင်ကား မှန်၏၊အသက်ခေါ်သော ဇီဝိတရုပ်သည် တဘဝတွင် တကိုယ်လုံး၌ တကြိမ် ပျက်ဆုံးခဲ့သော် ဥတု,အာဟာရ ဆေးဝါး ဓာတ်စာတို့နှင့် တဘန် အသစ် ဖြစ်ပေါ်ရန် ပြုစုမျိုးထောင်၍မရပြီ၊ ဤကိုယ်ခန္ဓာ ပျက်ဆုံးရတော့သည်၊ဘဝတပါး ပြောင်းသွားရတော့သည်၊ နှလုံးခေါ်သော ဟဒယဝတ္ထုရုပ်၊ ပျက်ဆုံးရာ၌လည်း ထို့အတူ ဖြစ်၏၊ စက္ခု၊ အကြည်ရုပ် ပျက်ဆုံးခဲ့သော် ဆေးဝါး ဓာတ်စာနှင့် ကုသသော်လည်း မရပြီ၊ မျက်စိပျက်ရတော့သည်၊ သောတအကြည်, ဃာနအကြည်, ဇိဝှါအကြည်, ကာယ အကြည် တို့၌လည်း ထို့အတူဖြစ်၏၊ထိုကြောင့် ထိုရုပ်တို့သည် ပဋိသန္ဓေအခါမှစ၍ သူ့အစည်နှင့်သူအလျောင်မပြတ် ဖြစ်ခွင့်ရမှ ဖြစ်နိုင်ကြကုန်၏။ အလျောင်တကြိမ် ပြတ်ခဲ့သော် ယခု ဘဝအကြောင်းဂုနှင့် ပြုစုမျိုးဆောင်၍ မရကြကုန်ပြီ၊ ကမ္မဇဓာတ် ကြီးလေးပါးတို့သည်း ထိုနည်းတူမှတ်လေ။

၂၊ စိတ်ဆိုသည်ကား-အကုသိုလ်စိတ်တမျိုး, ကုသိုလ်စိတ်တမျိုး, အဗျာကတစိတ်တမျိုး-ဟူ၍ သုံးမျိုးရှိ၏၊အကုသိုလ်စိတ်တမျိုးသည် လောဘစိတ်မျိုး,ဒေါသစိတ်မျိုး, မောဟစိတ်မျိုး,မာန စိတ်မျိုး, ဇာသာစိတ်မျိုး, မစ္ဆရိယစိတ်မျိုး, ကုက္ကုစ္စစိတ်မျိုး, ဗျာပါဒစိတ်မျိုး-စသည် များပြားဏ်၊

ကုသိုလ်စိတ်မျိုးသည် ဒါနစိတ်မျိုး,သီလစိတ်မျိုး,ဘာဝနာစိတ်မျိုး, ကရဏာစိတ်မျိုး,.မုဒိတာစိတ်မျိုး, ဥပေက္ခာစိတ်မျိုး, သဒ္ဓါစိတ်မျိုး, ပညာစိတ်မျိုး, ဈာန်စိတ်မျိုးစသည် များပြားဏ်၊

အဗျာကတစိတ်များသည်လည်း ဝိပါက်စိတ်များ, ကြိုယာ စိတ်များ, အဝိပါကျော်သော စိတ်များ, ပဋိသန္ဓေစိတ်များ, ဘဝင်စိတ်များ, အာဝဇ္ဇန်းစိတ်များ, သန္တီရဏစိတ်များ,သမ္ပဋိစ္ဆိုင်းစိတ်များ,တဒါရုံ စိတ်များ, စုတိစိတ်များ စသည်များပြားဏ်၊

တနည်း၊ ၊ကာယက်စိတ်များ,ဝစီကံစိတ်များ, မနောကံစိတ် များ-ဟူ၍ သုံးများဏ်။ ထိုသုံးများတို့တွင် ကာယကံစိတ်များသည် လည်း သွားစိတ်, ရပ်စိတ်,ထိုင်စိတ်,ကွေးစိတ်, ဆန့်စိတ်-စသည် များပြားဏ်၊ သွားစိတ်ဆိုသည်ကား သွားခြင်း-ဇာ့ရိယာပုထ်ကို လှုံ့ဆော်၍ ဖြစ်ပေါ်သော စိတ်တည်း၊ ပထမခြေလှမ်းကို လှုံ့ ဆော်သော စိတ်, ဒုတိယ ခြေလှမ်းကို လှုံ့ဆော်သော စိတ်-စသည်ဖြင့် သွားစိတ်အစဉ်မပြတ်မစဲသမျှကာသပတ်လုံး သွားမှ, ခြေလှမ်းမှ-မပြတ်မစဲဖြစ်ဏ်၊ ဤသို့စသည်ဖြင့် ကိုယ်အင်္ဂါလှုပ်ရှား မှုအမျိုးမျိုးတို့၌ သူ့စိတ်နှင့် သူ့အမှု, အသိုး, အသိုး ဖြစ်ကြဏ်၊ ဥပမာကား မိုးရေသားကြိုးတခုမှာ၊ ရေနွေးအိုးကြိုးမှ အခိုးတသုတ် တသုတ်မှုတ်လျှင် စက်ကြိုယာ တခါ,တခါလည်ဏ်၊ ခေါင်းတိုင်သို့ အခိုးတသုတ်တသုတ် ထွက်ဏ်၊ သူ့မှုတ်ချက်နှင့် သူ့စက်ကြိုယာ လည်ချက်,သူ့အခိုးထွက်ချက် အသိုးအသိုးဖြစ်ကြဏ်၊ စက်ရုံကြိုး, စက်သဘော်ကြိုးတို့၌သည်း သူ့အခိုး မှုတ်ချက်, သူ့စက်ကြိုယာ လည်ချက်, သူ့အခိုးထွက်ချက် အသိုးအသိုးဂိုကြသည်ကို ဖြေ့ခြ့ လေ၊ ထို့အဘဲ့ သွားခြင်း-ဇာ့ရိယာပုထ်မှာလည်း သူ့ခြေလှမ်းရုပ် နှင့် သူ့စိတ်အသိုးအသိုး ဖြစ်ကြဏ်၊ ပထမခြေလှမ်းကို လှုံ့ဆော် သောဇိတ်သည် ပထမခြေလှမ်း ရုပ်ဆုံးရာ၌ ချုပ်ဆုံးဏ်၊ ဒုတိယ ခြေလှမ်းကို လှုံ့ဆော်သောစိတ်များ ဖြစ်ပေါ်ဏ်၊ ဒုတိယခြေလှမ်း ဏ်၊ဆိုင်ရာရုပ်လည်းတမျိုးဖြစ်ပေါ်ပြုနဏ်၊ ဒုတိယ ခြေလှမ်းရုပ် ဆုံး ရာ၌ ထိုစိတ်လည်း ချုပ်ဆုံးဏ်၊ ဤနည်းတူ အလှမ်းတရာ သွားခဲ့ လျှင် စိတ် အကြိမ်ပေါင်းတရာ, ရုပ် အကြိမ်ပေါင်းတရာ-ချုပ်ဆုံး ဏ်၊ အလှမ်းတဒသောင်းသွားခဲ့လျှင် စိတ်အကြိမ်ပေါင်း တဒသောင်, ရုပ်အကြိမ်ပေါင်းတဒသောင်-ချုပ်ဆုံးဏ်၊ ငှဲးငှဲးခြေလှမ်းဏ် ဆိုင်

ရာဖြစ်သော စိတ်ရှ, ရှေးရှေးဖြေလွှတ်းခေါ်သော ရုပ်ရှသည့် နောက်နောက်ဖြေလွှတ်းသို့ မရောက်နိုင်။ သူ့ဖြေလွှတ်းနှင့်သူ အသီး အသီး ချုပ်ဆုံးနေလျက်၊ ဖြေလွှတ်းမှုဒွ် မိမိတို့ကိုယ်ခန္ဓာထဲရလုံးမှာ အမျိုးမျိုး သောလှုပ်ရှားမှုအသစ်အသစ်တို့သည် ဖြစ်ပေါ်ကုန်၏၊ စိတ်အသစ် အသစ်တို့ကြောင့် ဖြစ်ပေါ်သော ရုပ်အသစ် အသစ် တို့ပေတည်း။ တနေ့တနေ့ အတွင်းမှာ ဦးခေါင်း, ဖြေ, လက်-စသော ထိုထို အင်္ဂါကြီးငယ်တို့ အထွေထွေ အသားလာ လှုပ်ရှားမှု, ထွက်သက် ရှူမှု, ဝင်သက်ရှိုက်မှု, မျက်တောင်ခတ်မှု, ပါးစပ် လှုပ်မှု-အစရှိသော အမျိုးမျိုးသောကိုယ်အင်္ဂါလှုပ်ရှားမှုတို့မှာလည်း သူ့လှုပ်ရှားမှုနှင့် သူ့စိတ်အသီးအသီးမှတ်လေ။ ။ဤကား ကာယကံစိတ်အမျိုးမျိုးတို့ကြောင့် ကာယကံရုပ်အမျိုးမျိုးတို့ဖြစ်ပေါ် ၍နေပုံတည်း။

ဝစီကံ စိတ်အမျိုးမျိုးတို့ကြောင့် ဝစီကံ ရုပ်အမျိုးမျိုးဖြစ်ပုံမှာ ပြောမှု, ဆိုမှု, ငိုမှု, ရယ်မှု, အော်မှု, ဟစ်မှု-စသည်တို့ဒွ် သူ့အကွာရာနှင့်သူ့စိတ်အသီးသီးဖြစ်ကြ၏၊ ဥပမာကား-ဗုဒ္ဓဝိသေသဘဂဝါ အရဟံသမ္မာသမ္ဗုဒ္ဓေါ-ဟူ၍ ရွတ်ဆိုရာဒွ်၊ 'ဗု' အက္ခရာကိုလှုံ့ဆော်သော စိတ်တခြား, 'တိ' အက္ခရာကို လှုံ့ဆော်သောစိတ်တခြား, 'ဝိ' အက္ခရာကို လှုံ့ဆော်သော စိတ်တခြား-စသည်ဖြင့် အက္ခရာတလုံးကို လှုံ့ဆော်သောစိတ်တခြားတခြား-စသည်ဖြင့်ဂဏန်း ဖြတ်စွာဘုရားအား ဂိုရိုးပါဏိဟု ဆိုရာဒွ် 'ဖြတ်'သည် အက္ခရာတလုံး, 'စွာ'သည် အက္ခရာတလုံး, 'ဘု'သည် အက္ခရာတလုံး, 'ရား'သည် အက္ခရာတလုံး-'ဖြတ်'ကို လှုံ့ဆော်သောစိတ်တခြား, 'စွာ'ကိုလှုံ့ဆော်သော စိတ်တခြား, 'ဘု'ကို လှုံ့ဆော်သော စိတ်တခြား, 'ရား'ကို လှုံ့ဆော်သောစိတ်တခြား-စသည်ဖြင့်ဂဏန်း။ သူ့အက္ခရာနှင့် သူ့စိတ်အသီး, အသီးဖြစ်ပုံကိုဆိုလေ။ သူ့အက္ခရာ ချုပ်ဆုံးကွယ်ပျောက်ရာဒွ် သူ့စိတ်ချုပ်ဆုံးကွယ်ပုံကိုလည်း ဆိုလေ။ ။ ဤကား ဝစီကံစိတ် အမျိုးမျိုးတို့ကြောင့် ဝစီကံရုပ် အမျိုးမျိုးတို့ဖြစ်ပုံတည်း။

မနောက် စိတ်အမျိုးမျိုးကြောင့် မျက်စိ, မျက်နှာ-ကိုယ်အင်္ဂါတို့၌ ရုပ်အမျိုးမျိုး ဖြစ်ပေါ် ပုံမှာလည်း ဒေါသစိတ် ဖြစ်လာလျှင် မျက်နှာအဆင်းရုပ်တမျိုး, မေတ္တာစိတ်, သဒ္ဓါစိတ်ဖြစ်လာလျှင် မျက်နှာအဆင်းရုပ်တမျိုး, ဒေါမနဿစိတ်ဖြစ်လာလျှင် မျက်နှာအဆင်းရုပ်တမျိုး, သောမနဿစိတ်ဖြစ်လာလျှင် မျက်နှာအဆင်းရုပ်တမျိုး စသည်ဖြင့် သူ့စိတ်နှင့် သူ့ရုပ် အသီးအသီးဖြစ်ပုံ, ပျက်ပုံကို အကုန်ထိုးဖြင်လေ။

ဤကား စိတ်ကြောင့် ရုပ်ဝေတ်ကြီးလေးပါးကို ဖြစ်ပေါ်ရာ၌ တနေ့, တရက်-အတွင်းမှာပင် တဦးတယောက်သော သူမှာ အထောင်, အသောင်းမက သော စိတ်အမျိုးမျိုးတို့ကြောင့် အထောင်, အသောင်းမက သော ရုပ်အမျိုးမျိုးတို့ ဖြစ်ပေါ်ပြောင်းလဲ၍ နေပုံကို ပြဆိုချက်တည်း။

သွားစိတ်ကြောင့်သွားရုပ်ဖြစ်ရာ၌ ပဂ္ဂိုလ်သွားသည်, သတ္တဝါသွားသည်, ဓိန်းမသွားသည်, ယောကျ်ားသွားသည်, သူသွားသည်, ငါသွားသည်, သွားတတ်သမျှ သွားရုပ် ဖြစ်နိုင်သည် ဟုထင်ဖြင် စွဲလမ်း၍နေကြသည်ကား အဓိကမှောင်ကြီးတည်း။

သွားရှေ့ ကိုယ့်၌လှုံ့ဆော်သောစိတ်သည်လည်းပဂ္ဂိုလ်, သတ္တဝါမဟုတ်, ဓိန်းမ, ယောကျ်ားမဟုတ်, သူမဟုတ်, ငါမဟုတ်, လူမဟုတ်, နတ်မဟုတ်, စိတ် ဟူသော ဓာတ်တမျိုး ပေတည်း၊ ထိုဝိညာဏ်စိတ်ဓာတ်ကြောင့်ဖြစ်ပေါ်သော တလှုပ်လှုပ်တရွရွ သွားလာမှုသည်လည်း ပဂ္ဂိုလ်, သတ္တဝါ, အတွ, ဇီဝ, ; ဓိန်းမ, ယောကျ်ား, လူ, နတ် မဟုတ်, ငါမဟုတ်, သူမဟုတ်၊ ထိုတလှုပ်လှုပ်, တရွရွ သွားလာမှုကို ပြုလုပ်တတ်သူဟူ၍မရှိ၊ သွားတတ်သူ ဟူ၍ မရှိ၊ လာတတ်သူဟူ၍ မရှိ၊ ရပ်တတ်သူဟူ၍ မရှိ၊ ထိုင်တတ်သူဟူ၍ မရှိ၊ အိပ်တတ်သူဟူ၍မရှိ၊ ပြောတတ်သူ, ဆိုတတ်သူဟူ၍မရှိ၊ ကာရကာပဂ္ဂိုလ်ဟူ၍မရှိ၊ ကတ္တားပဂ္ဂိုလ်ဟူ၍မရှိ၊ ပြုလုပ်ဘန်ဆင်းထိတ်သောသူမရှိ၊ စိတ်တည်းဟူသော အကြောင်းဘရား၏ အာနုဘော်ကြောင့် သွားရုပ်, လာရုပ်, ထိုင်ရုပ်, ပြောရုပ်, ဆိုရုပ်တို့၏ ဖြစ်ပေါ်

ခြင်းမျှသာထည်း ဟု ဉာဏ်လင်းစွာ ဖြင်သော ဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်အလင်းကြီးမည်၏။

ဝိညာဏ်စိတ်ကြောင့် ဓာတ်ကြီးလေးပါးဖြစ်ပုံ ပြီး၏။

၃၊ ဥတုကြောင့် ဓာတ်ကြီးလေးပါး- ရုပ်တရား ဖြစ်ပေါ်ရာ၌ ဥတုဆိုသည်ကား-သီတတေဇောနှင့် ဥဏှတေဇောကိုခေါ်သည်။ ဇီးချဉ်းသော ဥတုကြောင့် ဇီးချဉ်းသော ရုပ်စု ဖြစ်ပွားး၏။ ပူဒိုက် သောဥတုကြောင့် ပူဒိုက်သော ရုပ်စု ဖြစ်ပွားး၏။ ဆောင်းရာသီ၌ သီတဥတုကြောင့် သီတခန္ဓာ ဖြစ်ပွားး၏။ · နွေရာသီ၌ ဥဏှ ဥတုကြောင့် ဥဏှခန္ဓာဖြစ်ပွါး၏။ မိုးရာသီ၌ သီတ,ဥဏှ ရောနှောလျက် ဂို့၏။ တနေ့အတို့တွင် ညအခါ၌ သီတခန္ဓာ ဖြစ်ပွါး၏။ နေ့အခါ၌ ဥဏှခန္ဓာဖြစ်ပွါး၏။ နေတက်၌ ဥဏှခန္ဓာဖြစ်ပွါး၏။နေကျ၌ သီတခန္ဓာဖြစ်ပွါး၏။ နေပူ၌ ဥဏှခန္ဓာဖြစ်ပွါး၏။ တကိုယ်လုံးပူ၏,အိုက်၏, ချွေးထွက်၏။ အရိပ်၌ သီတခန္ဓာဖြစ်ပွါး၏၊ အပူအအိုက် ငြိမ်း၏၊ သာယာဇီးချဉ်းဂို့၏။အိပ်ခြင်း,ထိုင်ခြင်းတို့၌ သီတခန္ဓာဖြစ်ပွါး၏၊ ရုပ်ခြင်း,သွားခြင်းတို့၌ ဥဏှခန္ဓာဖြစ်ပွါး၏၊ဝန်ထမ်းမှ,တူးမှ, ဆွဖှ, ခုတ်မှ, ထစ်မှ, ဖြတ်မှ, ခွဲမှ-စသည်တို့၌ ဥဏှခန္ဓာဖြစ်ပွါး၏၊ ၎င်းအမှုတို့မှ နားနေမှုတို့၌ သီတခန္ဓာ ဖြစ်ပွါး၏၊ ဤသို့လျှင် တနေ့ အတို့တွင် တဦးတယောက်သော သူမှာ ထိုထို အခိုက်အတန့် အလှည့်ကျ အားလျော်စွာ အခါပေါင်း အထောင်မျှ မက သီတဥတုကြောင့် သီဘရုပ် အခါခါ ဖြစ်ပေါ်မှ, ဥဏှ ဥတုကြောင့် ဥဏှရုပ် အခါခါဖြစ်ပေါ်မှုတို့ကို ဝိဝိတို့ကိုယ်ခန္ဓာကို ငဲ့ရုံစွာထိုက်၊ မြင်ကြလေကုန်။

ဤကား-ဥတုကြောင့် ဥတုဇဓာတ်ကြီးလေးပါး ရုပ်တရားတို့ ဖြစ်ပွါးပုံတည်း။

သီတရုပ်-သီဘခန္ဓာ, ဥဏှရုပ်-ဥဏှခန္ဓာတို့ အလှည့်အလည် အားဖြင့် ဖြစ်ပေါ်ဆဲ အခါ၌ သီတဥတုကြောင့် သီတရုပ် ဖြစ်

ပေါ်သည်, ဥဏ္ဍ ဥတုကြောင့် ဥဏ္ဍရုပ် ဖြစ်ပေါ်သည် ဟု မဆိ
ခြင်းသည် ပစ္စယသမ္မာဟာ အဓိက်မျောင်ကြီးမည်၏၊ ထိုအဓိက်
မျောင်ကြီးမှကာရကဒိဋ္ဌိသည်ဖြစ်ပွါး၏၊ ဝေဒကဒိဋ္ဌိသည်ဖြစ်ပွါး၏၊
ဇီးလိုလျှင်သည်း ဇီးအောင်ငါလုပ်တတ်၏၊ ပူလိုလျှင်လည်းပူအောင်
ငါလုပ်တတ်၏ဟု ယူခြင်းသည် ကာရကဒိဋ္ဌိတည်း။ ငါ့ကိုယ်ကို
ငါဇီးအောင်လုပ်၍ ဇီးမှကို ငါခံစံရ၏၊ ငါ့ကိုယ်ကို ငါပူအောင်လုပ်
၍ ပူမှကို ငါခံစံရ၏ဟု ယူခြင်းသည် ဝေဒကဒိဋ္ဌိတည်း၊ ရှေးဘဝ
တို့၌ကောင်းမှုတို့ကို ငါပြုခဲ့၍ ယခုဘဝ၌အမျိုးမြတ်ခြင်း, အဆင်း
လှခြင်း,ဥစ္စာဓနတို့နှင့်ပြည့်စုံခြင်း-စသောကောင်းကျိုးကို ငါစံစားရ
သည်၊ ရှေးရှေးဘဝတို့၌ မကောင်းမှုတို့ကို ငါပြုခဲ့၍ ယခုဘဝ၌
အမျိုးယုတ်ခြင်း, အဆင်းမလှခြင်း, အနာများခြင်း, ဘုန်းတန်းခိုး
ငယ်ခြင်း,ဥစ္စာရှားပါးခြင်း-စသောမကောင်းကျိုးတို့ကို ငါခံစံစား
ရသည်၊ သူပြုလျှင် သူခံရသည်,ငါပြုလျှင် ငါခံစားရသည်-ဟူသော
စကားမျိုးတို့၌ ငါပြုသည်, သူပြုသည်-ဟူသောအယူသည် ကာရ
ကဒိဋ္ဌိတည်း၊ ငါခံစားရသည်,သူခံစားရသည်-ဟူသောအယူသည်
ဝေဒကဒိဋ္ဌိတည်း၊ ငါလယ်လုပ်နိုင်၍ ငါထွင်းစားရသည်-စသည်
တို့၌လည်း ငါလုပ်နိုင်သည်ဟု ယူသည်ကား ကာရကဒိဋ္ဌိတည်း၊
သူ့ဥတုကြောင့်သူ့ရုပ်အသိုးအသိုးဖြစ်သည်ဟု ဂျင်းလင်းစွာ ထင်
ဖြင်သောဥဏ္ဍာဏ်သည် ပစ္စယပရိဂ္ဂဟအလင်းကြီးမည်၏၊ထိုအလင်း
ကြီး ပေါက်ခဲ့လျှင် ငါပြုသည်, သူပြုသည်-ဟူသော ကာရကဒိဋ္ဌိ၊
ထာဝရဝတ္ထုရားဘုန်ဆင်းသည်ဟူသောကာရကဒိဋ္ဌိကြီးတို့ ပျောက်
ကင်း၏။

ဥတုကြောင့် ဓာတ်ကြီးလေးပါး ရုပ်တရားဖြစ်ပုံ ပြီး၏။

---

၄ အာဟာရကြောင့် ဓာတ်ကြီးလေးပါး-ရုပ်တရား ဖြစ်ပေါ်
ရာ၌ အာဟာရဆိုသည်ကား-စားသောက်မျိုသွင်းအပ်သော ကဗဠိ
ကာရအာဟာရကို ခေါ်သည်၊ တဒုတဒနှလျှင် နှစ်ကြိမ် နှစ်ကြိမ်

ထမင်းအာဟာရစားမှု,နွား,ကျွဲ,ဆင်, ဖြင်း-စသည်တို့၌ နေ့စဉ်အစာအာဟာရ စားကြမှုတို့ကိုဧ့ဝုံစွာဖြေဝှက်၍ အာဟာရပြတ်လပ်ခဲ့လျှင် ဘယ်ရပ်ခန္ဓာမျိုးဖြစ်ပေါ်တတ်သည်၊ စားမြဲအချိန်မှာ စားခဲ့မျိုခဲ့လျှင် ဘယ်ရပ်ခန္ဓာမျိုး ဖြစ်ပေါ်တတ်သည်ဟု ကိုယ်ဧ့တွေမျက်ဖြင်ဖြစ်၍ ထင်ရှားလွန်းလှပြီ၊ ဝမ်းဠိအစာမရှိလျှင် ညှိုးနွမ်းလျော့ပါးသော ရုပ်ခန္ဓာမျိုးဖြစ်ပေါ်လာမြဲ၊ ဝမ်းဠိအစာရှိခဲ့လျှင် ရွှင်လန်းထောင့်တင်းသော ရုပ်ခန္ဓာမျိုး ဖြစ်ပေါ်လာမြဲ၊အစာမှား၍ဗျားရုပ်, နာရုပ်,ဖြစ်ပေါ်မှု, ဆေးဝါးဓာတ်စာ စား၍ မာရုပ်, ကျန်းရုပ်ဖြစ်ပေါ်မှုတို့မှာ ဥတုအာဟာရအကြောင်းနှစ်ပါးနှင့်ဆက်ဆံ၏။

လောကဠ အစာငတ်၍ၾင်း, စားချိန်ဠမစားရ၍ၾင်း, ဆာလောင်မွတ်ဆိပ်သောအခါ ညှိုးရုပ်,နွမ်းရုပ်,ပန်းရုပ်,ပြောင်ရုပ်, ဧွေရုပ်တွေဖြစ်ပေါ်လာ၏။ အစာအာဟာရကိုစားသွင်း မျိုသောက်လိုက်လျှင် ဆာလောင်မွတ်ဆိပ်ခြင်းမှပျောက်၍ ထောင့်ရုပ်,တင်းရုပ်,မာရုပ်, လန်းရုပ်ခန္ဓာတို့ဖြစ်ပေါ်လာကြပေသည်ဟု ဆိကြကုန်သော်သည်း ငါ စား၍ ငါ ဝသည်, ငါ အားရှိသည်, ငါ ထောင့်တင်းသည်, ငါ ကျန်းမာသည်,ငါ အဆာပြေသည်ဟု ငါကို အကြိုးအမှားပြု၍စွဲယူမှုဖြစ်သောကြောင့် အဇိက်မြောင်ကြိုးမှ မလွတ်သေး၊

ငါကို အကြိုးအမှားမပြုတဲ့ ၅၂ဓာတ်ကြိုးလေးပါးအစ ရုပ်ခန္ဓာကြိုးသည် အာဟာရကြောင့်ဖြစ်သော အာဟာရနှင့်ဆိုင်သော ရုပ်တို့ချုပ်ကွယ်ပျောက်ပျက် လေသောကြောင့် နွမ်းရုပ်,နာယ်ရုပ်,ညှိုးရုပ်,ပြောင်ရုပ်တို့ဖြစ်ပေါ်၏၊ အာဟာရမျိုသွင်းစားသောကံဒိမှ အာဟာရနှင့်ဆိုင်သောအာဟာရနှင့် ဆက်ဆံသော အာဟာရကြောင့် ဖြစ်သော ထောင့်ရုပ်, တင်းရုပ်, လန်းရုပ်,ဆန်းရုပ်, ရွှင်ရုပ်တို့ဖြစ်ပေါ်လာကြကုန်၏ဟု ရုပ်ဓာတ်ကြိုးလေးပါးတို့၏ အကြောင်းကိုဆိခြင်းသည် ပစ္စယပရိဂ္ဂဟဉာဏ်,အလင်းကြိုးသို့ပေါက်၏။

ၾင်တွင် ကံ,စိတ်,ဥတု, အာဟာရ-တည်းဟူသော အကြောင်းတရားလေးပါးတို့ကြောင့် ပထဝီ,အာပေါ,တေဇော,ဝါယော-ဟူသော ဓာတ်ကြိုးလေးပါးဖြစ်ပေါ်ပုံပြီး၏။

ဝတ္ထုအာရုံအကြောင်းတရား နှစ်ပါးတို့ကြောင့် ဝိညာဏ် ဟူသော နာမ်ခေတ်ကြီး ဖြစ်ပေါ်ရာနိုက်-

၁ ဝတ္ထုဆိုသည်ကား မျက်စိ၌ အကြည်ဓာတ်ဟုဆိုအပ်သော စက္ခုဝတ္ထုတပါး၊

၂ နား၌ အကြည်ဓာတ်ဟုဆိုအပ်သော သောတဝတ္ထုတပါး၊

၃ နှာခေါင်း၌ အကြည်ဓာတ် ဟု ဆိုအပ်သော ဃာနဝတ္ထု တပါး၊

၄ လျှာ၌ အကြည်ဓာတ်ဟုဆိုအပ်သော ဇိဝှါဝတ္ထုတပါး၊

၅ ကိုယ်၌ အကြည်ဓာတ် ဟု ဆိုအပ်သော ကာယဝတ္ထု တပါး၊

၆ ရင်တွင်း၌ နှလုံးခေါ်သော ဟဒယဝတ္ထု တပါး-အားဖြင့် ခြောက်ပါးရှိ၏၊

အာရုံဆိုသည်ကား-

၁ အဆင်းဝတ္ထုဟုဆိုအပ်သော မျက်စိဖြင့်မြင်အပ်သောရုပါရုံ တပါး၊

၂ အသံသဒ္ဒ ဟု ဆိုအပ်သော နားဖြင့်ကြားအပ်သော သဒ္ဒါရုံ တပါး၊

၃ အနံ့ဂန္ဓဟု ဆိုအပ်သော နှာခေါင်းဖြင့်နံအပ်သော ဂန္ဓာရုံ တပါး၊

၄ အရသာရသဟုဆိုအပ်သော လျှာဖြင့်လျက်အပ်သောရသာ ရုံတပါး၊

၅ အပူ, အအေး, အနုံ့, အကြမ်း-ဖောဋ္ဌဗ္ဗဟုဆိုအပ်သော ကိုယ်ဖြင့် ထိုက်အပ်သော ဖောဋ္ဌဗ္ဗာရုံတပါး၊

၆ ထွေထွေလာလာ ထိုထိုဓမ္မဟုဆိုအပ်သော မနောစိတ်ဖြင့် သာဓိအပ်သော ဓမ္မာရုံတပါး-အားဖြင့် ခြောက်ပါးရှိ၏၊

ထိုဝတ္ထုအာရုံနှစ်ပါးကို စွဲ၍ ဝိညာဏဓာတ် ဖြစ်ပေါ်ရာနှိုက်-

၁ စက္ခုဝတ္ထုနှင့် ရူပါရုံနှစ်ပါး တစုံကြောင့် စက္ခုဝိညာဏဓာတ် ဖြစ်ပေါ်ခြင်း။

၂ သောတဝတ္ထုနှင့် သဒ္ဒါရုံနှစ်ပါးတစုံကြောင့် သောတဝိညာဏဓာတ် ဖြစ်ပေါ်ခြင်း။

၃ ဃာနဝတ္ထုနှင့် ဂန္ဓာရုံနှစ်ပါး တစုံကြောင့် ဃာနဝိညာဏဓာတ်ဖြစ်ပေါ်ခြင်း။

၄ ဇိဝှါဝတ္ထုနှင့် ရသာရုံနှစ်ပါး တစုံကြောင့် ဇိဝှါဝိညာဏဓာတ်ဖြစ်ပေါ်ခြင်း။

၅ ကာယဝတ္ထုနှင့် ဖောဋ္ဌဗ္ဗာရုံ နှစ်ပါး တစုံကြောင့် ကာယဝိညာဏဓာတ်ဖြစ်ပေါ်ခြင်း။

၆ ဟဒယဝတ္ထုနှင့် ထိထိ ဓမ္မာရုံနှစ်ပါး တစုံကြောင့် မနောဝိညာဏဓာတ် ဖြစ်ပေါ်ခြင်း။ ဤအရာ၌ မနောဓာတ်သည့် မနောဝိညာဏဓာတ်၌ အတွင်းပါလေ၏၊ ဤသို့ အကျဉ်းမျှတည်း။

ဥပမာနှင့်တကွ အကျယ်ကား။ ။စက္ခုဝတ္ထုနှင့် ရူပါရုံတို့၏ ထိခိုက်မှု ဒဏ်ချက်ကြောင့် ထိထိ အဆင်းကို ဖြင်ခြင်း ဟူသော စက္ခုဝိညာဏဓာတ်ဖြစ်ပေါ်၏။ (ဥပမာကား) မှန်ပြင်၌ လူ၏ မျက်နှာရိပ်ပေါ်သကဲ့သို့တည်း၊ မှန်အပြင်နှင့် မျက်လုံးအိမ်အတွင်းမှာ ရှိနေသော စက္ခုဝတ္ထုပသာဒရုပ်အကြည် တူ၏၊ လူ၏မျက်နှာနှင့် ထိထိအဆင်းမျိုးရူပါရုံ တူ၏။ မှန်အပြင်နှင့် လူ၏မျက်နှာ ဆုံဝိဆဲအခါ၌ မှန်အပြင်မှာ မျက်နှာရိပ် ပေါ်သကဲ့သို့ မျက်လုံးအိမ်အတွင်းမှာ ရှိနေသော စက္ခုဝတ္ထုပသာဒရုပ် အကြည်နှင့် မျက်စိ၏ ဥပစာမှာရှိနေသော ထိထိ အဆင်းသဏ္ဌာန်နှင့် ဆုံမိကြသောအခါ၌ စက္ခုဝတ္ထုပသာဒရုပ်အကြည်မှာ စက္ခုဝိညာဏ် ဟူသော အဖြင်ဓာတ်ဖြစ်ပေါ်၏၊ မှန်အပြင်နှင့် လူ၏ မျက်နှာ လွဲပြန်လျှင် ထို

မျက်နှာရိပ် ပျောက်ဆုံးပြန်သကဲ့သို့ မျက်နှာလွှဲပြန်လျှင် မျက်လုံး အိမ်တွင်းမှာ ပေါ်ဂ္ဂိုသော စက္ခုဝိညာဏ်အမြင်ဓာတ် ပျောက်ဆုံးရ ပြန်၏။ မမြင်တွေးဟူ၍ ဖြစ်ရပြန်၏။ ထိုထိုအဆင်းဂ္ဂိုရာသို့ အခါခါ မျက်နှာလွှဲသည့်ပြန်လျှင် မျက်လုံးအိမ်တွင်းမှာ ထိုထိုအဆင်းကို မြင် သော စက္ခုဝိညာဏ် အမြင်ဓာတ် အခါခါဖြစ်ပေါ်ပြန်၏၊ မျက်နှာ လွှဲပြန်လျှင် အမြင်ဓာတ် ကွယ်ပျောက်မြဲ ကွယ်ပျောက်ပြန်၏၊ ဤဠ စက္ခုဝိညာဏ်စိတ်ခေါ်သော အမြင်ဓါတ်ဖြစ်ပေါ်မှုသည်စက္ခုဝတ္ထု ရုပ်နှင့်ထိုထိုအဆင်းရုပါရုံတို့ တွေ့ဆုံ၍ နေသဲအခါဠသာဖြစ်းပေါ်နိုင် ၏။မတွေ့ဆုံလျှင် ထိုအမြင်ဓာတ်မဖြစ်နိုင်၊ မမြင်တွေးဟု ဖြစ်ပြန်၏၊ ထိုကြောင့် ထိုထို အဆင်းမျိုးကို မြင်မှဟူသော စက္ခု ဝိညာဏ် ဓာတ်သည် စက္ခုဝတ္ထု နှင့် ရုပါရုံ တွေ့ဆုံမှုကြောင့် ဖြစ်းပေါ်မြဲ ဓမ္မတာဖြစ်၏၊ စက္ခုဝတ္ထု, စက္ခုပသာဒ မဂ္ဂိုပြန်လျှင် မြင်မှုမဂ္ဂို၊ ကြည့်ရှုဓနိ ရုပါရုံမျိုး မျက်နှာဥပစာအနီးမဂ္ဂိုပြန်လျှင် ထိုအမြင် ဓာတ် မပေါ်နိုင်ပြီ၊ဤသို့လျှင် စက္ခုဝိညာဏ်ဟူသော အမြင်ဓါတ် သည့် စက္ခုဝတ္ထု, ရုပါရုံနှစ်ပါး ပေါင်းဆုံမှုကြောင့် မျက်လုံးအိမ် တွင်းမှာ ရံခါရံခါ ဖြစ်းပါလာသော အာဂန္တုကဓာတ်သက်သက် သာတည်း။

နားအိမ်တွင်းဠ ဂ္ဂိုသော သောတပသာဒဝတ္ထုနှင့် ထိုထိုအသံ မျိုးဟူသော သဒ္ဒါရုံ တွေ့ဆုံမှုကြောင့် နားအိမ်တွင်းမှာ အကြား ဓာတ်–ဟူသော သောတဝိညာဏ်စိတ် ရံခါ,ရံခါဖြစ်းပေါ်မှု။

နှာခေါင်းအိမ်တွင်းဠဂ္ဂိုနေသောဃာနပသာဒဝတ္ထုရုပ်နှင့်ထိုထို အနံ့မျိုး-ဟူသောဂန္ဓာရုံ တွေ့ဆုံမှုကြောင့် နှာခေါင်းအိမ်တွင်းမှာ အနံ့ဓာတ်-ဟူသောဃာနဝိညာဏ်စိတ် ရံခါ,ရံခါဖြစ်ပေါ်မှု။

လျှာအပြင်ဠ ဂ္ဂိုနေသော ဇိဝှါပသာဒဝတ္ထုရုပ်နှင့် ထိုထို အချို အချဉ်-စသော အရသာဓာတ်မျိုး တွေ့ဆုံမှုကြောင့် လျှာအပြင်မှာ အရသာကို သိမှု-ဟူသောဇိဝှါဝိညာဏ် ရံခါ,ရံခါ ဖြစ်ပေါ်မှု။

အောက်ဠ ခြေဘဝါးအပြင်မှစ၍ အထက်ဠ ဦးထိပ်အပြင်တိုင် အောင် အတွင်း,အပဖြစ်းသော ထိုထို ကိုယ်အင်္ဂါတို့ဠဂ္ဂိုနေသော ကာ

ယပဿဒဝတ္ထု၊ ရုပ်တို့နှင့် အကြွမ်း,အခဲ,အပူ,အငွေး-စသော ထိထိ ဖေါ်ပြဖွဲ့ရုံတွေ့ဆုံမှုကြောင့်အရေပေါ်,အရေတွင်း အသားပေါ်, အသားတွင်း-စသောထိထိနေရာမှာ နာမှု,ကျင်မှု,ပူမှု,ငွေးမှု,ယားယံမှု-စသော ကာယဝိညာဏ်စိတ် ရုံခါ,ရုံခါ ဖြစ်ပေါ်မှု။

ရင်တွင်းဂို-နှလုံးအိမ်တွင်းဌိဂို့နေသောဟဒယဝတ္ထု၊ရုပ်နှင့် ကံ, ကမ္မနိဒါတ်, ဂတ်နိဒါတ်-ဟူသော အာရုံဟောင်း, ယခုဘဝတွင် အသစ်အသစ် ဝင့်ဆုံရသော လောဘအားရုံ,ဒေါသအာရုံ-စသော ထိထိအာရုံသစ်တို့ကို အစွဲပြု၍ နှလုံးအိမ်တွင်းမှာ ရုံခါဘဝင်စိတ်, ရုံခါလောဘစိတ်, ရုံခါဒေါသစိတ်, ရုံခါမောဟစိတ်, ရုံခါဇာသဿစိတ်, ရုံခါမနွှဋ္ဌရိယစိတ်, ရုံခါကုသိုလ်စိတ်, ရုံခါသဒ္ဓါစိတ်, ရုံခါပညာစိတ်,ရုံခါဝိတက်စိတ်-စသည်ဖြင့် မနောဝိညာဏ်စိတ်အမျိုးမျိုးဖြစ်ပေါ်မှု ၍ဝိညာဏ်ငါးပါးတို့၏ ဖြစ်ပေါ်ပုံတို့မှာလည်း စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ်ပုံမှာကဲ့သို့ မှန်ဥပမာ,မျက်နှာဥပမာ,မျက်နှာရိပ်ဥပမာတို့နှင့်တကွ အလုံးစုံကို အကုန်သိမြင်ကြလေ။

ဝိညာဏ်ခြောက်ပါးတို့၌ ကိုယ်ခန္ဓာတရုံးကို ခြောက်ဌာနပြု၍ သူ့ဌာန,သူ့ဌာန်တို့မှာ သူ့အာရုံ, သူ့အာရုံတွေ့ဆုံဆဲအခါ သူ့ဝတ္ထု,သူ့အာရုံကို စွဲ၍ သူ့ဝိညာဏ် ရုံခါ,ရုံခါ ဖြစ်ပေါ်မှုကို မထိခြင်း၊ မျက်စိမြင်မှု, နားကြားမှု, နှာခေါင်းနံမှု, လျှာအရသာထိမှု,ကိုယ်အင်္ဂါတို့မှ အတွေ့အထိသိမှု, စိတ်မနောမှာ တွေထွေလာလာ ကြံမှု,ဆိမှု-ဟူသောဝိညာဏ်ခြောက်ပါးတို့ကိုတဝတ်အသိုးအခြား, မမှအသိုးအခြားဟူ၍ မထိခြင်းသည်ဝိညာဏ်၌ မမှသမျှောဟ ပဌမမျောင်ကြိုး မည်၏၊ ထိဝိညာဏ် ခြောက်ပါးတို့သည် ဝတ္ထု၊ အာရုံတို့ကြောင့် ဖြစ်ပေါ်ကြကုန်သည်ဟု အကြောင်း တရားကို မထိခြင်းသည် ပဋိယသမျှောဟ ဒုတိယမျောင်ကြိုးမည်၏၊ထိုမျောင်ကြိုးမှ ကာရကဒိဋ္ဌိသည် ပွါး၏၊ ကာရကဒိဋ္ဌိဆိုသည်ကား ပြုတတ်သူ ဂိမှ ဖြစ်ကြသည် ဟူ၍ ယူခြင်းတည်း။ ငါပြုတတ်သည်, သူပြုတတ်သည်-ဟူ၍ ယူခြင်းတည်း၊ပြုတတ်သော ငါ၌၏,သူ၌၏-ဟူ၍ ယူခြင်းတည်း၊ ငါဖြင်တတ်သည်, သူဖြင်တတ်သည်,သူကြား

တတ်သည်-ဟု စသည်ဖြင့် ယူခြင်းတည်း။ ငါဖြင်မှကို ငါပြုမှ ဖြစ်သည်။ သူဖြင်မှကို သူပြုမှဖြစ်သည်၊ ငါကြံဒါးမှကို ငါပြုမှဖြစ်သည်၊ သူကြံဒါးမှကိုသူပြုမှဖြစ်သည်ဟုစသည်ဖြင့် တခြားတပါးသော အကြောင်းကြောင့် ဖြစ်သည် မဟုတ်ဟု ယူခြင်းတည်း၊ ဤသို့သော အယူဟူသမျှကို ကာရကဒိဋ္ဌိဟု ဆိုသည်၊

ကြာဒီမှ, နံမှ, လျှက်မှ, တွေ့ထိမှ,ကြိုက်မှ, ဆိမှ-တို့၌လည်း ဝဏ္ဏ အာရုံတို့ကြောင့် ဖြစ်ကုန်သည်ဟု မယူမူ၍ ပုဂ္ဂိုလ်, သတ္တဝါ-တို့ ပြုလုပ်၍ဖြစ်ကုန်သည်။ ပုဂ္ဂိုလ်, သတ္တဝါတို့ပြုလုပ်ခြင်းကြောင့်ဖြစ်ကုန်သည်ဟု ယူခြင်းကို ကာရကဒိဋ္ဌိကြီးဟု ဆိုသည်၊

ဝဏ္ဏ အာရုံတို့ကြောင့် ဖြင်မှ,ကြာဒီမှ,နံမှ,လျှက်မှ,တွေ့မှ,ထိမှ, ကြိုက်မှ, ဆိမှ-ဟူသော ပိညာဏ်ခြောက်ပါးတို့၏ ဖြစ်ပေါ်ခြင်းကို ထင်လင်းစွာ ထင်ပေါ်သော ဉာဏ်သည် ပစ္စယပရိဂ္ဂဟ, ဒုတိယ အလင်းကြီးမည်၏။ ထိုအလင်းကြီးပေါက်သျှင် ပစ္စယသမ္မောဟ, အဓိက်ကြီးနှင့်တကွကာရကဒိဋ္ဌိကွယ်သွားပျောက်လေ၏၊ထိုပိညာဏ် အထိဝေတ်ခြောက်ပါးတို့သည် ဝဏ္ဏ အာရုံနှစ်ပါးတို့ကို စွဲ၍ ဖြစ်ပေါ်သည်ဟု မယူမမှီမဖြင်တဲ့ ထာဝရဘုရားဘုန်ဆင်း၍ ဘုရားပေး၍ ဖြင်ရသည်, ကြားရသည်-စသည်ဖြင့် ယူခြင်းသည်လည်း ကာရကဒိဋ္ဌိပင်တည်း။ ။ဉာဏ်ဒိဂ္ဂြိကြောစေ။

ပစ္စယပရိဂ္ဂဟဉာဏ် အလင်းကြီး
အကျယ်ပြဆိုခဏ်းပြီး၏။

လက္ခဏတ္တယပဋိဝေဓဉာဏ် အလင်းကြီးနှိုက်
အကျယ်ပြဆိုခဏ်း။

၃ လက္ခဏတ္တယပဋိဝေဓဉာဏ် အလင်းကြီး၌ အကျဉ်းဆုံးသောအားဖြင့်အဘယ်မျှလောက်သော တရားတို့၌ လက္ခဏာရေးသုံးပါး အလင်းပေါက်ခဲ့သည် လက္ခဏတ္တယဉာဏ် အလင်းကြီးပေါက်လေသနည်း။

ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, အာကာသဓာတ်, ဝိညာဏဓါတ်-ဟူသောပြဆိုခဲ့ပြီးသောဓါတ်ကြီး ခြောက်ပါးတို့ဖြင့် လက္ခဏာရေးသုံးပါးအလင်းပေါက်ခဲ့သော် လက္ခဏာယဉ်ဟော်အလင်းကြီးပေါက်၏။

ရုပ်ဓာတ်ကြီးငါးပါးတို့တွင်လည်းပထဝီဓာတ်ကြီးတခုသည့် လိုရင်းတည်း၊အကြောင်းမူကား၊မဟာပထဝီဖြကြီးသည့် တိုင်းပြည့်, မြို့ရွာ, သဓုဒ္ဒရာ, တော,တောင်-စသော ကမ္ဘာအဆောက်အဦးတို့၏ တည်ရာဖြစ်၏၊ မဟာပထဝီပြိုပျက်ခွင့်ကို ဖြင်သည်ရှိသော် တိုင်းပြည့်,မြို့ရွာ-စသည်တို့၏ ပြိုပျက်ခွင့်ကို တခြားရှာဘွယ်မရှိ၊ အပြီးဖြင်တော့သည်၊ ထို့အတူပရမတ္ထ ဖြဓာတ်ကြီးသည် လည်း ရေဓာတ်,လေဓာတ်,မီးဓာတ်-စသောရုပ်ဓာတ်အပေါင်းတို့၏တည်ရာဖြစ်၏၊ဖြဓာတ်ကြီး ခဏ,ခဏ ပျက်ဆုံးမှုကိုဖြင်သည်ရှိသော် ကြွင်းသော ရုပ်ဓာတ်အပေါင်းတို့၏ ခဏ,ခဏ ပျက်ဆုံးမှုကို တခြား ရှာဘွယ်မရှိ၊အပြီးဖြင်တော့သည်၊

လက္ခဏာရေးသုံးပါးတို့တွင် အနိစ္စလက္ခဏာ ဆိုသည်ကား-ခဿဒ္ဓေန အနိစ္စံ-ဟူသည်နှင့်အညီ ခဏခဏဖြစ်ပေါ်ပြီးသျှင် ခဏခဏပျောက်ပျက်,ကုန်ဆုံးသည်ကို ဆိုသည်၊

ဒုက္ခလက္ခဏာ ဆိုသည်ကား-ဘယဒ္ဒေန ဒုက္ခံ-ဟူသည်နှင့်အညီ၊ ကြောက်မက်ဘွယ် ကောင်းလှသော ဘေးဘယသဘောကိုဆိုသည်၊အနာကြီး-ရောဂါကြီးစွဲဂို့သော သူတို့သည် အရှဲသာအလွန် ကောင်းသော-စားသောက်ဘွယ်-ဘောဇဉ်တို့ကိုအလွန် ကြောက်ကြရကုန်၏၊ စားသောက်ပါဟု ပေးလောင်းသော်သည်းမစားဝံ့, မသောက်ပံ့ဟု ငြင်းပယ်ကြရကုန်၏၊ ထို့အတူလှူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတို့သည် ကိလေသာရောဂါ, ဇရာမရဏာရောဂါတို့ကို လွန်စွာဖြစ်ပွါးစေတတ်ကုန်သည်ဖြစ်၍အလွန်ကြောက်မက်ဘွယ်ကောင်းလှသော်ကြောင့် ဒုက္ခမည်ကုန်၏ဟူလိုသည်၊

အနတ္တလက္ခဏာ ဆိုသည်ကား-အသာရကဒ္ဒေန အနတ္တာ-ဟူသည်နှင့်အညီ၊ ပုဂ္ဂိုလ်၏အနှစ်, အသားမဟုတ်, သတ္တဝါ၏အနှစ်,

အသားမဟုတ်သော သတ္တဝါကိုဆိုသည်၊ ဓမ္မဝဏ္ဏနာဟု, အလင်းကြိုးတွင် ပြဆိုခဲ့သော အိမ်, ကျောင်း, တန်ဆောင်း, ဓရုပ်, မဏ္ဍပ် ဥပမာခွဲ အဘိဓမ္မာနည်း အလိုအားဖြင့် သစ်ဝါးတို့တည်း၊ အိမ်မဟုတ်, ကျောင်းမဟုတ်, တန်ဆောင်းမဟုတ်, ဓရုပ်မဟုတ်, မဏ္ဍပ်မဟုတ်ကုန်သကဲ့သို့ အိမ်၏ အနှစ်အသား, ကျောင်း၏အနှစ်အသား, မဟုတ်ကုန်သကဲ့သို့ ရုပ်ခေတ်တရား, နာမ်ခေတ်တရားတို့သည် ပုဂ္ဂိုလ်မဟုတ်ကုန်၊ သတ္တဝါမဟုတ်ကုန်၊ ပုဂ္ဂိုလ်၏အနှစ်အသား မဟုတ်ကုန်၊ သတ္တဝါ၏ အနှစ်အသား မဟုတ်ကုန်သော ကြောင့် အနတ္တမည်ကုန်၏ ဟူလိုသည်၊

ထိုလက္ခဏာခေါင်းသုံးပါးတို့တွင်ဒုက္ခလက္ခဏာသည်ကား-အရဟတ္တမဂ်ဉာဏ်သို့ရောက်မှ ကိုဋ္ဌပြိုးစိုး၏၊ ကျန်ဂိုဏ်သောလက္ခဏာခေါင်းနှစ်ပါးတို့မှာ အောက်မဂ်သို့ ရောက်လျှင်ပင် ကိစ္စပြိုးစိုး၏၊ ထိုနှစ်ပါးတို့တွင်လည်း ပုထုဇန် သတ္တဝါတို့မှာ သတ္တိသဒိဋ္ဌကိုပယ်သတ်ခြင်းငှါ အနတ္တလက္ခဏာသာ လိုရင်းဖြစ်၏ ထင်းအနတ္တလက္ခဏာသည်လည်း(အနိစ္စသညာနောမယိယအနတ္တသညာသံဌာတိ) ဟူသောပါဠိတော်နှင့်အညီ အနတ္တလက္ခဏာတွင် အတွင်းဝင်၏၊ ထို့ကြောင့်အနိစ္စလက္ခဏာကိုထင်ရှားစွာဘာ်ပြ၍အနတ္တဉာဏ်အလင်းကို ထင်လျားအောင် ပြဆိုပေဒ့ဲ၊

ဓမ္မဝဏ္ဏနာဉာဏ်အလင်းကြိုးဌ် ဘော်ပြခဲ့ပြီးသော ဓာတ်ကြိုးခြောက်ပါးတို့တွင် တေဇောဓာတ်ကြိုး၏ အနိစ္စလက္ခဏာ, အနတ္တလက္ခဏာတို့ကို ရှေးဦးစွာ ဘော်ပြဆိုရာ၏။ တေဇော ဟူသော မီးဓာတ်ကြိုးသည် သိတမီးဓာတ်, ဥဏှမီးဓာတ်-ဟူ၍နှစ်မျိုးရှိ၏။ လောကဌ် ချမ်းဇေးခြင်းအမှုကြိုးတပါး, ပူနွေးခြင်း အမှုကြိုးတပါး-ဟူ၍ မီးဓာတ်ကြိုး နှစ်မျိုးရှိ၏ဟု ဆိုလိုသည်၊ အဇေးနှင့်အပူသည် ရန်သူ, ရန်ဘက်ဖြစ်ကြ၏၊ အဇေးဖြစ်ပေါ်လျှင် အပူကွယ်ပျောက်ရ၏၊ အပူဖြစ်ပေါ်လျှင် အဇေး ကွယ်ပျောက်ရ၏၊ လောကဌ် ပကတိလူတို့ထင်မှတ်ကြသောပုဂ္ဂိုလ်, သတ္တဝါမည်သည် တဘဝမှာ ပဋိသန္ဓေအခါဌ် တကြိမ်သာ ဖြစ်ပေါ်၍ ဘဝအဆုံးဌ် တကြိမ်သာသေမြဲဖြစ်

ဏ်၊ တဘဝအတွင်းမှာ ပုဂ္ဂိုလ်သတ္တဝါ-အခါခါ ဖြစ်ပေါ်သည့်, အခါခါ သေပျောက်သည့်-ဟူ၍မဂ်ိ၊ ကိုယ်ခန္ဓာတို့၌ အဇီး, အပူ ဟူသောတေဇောဓာတ်ကြီးသည် တနေ့တရက်အတွင်းမှာပင် အခါခါဖြစ်ပေါ်၍ အခါခါပျက်ဆုံးဏ်၊ အပူ, အအိုက် ပျောက်ငြိမ်းပြီ၊ အေးလာပြီ-ဟူ၍ဂင်း, အချမ်း, အဇီး ပျောက်ငြိမ်းပြီ, ပူသာပြီ, နွေးလာပြီ ဟူ၍ဂင်း-တနေ့ တရက် အတွင်းမှာပင် အခါခါ ပြောဆိုကြဏ်၊ ထိုသို့ဖြစ်ခဲ့သော် အပူ, အဇီး-ဟူသော တေဇောဓာတ်ကြီး ဖြစ်မှု,ပျက်မှုကား တလမ်း, ပုဂ္ဂိုလ်သတ္တဝါ၏ ဖြစ်မှု, ပျက်မှုကား တလမ်း-နေကြဏ်၊ ပူမှု,ဇီးမှုကို ပုဂ္ဂိုလ်သတ္တဝါပြု၍ ငါပူသည်,သူပူသည်,ငါဇီးသည်, သူဇီးသည်-ဟု စွဲလမ်းချက်, ပြောဆိုချက်များသည် အတိဓမ္မာနည်းအလိုအားဖြင့်အမှားစင်စစ်ဖြစ်ဏ်၊ ပူမှု,ဇီးမှုကို ပုဂ္ဂိုလ်သတ္တဝါ၏ အနှစ်အသားလုပ်၍ သူပူသည်, ငါပူသည်,သူဇီးသည်,ငါဇီးသည်-ဟု စွဲလမ်းချက်,ပြောဆိုမှတ်ထင်ချက်များသည် အမှားစင်စစ်ဖြစ်ဏ်၊

၍သို့ တသမ်းစီ ဖြစ်၍ နေသောကြောင့် ပူမှု,ဇီးမှုသည် ပုဂ္ဂိုလ်မဟုတ်, သတ္တဝါမဟုတ်, ပုဂ္ဂိုလ်သတ္တဝါ-ဟူသော စကား၏အနက် မဟုတ်၊အကယ်၍ ပူမှု,ဇီးမှုသည် ပုဂ္ဂိုလ်ဟုတ်ခဲ့အုံး၊ သတ္တဝါဟုတ်ခဲ့အုံး၊ ပုဂ္ဂိုလ်သတ္တဝါ၏ ဖြစ်မှု,ပျက်မှုနှင့် တေဇောဓာတ်၏ ဖြစ်မှု,ပျက်မှုသည် တူကြရာဏ်၊ ပုဂ္ဂိုလ်သတ္တဝါသည် တရုံသော ဘဝမှာ တခါဖြစ်,တခါသေသာ ဂိုသကဲ့သို့ ပူမှု,ဇီးမှုသည်သည်း တဘဝမှာတခါဖြစ်,တခါသေသာဂိုရာဏ်၊ထိုသို့ကားမဟုတ်တနေ့ တရက်အတွင်းမှာပင် ပူမှု,ဇီးမှုသည် အခါခါ ဖြစ်ဏ်၊ အခါခါ ပျက်ဏ်၊ ထို့ကြောင့် ပူလျှင်,ပူသည်ဟု ဆိုကြဏ်၊ အပူ ပျောက်ငြိမ်းလျှင် ပျောက်ငြိမ်းပြီဟု ဆိုကြဏ်၊ ဇီးလျှင်,ချမ်းလျှင် ဇီးသည်,ချမ်းသည်ဟုဆိုကြဏ်၊ ဇီးမှု,ချမ်းမှု ပျောက်ငြိမ်းသျှင် အဇီး ပျောက်ငြိမ်းပြီ, အချမ်း ပျောက်ငြိမ်းပြီဟု ဆိုကြဏ်၊ အကယ်၍ ပူမှု,ဇီးမှုနှင့်ပုဂ္ဂိုလ်သတ္တဝါ တူငြားအုံး၊ တနေ့အတွင်းမှာပင် ပူမှု,ဇီးမှု အခါခါ ဖြစ်တိုင်း, ပျက်တိုင်း ပုဂ္ဂိုလ်သတ္တဝါသည်း အခါခါ ဖြစ်သည့်, အခါခါပျက်

သည်ဟု မှတ်ယူကြကုန်ရာ၏၊ထိုသို့ကဲ့သုံးမဟုတ် တနေ့ အတို့မှာ ပူမှု,ငေးမှု-အခါခါ ဖြစ်သည့်,အခါခါ ပျက်သည်ဟု ဆိုဖြင်ကြ၏၊ ပုဂ္ဂိုလ်သတ္တဝါကိုမူကား တနေ့အတို့မှာ အခါခါဖြစ်သည့်,အခါခါ ပျက်ဆုံးသည် ဟူ၍ယူကြ၊ကဘဝမှာအစဉ် တခါသာပျက်သည်ဟုမှတ်ယူဆိုဖြင်ကြ၏၊ ထို့ကြောင့် ပူမှု,ငေးမှုကား-တခြား,ပုဂ္ဂိုလ်သတ္တဝါကား တခြားဟု ထင်လျှားပါ၏။ ပူမှု,ငေးမှုသည်,ပုဂ္ဂိုလ်သဝါ၏ အနှစ်အသားမဟုတ်ဟုထင်လျှား၏၊ ထို့ကြောင့် ပူ,ငေးမှု ဟူသော တေဇောဝတ်ကြီးကို အနတ္တ ဆိုပေသည်၊ ဤကား တေဇော ဝတ်ကြီး၏ အနိစ္စသက္ခဏာ, အနတ္တလက္ခဏာတို့ကို ပြဆိုခြင်းတည်း၊ တနေ့,တရက် အတို့မှာပင် အခါခါပျက်သည်ကို အနိစ္စလက္ခဏာဆိုသည်,အခါခါပျက်ခြင်းကြောင့် ပုဂ္ဂိုလ်၏ အနှစ်အသားမဟုတ်,သတ္တဝါ၏အနှစ်အသားမဟုတ်,ပုဂ္ဂိုလ်၏အထည်ခံအမာခံမဟုတ်, သတ္တဝါ၏ အထည်ခံ, အမာခံ မဟုတ်သည်ကို အနတ္တလက္ခဏာ ဆိုသည်၊ အနှစ် အသားမဟုတ်, အထည်ခံ, အမာခံမဟုတ်-ဟူသောစကားခွ် ပုဂ္ဂိုလ်ဟူသည် ဤပူမှုပင်တည်း,ဤငေးမှုပင်တည်း, သတ္တဝါဟူသည်ဤပူမှုပင်တည်း, ဤငေးပူပင်တည်း-ဟူ မှတ်ယူပြောဆိုခဲ့သော် ပူမှု,ငေးမှုကို ပုဂ္ဂိုလ်သတ္တဝါ၏ အနှစ်အသား ပြု၍ မှတ်ယူခြင်း, ပြောဆိုခြင်း-ဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါ၏အမာခံ, အထည်ခံပြု၍ မှတ်ယူခြင်း, ပြောဆိုခြင်း-ဖြစ်၏၊ အတ္တဆိုသော စကားနှင့် အနှစ်အသား, အမာခံ, အထည်ခံဆိုသော စကားနှင့် အဘူတူ။ ပုဂ္ဂိုလ်သတ္တဝါ၏ အမာခံ, အထည်ခံ-မှန်ခဲ့သော် တရားသောပူမှု, တရားသော ငေးမှုသည် ပုဂ္ဂိုလ်သတ္တဝါ အသက် ရှည်သမျှ ပယ်ပျောက်မှား မပြောင်းမလဲတဲ့ ခိုင်မြဲ၍ လိုက်ပါရမည်။ ထိုသို့ မလိုက်မူ၍ တနေ့, တရက်မှာပင် အခါခါ ပျက်ဆုံးလျက်နေသော ပူမှု,ငေးမှုသည် ထာဘဝမှာ တခါသာ ပျက်ဆုံးမှုရှိသော ပုဂ္ဂိုလ်သတ္တဝါ၏အနှစ်အသား မဟုတ်နိုင်သောကြောင့် ပူမှု, ငေးမှုသည် ပုဂ္ဂိုလ်သတ္တဝါ၏ အတ္တမဟုတ်,အနတ္တသာဖြစ်လေသတည်း၊ပုဂ္ဂိုလ်သတ္တဝါသည် အချို့အနှစ်တရားအသက်ရှည်၏၊ထိုသူ့သန္တာန်မှာရှိသော

တခုသောဟူ့,တခုသော ဒေးဗွဲသည် ဘောက်ပြန် ပြောင်းလဲခြင်းမရှိ ဘဲ အနှစ်တရာ ခိုင်မြဲ၍ လိုက်နိုင်သည်မရှိ၊ အနှစ်တရာ မဆိုထား နှင့်ဦး၊ အနှစ်ကိုးဆယ်,ခုစ်ဆယ်,ခုနှစ်ဆယ်၊ လ။ဆယ်နှစ်,ငါးနှစ်, လေးနှစ်,တနှစ်-ခိုင်မြဲ၍ လိုက်နိုင်သည်မရှိ၊ ထို့ကြောင့် ဟူ့,ဒေးဗွဲ-ဟူသော တေဇောဓာတ်မျိုးသည် ပုဂ္ဂိုလ်သတ္တဝါ၏ အဖာခံ, အထည်ခံ-အနှစ်သာရ အတ္တမဟုတ်, အနုတ္တသာအမှန် ဖြစ်လေသတည်း။ အလွန်နက်နဲလှသော အရာဖြစ်၍ အခါခါ အထပ်ထပ်ပြဆိုရဲ့ချသည်။ ဥာဏ်ဖြင့် စူးစူးစိုက်စိုက် အားထုတ်၍ ပိုင်နိုင်အောင် ကြိုးကွ့်ရှုလေ။ ။တေဇောဓာတ် ပြီး၏။

ဤ၌ ဓာတ်ကြီး,လေးပါးလုံး ပေါင်းစု၍ အဖြစ် ဇာတိနှင့် တကွ လက္ခဏာတွေ့ယဉ်ဥာဏ်ပေါက်အောင် ပြဆိုးအံ့။ ။ဤ မြေ,ရေ, လေ, မီး-ဓာတ်ကြီး လေးပါးတို့ကို မှန်၌ ထင်သော အရိပ် ဥပမာ, ထို့, သင်္ကတံ ဥပမာ, ကံ-စသော အကြောင်းတရားစုနှင့် ဓါတ်မီးဓါတ် ဆိတ်ရှုပြုပြင်ရာ ဖြစ်ခါ,ပျက်ခါ နေရသော အာရုံကို စေ့စုံစွာ မြင်နိုင်ပါသျှင် ဤခန္ဓာကိုယ်ကြီးမှာ မျက်တောင်တခတ်, လျှပ်တပြက်မျှ အသစ်ဖြစ်ပေါ်ခြင်းမှာင်းသော အကွက် မရှိ၊ ဖြစ်ပေါ်ရာ၌ ထ ဖြုတ်ဖြုတ် ပျက်ခြင်းမှ ဲလွတ်သောအကွက် မရှိ၊ ကျိုက်ကျိုက်ဆူ နေသော ရေနွေးအိုးကြီးအတွင်း၌ ဆူဆူတက် ဖြစ်ပေါ်မှု, တဖြုတ် ဖြုတ် ပျက်ကွယ်မှု ထွေးယှက်၍ နေကြကုန်သော ရေပွက်, ရေစီ ပေါင်းတွေကဲ့သို့ ကံ-စသောအကြောင်းတရားနှင့် ဓာတ်မီး,ဓာတ် ဆိတ်ရှိအတွက် ဓာတ်ကြီးလေးပါးတို့၏ ဖြစ်မှု,ပျက်မှုတွေ ပွက်ပွက် ဆူနေကြပုံကို ဖြင်လိမ့်မည်။

ကံ, စိတ်, ဥတု,အာဟာရ-တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် တကိုယ်လုံး၌ မာမှု-ဟူသော ပထဝီဓာတ်ကြီးသည် ဖြစ်ပေါ်၏၊ ဖွဲ့စည်းမှု ဟူသော အာပေါ ရေဓာတ်ကြီးသည် ဖြစ်ပေါ်၏၊ပေါင်းနွှေးမှုဟူသော တေဇောမီးဓါတ်ကြီးသည် လှုပ်ရှား ထောက်ကန်မှု-ဟူသော ဝါယော လေဓာတ်ကြီးသည်

ထဘွားဘွား ဖြစ်ပေါ်၏၊ ထိုဖြေ,ရေ,လေ,မီး-ဓာတ်ကြီး လေးပါး တို့သည် အဆန်,အမာ,အကြိတ်,အခဲ,အထည်ခြုံ-ဟူ၍ အကျအပြား မျှ ရှိသည်မဟုတ်၊ အခြင်းအရာ ကြီးယာသက်သက်မျှသာ ဖြစ်၏၊ ထို့ကြောင့် ထိုမာမှု,ဖွဲ့စည်းမှု,ပေါင်းဆွေးမှု,ထောက်ကန်မှုတို့သည် ဓာတ်မီးကြီး၏အဟုန်ကြောင့် ခဏခြင်းပျက်ဆုံးရှ၏၊ မျက်တောင်တခတ် မျှအသက်ရှည်၍ တည်နေနိုင်သည်မဟုတ်၊ ပထဝီပျက်ဆုံးလျင်လည်း ထိုပထဝီမှာ တွယ်တာခဲ့သော ဖွဲ့စည်းမှု, ပုံမှု, ဇီးမှု, တောင့်တင်းကြွရွမှုစသည်လည်း အတူပါရှင်းလ၏၊ (တကိုယ်လုံးနှံ့အောင်ကြည့်ဦးလ)၊

ပျက်ဆုံးသမျှနေရာမှာလည်း အစားထိုက်ထူသောအားဖြင့် အာ ပြည့်အပြည့် ဖြစ်ပေါ်ပြန်၏၊ ဤသို့လျင်မျက်တောင်တခတ်,လျင်တ ပြက်အတွင်းမှာပင် ဖြစ်မှ,ပျက်မှအဆက်အသက်တရာ,ထထောင် မက ပြောင်းလဲနေသည်းထိုဖြစ်မှ,ပျက်မှမျှားကို မျက်စိနှင့် ကြည့်၍ မြင်နိုင်ကောင်းသည်မဟုတ်၊ အထက်ကပြဆိုခဲ့ပြီးသော သဘာဝ အခင်းစုနှင့် ကြည့်ရှုမှ ဥာဏ်နှင့်သာ မြင်ကောင်းသော အမှုစုပေ တည်း၊ လှုပ်လှုပ်ရွရွ ထင်သမျှသည် အပေါင်းပျက်မှ,အသစ်ပေါ် မှုဆွသည်းသာဖြစ်၏၊ မျက်စိအမြင်မှာကား တရုတည်းသော အဆင်း သည်ပင်လျင် လှုပ်သည်, ရွှသည်ဟု ထင်မြင်၍နေ၏၊ မျက်မြင်ကို အဟုတ်ထင်သျှင် ပရမတ်သဘောကို မရှုးနိုင်ပြီး သတိကြပ်ကြပ် ပြုလေ၊

ကုံ-စသော လေးပါးသောအကြောင်းတို့ကြောင့် ဖြစ်ပေါ်သမျှ သော မာမှု,ဖွဲ့စည်းမှု-စသော ပရမတ် ဓာတ်ခြဲ, ဓာတ်ရေစသည် တို့သည် အတူတကွ ဖြစ်ပေါ်သော ဓာတ်မီး၏ အဟုန်ကြောင့် ခဏခြင်း, ခဏခြင်း ပျက်ဆုံး ကွယ်ပျောက်ရကုန်သည်-ဟူသော စကားဦးခဲ့ပြီးအုံ၊

လော.ဘဒ္ဒမိုးတို့မည်သည့်အကြောင်းဝတ္ထုကိုမှီတွယ်၍ဖြစ်ပွားး၏၊ ထိုမှီတွယ်သောဝတ္ထုကို လောင်မြဲမမြဲတာဖြစ်သည်နှင့်အညီ ထိုပရ မတ်ဓာတ်မိုးသည်လည်း မိမိနှင့်အတူဖြစ်ပေါ်သော မာမှု,ဖွဲ့စည်း

မှ,ထင်းရင်းမှ-ဟူသော ဝေတ်ကြိုးသုံးပါးတို့ကို ခဏာခြင်း, ခဏာခြင်း ကွယ်ဆုံးအောင် လောင်သည်သာဖြစ်၏။ အမှိုက်မှဖြစ်သောမီးသည် ထိုအမှိုက်ကို ခဏာခြင်းကုန်အောင်စား၏။ ဆီမှထသောမီးသည် ထိုဆီကိုစား၏။ ရေနံမှ ထသောမီးသည် ထိုရေနံကိုစား၏။ ထိုထိုအဆီမှ ထသောမီးသည် ထိုထိုအဆီကို ခဏာခြင်းကုန်အောင်စား၏။ ထို့အတူ သင်္ဘော်တို့၏ကိုယ်၌ ကိုယ်နှင့်အပြည့်၊ တဂိုနဂိုန် မပြတ်မစဲ ထ၍နေသော ဝေတ်မီးသည်သည်း အတူတကွ ဖြစ်ပေါ်သောဒေတ်တို့ကို ခဏာခြင်း,ခဏာခြင်းကုန်အောင်စားသည်သာလျှင်ဖြစ်၏၊ အထူးအားဖြင့် ဝေတ်ဆိ ဟူသမျှကို ခဏာခြင်း ကုန်အောင်စား၏၊ ထို့ကြောင့် ဖြစ်ပေါ်သမျှသော ခပ်ဆိမ်းသော ပရဒုမတ်ဖြေ,ရေ စသော ဝေတ်တို့သည် မျက်စေ့တောင်တခတ် လျှပ်တပြက်မျှ အာသက်ရှည်၍ တည်နေနိုင်သည်မရှိ၊ကြကုန်၊ မျက်တောင်တခတ်အတွင်းမှာပင် အကြိမ် တရာ, တထောင်မက တကိုယ်လုံးဒဏ်ကျတ် ကွယ်ဆုံးလေ၏။ ထိုသို့ ကွယ်ဆုံးသော်လည်း အသစ်အသစ် အစားဝင်အောင် ထူထောင် ဘန်ဆင်းကြသော အကြောင်းတရားရ အလွန် များပြားလှ၍ ငယ်ရွယ်စဉ် အခါ၌ ခဏာတိုင်း,ခဏာတိုင်း တိုးတက် ကြီးပွားခြင်ပင် လာနိုင်ပြန်သတည်း။ မိမိ ကိုယ်တကိုယ်လုံး ခဏာစေ့ကြွေပျက် ကွယ်ဆုံးမှုကိုလည်း ဖြင့်အောင်ကြည့်၊ကွယ်ဆုံးကြွေပျောက်မှုကို စိပ်စိပ်ဖြင်လျှင် ထင်ရှိယ်လုံးနှင့် အပြည့်,အပြည့်, အသစ်,အသစ် ဆက်လက်ဖြစ်ပေါ်မှုဟူသော ဇာတိအချက် တဖြုတ်ဖြုတ်ပျက်ကွက်သော အနိစ္စအချက်ကို စိပ်စိပ်ကြီး ဖြင်လိမ့်မည်၊ ရေနံဆီဘဝိသသ၌ တောက်သောမီးသည် ထိုရေနံဆီကို အတွင်ကုန်အောင်စား၏၊ ရေနံဆီကို မလျော့ရအောင် လောင်းသောသူက လောင်းနိုင်သမျှကာလပတ်လုံး ရေနံဆီသည်းလျော့သည်မထင်ရ၊ မီးလည်း လျော့သည်မထင်ရ၊ မထင်သော်သည်း နှစ်ပါးလုံးပင် ခဏစဉ်အတိုင်း ကုန်ကြ,ဆုံးကြသည်သာဖြစ်၏၊ အကယ်၍ မကုန် မဆုံးကြသည် ဖြစ်ခဲ့အံ့၊ ရေနံဆီအသစ်းလောင်းဘွယ်ကိစ္စ မရှိရာပြီ၊ တည်လုံးမှာ အခါခါသောင်

ရသည့်အတွက် အချိန် အခွက်ငါးဆယ် ကုန်လျှင် မိုးစား၍ အခွက်ငါးဆယ်ကုန်ကြောင်း ထင်ရှားဏီ၊ စဉ့်စဉ့်ကြည့်၍နေလျှင်လည်း သူ့ဆိန့်ငှ့် သူ့မိုး ခဏခြင်း, ခဏခြင်းကုန်ဆုံး၍သွားသည်ကို မြင်ရပါဏီ၊ ဆိုရော, မိုးတောက်ရောလျှံပါး၍သွားသည်ကိုလည်း မြင်သာပါဏီ။ တည်ထွန်းသျှင် ရေနံဆီအချိန်များစွာကုန်သည်ဟု သိလည်း သိကြပါဏီ၊ ၊ဤအာဘူ တကြိုမ်စားသော အာဟာရအတွက် နာရီပေါင်း မည်၍မည်မျှသာ ဤကိုယ်ခန္ဓာ ပြည့်ပြည့်ဖြိုးဖြိုး နေနိုင်သည့် အစာအာဟာရ ငံလျှံပါး၍ သွားလျှင် ဤခန္ဓာ ငလျှံပါး၍ သွားသည်။ အစာအာဟာရပြတ်၍သွားလျှင် ဤခန္ဓာမတည်နိုင်ဖြ။ ဤကိုယ်ခန္ဓာတို့ဏီ၏ပျက်ဆုံးမှု ဖြန်လ့, အားကြီးလွသည့်အတွက်ကြောင့် ကိုယ်ခန္ဓာအသစ်အသစ်အလျှင်ဆက်လက်မှုဖြန်လ့, အားကြီးလ့ဏီ၊ ကိုယ်ခန္ဓာ အသစ်အသစ် အလျှင်ဆက်လက် ထူထောင်မှု ဖြန်လ့, အားကြီးလွသည့် အတွက်ကြောင့် လောကဌ အသက်မွေးမှ-ဟူသော အလုပ်ကြီးသည် အကြီးကျယ်ဆုံး, အကြပ်တည်းဆုံး, ဖလွဲသာဆုံး, မနေသာဆုံးဖြစ်လေသတည်း။

ဓာမ္မာဒိပါဖြဌ် တနှစ်, တနှစ်တွင်ဖြစ်ပွါးသော စပါးမျိုး, ပြောင်း, ပဲ, လူး, ဆတ်-အစရှိသောအစာအာဟာရမျိုးသည် မည်၍ဏ္ဍ, မည်မျှများပြားလိမ့်မည်၊ တနှစ်အတို့, တလအတို့, တရက်အတို့ စားသေဒံ၍ မည်ဏ္ဍ, မည်မျှ ကုန်လိမ့်မည်ဟု ဏှာလိုက်လျှင် ခန္ဓာသစ်ဆက်လက်တည်းထောင်မှ, အသစ်, အသစ် ဆက်လက်တည်ထောင်မှ-ကြီးကျယ်ပုံကို ဖြင်လိမ့်မည်၊ နေ့စဉ်အသစ်, အသစ်ခန္ဓာအလျှဉ် ဆက်လက်မှ, အသက်မွေးမှ-ကြီးကျယ်ကြပ်တည်း၍ နေကြပုံကို ဖြင်နိုင်လျှင် ဤခန္ဓာ,ဤအသက်ရ ပျက်မှ,ဆုံးမှ, ပျောက်ကွယ်မှ-ဖြန်ကြောင်း, အားကြီး ကြောင်းကိုလည်း ဖြင်လိမ့်မည်၊ ရေသတ္တဝါ, ကုန်းသတ္တဝါတို့, အသက်မွေးမှ, အစာရာမှ, ဥစ္စာ, စီးပွါးမှနှင့် နေ့ နေ့, ညည, ပုပ, ၀ါ၀ါ, လုလု, ယက်ယက်, လုပ်ကြဲ, ကိုင်ကြဲ, ထမ်းကြဲ, ပိုးကြဲ, သွားကြဲ, လာကြဲ, ပြောကြဲ, ဆိုကြဲ, ကြံကျ, စည်ကြဲ, ကြောင့်ကြဲမိုက်ကြဲ, အားထုတ်ကြဲ, စိုးရိမ်ကြဲ, ပူပန်ကြဲ, စောင့်ရောက်ကြဲ.

ထိန်းကျောင်းကြ, ငြင်းခုံကြ, ဒိုက်ရန်ဖြစ်ကြသမျှ-အလုံးစုံတို့ကို အ
ရင်းသို့ ဆိုက်အောင် ကြည့်တတ်ပါလျှင် ဤကိုယ်ခန္ဓာ အဟောင်း
အသစ် အလျဉ်ဆက်လက်မှု, အသက်အဟောင်း, အသစ် အလျဉ်
ဆက်လက်မှု, ကြိုပ်တည်းလှသည့်, အတွက်ကြောင့်ဟု ဖြင်လိမ့်
မည်။ အသစ်,အသစ် ဆက်လက်မှု ထူထောင်မှု, ကြပ်တည်းပုံကို
ဖြင်လျှင်လည်း အဟောင်း,အဟောင်း ပျက်ဆုံး ပြောင်းလဲမှု ဖြန်
ကြောင်း, မဖြကြောင်း, အနှစ်မဂ္ဂိုဏ်ကြောင်း, အစိုးမရကြောင်းကို
ကောင်းကောင်းကြီး ဖြင်လိမ့်မည်။

ဤကိုယ်ခန္ဓာဓာတ်ကြီး,ဓာတ်ငယ်တို့ပျက်မှု,ဖြစ်မှု ဖြန်လှသည့်
အတွက်ကြောင့် ဇလေးကဋ္ဌ ကြောင့်ကြစိုက်ဟူယ် အနန္တဖြစ်ပွါး၍
နေသည်ဟု ဆိုလိုပါသတည်း၊ ဤကားပကတိဇာတိနှင့် ပကတိ
အနိစ္စ,အနတ္တကို ဖြင်တို့ အချက်တည်း၊

ခန္ဓာကိုယ် တွယ်တာ,ခင်မင်သည့်အတွက် အသက်တရာ, အ
သက်တဆောင်-ရှည်ရှည်နေလို၍ အသစ်အသစ်သောဇာတိတို့ကို
ခဏမစဲ အစဉ်စပ်မိအောင်, အလျဉ်ဆက်မိအောင် ထူထောင်မှုဟု
ဆိုအပ်သော အသက်မွေးမှုအတွက်နှင့် ကိုယ်ခန္ဓာ၌ ပကတိဇာတိ
မှ ခဏမစဲ အသစ်အသစ်ဖြစ်၍ နေချက်ကို ဖြင်နိုင်ပါလျှင် ပကတိ
ပျက်မှုအနိစ္စ၊ ပကတိ, အနှစ်မဂ္ဂိုသော အနတ္တကို ဖြင်နိုင်ပါလျှင်
ဝိကတိဇာတိ, ဝိကတိအနိစ္စ၊ ဘိဇ္ဇန, ခယ, ဝယ,ဝိကတို့ အသာရ
တို့ကိုလည်း ဖြင်နိုင်လတ္တံ့။

ဝိကတိဇာတိဆိုသည်ကား-အနာ, အမျိုးမျိုးဖြစ်ပေါ်မှု,ရောဂါ
အမျိုးမျိုးဖြစ်ပေါ်မှု,-ဘေးအမျိုးမျိုးဖြစ်ပေါ်မှု, ဓနအမျိုးမျိုးဖြစ်ပေါ်
မှု, ဒဏ်အမျိုးမျိုးဖြစ်ပေါ်မှု, ဥပဒ်အမျိုးမျိုးဖြစ်ပေါ်မှုတို့ ပေတည်း၊
ထိုထိုဆိုခဲ့သော အမျိုးမျိုးဥပဒ်,ဘေး,ဒဏ်,ဓနအပေါင်းတို့ကြောင့်
ခဏမစဲ တသဲသဲ ရုပ်သိမ်း၍ တဖြုတ်ဖြုတ်, တရွာ်ရွာ် ပျက်
သည်, ဆုံးသည်, ကုန်သည်-ဟူသောဝိကတိအနိစ္စသဘောကိုလည်း၊
ခဏခဏမစဲ တသဲသဲ ပျက်ဆုံးချုပ်ကွယ်ရာ အနှစ်သာရမဂ္ဂိုသော
အဖြစ်ဟူသော ပကတိ အနတ္တကိုလည်းသိရမည်၊ ၊ခဏခြင်းစပ်မိ

အောင်, ဆက်ဒိအောင်, အစဉ်မပြတ်, အလျဉ် မပြတ်အောင်, အသစ်အသစ်ဖြစ်ပေါ်၍နေသော ဇာတိမှအမြဲရှိသည့်အတွက်ကြောင့် ယခုခဏ ဇာဉ်ရုပ်ကိုယ်ခန္ဓာ, ယခုခဏအတွင်း အနိဋ္ဌရုပ် ကိုယ်ခန္ဓာ-စသည်ဖြင့် ပြောင်းလဲ၍, ပြောင်းလဲ၍ ဖြစ်မှဲ့, ပျက်မှမစဲဖြစ်နိုင်သည်၊ ပျက်ကွက်မှမြဲနိုသည့်အတွက်ကြောင့် ဇာဉ်ရုပ် ခန္ဓာကိုယ်, အနိဋ္ဌရုပ် ခန္ဓာကိုယ်, သုခရုပ် ခန္ဓာကိုယ်, ဒုက္ခရုပ် ခန္ဓာကိုယ် ပြောင်းလဲလိုသျှင် ခဏခြင်းပြောင်းလဲနိုင်သည်၊ဘယ်အခါဌ် အနိဋ္ဌရုပ်ခန္ဓာကိုပဲ ဇာတိမျိုး, ဇာဉ်ရုပ် ခန္ဓာကိုယ် ဇာတိမျိုး, သုခရုပ် ခန္ဓာကိုယ်ဇာတိမျိုး, ဒုက္ခရုပ်ခန္ဓာကိုယ်ဇာတိမျိုး ဖြစ်နိုင်,မပေါ်နိုင်သော ခဏဟူ၍ မပျက်နိုင်,မဆုံးနိုင်သော ခဏဟူ၍ မရှိပြီ၊ ခဏတိုင်းမှာပင် ဖြစ်နိုင်, ပျက်နိုင်ဏ်၊ ဇာတိ ဟူသည်ကား-ဖြစ်ပေါ်မှုတည်း၊လောကဌ် မျက်စိနာဖြစ်သည်, နားနာဖြစ်သည်-အစရှိသည်ဖြင့် ခေါ်ဝေါ်ကြသော 'ဖြစ်'ဟူသော အချက်စုသည် ဇာတိချည်းတည်း၊ အနိစ္စ ဟူသည်ကား-ပျက်စီး ပျောက်ကွယ်ခြင်းတည်း၊ လောကဌ် အချမ်း မျောက်ကွယ်ပြီ, အငြိး ပျောက်ကွယ်ပြီ-စသည်ဖြင့် 'ပျောက်'ဟူသော စကား 'ပျက်' ဟူသော စကားမျိုးတည်း၊ အနုတ္တဟူသည်ကား-အရှည်မတည်တန့်သောအမှုတည်း။ လောကဌ် ချမ်းဆိုသည်ခဏသာတည်း၊ငြိးဆိုသည် ခဏသာတည်း၊ လှဆိုသည်, တောင့်ဆိုသည်,တင်းဆိုသည် ခဏသာတည်းဟု ခေါ်ဝေါ်ကြသော'ခဏ'ဟူသောစကားစုတည်း၊

ဤကိုယ်ခန္ဓာစုဌ် အနိဋ္ဌ ဇာတိရုပ်ခန္ဓာများ, ဇာဉ်ဇာတိရုပ်ခန္ဓာများတို့ ပျက်ဆုံးရန် တရားစုသည် အတွင်း သန္ဓာန်ကလည်း အသင့်ချဉ် အနှစ်တဲ့ များပြားဏ်၊ အပသန္ဓာန်ကလည်း အသင့်ချဉ်အနှစ်များပြားဏ်၊ ဤကိုယ်ခန္ဓာဌ် တကိုယ်လုံးဏ် အဖာခံအထည်ခံဖြစ်သော 'ဓာတ်' ဟူသော ပထဝီဖြောတ်ကို ကဋ္ဌဖျာဖြင့်ဟာတေဝ်မှဏ်၊ ခြေဖျားဌ် အဆိပ်ထန်သော ဖြွေကိုက်ရာ ဦးခေါင်းတိုင်အောင် ခဏခြင်း အဆိပ်နှံ့၍ လူမှန်းမသိဖြစ်ရာဌ် တကိုယ်လုံး ခဏခြင်း ရုပ်ပြောင်း၍ကုန်ဏ်၊ ပကတိ နဂိုကိုယ်

ရုပ်ရှ အကုန်ကွယ်ပျောက်၏၊လောင်မိုးအစရှိုင့်တူသော ရုပ်ရှသည် ခဏခြင်းတည်ထောင်၏။ တကိုယ်လုံးမှာ နကိုယ်ပကတိရုပ်ဟူ၍ အဏုမြူမျှ အကြွင်းအကျန်မရှိပြီ။ တကိုယ်လုံးသည် လောင်မိုးအလားတူ ရှိသော ရုပ်သစ်တွေသာ အတိပြည့်၏။ ။ဥပမာကား-ချိန်ဝင်ပိသာငါးဆယ်ခန့်ရှိသောအလွန်ထက်လှစွာသောယမ်းဖြင့် ပြည့်သော မိုးရုန်းကြိုးကို စနက်ပေါက်မှ နှမ်းငေ့ခန့်ရှိသော အနည်းငယ်သောမိုးပေါက်မိုးပွားထိပါးခဲ့သည်ရှိသော် ချိန်ဝင်ပိသာငါးဆယ်ခန့်ရှိသောယမ်းခဲကြိုးသည် အကုန်လုံး ခဏခြင်းမိုးအတိုဖြစ်လေသကဲ့သို့တည်း။ ၍ဖြေကိုက်သော သူ၌ တကိုယ်လုံး ရုပ်သစ်ပြောင်းပုံ,ရုပ်ဟောင်းကွယ်ပျောက်ပုံကား ခြောဝါး အထည့်ခြင်း ဖြစ်၍နသော နကိုယ်ရုပ်စုကား-သာယာချမ်းမြေသော ဇာဉ္ဇရုပ်ရဖြစ်ကြောင်းကို အများသူပင် သိ၏။ ဖြေကိုက်၍ ဖြေဆိပ် ပြန့်နှံ့သည့်အတွက် နကိုယ်က မရှိသော ပူမှု,နာမှု,အောင့်မှု,အင့်မှု,ထိုးကျင်မှု,ထုံမှု,ကျင်မှု,ကိုက်မှု,ခဲမှု,တောင့်မှု,တင်းမှု-စသော မချမ်းသာမှု,မသက်သာမှုစုသည် ယခုဖြေကိုက်သည်နှင့်တပြိုင်နက် ယခုမှဖြစ်လာသည်ဟု ထင်ရှားပါ၏၊ မေးမြန်းလျှင်လည်း ယခုမှဖြစ်လာသော အမှုပါဟု ပြောကြလတ္တံ့။ ထိုသို့ ပြောကြံသော်လည်း ဇာတိသစ်, ရုပ်သစ်, ကလာပ်သစ်, ဓာတ်သစ်-ဟူ၍ မထိကြလေ။ အဟောင်း,အဟောင်း ဖြစ်သော နကိုယ် ရုပ်ကလာပ် ဓာတ်တို့၏ ပျက်မှု မမြဲချက်ကို မရိပ်မိကြ,မထိကြလေ။ ။ကိုယ်ခန္ဓာအတွင်း၌ ယခုဘာဖြစ်သည်, ဘယ်လိုဖြစ်သည်, ပေါက်သာသည်, ပေါ်လာသည်, ဘယ်ရောဂါ ဖြစ်သည်, ဘယ်အနာ ဖြစ်သည်-စသည်ဖြင့် ဖြစ်လုံး, ပေါ်လုံး, ပေါက်လုံး နှင့် ပြောကြသမျှသော အမှုစုသည် ဇာတိသစ်,ရုပ်သစ်,ဓာတ်သစ်, ကလာပ်သစ်,ပရမတ်သစ်ချည်းဟူ၍မှတ်။ ။ထိုဖြစ်လုံး,ပေါ်လုံး,ပေါက်လုံး ပြောဆိုရသမျှ အဟောင်း, အဟောင်း ရုပ်ဓာတ်ကလာပ်ပရမတ်တို့ ချုပ်ဆုံးကွယ်ပျောက်၍သာ ပေါ်လာနိုင်သည်၊ထိုရုပ်ဟောင်း, ကလာပ်ဟောင်း,ဓာတ်ဟောင်း ပရမတ်ဟောင်းတို့ ကွယ်ပျောက်ချုပ်ဆုံးခြင်းမှအစရသည်ပင်အနိစ္စ

အချက်စုတို့ထိရသည်ချည်းတည်း၊ ။မိမိကိုယ်ခန္ဓာတွင်တရတရ သော နေရာ၌ဂုဏ်း, တကိုယ်လုံး၌ဂုဏ်း, ယခုပျက်၍သာသည်ဟုထိလျှင် ယခုမှပေါ်သော ဇာတိအသစ်ပေတည်း၊ အသစ်ပေါ်လျှင် ထိုပေါ် ရာမှာ အပေါင်းပျောက်မြဲ၊ တကိုယ်လုံးမှာ ယခုပျက်၍လာသည်ဟု သိသာခြားနားရှိလျှင် တကိုယ်လုံး၌ ရုပ်ဟောင်း, ဓာတ်ဟောင်း, ကလာပ်ဟောင်းစု ကွယ်ပျောက်၍ကုန်ပြီဟု သိရသည်၊ ပြောင်းလဲပုံမြန်လှ၍သာ ပြောင်းလဲမှန်း မသိနိုင်ကြသည်၊ ယခုဖြစ်၍လာသည်, နာ၍လာသည်, ကျင်၍သာသည်, ထုံ၍, ကိုက်၍, ခဲ၍, ညောင်း၍, ညာ၍, တောင့်၍, တင်း၍, အောင့်၍, အင့်၍, ယား၍, ယံ၍သာ သည်၊ ကျိန်း၍ဖပ်၍ လာသည်-စသည်ဖြင့် ကိုယ်သန္တာန်အတွင်း, အပဋိမခံသာသော အမှုခပ်သိမ်းဖြစ်မှ, ပေါ်ပေါက်မှုရသည် ဖြစ်မှန်း သိသာရာ, ပေါ်ပေါက်မှန်း သိသာရာ ကိုယ်အင်္ဂါ တရလုံး၌ ရုပ်ဟောင်း ကွယ်ဆုံး၍သာ ဇာတိသစ်, ရုပ်သစ် ပေါ်လာသည် မှတ်လေး ဤဝိကတိဇာတိ, ဝိကတိအနိစ္စအချက်အလက်နှင့်မကွေးဖြစ်နေသည့် တွက်တာကြောင့် စိတ်အလိုဂျိတ်ဦးမနေသာ, မသွေးသာ, မလှသာ, မပြုသာ, မကျင့်သာ၊ ဘေးဖြစ်ရန်အခွင့်, ရန်ဖြစ်ရန်အခွင့်, ဒဏ်ဖြစ်ရန်အခွင့်, ကိုယ်တွင်း အန္တရာယ်ဖြစ်ရန် အခွင့်, ကိုယ်ပ အန္တရာယ်ဖြစ်ရန်အခွင့် အလုံးစုံမျိုးတို့ကို ကြောက်ရ, ခိုရ, ထိတ်ရ, လန့်ရ, စိုးရိမ်ရ, ကြောင့်ကြရ, ပူပန်ရ, ဝမ်းနည်းရ, ငိုကြွေးစည်းဝါးနေရ, အိမ်ယာ, ဝင်းခြံ, အဆီး, အကာနှင့် နေခြင်း-စသည်ဖြင့် ကြပ်တည်းကြရသေသည်၊ ထိုသို့ ကြပ်တည်းသော အမှုခပ်သိမ်းကို မြင်သျှင် ကိုယ်ခန္ဓာကြီး၏ ဒုက္ခအချက်ကို အကွက်ကျ မြင်နိုင်လတ္တံ့၊ ဤကားဒုက္ခကိုက်သောသူ ဥပမာ, ယမ်းမီးရှူးကြီး ဥပမာတို့ဖြင့် ထကိုယ်လုံး၏ အမာခံဖြစ်သော ခက်မာမှု ဟူသော ကဋ္ဌမရုပ်ဖြင့်ဟူ၍ ဟောတော်မူသော ပြောတော်မူသော ခေတ်ခြင်းဘောက် ဖြန်မှု, ပြောင်းလဲမှုတွေ့ အလွန်ဖြန်လှကြောင်းကို ဆိုသော စကားစုတည်း၊

ထိုပြောတော်ကို ဆိရသျှင် ဖြစ်အတူ ပျက်အတူ ဖြစ်သော ရေ

ဓာတ်, ဒိုးဓါတ်, လေဓာတ်တို့လည်းအတွင်းပါဝင်တော့သည်ဟူ၍ သိလေ။

၍ဦးမည်။ ။အလွန်မာ၍ နေသော လူပမာကာဂိုသော ချိုင်ခဲကြီး, ဖယောင်းခဲကြီး, အဆီခဲကြီးများကို ခဏခြင်း အတွင်းအပြင် နှံ့ပြားအောင် မိုးဂိုန် သင့်လေသောအခါ၊ ခဏခြင်း မာမှ အဆင့်ဆင့် ပြိုပျက်၍၊ ပြေ့မှ အဆင့်ဆင့် တိုးတက်၍လာပုံ, ဒိုးနှင့်ဝေး၍ ဝေးပြန်သောအခါ၊ ပြေ့မှ အဆင့်ဆင့်ကွယ်ပျောက်၍ မာမှအဆင့်ဆင့်တိုးတက်၍ သွားပုံများနှင့် အလားတူ ဖြင်အောင်ကြိုည့်လေ။ မာမှ အဆင့်ဆင့်ပြိုပျက် ကွယ်ပျောက်၍ သွားသည်ကိုအတိုမျှော၌ ဖြေဝေတ် အဆင့်ဆင့် ချုပ်မှ, ဆုံးမှ, ကွယ်ပျောက်မှ, သေမှဆို သည်။ ၎င်းကိုပင် သုဘုန်ဒေသနာ, အတိဓမ္မာဒေသနာတို့၌ နိဗ္ဗာဓ, ဘင်္ဂ, ခယ, ဝယ, အတ္ထ, မရဏ, အနိစ္စဟူ၍ဟောတော်မူသည်။ ။ နိဗ္ဗာဓ၊ချုပ်၊ဘင်္ဂ၊ကွဲ၊ခယ၊ကုန်၊ဝယ၊ပျက်၊အတ္ထ၊ကွယ်၊မရဏာ၊ သေ။ အနိစ္စ၊ မြဲ။ ။ငါပသဿနာယောဂီ ပုဂ္ဂိုလ်တို့သည် ထိုအမှုကို ဒိဋ္ဌပစ္စက္ခဖြင်အောင် ရှုကြံရကုန်သည်။ ထိုအမှုကို ဖြင်သောဉာဏ်ကို လက္ခဏာတ္တယဉာဏ်, အလင်းကြီးဆိုသည်။ ။ကဋ္ဌမုခဖြစ် ဟူ၍ ဟောတော်မူသော မြေဝေတ်ပထဝီ၏ အနိစ္စကို ဖြင်နိုင်လျှင် ပုတိမုခဖြစ်ဟူ၍ ဟောတော်မူသော ရေဝေတ်, အဂ္ဂိမုခဖြစ်ဟူ၍ ဟောတော်မူသော မီးခဲတ်, သင်္ဘာမုခဖြစ်ဟူ၍ ဟောတော်မူသော လေဝေတ်၊ ဤဝေတ်ကြီးသုံးပါးတို့၏ ဘေဘင်ပြန်ပြိုပျက် ဆုံးကွယ်မှု၊ အသစ်,အသစ် ဖြစ်ပေါ်ပြောင်းလဲမှုတို့ကိုလည်း ဖြင်နိုင်လတ္တံ့။ ။ရေဝေတ်နှိုက် ဖွဲစည်းမှု အဆင့်ဆင့် အားကြီး၍ သွားမှု အဆင့်ဆင့် ရော့ရဲ ပြေပျက်၍ သွားမှုသည့် အဆင့်ဆင့် ချုပ်မှု နိဗ္ဗာဓ, ဘင်္ဂ, ခဏ, ဝယ, အတ္ထ, မရဏ, အနိစ္စ-ပေတည်း။

ဒိုးဓာတ်၌ ပူမှု အဆင့်ဆင့် တိုးတက်ချက်, ဆုတ်ယုတ်ချက် သည့် ဇီးမှုအဆင့်ဆင့် တိုးတက်ချက် ဆုတ်ယုတ်ချက်သည့် အဆင့်ဆင့် ချုပ်မှု-နိဗ္ဗာဓ, ဘင်္ဂ, ခဏ, ဝယ, အတ္ထ, မရဏ, အနိစ္စ ပေတည်း။

လေဓာတ်၌တောင့်တင်း သန်မာမှု အဆင့်ဆင့် တိုးတက်ချက်, ဆုတ်ယုတ်ချက်စသည် အဆင့်ဆင့် ချုပ်မှု-နိုးရာခ, ဘဂ်, ခဏ, ဝယ, အထူ, မရဏာ, အနိစ္စ ပေဘည်း။

ဤသို့သော အနိစ္စကို ဖြင်မှ လက္ခဏာတွယဉာဏ်, အလင်းသို့ ပေါက်ရောက်သည်။ ဝိပဿနာဉာဏ်အစစ် ဖြစ်သည်ဟု ဆိုလိုသည်၊ လောကဌ် သေချိန်ကျ သေရဲ့၊ အိုချိန်ကျ အိုရဲ့၊ ပျက်ချိန်ကျ ပျက်ရဲ့ဟု ရှင်းကြ ဖြင်ကြသော အရာသည် ဝိပဿနာဉာဏ်ပင် မဟုတ်၊ လက္ခဏာတွယဉာဏ် မဟုတ်၊ ကုလား, တရုပ်, ချင်း, ကရင်တို့သည်း ဖြင်ကြသော အမှုပင် ဖြစ်သတည်း။

ဤသို့ခန္ဓာကိုယ်၌၊ ဓာတ်ကြီးလေးပါး တို့၌ သက္ခဏတွယဉာဏ် အသင်းသို့ ပေါက်ရောက်အောင် ကြည့်နည်းတည်း၊

ဝိညာဏ်ခြောက်ပါးတို့၏ အနိစ္စလက္ခဏာကို ပြဆိုခြင်း။

ထိုဝိညာဏ်ခြောက်ပါးတို့တွင် အရာကျယ်သော၊ ကြောင့်ဝင်း, ငရဲမီးအသိုက်အဝုံ အလွန်ကြီးလှသော၊ ကြောင့်ဝင်း-မနောဝိညာဏ်ကို ဥာဏ်ဦးစွာပြရာ၏၊ မနောဝိညာဏ်မည်သည် နွဲ့နွဲ့, ညည်၊ ခဏမစဲ၊ နှာလုံးထဲမှာ တဂိုနဲတည်း, တဆက်ဘဲတည်း, တရာတည်း-ဖြစ်၍ အမြဲတည်းနဲသည်ဟု စွဲလမ်း၍ နေကြ၏၊ ငါထိသည်, ငါကြိုသည်, ငါတွေးသည်, ငါဆသည်-အစရှိသည်ဖြင့် သက္ကာယဒိဋ္ဌ-ငရဲ မီးတောက်, မီးလျှံမကဲ့ထ၍ ထ၍ နေ၏၊ ထိုမနောဝိညာဏ်စု၏ ဖြစ်ပေါ်ရန် ဌာနကား နှာလုံးအိမ်တည်း ထို နှာလုံးအိမ်တွင်းမှာလည်း သွေးသည် တသက်တာကံခွဲခန့်ရှိ၏၊ အောက်၌တည်ရှိသော ပါစကဝမ်းမြီး-တကိုယ်လုံးတွင် ထက်ဝန်းကျင်မှာ တည်ရှိသော 'ဥသ္ဟာ' ခေါ်သော ကိုယ်နေစောင့် ဓာတ်မီးတို့နေကြောင့် ထို နှာလုံးသွေးသည် စမ်းရေပွက်မှာ စမ်းပွက်ရေကဲ့သို့ အခါခပ်သိမ်း ဆူဆူတက်ပွက်၍ နေသောအခြင်းအရာရှိ၏၊ မနောဝိညာဏ်၏ ဒိရာဟဒယဝယ်ရုပ်သည် ထိသွေးမှာ အသိနဲ့, အသနဲ့ကာ တည်ရှိ၏၊ ထိဟဒယဝယ်ရုပ်သည်း နှာလုံးသွေးမှာ လှိုင်းစီး၍ တည့်နေ၏၊ မနော

ဝိညာဏ် ဟူသမျှသည် ထိုဒဟာယဝဏ္ဏ၊ ရုပ်ပေါ်မှာ တဝှေးဝှေး ဖြစ်ပေါ်၏၊ ပြိုးပြိုးပြက် ဂိုးဂိုးရက် တလက်လက်, တသင်းလင်းနေ၏။ ပဘာသရဓိဒံ ဘိက္ခဝေ စိတ္တံ-ဟူ၍ဝင်း, ပဏ္ဏာရံ စိတ္တံ-ဟူ၍ဝင်း-ပေါ်တော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဇာဒံစိတ္တံ၊ ဤစိတ် ဝိညာဏ်မည်သည်၊ ပဘာသရံ၊ ပြိုးပြိုးပြက် ဂိုးဂိုးရက်၊ တလက်လက် တသင်းလင်းခြင်း၏၊ စိတ္တံ၊ စိတ်ဝိညာဏ်သည်၊ ပဏ္ဏာရံ၊ ဆွတ်ဆွတ်ငြိ၏။

မျက်မြင်မျိုးမဟုတ်၊ ဥာဏ်မြင်မျိုးပေတည်း၊ မျက်မြင်မျိုး အာသွင်မှန်း၍ ဥာဏ်မျက်စိနှင့်ကြည့်သော်သည်း ကိန္ဓမဂ္ဂိ၊ ၊ဝိဇ္ဇုပ္ပါဒံ၀ အာကာသေ ဥပ္ပဇ္ဇန္တိ ဝယန္တိစ-ဟူသည်နှင့် အညီ၊ လျှပ်၏ ဖြစ်ခြင်း, ပျက်ခြင်း-မြန်ပုံကဲ့သို့ ထင်မြင်၍ ဥဒယစွန်း, ဝယစွန်း-ဤအစွန်းနှစ်ခုကို ဥာဏ်၌ ထိထိမိမိ အားဒရ, ပါးဒရဖြင့်နိုင်မှသည်သာ ပဟာဏတည်း၊ တဆိပ်သိပ်, တအိပ်အိပ်ကဲ့သို့ နေသော ထိုနှလုံးသွေးမှာလည်း ဖြစ်ပေါ်ရာ ဌာနအများ ကွက်ဘော်၍ ကြည့်၊ အလယ်၌ပေါ်သော အခါလည်း ရှိသည်၊ ဤအတို့ အစွန်းအနား၌ ပေါ်သောအခါလည်းရှိသည်၊ နောက်အတို့ အစွန်းအနား၌ပေါ်သော အခါလည်းရှိသည်၊ လက်ျာဘက် အစွန်းအနား၌ ပေါ်သော အခါလည်းရှိသည်၊ လက်ဝဲဘက် အစွန်းအနား၌ ပေါ်သောအခါလည်း ရှိသည်-ဤသို့စသည်ဖြင့် ဖြစ်ပေါ်ရာ ဌာနအကွက်သည့် အရာမကာ များ၏၊ ပေါ်ရာ, ပေါ်ရာဌာနမှာ ချုပ်ပျောက်မြဲမမြဲတာဝကည်း၊

နှလုံးတွင်းခန့် ပဓာဏရှိသော မျက်လုံးသားအပြင်-အစရှိသော ထိုထိုကိုယ်အင်္ဂါအကွက်မှာ မြဲမြဲထက်သောအပ်ဟုန်းနှင့် တချက်တနေရာထိုး၍ သွားလျှင် နာမှ ဟူသောနာမကွန်ဒါအစသည့် ထိုထိုအချက်မှာ အသီးအသီးဖြစ်ပေါ်၍ ဖြစ်ပေါ်ရာဌာနမှာ အသီးအသီးကွယ်ပျောက်၍ သွားသည်ကို ထင်ရှား ဆိုနိုင်, မြင်နိုင်သကဲ့သို့ သူ့အကွက်နှင့်သူ၊ အသီးအသီးဖြစ်မှု,ပျက်မှုကို ထိထိ,မိမိ မြင်နိုင်, ထင်နိုင်စေ။ ဥပမာကား တခုသောပုသင်းငယ် အတွင်းမှာ တလက်ဘက်၏ ထက်ဝက်ခန့် ပဓာဏရှိသော ခြင်းခြင်းနီသော မှန်

ကဲ့သို့ ကြည်လင်လှစွာသော ထိုထိုဝတ္ထုကို အလွန်မြန်မြန်ကြီး ကုန်ပျောက်အောင် စားနိုင်သော ဆေးရည်သည် ဂိုရာ၏၊ အလွန် နူးညံ့လှစွာသော အလွန်လည်း သိမ်မွေ့ သေးငယ်လှစွာသော ဆွတ်ဆွတ်ဖြူသော အပြေးအသွားလည်း အလွန် မြန်ထက်သော သံသေတ္တာ ပိုးငယ်မျိုးဘမျိုးသည် ထိုဆေးရည်ထည်းမှာ ထိုထို နေရာ၌ ရတင်ခ, ခဏမစဲဖြစ်ပေါ်၏၊ ထိုထိုပေါ်သော နေရာမှာပင် အပြေးအမြန်လောက်လက်၍ ဆေးရည်၏ဝေးချက်ဖြင့်မျက်တောင် တခတ်အတွင်းမှာ လျင်မြန်စွာ ကုန်ပျောက်ကွယ်ဆုံး၍, ကွယ်ဆုံး၍ သွားသည်ကို မျက်စိမှာ ထင်ရှားစွာ မြင်ရ၏၊ ဤဥပမာနှင့် အလွန်တူစွာ မြင်စေရမည်၊

စိတ်ဝိညာဏ်၏ အဖြစ်, အပျက်-အပြောင်း အလဲ၊ မြန်လှမှ ကြောင့်လည်း နှလုံးသွေးတခုလုံးမှာ ဘယ်နေရာမှာမဆို ကြည့်လိုက်တိုင်း, ကြည့်လိုက်တိုင်းမှာပင် ဖွဖွ ဖွဖွအနေနှင့် မြင်လတ္တံ့။ ငါဆိုသည်ဟူ၍, ငါကြီးသည်ဟူ၍-ခဏမစဲ အမြဲ ထင်မြင်၍နေကြသော စိတ်ဝိညာဏ်အကြီးအသိစုနှင့် ထိုထိုဖွဖွထင်မြင်ရသော အချက်ရသည် တခုတည်း, တချက်တည်း-ထင်မြင်၍ သွားမှ နေရာကျသည်၊ နှလုံးသွေးထဲမှာ ဖွဖွ, ဖွဖွ ရတင်ခ၊ ဖြစ်ပေါ်မှ, ပျောက်ပျက် ကွယ်ဆုံးမှကိုပင် ထင်မြင်ပါသည်း ကြီမှ, သိမှတွေ့က တခြားနေသူင နေရာမကျ၊ ငါကြီးသည့်, ငါဆိုသည်-ဟူသောငရဲဒိုးကို မထိ၊ ရှုမှ, ထင်မှ, မြင်မှ-ထဲမှာ ထိုငရဲဒိုးမပါဘဲ လွတ်၍ မနေစေနှင့်၊ ရှုသောဉာဏ်, မြင်သောဉာဏ်, ထင်သောဉာဏ်စုကိုလည်း တလှည့်တလှည့်ပါလေအောင် ချပ်၍ ကြည့်ရမည်၊ ။ပေဏ္ဏုပမံ ကာယဝံမံ ဝိဒိတွာ၊ မရိုစိဝမ္မံ အာဘိသမ္ဘုဒ္ဓါနော။(ဓမ္မပဒပါဠိတော်) ဤပါဠိတော်မှာ ရုပ်ခန္ဓာကိုရေမြှုပ်စိုင်ရေမြှုပ်ခဲကဲ့သို့ နာမ်ခန္ဓာဝုကို တံလျှပ်မြှင်တွေ့, တံလျှပ်ရောင်တွေကဲ့သို့ ထင်မြင်နိုင်ပါလျှင် သေမင်း မမြင်နိုင်သော နိဗ္ဗာန်သို့ ရောက်၏ ဟု ဟောတော်မူရာ၌လည်း အနှစ်သာရမရှိမှု သဏ္ဌာန်အသွင် ထင်မြင်မှု နှစ်ချက်စိုရသော ဥပမာစုပင်မှတ်ရမည်။

တံလျှပ်ဆိုသည်ကား-မိုးပြိုး, နွေလအခါ၌ ရေမရှိတဲ့ ခြောက်သွေ့၍ နေသောအင်းပြင်ကြီးများမှာ မွန်းတည့်, မွန်းတိမ်းနေဟူအား ကောင်းတုန်းအခါတွင်မလှမ်းမကမ်းကနေ၍ အင်းပြင်ကြီးကိုကြည့် မျှော်သောအခါ အင်းပြင်မှာ-လျှမ်းလျှမ်း, လျှမ်းလျှမ်းထ၍ နေသည် ကို မြင်ရ၏၊ နွေအခါ ရေတက်လှ၍ ရေနာကြီးသောငါးရော, တဝေဝင်-စသောတိရစ္ဆာန်မင်္ဂလာတို့သည် ထိုတံလျှပ်တွေ့ကို မြင်ကြလျှင် ရေတွေ့ထင်၍ သောက်ချင်အားကြီး ပြေးကြ၏၊ အင်းအပြင်သို့ ဆင်းမိကြလျှင် ထိုနေရာမှာ ကွယ်ပျောက်၍ အင်းအလယ်မှာမြင်ရပြန်၏၊ အင်းအလယ်သို့ ရောက်ပြန်လျှင် ထိုနေရာမှာ ပျောက်၍ဟိုဘက်အင်းကမ်းနားမှာ ထင်ရ၏၊ ထိုနေရာသို့ ရောက်ပြန်လျှင် ပျောက်ပြန်၏၊ အင်းလယ်မှာ မြင်ပြန်၏၊ ပြေး၍ ရောက်လျှင်ပျောက်ပြန်လေ၏၊ ဤ တကျ၌ ကမ်းနားမှာ ထင်ရပြန်၏၊ ပြေး၍ ရောက်လျှင် ပျောက်ပြန်၏၊ တဘန် အင်းလယ်မှာ ထင်ရ၏၊ ပြေးရင်းနှင့်ပင်မောပန်း၍ အင်းအပြင်မှာပင် သေဆုံးကြရကုန်၏၊

ဤ၌ တံလျှပ်ဆိုသည်ကား—အင်းပြင်, မြေထဲမှာ မိုးရွာ၍ တက်သော ရေအနိုးစုးပတည်း၊ အနေပါတည့်တည့်က ကျသောနေရောင်ခြည်စုးပတည်း၊ ထိုအရိုးတို့မှ ကြောက်လေ၍ ရေခိုး, နေရောင်ခြည်စုပေတည်း၊ ထိုအရိုးတို့မှ ကြောက်လေ၍ ရေခိုး, နေရောင်-နှစ်ချစပ်ကို တံလျှပ်ခေါ်သတည်း၊ အလွန် နီးကပ်သော နေရာကကြည့်လျှင် မမြင်ရ၊ ပျောက်ကွယ်၍ ကုန်သကဲ့သို့ ထင်ရ၏၊ နေရောင်နှင့်ပ ဏာရသော နေရာက ကြည့်မှ မြင်ရသည်၊ ကိုယ်တွင်းမှာ ခဏာမစဲ အာရုံဂိုရာသို့ ရှေ့ရှုပြစ်ပေါ်၍ နေသော နာမ်ခန္ဓာစုကို တံလျှပ်မြင်, တံလျှပ်ရောင်တွေနှင့် အတူထင်မြင်စေရမည်ဟုဆိုလိုသည်၊ အဖြစ်အချုပ်ကို ပိုင်းခြားနိုင်သည်သာ ပမာဏတည်း။ ။အနိစ္စဆိုသည်ကား, အဖြစ်, အချုပ်ကို အဓိဘမ်းမှုပေတည်း၊

ဤဆိုခဲ့ပြီးသောအတိုင်း ဝိညာဏ်ခြောက်ပါးတို့၏ တရားကိုယ်နှင့်တကွ ဖြစ်မှု, ပျက်မှုကို ထင်ဖြင့်သောအခါ အာရုံခြောက်ပါးနှင့်စပ်၍ ထို ဝိညာဏ်ခြောက်ပါးတို့၏ ပဋိစ္စသမုပ္ပါဒ်အမှုကို ကြည့်

ဂျရာဇ်၊ ဤအနိစ္စအချက်၌ ထင်ခြင်ပါသျှင် အနတ္တအတွင်းဝင်တော့သည်၊

စက္ခုဝိညာဏ်စိတ်ကို ပြခြင်း။

စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ ။ပဋ္ဌာန်းပါဠိတော်။ ။ရူပေစ၊ထိထိရုပါဂုံတို့ကိုလည်း၊ပဋိစ္စ၊အစွဲပြု၍၊စက္ခု၊ဥစက္ခုပသာဒရုပ်ကိုလည်း၊ပဋိစ္စ၊အစွဲပြု၍၊စက္ခုဝိညာဏံ၊စက္ခုဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ၊ အသစ်,အသစ် ဖြစ်ပေါ်၏။ ။ထိထိရုပါရုံ ဆိုသည်ကား-အာဘိဓမ္မာ ဝေါဟာရမျိုးတည်း။ ရုပါရုံ၏ မိရာအဋ္ဌကလာပ်ဒြိဗ်ဝတ္ထု၊နှင့်တကွ ကိုင်၍ပြုမှ သာ၍ထင်ရှားသည်။ လူ၏အဆင်း, နွားဂျိအဆင်း, တုံးဂျိအဆင်း, တိုင်၏အဆင်း-ဟု ပြောဆိုသည်ကားအာဘိဓမ္မာဝေါဟာရမျိုးတည်း။ လူကိုဖြင်သည်, နွားကိုဖြင်သည်,တုံးကိုဖြင်သည်,တိုင်ကိုဖြင်သည်-ဟု ပြောဆိုကြသော ဝေါဟာရမျိုးကား-မျိုးကြ, စားကြသော ထမင်း, ခဲဘွယ်, ဘောဇဉ်စုကို ကဗဠိကာရ အာဟာရပြောဆိုကြသကဲ့သို့ သဝဏ္ဏ၊က ကထာမျိုးဘည်း။ အာဘိဓမ္မာ ပါဠိတော်ကြီးများမှာပင် သဝဏ္ဏ၊က ကထာမျိုး, ပရိမဏ္ဍကထာမျိုး-ဟု နှစ်မျိုးလာ၏။ မျိုးကြ,စားကြသော ဘောဇဉ် ခဲဘွယ်ဝတ္ထု၊ ဒြိဗ်တို့ကို ကဗဠိကာရ အာဟာရဟု ခေါ်ဝေါ်ကား- ဒြိဗ်ဝတ္ထု၊နှင့်တကွ ကိုင်၍ပြုသော ဝေါဟာရကထာမျိုးတည်း။ သြဒနော,ကုမာသော,သက္ထု၊,မဏ္ဍော, မံသံ" အစရှိသည်ဖြင့် ဓမ္မသင်္ဂဏီ ပါဠိတော်များမှာဖင် ထိုဝေါဟာရလာပါ၏။ မျိုးအပ်သောထမင်းမှာ အဋ္ဌကလာပ်ရုပ်ရှစ်ရုံ ရှိ၏။ ထိုရှစ်ရုအတွင်းမှာ'သြဇာ'ဟူသော အာဟာရရုပ်ပါရှိ၏။ ထိုရုပ်ကို အသီးအခြားထုတ်၍ ကဗဠိကာရ ဝေါဟာရ ခေါ်သည်ကား နိဗ္ဗတ္တိက-ပရိမဏ္ဍဝေါဟာရတည်း၊ထိုနှစ်ပါးတွင် ထင်ရှားစေခြင်းငှါ၍အရာဒ္ဓိသဝတ္ထု၊က ဝေါဟာရကိုပြဆိုပေအုံ၊ရူပေ၊ထိထိရုပါရုံတို့ကိုအစွဲပြု၍ စက္ခုဝိညာဏ်စိတ် အသစ်အသစ် ဖြစ်ပေါ်

မှဆိုသည်ကား- နံနက်အခါ၌ အိပ်ရာက ထသည်မှစ၍ ညဉ့်အခါ အိပ်ရာသို့စင်သည်တိုင်အောင် တနေ့လုံး၌ ပဌမဘယဟာကို ဖြင်သည့်, ဒုတိယ ဘယဟာကိုဖြင်သည်-အစဂ္ဂိသည်ဖြင့်အစဉ်ဂ္ဂိသည်သာ ဖြစ်၏၊ ထိုသို့ စီစဉ်၍မူကား-ပြောခြင်းဌာ မတတ်နိုင်အောင် အာသက်များလျက်ဂ္ဂိ၏။ ပဌမ လူကိုဖြင်သည့်, ဒုတိယ နွားကို ဖြင်သည်-အစဂ္ဂိသည်ဖြင့်ဂုင်း၊ လူကိုဖြင်ရာ၌လည်း ကျောက်ကုန်းကို ပဌမဖြင်သည့်, ဂုင်းနောက် ဦးခေါင်းကို ဒုတိယဖြင်သည်-စသည်ဖြင့်ဂုင်း အစဉ်အတိုင်း ဖြင်သွားရသော များပြားလှစွာသော အာဆင်းသဏ္ဌာန် အထည်ဝတ္ထုမျိုးတွေကို ရည်၍-ရူပေ၊ ထိုထိုရူပါဂုံတို့ကို ဟု ဆိုသတည်း၊ ထိုထိုဝတ္ထု ဒြိဗ်ကိုဖြင်ရာ၌ သူ့ဝတ္ထု ဒြိဗ်နှင့် သူ့စက္ခုဝိညာဏ် အာသစ်, အာသစ် ဖြစ်၍ ဖြင်သည် ဟူလိုသတည်း။

ထိုစကားကို ထင်ရှားဂုံခဲ့ပြီးအံ့။ ။တုံးနှင့်မျက်နှာ ထယ်ဓိကြသည်နှင့်တပြိုင်နက် တုံးရိပ်သည် စက္ခုပသာဒရုပ်မှာ ထင်၏၊ ထိုတုံးရိပ် ထင်မှုသည် ပရမတ္ထသဘာဝအရာ၌ စက္ခုပသာဒရုပ်မှာ ရိုးသားကြိုး ကျသကဲ့သို့ အဟုန်နှင့်တကွ ခိုက်တိုက်၍ ပသာဒရုပ်ကြည့်တွင် တုံးရိပ်ထင်ပေါ်မှုဖြစ်သတည်း၊ ထိုတုံးရိပ်ခိုက်မှ ဒဏ်ချက်ကြောင့် ထိုအရိပ် ထိခိုက်ပေါ်ဂ္ဂိ၍နေရာမှာ တုံးကို ဖြင်သော စက္ခုဝိညာဏ် ဖြစ်ပေါ်လေသတည်း၊ မိုးခတ်မှာ ကျောက်ထိခိုက်ရာ၌ ထိခိုက်မှုဒဏ်ချက်ကြောင့် မိုးပွင့်တွေ တဘွားဘွားပေါ်တိသကဲ့သို့တည်း၊ မျက်တောင်တခတ်သျှင် ခတ်တိုင်း, ခတ်တိုင်း ထိုတုံးရိပ်ကွယ်ပျောက်၏။ တုံးရိပ်ကွယ်ပျောက်တိုင်း, ကွယ်ပျောက်တိုင်း သူ့တုံးရိပ်နှင့် သူ့စက္ခုဝိညာဏ် အပြီးချုပ်ပျောက်ရာပါ၊လေ၏၊ တခြားတပါးကို မျက်နှာပွဲရာ၌ ဆိုတွယ်မဂ္ဂိ၊မျက်ထောင်ကို ကြွချိပြန်လျှင် ကြွချိတိုင်း,ကြွချိတိုင်း တုံးရိပ် အသစ်, အသစ် ခိုက်ပေါ်မှ စက္ခုဝိညာဏ် အသစ်, အသစ်ဖြစ်ပေါ်မှုကိုလည်း ဆိုးလေ၊ တုံးကိုလွတ်၍ တိုင်ကိုဖြင်သောအခါ၌လည်း ဤနည်းအတိုင်းပင်၊ တိုင်ကိုလွတ်၍တစုံဘက်ကိုဖြင်ပြန်ရာ၌လည်း ဤနည်းအတိုင်းပင်၊

ထို့ကြောင့် ထိုထိုဝဏ္ဏဒြိဗ်ကို မြင်ရာ၌ သူ့ဝဏ္ဏဒြိဗ်နှင့်သူ့စကွဲဝိညာဏ် အသစ်,အသစ် ဖြစ်ပေါ်မှုကို သိအပ်သတည်း။

တုံးရိပ်, တိုင်ရိပ်-စသည် ခိုက်မှု, တိုက်မှု, ဒဏ်ရမှသာ ထိုဝိညာဏ် ဖြစ်ပေါ်နိုင်လေရကား-ရူပေါထိုထိ ရူပါရုံတို့ကို အစွဲပြု၍ ဖြစ်ရာ၌ အစွဲပြု ဟူသော အချက်ပေါ်လေသတည်း။ ထိုသို့ထိုထိုထိုတုံး,တိုင်-စသော ရူပါရုံ ဝဏ္ဏဒြိဗ်တို့၏ ထိခိုက်မှုနှင့်သာဖြစ်ပေါ်ရလေသောကြောင့်၊ တုံးကိုဖြင်သောအခါ မျက်စိမှာ ဖြစ်ပေါ်သော စကွဲဝိညာဏ်သည် တုံးက လုပ်၍ ပေးသော စကွဲဝိညာဏ်ပေတည်း၊ တုံးက လုပ်၍,ဘန်ဆင်း၍ပေးသောစကွဲဝိညာဏ်နှင့်တုံးကိုဖြင်ရသည်၊ ၊တိုင်က လုပ်၍ ပေးသော စကွဲဝိညာဏ်နှင့် တိုင်ကို ဖြင်ရသည်- အစဉ်ဒိသည်ဖြင့် အကုန်သိရော၊ ဥပမာကား အသက် တသိန်း တန့်မှာ တန့်,တန့်လျှင် လင်တယောက်,တယောက်သော်သေ၍ နှစ်စဉ်အတိုင်း လင်အသစ်,အသစ် တယောက်,တယောက်,တယောက်ယူရ၍ အနှစ်ငါးသောင်း ကာလပတ်လုံး သားပေါင်း ငါးသောင်း ဘွားဖြင်ရာ၏။ ထိုသားရကား-အဘအသီး အသီးတည်း၊ သားတို့ကို ကွဲပြားအောင်ပြောလိုသျှင်အဖနှင့်ပြော၍ ကွဲပြားနိုင်၊ အဘနှင့်ပြောမှ ဤသူကား မည်သူ၏သား တည်း,ဤသူကား မည်သူ၏ သားတည်းဟု ကွဲပြားရာ၏။ စကွဲပသာဒရုပ်သည် ထိုအဖိုဖိန်းမနှင့် တူ၏၊ တုံး,တိုင်-စသော ရူပါရုံ ဝဏ္ဏဒြိဗ်တို့သည် အဘငါးသောင်းနှင့်တူ၏၊အသစ်,အသစ်ဖြစ်၍သွားသောစကွဲဝိညာဏ်စသည်သည် သားငါးသောင်းနှင့်တူ၏၊ "စကွဲရူးပန် သံဝါသာရာဂဟုတ္တံ ဝိစာယတ်" စသည် ဟောတော်မူသော ပါဠိတော်ကို ထောက်လေ။

တုံး,တိုင်-စသည်ကိုအစဉ်အတိုင်းအိပ်ရာဝင်သည်တိုင်အောင် တနေ့လုံး၌ မြင်၍သွားသော ထိုပုဂ္ဂိုလ်သည် တုံး၏သား ဖြစ်သော စကွဲဝိညာဏ်နှင့် တုံးကို ဖြင်သည်၊ တိုင်၏ သားဖြစ်သော စကွဲဝိညာဏ်နှင့် တိုင်ကို ဖြင်သည်-အစဉ်ဒိသည်ဖြင့် ဆိုထိုက်လေသတည်း။

ဥပမာထာနည်းကား၊ ငယသာ နှစ်ဘက်၌ လူတရပ်ခန့် အမြင့်ရှိသောသစ်ပင်ပေါင်းတထောင်စီကာနိုးလျက် ရှိနေသောလမ်းတခုမှာ ဖနံတုံးကြီးတလုံးရှိကုပင့်မြှောက်ယူဆောင်၍ အပြေးသွားရာ၌ ထိုထိုသစ်ပင် ဥပစာသို့ ရောက်လေရာ, ရောက်လေရာ ဖနံတုံးကြီးမှာ အရိပ် အသီး, အသီး ပေါ်လေရာ၏။ ဖနံတုံးကြီးနှင့် စက္ခုပသာဒ။ ထိုထိုသစ်ပင်နှင့် ထိုထို ရုပါရုံ ဝတ္ထုဒြစ်, ထိုထုသစ်ပင်ရိပ်နှင့်ထိုထိစက္ခု ဝိညာဏ်တူ၏။ ဖြစ်ပေါ်မှု ကွယ်ပျောက်မှုလည်း အသီး, အသီးတူကြ၏။ ။စက္ခုဝိညာဏ်ပြီး၏။

ထိုထိုအသံမျိုးတို့နှင့် သောတဝိညာဏ်, ထိုထို အနံ့မျိုးတို့နှင့် ဃာနဝိညာဏ်, ခံတွင်းမှာရောက်သောသော ထိုထိုရသာရုံဝတ္ထုဒြဗ်မျိုးတို့နှင့် ဇိဝှါဝိညာဏ်, ကိုယ်အင်္ဂါ အတွင်း, အပမှာ ထိခိုက်လာသော ထိုထိုးဖါဋ္ဌဗ္ဗာရုံ ဝတ္ထုဒြဗ်မျိုးတို့နှင့် ကာယဝိညာဏ်-ဤဝိညာဏ်တို့ကိုလည်း စက္ခုဝိညာဏ်အတိုင်း သိလေ။

မနောဝိညာဏ်မှာမူကား-အာရုံမျိုးအလွန်အထွေအပြားများလှ၏။ ကုသိုလ်စိတ်မျိုး, အကုသိုလ်စိတ်မျိုး, စက္ခုဝိညာဏ် အစရှိသော အဗျာကတ စိတ်မျိုး, ထိုစိတ်မျိုးတို့မှာ ယှဉ်သော လောဘတရား, ဒေါသတရား, မောဟတရား-အစရှိသောအကုသိုလ်တရားဝ, သဒ္ဓါပညာ, သတိ-အစရှိသောကုသိုလ်အဗျာကတ မြေဝ, ဖသ, ဝေဒနာသညာ, စေတနာ, ဇီဝိတိန္ဒြေ, မနသိကာရ, ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒ-ဟူသော မြေဝ၊ ဒုစရိုက်ဆယ်ပါး, သုစရိုက်ဆယ်ပါး-အစရှိသောမြေဝ၊ အဝေါဓတ်, စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယဝတ္ထု, ဇီဝိတ, အာဟာရ, ဓာတ်, ဇရာ, မရဏ-အစရှိသောမြေဝ-ဤအလုံးစုံသည်မြောရုံမည်၏။ ရုပါရုံ, သဒ္ဒါရုံ-အစရှိသော ပစ္စုပ္ပန်ရုံတို့သည်လည်း မနောဝိညာဏ်နှင့် ဆိုင်ကြကုန်သေး၏။ မနောဝိညာဏ်၏ အာရုံမှာ အာရုံခြောက်ပါးလုံးပင်အာရုံရ၏။ ထိုခြောက်ပါးသည် အဓိပတိမ်းကဘွားဖြင့်သည်မှစ၍ယသရနေ့, ယသနာရှိတိုင်အောင် အတိတ်, နှစ်, လ, နေ့, ရက်တို့ကာတသက်လုံးခက ဖစဲ ငတွေကြုံခဲ့ဘူးသမျှသော အာရုံခြောက်ပါး, ယ

ခုနှာရှိမှ နောက်ခဏ နေဒံကာလတို့မှာယခုနာရိုကဖြောပြင်ဆိုနှင့် ရသောအာရုံခြောက်ပါး, နောက်နောက်ဘဝတို့ကို လှမ်း၍ ယခုက ဖြောရသော အာရုံခြောက်ပါး, ကျမ်းဂန်အဆို ထိုထို လူပြော, ဂုဏ် ပြောနှင့်ဆိုနှင့်ရသော ခပ်သိမ်းသော အာရုံခြောက်ပါးဂု-ဤအလုံးစုံ သည်မနောဝိညာဏ်၏ အာရုံဂုဏ်းဘည်း၊ မစဲ ဖြစ်၍နေသောစိတ် အကြိအစည်စုတွင် အိပ်ပျော်စဉ် ဘဝင်ကိုဖွနှင့် ခဏမစဲဖြစ်၍ နေသော မနောဝိညာဏ်ဂုမှာ ကံ, ကမ္မနိဒါတ်, ဂတ်နိဒါတ်-ဟူသော အာရုံဂုကို အာရုံပြုသည်၊ အိပ်ရာက နိုး၍ လာသည်မှစ၍ အိပ်ရာ ဝင်၍ အိပ်ပျော်သည်တိုင်အောင် ပြဆိုခဲ့ပြီးသော အာရုံစုတွင် အ ကြောင်းအခွင့် ဆိုက်တိုက်ရာ တရုရုသော အာရုံကို ၎၍ ထင်ပြင် သည်မှ ခဏအစဉ်အတိုင်း သူတလဲ, ငါတလဲ၊ မစဲအောင်ထင်လေ တော့သည်၊ ၌ ဝိထိမနောဝိညာဏ်စုမှာသည်း ပြဆိုခဲ့ပြီးသော အာ ရုံစုတွင်အကြောင်းအခွင့်ဆိုက်တိုက်ရာ တခု, တရုသော အာရုံသည် ဘဝင်၌ခိုက်တိုက် လှုံ့ဆော်၍ ပေးပြီးမှ၊ ထိုလှုံ့ဆော်သော တရု, တ ရုသော အာရုံကိုအာရုံပြု၍ သိမှု, ကြိဘနိမှု-ဟူသောမနောဝိညာဏ် တရုရု နှလုံးထဲမှာ ဖြစ်ပေါ်လေသည်၊ ဝတ္ထုကြံဆိုက်တိုက်သော အ ကြောင်းမျိုး, အခွင့်မျိုးသည်း ဘယ်ခဏမှာမှ မလပ်၊ ဝိုင်းလျက်, ဒုံ လျက်၊ တရုံးရုံးဝတ္ထုကြံ, ဆိုက်တိုက်မှုမစဲပြီ၊ ဆိုက်တိုက်သောအခွင့် နှင့်စပ်လျဉ်းသော တမျိုး, တမျိုးသော အာရုံလည်း ဘဝင်မှာ ထင် မှု, ခိုက်မှု, လှုံ့ဆော်မှု စဲပြီ၊ ထိုထိုအာရုံလှုံ့ဆော်တိုင်းဟာဒယဝတ္ထု အတွင်းမှာဖြစ်ပေါ်ကာ, ဖြစ်ပေါ်ကာ နေရသော အမှု, တသုတ်, တ သုတ် ချုပ်ပျောက်ကာ, ချုပ်ပျောက်ကာ နေရသော အမှုလည်း မစဲပြီ၊

မစဲပြီဆိုသည်ကား-သူသူ, ငါငါ-သတ္တဝါတို့၏ အထင်အမြင်အ တိုင်းဆိုသည်။ ဖုရှအားဖြင့်သော်ကား-စေတသိက်, စိတ်နာမကွန္ဓာ လေးပါးတို့မည်သည် စက္ခုမှာဖြစ်ပေါ်ခိုက်စက္ခုမှာသာ၌ကြကုန် သည်၊ ကြွင်းသော တကိုယ်လုံးမှာ မ၌ကြကုန်။ သောတမှာ ဖြစ်ပေါ် ခိုက်သောဘမှာသာ၌ကြကုန်သည်၊ ဃာနမှာဖြစ်ပေါ်ခိုက်ဃာနမှာ

သာဂိကြကုန်သည်၊ဓိဂ္ဂါမှာဖြစ်ပေါ်ခိုက်ဓိဂ္ဂါမှာသာဂိကြကုန်သည်၊ ကိုယ်အင်္ဂါတခုခုမှာဖြစ်ပေါ်ခိုက် ထိုနေရာမှာသာဂိကြကုန်သည်၊ နှလုံးထဲမှာ ဖြစ်ပေါ်ခိုက် နှလုံးတွင်းမှာသာ ဂိကြကုန်သည်၊ ထိုမှ ကြွင်းသောကိုယ်မှာဖဂိကြဲကုန်၊ မျက်တောင်တခတ်အတွင်းမှာပင် အခါပေါင်းကုဋေ့ တသိန်းမျှတိုင်အောင်အဖြစ်, အပျက်မြန်လှသည့် အတွက်ကြောင့် တကိုယ်လုံးမှာပင်ပိုင်လျက် ဖြစ်နေသကဲ့သို့ထင်ရသည်၊ မျက်စိနှင့်ဘယ်ဟာကို ငါဖြင်သည်ဟု ထင်၍ နေဆဲမှာပင် စက္ခုဝိညာဏ်အစဉ်၏အကြား,အကြားမှာ ဟဒယဝတ္ထုဒွိဖနောဝိ ညာဏ်ပေါင်းမစဲအောင်ပင်ဖြစ်နိုင်,ချုပ်နိုင်သည်၊ သောတဝိညာဏ် စသည်တို့လည်း သူတို့အာရုံ ခိုက်မှုရှိလျှင် မစဲအောင်ပင်ဖြစ်နိုင်ချုပ်နိုင်သည်။ ထို့ကြောင့် မျက်စိနှင့် ကြည့်ရှုဆဲ,ဖြင်ဆဲမှာပင် နှလုံးကလည်းကြံ၏,ထိ၏,နှုးကလည်းအသံတခုခုကိုကြားဂ၏ စသည်ဖြင့် သတ္တဝါတို့၏စိတ်မှာ ထင်ကြရသည်။ ကြွင်းသောဝိညာဏ်တို့ဖြစ်မှုမှာလည်း ဤနည်းတူ သိလေ။

ဖနောဝိညာဏ်စမှာလည်း ကိုယ် အမှုအရာကို ပြုပြင်သော ဝိညာဏ်ရ ဖြစ်၍နေစဉ် နှုတ်အမှုအရာကို ပြုပြင်သော ဝိညာဏ်မျိုးမဖြစ်နိုင်၊ နှုတ်အမှုအရာကို ပြုပြင်သောဝိညာဏ် ဖြစ်၍နေစဉ် ကိုယ်အမှုအရာကို ပြုပြင်သော စိတ်မရှိနိုင်။ သို့သော်လည်း အလဲအလှယ်မြန်လှသည့်အတွက်ကြောင့် သွားဆဲမှာပင် စကားပြောနိုင်၏၊ စကားပြောဆဲမှာပင် ကိုယ်အင်္ဂါလှုပ်ရှားနိုင်၏၊ထိုထိုအဆင်းကိုဖြင်နိုင်၏၊ ထိုထိုအသံကို ကြားနိုင်၏၊ ဤသို့ဖြစ်မှုကား-မြန်လှသည့်အတွက်ကြောင့် တမျိုးတမျိုး အစဉ်၏အကြားမှာ အမျိုးမျိုးကြားချုပ်မှုပေတည်း။ ဝိပဿနာ ယောဂိပုဂ္ဂိုလ်မှာမူကား-ဤသို့ဖြစ်၍နေကြရာမှာအလုံးစုံခြုံ၍, ငုံ၍လောက်သော အဆက်ကို ရှာ၍ ဝိညာဏ်ဝိထိ ဝါရပေါင်းတသိန်း,တသန်းမက ကုဋေ့ဆယ်ကိုပင် တဝိညာဏ်တည်း, တချက်တည်းပြု၍ ဥဒယမှ, ဝယမှကို ရှုရသည်၊ ဖြစ်ခြင်း, ပျက်ခြင်းကို ရှုသောဉာဏ်မှာ အကုန် ပါစေနိုင်သည်သာ ပမာဏတည်း။ ငါဖြင်သည်,ငါကြားသည်,ငါနံသည်,

ငါအရသောကို ထိသည့်, ကိုယ်အင်္ဂါမှာ ထိသည့်ကို ငါထိသည့်, ငါထွေထွေလာ ကြံဘနဲသည့်-ဟုဖြစ်သော ငရဲမီးခြောက်မျိုး, ငါပြောသည့်, ငါဆိုသည့်, ကိုယ်အင်္ဂါကိုငါလွှတ်ရှားသည့်, ငါသွားသည့်, ငါလာသည့်-စသည်ဖြင့် ဖြစ်သောငရဲမီးမျိုး အကုန် ကွယ်ပျောက်စေနိုင်သည်သာ ပမာဏတည်း။ ငါဖြင့်သည့်, ငါကြံသည့်-စသည်ဖြင့် ငါလုံးပုံးအုပ်၍နေသော လက္ခဏာတွယ သမျှပါ အဓိကမှ အသင်းဉာဏ် ပေါက်သည်သာ ပမာဏတည်း၊ ကိုယ်တွင်းမှာ စက္ခု၊, သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယ-ဟူသော ခြောက်ဌာနကို ထိထိ, မိမိ ဆုပ်ကိုင်၍ ဖြစ်မှ, ပျက်မှကို ကောင်းမွာ ထင်ဖြင့်နိုင်လျှင် ထိုအလုံးစုံသော အထွေ အလာတို့သည် အတွင်းဝင်ပါလေကုန်ဘော့သည်။

၅။ သို့ဖြစ်ဆိုခဲ့ပြီးသော ဖြေ, ဆေး, လေ, မီး, ခေတ်ကြီးလေးပါး, အာကာသခေတ်, ဝိညာဏခေတ်ဟူဆိုအပ်သောခေတ်ကြီးခြောက်ပါးတို့၏ဖြစ်မှု, ပျက်မှုအစဉ်ကို ရေပွက်ပမာ စသောဥပမာတို့နှင့်မခြားတဘွားဘွား, တဖွဖွ နေမစဲ, နာရီမစဲ, ခဏမစဲ၊ ဇာတိမှု, ဇရာမှု, အနိစ္စမှုတို့ကို ရှုကြည့်၍ ထင်ဖြင်သော ဉာဏ် အလင်းကြီးသည် လက္ခဏာတွယ သမျှပါ အဓိကမှ အသင်းကြီးမည်၏။

၅။ သို့ လက္ခဏာတွယ ဉာဏ်အလင်းကြီးကိုပေါက်ရောက်လျှင် မဂ်လေးပါး, ဖိုလ်လေးပါးသို့ ရောက်၏။ ထိုသို့ရောက်သော မဂ်ဉာဏ်လေးပါး, ဖိုလ်ဉာဏ်းလေးပါးတို့သည့် စင်စစ် နိဗ္ဗာန်ကို ထိသော ဉာဏ်တို့ဖြစ်ခဲ့ကား-ထိုမဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ဗုဒ္ဓအာဒေးဖြင့် နိဗ္ဗာန ပဋိဝေဓဉာဏ်အလင်းကြီးမည်၏။

လက္ခဏာတွယပဋိဝေဓဉာဏ် အလင်းနှင့် နိဗ္ဗာနပဋိဝေဓ
ဉာဏ်နှစ်ပါးကို ဖြဆိုခဲ့ပြီး၏။

အလင်းကျမ်းပြီး၏။



ပဋိစ္စသမုပ္ပါဒ် အစကျဉ်း။

နိဗ္ဗော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ၊

၁-အဝိဇ္ဇာပစ္စယာ သင်္ခါရာ။

ဆောင်ပုဒ်။

ဗောဓိရတနာ၊ ယာဉ်စကြာဖြင့်၊ သစ္စာလေးရပ်၊ လေးကျွန်း ပတ်သား၊ နတ်ဝိသုဒ္ဓိ၊ တုမရှိအား။ တြိဒွါရ၊ ရှိဦးခလျက်၊ ဘဝသုံးပါး၊ ဟုံးဟုံးသွားသည့်၊ ရထားသံသာ၊ ယာဉ်စကြာ၏၊ ခြင်းရာထုပ်တ်၊ သမုပ္ပါဒ်ကို၊ အတတ်သိရန်၊ နိဒါန်းပြန်ပိမ့်၊ အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံးဝှက်ကွယ်ကား၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျ၍၊ ဘဝမြေသို့က်၊ ရှိန်ပြန်ရှိန်, အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍၊ အကုသလ၊ ဓမ္မညစ်ဆိုး၊ အပြစ်မျိုးကို၊ ကြိုးကြိုး, ပမ်းပမ်း၊ နွေစဉ်ထမ်းသည့်၊ ပယ်လမ်းဗီဇ၊ အပုညနှင့်၊ ဘဝနောင်ခါ၊ သံသရာ၌၊ လှုပ်ရှာနတ်ငြမ်း၊ စည်းစိမ်သွမ်းကို၊ ချမ်းသာအတိ၊ အထင်ငြိလျက်၊ ဂတိနောင်ကို၊ ကောင်းစေလိုလို၍၊ ကုသိုလ်အရိုး၊ အမျိုးမျိုးကို၊ ကြိုးကြိုးစားစား၊ ပြုတုံငြားက၊ ဆယ်ပါးပုည၊ အာနေဉ္ဇဟု၊ ဘဝနိုးရင်း၊ ပွားတုံလျင်းသည်။ ။ ဝဋ်ခင်း, ဝဋ်နွယ် ရှည်သတည်း။

၍လက်ဝဲပုဒ်၌။ ။'ဗောဓိရတနာ၊ ယာဉ်စကြာ' ဆိုသည်ကား-သစ္စာလေးပါးကို ထိုးထွင်း၍ သိနိုင်သော အရဟတ္တ မဂ်ဉာဏ်တော်ကြီးကို ဆိုသည်၊ ဘဝသုံးပါး ဆိုသည်ကား-ကာမ ဘဝ,

ရူပဘဝ, အရူပဘဝ-ဤသုံးပါးကို ဆိုသည်။ ခြင်းရာထုပ္ပတ်ဆို သည်ကား-ဖြစ်ပုံအခြင်းအရာ အထုပ်အပိုက်ကိုဆိုသည်။

'အမှန်လေးချက်၊သစ္စာနှစ်ကို၊ ဖုံးဝှက်ကွယ်ကာ၊အဝိဇ္ဇာ' ဆိုရာ၌-ဒုက္ခ သစ္စာ,သမုဒယသစ္စာ,နိရောဓသစ္စာ,မဂ္ဂသစ္စာ-ဤလေး ပါးကို အမှန်လေးချက်ဆိုသည်၊ထိုလေးပါးတို့သဘောသည် အလွန် နှက်နဲတို့, ထိန်ခိုင်ခဲတို့, ဖြင်ခိုင်ခဲတို့။ ထိုသို့ နှက်နဲသော သဘော လေး ချက်ကို အဝိဇ္ဇာသည် ဖုံးလွှမ်း၍နေတို့, သို့ဝှက်ကွယ်ကာ၍နေ၏။ ထိုသို့နေသောအဝိဇ္ဇာကို ဟာတမဆိုသည်။ အထုအထည် ကြီး ကျယ်လှစွာသော ဖြောင်လုံး,ဖြောင်ခဲကြီးဆိုလိုသည်၊ သတ္တဝါတို့၏ စိတ်အစဉ်၌ ထိုဖြောင်လုံး, ဖြောင်ခဲကြီး ကိန်းဝပ်၍ နေသည်ကို ဖြောင်ကြီးကျ၏ ဟုဆိုသတည်း။ပုထုဇဉ်သတ္တဝါတို့၏ စိတ်ထဲမှာ ထိုဖြောင်ခဲတိုက်ကြီး ကိန်းဝပ်တည်ထောင်၍ နေသောကြောင့် အ ပုညာဘိသင်္ခါရ, ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ-ဟုဆိုအပ် သောသင်္ခါရတရားသုံးပါးဖြစ်ပွားကာနေကြသည်၊'ဘဝဖြုံသိုက်၊ ဂိုန်ဂိုန်အိုက်သား၊ အမှိုက်မိုးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အ ကြောင်းပြု၍၊ အကုသလ၊မွေညစ်ဆိုး၊ အပြစ်မျိုးကို၊ တိုးကြိုးငင်း ပမ်း၊နှစ်ဉီထမ်းသည်၊ပါယ်လမ်းဗိစာ၊အပုညနှင့်' ဤ-၁၃-ပုဒ်ဖြင့် အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရဖြစ်ပုံကို ပြသည်။

'ဘဝနောင်ခါ၊ သံသရာ၌၊လ၊ ဆယ်ပါးပုည၊ အာနေဉ္ဇဟု' ဤ ၁၄-ပုဒ်တို့ဖြင့် အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိ သင်္ခါရ-နှစ်ပါးဖြစ်ပွါးပုံကိုပြသည်၊အဝိဇ္ဇာကြောင့် ထိုသင်္ခါရသုံး ပါးတို့၏ ဖြစ်ပွားပုံကို အကျဉ်းအားဖြင့်ဂင်း, အလတ်အားဖြင့်ဂင်း, အကျယ်အားဖြင့်ဂင်း ထင်ရှားသိသာအောင်ပြပေအံ့။ ။ယခုမျက် ဖြင် ထင်ရှားရှိနေသော ကိုယ်ခန္ဓာစုသည် ဒုက္ခသာအမှန်ဖြစ်၏။ ။ ထိုသို့ဖြစ်သော်လည်း အဝိဇ္ဇာ ဟူသောမြောင်ခေတ်ကြီး ဖုံးဝိတ် ကွယ်ကာ၍ ထားသောကြောင့် ဒုက္ခအနေအားဖြင့် မထင်နိုင်ကြဲ, မမြင်နိုင်ကြဲ၊သုခအနေအားဖြင့်သာ ထင်ကြဲ, မြင်ကြသည်။ သုခအ နေအားဖြင့်သာ ထင်ကြဲ,မြင်ကြသောကြောင့်၊ငါ့ကိုယ်,ငါ့ကိုယ်ဟူ

ခင်ကြွ,မင်ကြွ,စွဲလမ်းကြသောကြောင့် ယခုမျက်မြင်ထင်ရှားရှိနေသော ဤကိုယ်ခန္ဓာအတွက်နှင့် သို့အသက်ကို သတ်ခြင်း,သူ့ဥစ္စာကိုခိုးယူခြင်း-အစရှိသော ဒုစရိုက်ဆယ်ပါးကိုပြုနိုင်ကုန်ကြသည်၊ ထိုဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကို အပုညာတိသင်္ခါရဆိုသည်။ ။အဝိဇ္ဇာကြောင့် အပုညာတိသင်္ခါရတရား ဖြစ်ပွါပုံ အကျဉ်းပြုချက်ပြီး၏။

နောင် အနာဂတ်ဘဝ၌ ဖြစ်ရလတ္တံ့သော လူ ခန္ဓာ, နတ်ခန္ဓာစသည်လည်း ဒုက္ခသာအမှန်ဖြစ်၏၊ ထိုသို့ ဖြစ်သော်လည်း အဝိဇ္ဇာဟူသော မှောင်ခိုတ်ကြီး ဖုံးပိတ်ကွယ်ကာ၍နေသောကြောင့် ဒုက္ခအနေအားဖြင့် မထင်နိုင်ကြ, မမြင်နိုင်ကြ၊ သုခ အနေအားဖြင့်သာ ထင်ကြ,မြင်ကြရသည်၊သုခအနေအားဖြင့်သာ ထင်ကြမြင်ကြသောကြောင့် ယခုခန္ဓာပျက်ဆုံးလျှင် ကောင်းမြတ်ရာ ဘုံဘဝ၌ အသစ်သော လူ့ခန္ဓာ,နတ်ခန္ဓာကိုရလိုသောအတွက်ကြောင့် ဒါန, သီလ-အစရှိသော သုစရိုက် ဆယ်ပါး-ကုသိုလ်တရား တို့ကို ကြိုးကြိုး, စားစား အားထုတ်ကြကုန်သည်။ ထိုသုစရိုက်ဆယ်ပါး-ကုသိုလ်တရားတို့တွင် ကာမကုသိုလ်တရား, ရူပကုသိုလ် တရားတို့ကို ပုညာတိသင်္ခါရဆိုသည်၊အရူပကုသိုလ်တရားတို့ကို အာနေဉ္ဇာတိသင်္ခါရဆိုသည်။အဝိဇ္ဇာကြောင့် ပုညာတိသင်္ခါရတရား,အာနေဉ္ဇာတိသင်္ခါရတရား-နှစ်ပါးတို့ ဖြစ်ပွားပုံကို အကျဉ်းပြုချက် ပြီး၏။

ယခုမျက်မြင်ထင်ရှားရှိနေသော ဤကိုယ်ခန္ဓာစမှာ ဒုက္ခအချက်အနက်လေးပါး ထင်ရှားရှိ၏။ ။ပဋိသန္ဓေ၊ ပဋိသန္ဓေ တည်နေသည်မှ သေနေ့ကျအောင်:အရွယ်တွေ့ဘေးရန်, ဗဟိဒ္ဓ ဘေးရန်တို့သည် တရံမစဲ၊ အမြဲကျဉ်းကြပ်၊ ညှဉ်းပန်းအပ်သော ဒုက္ခသဘော။ သန္တတ၌၊ ဝတ်မှု,စားမှု အစုရုတို့ဖြင့် ပြုစုမွေးမြူခံသော ဒုက္ခသဘော၊ သန္တာန၌၊ ညောင်းမှု,ညာမှု,နာမှု,ကျင်မှုအစုရုတို့ဖြင့် တရံမစဲ၊ အမြဲပူပန်သော ဒုက္ခသဘော၊ဝိပရိဏာမဓမ္မတာ၊ ယနေ့တပုံ၊နက်ဖြန်တကွဲ၊ အနဲနဲလျှင်၊ ဖောက်လဲ, ဖောက်ပြန် ဖြစ်တတ်သော ဒုက္ခသဘော၊ ဤကား-သူသူ, ငါငါ ကိုယ်ခန္ဓာ၌ ထိသာ ထင်ရှားသော

ဒုက္ခအချက် အနက်လေးပါးပေတည်း။ ။လွန်လေပြီးသောခန္ဓာစု, နောင်ဖြစ်လတ္တံ့သောခန္ဓာစုတို့မှာလံ့လည်းပြဆိုခဲ့ပြီးသောဒုက္ခအချက် အနက်လေးပါး ထင်ရှားရှိကြသည်သာတည်း။

ပိပိသန္တာန်တွင် ထင်ရှားရှိနေသော လောဘတဏှာမှာ သမုဒယအချက်အနက်လေးပါး ထင်ရှားရှိပေ၏။ ။အားယူဟန်ဖြော၊ ဒုက္ခဝတ္ထု၊ ဒုက္ခမှတ်ချက်ပုံးထက်, ပုံးအောင်, များထက်, များအောင်၊ အားထုတ် စုဆောင်းခြင်း-ဟူသော သမုဒယသဘော၊ နိဒါနဖြော၊ ဒုက္ခဝတ္ထု၊ ဒုက္ခမှတ်ချက်ကို မပြတ်မစဲ အမြဲဆောင်နှင်းခြင်း-ဟူသော သမုဒယသဘော။ သံယောဇဉ်ဖြော၊ သူသူ, ငါငါ၊ သတ္တဝါနှင့်၊ သံသရာစိုးပွား၊ ဤနှစ်ပါးကို၊ အခိုင်အမြဲယှဉ်တွဲ ဖွဲ့နှောင်ခြင်း-ဟူသော သမုဒယသဘော။ပလိဗောဓဖြော၊ဒုက္ခဝဋ်မှမလွတ်ရအောင်နှောင့်ရှက်တတ်သော သမုဒယသဘော။ ။လောဘတဏှာများမှာ ထင်ရှားရှိနေသော သမုဒယအချက်အနက်လေးပါးပြီး၏။

ဒုက္ခအချက်အနက်လေးပါးကို ကောင်းကောင်းမြင်မှ ဤကိုယ်ခန္ဓာကို စွန့်ပစ်နိုင်သည်၊သမုဒယအချက်အနက်လေးပါးကို ကောင်းကောင်းမြင်မှ တဏှာလောဘကိုပယ်နိုင်သည်။ ဒုက္ခအချက်အနက်လေးပါးထင်ရှားရှိနေသောကြောင့် ဤကိုယ်ခန္ဓာကို 'ဘဝမြို့ဆိုက်၊ ရှိနိုရှိနိုအိုက်သား၊ အမှိုက်မိုးစာ၊ဤခန္ဓာ'ဟု ဆိုပေသည်၊ ဤကိုယ်ခန္ဓာ၌၊ ဒုက္ခအချက် အနက်လေးပါးကို ထင်ရှားအောင် မပြင်ကြသောကြောင့် ဤကိုယ်ခန္ဓာ အတွက်နှင့် ဒုစရိုက် ဆယ်ပါး-အကုသိုလ်တရားတို့ကို ပြုနိုင်ကြသည်၊ နောက်ဘဝ၌ ဖြစ်ခဲလတ္တံ့သော လူ့ခန္ဓာ,နတ်ခန္ဓာတို့၌ ဒုက္ခအချက်အနက်လေးပါး ထင်ရှားရှိနေသောကြောင့်'ဘဝနှောင်ခါ၊သံသရာ၌၊ လူ့ရွာ,နတ်ငြမ်း၊စည်းစိမ်သွမ်း'ဟု ဆိုပေသည်။ ။အသတ်ပြချက်ပြီး၏။

ဤကိုယ်ခန္ဓာ၌ စက္ခုဟူသော အမြင်ဓာတ် တရ, သောတဟူသောအကြားဓာတ်တရ, ဃာနဟူသော အနံ့ဓာတ်တရ, ဇိဝှါဟူသောအရသာကိုသိမှုဓာတ်တရ, ကာယဟူသောအတွေ့, အထိကို သိမှုဓာတ် တရ, မနောဟူသော အကြံ အစည်ဓာတ် တရ-

ဤခြောက်ရသော ဓာတ်တို့သည် အသိုး, အသိုး ဒုက္ခအချက်အနက် လေးပါးစိ ဂိုကြကုန်၏။ ငါဖြင်သည်ဟု ဖြစ်သော ဇာတ္တာသည် စက္ခုဒ္ဓါတ္တုယ်တာသောတဏှာမည်၏။ ငါကြားသည်ဟု ဖြစ်သော တဏှာသည်သောတဒ္ဓါတ္တုယ်တာသောဘဝတဏှာမည်၏။ ငါနံသည်ဟု ဖြစ်သောတဏှာသည် ဃာနဒ္ဓါတ္တုယ်တာသော တဏှာမည်၏။ ငါအရသာကိုခံစားသည်ဟု သိသောတဏှာသည် ဇိဝှါဒ္ဓါတ္တု တွယ်တာသော တဏှာမည်၏။ ငါထိတွေသည်, ငါထိသည်ဟုဖြစ်သောတဏှာသည် ကာယဒ္ဓါတ္တုယ်တာသော တဏှာမည်၏။ ငါကြံသည်, ငါသိသည်ဟုဖြစ်သော တဏှာသည် မနောဒ္ဓါ တွယ်တာသောတဏှာမည်၏။ ဤခြောက်ပါးသော တဏှာတို့သည်အသိုး, အသိုးသဖုဒယအချက်အနက် လေးပါးစိ ဂိုကြကုန်၏။ ဒုက္ခအချက် အနက်လေးပါးကို ကောင်းစွာဖြင်မှ စက္ခုမှကို ကြောက်ဝတ္တုယ် ထင်နိုင်သည်, သောတမှကို ကြောက်ဘွယ်ထင်နိုင်သည်, ဃာနမှကိုကြောက်ဘွယ်ထင်နိုင်သည်, ဇိဝှါမှကိုကြောက်ဘွယ်ထင်နိုင်သည်, ကာယမှကိုကြောက်ဘွယ်ထင်နိုင်သည်, မနောမှကို ကြောက်ဘွယ်ထင်နိုင်သည်။ စက္ခု, သောတ-စသော ထိုခြောက်ပါးကို ကြောက်ဘွယ်, လန့်ဘွယ်ဟု ထင်နိုင်မှ ထိုခြောက်ပါးကို တွယ်ဘာသော တဏှာ ခြောက်ပါးကိုလည်း ကြောက်ဘွယ်, လန့်ဘွယ် အနေ ထင်နိုင်သည်။ ယခုမျက်မြင်တွင် ထင်ရှားရှိသော ဓာတ်ခြောက်ပါး, တဏှာခြောက်ပါးတို့၌ ဖုံးလွှမ်း ကွယ်ကာသော အဝိဇ္ဇာ အတွက်ကြောင့် စက္ခု-စသော ဓာတ် ခြောက်ပါးကို ခင်တွယ်၍ ပါဏာတိပါတ-စသော အပုညာတိသင်္ခါရတို့ကို ပြုကြသည်။ အနာဂတ်ဓာတ်ခြောက်ပါးကိုခင်တွယ်၍ နောက်နောင် အသစ်ဖြစ်ပွါးရခြင်းအကျိုးငှါ ဒါန, သီလ-စသော ပုညာတိသင်္ခါရ, အာနေဉ္ဇာတိသင်္ခါရများကို အားထုတ်ကြသည်၊ အကျယ်ပြချက်ပြီး၏။

၂-သင်္ခါရပစ္စယာ ဝိညာဏံ၊
ဆောင်ပုဒ်။

ဝဋ်ခင်း, ဝဋ်နွယ်၊ ရှည်ကြောင်းရှယ်သား၊ ဆယ်ဖြာပုည၊ အပုည နှင့်၊ ဘဝနိမ်းရင်း၊ ပွါးတုံလျင်းသေဘ်။ လေးသင်းပါယ်ရွာ၊ အဖြာဖြာလျှင်၊ ဖြဟ္မာလူနတ်၊ ဘုံသုံးရပ်နှိုက်၊ ဓာတ်ပဓာန၊ ပြဓာန်းလှသား၊ ဒွါရသခင်၊ ခြောက်ဝိညာဉ်ဟု၊ အရှင်ဓာတ်မင်း၊ ပေါ်တုံလျင်း၍၊ ကိုယ်တွင်းကိုယ်ပြင်၊ ထွက်ဝင်တံခါး၊ အင်ခြောက်ပါး၌၊ အများရုပ်နာမ်၊ အတန်တန်လျှင်၊ ဝန်းရံဖြိုးဖြိုး၊ အမျိုးမျိုးကို၊ အုပ်စိုးဆောင်ရွက်၊ လျှမ်းလျှမ်းတက်လျှင်၊ ထက်မျက်တေဇာ၊ သူ့ရှိန်ဝါကြောင့်၊ ငါငါ, သူသူ၊ လူဘဲနတ်ဘဲ။ အဆင်လွဲလျက်၊ ငရဲအပါယ်၊ အသွယ်သွယ်လျှင်၊ ဝဋ်နွယ်ရှည်လျား၊ တမားမားသည်။ ။ခြောက်ပါးဝိညာဏ်စွမ်းရည်တည်း။ ။

ဒုစရိုက်ဆယ်ပါး တည်းဟူသော အပုညာဘိ သင်္ခါရတရားပွါးများသည့် အတွက်ကြောင့် နောင်ဘဝ၌ အပါယ်လေးဘုံတွင် ဝိညာဏ်ဟူသော ပဒေသနဓာတ်တရ ဖြစ်ပေါ်မြဲ၊ သုစရိုက်ဆယ်ပါး တည်းဟူသော ပုညာဘိသင်္ခါရတရား ပွါးများမှုကြောင့် နောက်ဘဝ၌ လူ့ဘုံ, နတ်ပြည်ခြောက်ထပ်, ရူပဘဆဲငါးဘုံ-ဤနှစ်ဆဲ့နှစ်ဘုံတွင် ဝိညာဏ် ဟူသော ပဓာနဓာတ် တရ ဖြစ်ပေါ်မြဲ၊ အရူပကုသိုလ် သေးသေးဟူသော အာနဉ္စာဘိသင်္ခါရတရား ဖြစ်ပွါးမှုကြောင့် နောက်ဘဝ၌ အရူပဒေသဘုံတွင် အရူပဝိညာဏ် ဟူသော ပဓာနဓာတ်တရ ဖြစ်ပေါ်မြဲ၊ စိတ်ကိုပင်ဝိညာဏ်ဆောင်သည်၊ ထို ဝိညာဏ်ကိုပင်လျှင် စက္ခု, သောတ-အစရှိသော ဒွါရခြောက်ပါး တို့၌ အကြိုးအကဲဖြစ်ပေါ်၍ 'ဒွါရသခင်၊ ခြောက်ဝိညာဏ်' ဆိုသည်၊ 'အရှင်ဓာတ်မင်း' လည်းဆိုသည်၊ ထိုဝိညာဏ်ကိုပင်လျှင် ဗဟု, ဝေဒနာ-စသော နာမ်အာဟပါင်း, ရုပ်အာဟပါင်းတို့ ဝန်းဝိုင်းခြံရံကြွေရက်နှံသည်း ထိုဝိညာဏ်ဟူသော အရှင်သခင် ဓာတ်မင်းသည်ပင်လျှင် ဖြင်ခြင်း, ကြားခြင်း-အစရှိသော အမှုမျိုးတို့ကို အုပ်စိုး, ဆောင်ရွက်ပေသည်။ ထိုဝိညာဏ်ဟူသော ဓာတ်မင်းသည်ပင်လျှင် တရုတသော ကိုယ်းကောင် အတွင်းခွံလျှမ်းလျှမ်း, ထက်ဖြက်သောတန်းခိုး၊ တဇာ

အဂ္ဂိန်အဝါဝင်္ဆဖြင့်သွားခြင်း,လာခြင်း,ပြောဆိုခြင်း,ပြုခြင်း,မှုခြင်း-အစရှိသော ကိစ္စတို့ကို ပြည့်စုံ ပြီးစီးစေသည် ဖြစ်၍ ဇုဋ္ဌိလ်တဲ့, သတ္တဝါတဲ့,ငါတဲ့,သူတဲ့,မိန်းမတဲ့,ယောကျ်ားတဲ့-အစရှိသည်ဖြင့် အထင်အယူ မှောက်မှားခြင်းအပါယ်ဆေးပါးမှာလွတ်နိုင်၊ သံသရာမှ မလွတ်နိုင်၊ဝဋ် နွယ်ရှည်လျားတမျှားများနုံကြရသည်ဟူလိုသည်၊

ဝိညာဏ်ခြောက်ပါးဆိုသည်ကား-စက္ခုဒွါရမှာ ဖြစ်ပေါ်သော စက္ခု ဝိညာဏ်တပါး, သောတဒွါရမှာ ဖြစ်ပေါ်သော သောတ ဝိညာဏ်တပါး, ဃာနဒွါရမှာဖြစ်ပေါ်သော ဃာနဝိညာဏ်တပါး, ဇိဝှါဒွါရမှာဖြစ်ပေါ်သော ဇိဝှါဝိညာဏ်တပါး, ကာယဒွါရမှာ ဖြစ်ပေါ်သော ကာယဝိညာဏ်တပါး, ဟဒယဝတ္ထုမှာ ဖြစ်ပေါ်သော မနောဝိညာဏ်တပါး-ဤခြောက်ပါးတည်း၊

၃-ဝိညာဏပစ္စယာ နာမရူပံ၊

ဆောင်ပုဒ်။

ခြောက်ပါးဝိညာဉ်၊စွမ်းရည်အင်ကြောင့်၊မိုးတွင်ရှိန်ဝါ၊ ထက်ကြပါသို့၊ မကွာတူကွ၊ ဖြစ်ပေါ်ကြသား၊ ဖဿ,ဝေဒနာ၊ စေတနာနှင့်၊ သညာ,ဝိတက်၊ ရောင်စုံယှက်သည့်၊ အမျက်ကြောင့်ဝယ်၊ ကြိုးစုံခြယ်သို့၊ အသွယ်အသွယ်၊ အနွယ်နွယ်လျှင်၊ ဆန်းကြယ်စွာလှ၊ နာမ်ကာယနှင့်။ဘူတဟူပေ၊ မြေ,ရေ,လေ,မီး၊ဓာတ်ကြီးလေးတန်၊ အမာခံလျက်၊ အရံရုပ်သေး၊နှစ်ဆဲ့လေးနှင့်၊ပေါင်းထွေးမျှညီ၊အဋ္ဌဝိသ၊ရုပ်ကာယဟု၊ နာမရူပ၊ ဓမ္မအပြား၊ ဤနှစ်ပါးလည်း၊ ထင်ရှားစုံစွာ၊ ပေါ်တုံလာ၍၊ နှာနှာကာယ၊ အနန္တလျှင်၊ရူပရုပ်ဟန်၊သဏ္ဌာန်အမူ၊ ဇာတ်မတူသည့်၊ လူအရုပ်ရုပ်၊ နတ်အထွေထွေ၊ ရေမျိုး,ကုန်းမျိုး၊ ကောင်း,ဆိုးယုတ်ညံ့၊ အုကန့်ကန့်လျှင်၊ခြားသနဲ့ပေါ်ယယ်၊ သောသော ကြွယ်သည်။ ။နှစ်သွယ်နာမ်ရုပ်စွမ်းရည်တည်း။ ။

နောင်ဘဝ၌ ဝိညာဏ်ဟူသော ပဓာနဓာတ်မင်းဖြစ်ပေါ်လျှင် ဖဿ,ဝေဒနာ,စေတနာနှင့်သညာ,ဝိတက်-အစရှိသောစေတသိက်တရားတည်းဟူသော နာမ်, မဟာဘုတ်လေးပါး-အစရှိသောရုပ်-

ဤနာမ်, ရုပ်တရားနှစ်ပါးတို့သည် ထိုဝိညာဏ်နှင့်ပင်ထက်ကြပ်တွ
ကွ ပေါ်ကုန်ကြသည်၊ ။ဥပမာကား-ကြီးစွာသော မိုးတောက်
ကြီးတခုတောက်လိုက်လျှင်ထိုမိုးတောက်မှအဝေးအနီးထွက်သော
အဂ္ဂိန်, အရောင်, အဝါတို့သည် ထိုမိုးတောက်နှင့်တပြိုင်နက် ဖြစ်ပေါ်
သကဲ့သို့တည်း၊ တပြိုင်နက်ဖြစ်ပေါ်ပုံဥပမာ-'အမျက်ကြောင်စယ်၊
ကြိုးစုံခြယ်သို့' ဟူသောဥပမာ၌ ဝေဟင်္ဂလေးတောင်ရှိ ကျောက်မျက်ရဲ
ကျောက်ကြီးမှာ အနီ, အဝါ-စသော ကြိုးပေါင်း-အရာမက ခြယ်
လယ်လျက် ရှိသကဲ့သို့ စိတ်ဝိညာဏ်မှာလည်း စေတသိက်နာမ်
တည်းဟူသောကြိုးတို့ဖြင့် ခြယ်သယ်သည်။ ။'အသွယ်, အသွယ်၊
အနွယ် နွယ်လျှင်၊ ဆန်းကြယ်စွာလှ၊ နာမ်ကာယ' ဆိုသည့်ကား-
ဖဿ, ဝေဒနာ-စသော၊ဝိတက်, ဝိစာရ-စသော၊ပေါဟ, အဟိရိက-
စသော၊ သဒ္ဓါ, သတိ-စသော စေတသိက်တို့ကိုပင် နာမ်ကာယဆို
သည်၊ ။'အရုံရုပ်သေး၊နှစ်ဆဲ့လေး'အရေကို ရုပ်ပိုင်းအတိုင်း ဥပါဒါ
ရုပ်နှစ်ဆဲ့လေးကိုပင် ဆိုသည်၊ဘူတရုပ် လေးခု, ဥပါဒါရုပ် နှစ်ဆဲ့
လေးခု, ပေါင်းရုပ်အဋ္ဌဝိသကို ရုပ်ကာယ ဆိုသည်၊ ဤရုပ်ကာယ
ထင်ရှားပေါ်သောအတွက်ကြောင့်ကိုယ်အမျိုးမျိုး, ခေါင်းအမျိုးမျိုး
အစရှိသော ရေနေသတ္တဝါ အနွန်, မြေနေသတ္တဝါ အနွန်, ကောင်း
ကင်နေသတ္တဝါအနွန်-ဟုဂိုးနကြီရမည်၊ သဒ္ဓါ, သတိ-အစရှိသော
ကောင်းမြတ်သောနာမ်စု, မောဟ, အဟိရိက-အစရှိသောမကောင်း
သောနာမ်စု-ထင်ရှားပေါ်သောအတွက်ကြောင့်သူကောင်း, သူယုတ်
ဟူ၍ရှိကြသည်၊သဒ္ဓါ, သတိ, ဟိရိသြတ္တပ္ပ-အစရှိသောကောင်းသော
နာမ်တရား ဖြစ်ပွါးတည်နေသော သူကို သူတော်ကောင်း, သူဖြတ်
လောင်း-ခေါ် ကြရသည်၊ မောဟ, အဟိရိက, အနောတ္တပ္ပ-အစရှိ
သော မကောင်းသော နာမ်တရားဖြစ်ပွါးတည်နေသော သူကိုသူ
ယုတ်, သူဆိုး, သူမကောင်းဆိုသည်၊

၄-နာမရူပပစ္စယာ သဠာယတနံ။

ဆောင်ပုဒ်။

ထင်ရှားစေ့စုံ၊ အဖုံဖုံလျှင်၊ တည်တုံ နာမ်ရုပ်၊ ကိုယ်သမုတ်သား၊ အထုပ်အထယ်၊ ကြီးငယ်ကာယ၊ ပေါ်ပြန်ကလည်း။ ဒွါရတွင်မည့်၊ ဘိတ်ဘိတ်လည်သည်။ အကြည်ခြောက်မျိုး၊ ကိုယ်လုံးဖြိုးလျက်၊ အရိုးစီစဉ်၊ အမြင်စက္ခု၊ ကြားမှုသောတ၊ ဃာနအနံ၊ လျှာရန်ဖိုဋ္ဌ။ ကာယာတွေထိ၊ အံ့သိမနော။ မရောမရှက်၊ တလက်လက်လျှင်၊ အမျက်စိန်ရည်၊ လဲ့လဲ့ကြည်သို၊ ခြောက်မည်အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ အကုန်ထင်၍၊ ဤရှင့်, ဤလူ၊ ဤမူနေ, လ၊ ရူပသဏ္ဌာန်၊ အသံအမျိုး၊ အခိုးလှိုင်ပျံ့၊ ရနံ့ထိုထို၊ အချိုအချဉ်၊ ဤလျှင်အပူ၊ ဤမူအေး၊ အဲ့တွေး အသိ၊ ပြည့်စုံဘိ၍၊ ငါ၏ဤကိုယ်၊ ငါမင်းပျိုဟု၊ အဆိုအထင်၊ အမြင်မှောက်မှား၊ စိတ်နေကြွားဘို၊ တံခါး ခြောက်သင်း၊ ကိုယ်လုံးလင်းသည်။ ။ခြောက်သင်းဓာတ်မှန် စွမ်းရည်တည်း။

စေတသိက်အပေါင်းအစု ဟူသော နာမကာယ, ဖြေဓာတ်, ရေဓာတ်, မီးဓာတ်, လေဓာတ်-အစရှိသောရုပ်အပေါင်းဟူဆိုအပ်သော ရူပကာယ-၌နာမကာယ, ရူပကာယနှစ်ပါး ဖြစ်ပေါ်၍ အကောင်အထယ် ကြီးငယ်ကာယ ဖြစ်ပြန်သော အခါထိုကာယတို့ကိုတန်းဆာ ဆင်ဘိသကဲ့သို့ အာရုံခြောက်ပါးတို့ခံစားစံစားခြင်းငှါ ဒွါရ ခြောက်ပါးဟု ဆိုအပ်သောအာယတနခြောက်ပါး ထင်ရှားဖြစ်ပေါ်ရပြန်၏။ စက္ခုဟူသော အကြည်တပါး, သောတ ဟူသောအကြည်တဲ့ပါး, ဃာနဟူသော အကြည်တပါး, ဇိဝှါဟူသော အကြည်တပါး, ကာယ ဟူသော အကြည်တပါး, မနော ဟူသောအကြည်ထပါး-၌- ဓ-ပါးကို ဒွါရ ဓ-ပါးလည်း ဆိုသည်။ ဒွါရဆိုသော်သည်း- အာကာသ တံခါးပေါက်မျိုး ဖြစ်၍ဆိုသည် မဟုတ်, ဖနံတံခါး, မှန်တံခါးများကဲ့သို့ ဘိတ်ဘိတ်လည်သော အကြည်တံခါးမျိုးသာဖြစ်ပေသည်၊ ထိုကြောင့် "အမျက်စိန်ရည်၊ လဲ့လဲ့ကြည်သို့" ဟုဆိုပေသည်၊ စက္ခုအကြည်ကား-မျက်လုံးအိမ်တွင်းမှာ ပေါ်သည်။ သောတအကြည်ကား-နှားအိမ်တွင်းမှာပေါ်သည်၊ ဃာနအကြည်ကား-နှာခေါင်းအိမ်တွင်းမှာပေါ်သည်၊ ဇိဝှါအကြည်ကား-လျှာအပြင်မှာ

ပေါ်သည်၊ ကာယအကြည်ကား-တကိုယ်လုံးမှာ အနှံ့အပြားပေါ်သည်၊မနောအကြည်ကား-ရင်တွင်းဂို နှလုံးအိမ်တွင်းမှာပေါ်သည်၊ ဒွေ့အကြည်ငါးပါးကား-ရုပ်အကြည်ဈာနပေတည်း၊ အတုမဂို လျှမ်းလျှမ်းတောက်သော အကြည်ပေတည်း၊ ၊နေဝန်းသဏ္ဌာန်, လဝန်းသဏ္ဌာန်-စသော အဆင်းသဏ္ဌာန်ဟူသမျှသည်စက္ခုအကြည်, မနောအကြည်-ဤအကြည်နှစ်ချက်၌ တပြိုင်နက်အဂိုပ်, အသွင်တင်ပြရသည်'ထိုသို့တင်ပြသောအခါ ဤသည်ကား-နေဝန်းတည်း, ဤသည်ကား-လဝန်းတည်း-စသည်ဖြင့် ဖြင်ကြ, သိကြရသည်၊ ဓိုးသံ, လေသံ, စည်သံ, စောင်းသံ-အစဂိုသောအသံမျိုး ဟူသမျှသည် သောတအကြည်, မနော အကြည်၊ ဤအကြည် နှစ်ချက်မှာ တင်ပြရသည်၊ စံပယ်, စကား-အစဂိုသော အနံ့မျိုး, ငွေးပုပ်, လူပုပ်-အစဂိုသောအနံ့မျိုး-ဟူသမျှသည်ဃာနအကြည်, မနောအကြည်-ဤအကြည်နှစ်ချက်မှာ တင်ပြရသည်၊အချို, အချဉ် စသော အရသာမျိုး ဟူသမျှသည် ဇိဝှါအကြည်၊မနောအကြည်-ဤအကြည်နှစ်ချက်မှာ တင်ပြရသည်၊အပူ, အချမ်း, အကြိုင်း, အနှံ-ဟူသော ဖောဋ္ဌဗ္ဗရုံမျိုး ဟူသမျှသည် ကာယအကြည်, မနောအကြည်၊ ဤအကြည် နှစ်ချက်မှာ တင်ပြရသည်၊ ကြွင်းသမျှသောကုသိုလ်, အကုသိုလ်စိတ်, စေတသိက်-အစဂိုသောဓမ္မာရုံနှင့်အာရုံးခြောက်ပါးဟူသမျှသည် မနောအကြည်သက်သက်မှာအဂိုပ်အသွင်တင်ပြရသည်၊ထိုသို့ တင်ပြသောအခါမှ မည်သည့်ဝတ္ထုကို ငါဆိုသည်, မည်သည့် အမှုကို ငါဆိုသည်-ဟုဖြစ်ကြသည်၊ထိုသို့ဖြစ်ကြသည်ကိုစွဲ၍ဒေါသတရား, မာနတရားတို့ဖြင့် ငါ, ငါ, ငါ, ငါဟု ထောင်ထောင် လွှားလွှား ဖြစ်ပွါးကြရသည်၊

၅-သဠာယတနပစ္စယာ ဖဿော၊

ဆောင်ပုဒ်။

မာတ်မှန်အကြည်၊ခြောက်မျိုးတည်က၊ ခြောက်မည်အာရုံ၊အလုံးစုံလည်း၊ ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ ကိုယ်လုံးထင်၍၊ ဝိညာဉ်ခြောက်

ဆင့်၊ဖွါးဖွါးပွင့်က၊ နှိုင်းသင့်တူမျှ၊ပမာပြမူ၊သိကြွေးစက်ရှိန်၊လက်လက်ထိန်သား၊ဝရဇိန်သွား၊ ရွှပ်ရွှပ်ဝါးသို၊ခြောက်ပါးဖသား၊ ဖြုန်းဖြုန်းထဲ၍၊ ရသခြောက်မည်၊ အာရုံရည်ကို၊ကြိတ်နည်းသောအား၊ တွေ့ထိခြားက၊ ဤကားဇာဋ္ဌ၊ အနိဋ္ဌနှင့်၊ဤမျှမဇကောင်း၊ဤမျှကောင်းဟု၊အကြောင်းသွေးဆော်၊အရေးပေါ်လျက်၊ခြောက်ဘော်အာရုံ၊ရသဂုဏ်တို့၊ အကုန်ပေါ်ထွက်၊ ရွှန်းရွှန်းဘက်၍၊ မက်ဘွယ်,မုန်းဘွယ်၊ အနှုန်းချယ်သည်။ ။ ခြောက်သွယ်ဖသာ စွမ်းရည်တည်း။

ဗဟိဒ္ဓဖြစ်သောပဒေသာတိဖနဲကြည့်,မှန်ကြည့်တို့၌နေစန်းသဏ္ဌာန်, လဝန်းသဏ္ဌာန်-စသည်တို့သည် တင်ပြရကုန် သကဲ့သို့ ဤကိုယ်ခန္ဓာ၌ ဂိုသော စက္ခု၊ စသော ကမ္မဇဝေါတ်မှန် အကြည်ခြောက်ပါးတို့၌သည်း နေဝန်းသဏ္ဌာန်, လဝန်းသဏ္ဌာန်, မိုးသံ, လေသံ-အစဂိုကုန်သော အာရုံခြောက်မျိုးတို့၏ အာသွင်သဏ္ဌာန်တို့သည် တင်ပြရကုန်သည်၊ ဒိုက်တိုက်ကြီကုန်သည်ဂိုသော် တင်ပြ, ဒိုက်တိုက်ကြီရာ ဌာန၌ ဝိညာဏ်တို့သည် ဖြစ်ပေါ်ကြီကုန်၏၊ တိမဝတိုက်နှစ်ခုတို့ နှပ်ကြီရာ၌ သျှပ်ရောင် ဖြစ်ပေါ်ကြသကဲ့သို့ရင်း, ကျောက်နှင့် မိုးခတ် ခတ်ရာ၌ မိုးပွင့်,မိုးပွားဖြစ်ပေါ်သကဲ့သို့ရင်း မှတ်၊ အာတွင်းဓာတ်မှန်အကြည်-ဘ၊ ထိဓာတ်မှန် အကြည်တွင် တင်ပြသောအပအာရုံ-ဘ၊ ထိနှစ်ပါး အထိအဂိုက်တွင် ဖြစ်ပေါ်သော ဝိညာဏ်-ဘ၊ ထိသုံးပါးတို့ စည်းဝေးမှုကြောင့် ဖဿခြောက်ပါး ဖြစ်ပေါ်သည်၊ စက္ခုမှာ ဖြစ်ပေါ်သော စက္ခုဿဖဿ, သောတမှာ ဖြစ်ပေါ်သော သောတဿဖဿ, ဃာနမှာ ဖြစ်ပေါ်သော ဃာနဿဖဿ, ဇိဝှါမှာ ဖြစ်ပေါ်သော ဇိဝှါဿဖဿ, ကာယမှာ ဖြစ်ပေါ်သော ကာယဿဖဿ, မနောမှာ ဖြစ်ပေါ်သော မနောဿဖဿ-ဤကား ဖဿခြောက်ပါး ထိဖဿသည် မိမိနှင့် ပေါင်းဆုံမိသော အာဆင်း, အသံ-အစဂိုသော အာရုံခြောက်ပါးတို့၏ ကောင်းသော ရသဂုဏ်,မကောင်းသော ရသဂုဏ်တို့ကို ဖွါးဖွါး ပေါ်ထွက်အောင် ကြိတ်ဝါးထိခိုက်ပေ၏။ ။သည်ကို ရည်၍-'သိကြွေးစက်ရှိန်၊လက်လက်ထိန်သား၊ ဝရဇိန်သွား၊ ရွှပ်ရွှပ်, ဝါးသို့'ဟု ဆို၊ပသည်။ 'ရသ, ခြောက်မည်၊ အာရုံရည်'ဟူသည်ကား- အဆင်း ဟူသော ရူပါရုံ

မျာလည်းကောင်းသော ဇာတ်ရည, မကောင်းသောအနိဋ္ဌရသရှိသည်။ ထိုရသကိုပင် အာရုံရည်ဟု ဆိုသည်။အသံဟူသော သဒ္ဒါရုံ, အနံ့ ဟူသော ဂန္ဓာရုံ,အရသာ ဟူသော ရသာရုံ,အပူ,အချဉ်း၊ အကြမ်း, အနှေး, ထွေထိမှုဟူသော ဖောဋ္ဌဗ္ဗာရုံ, ကုသိုလ်, အကုသိုလ်-အဗျာကတ်သော မျှောရုံတို့မျာသည်း ထိုက်သည်အားလျော်စွာ ကောင်းသော ရသ,မကောင်းသောရသ ဂိုက်ကြကုန်သည်။ ဗသဲ ကြိုတ်နယ်၍ အာရုံ၏ ရသာ ပေါ်ထွက်သောအခါမှ ကောင်းသည်, မကောင်းသည်ကို စွဲ၍ ချစ်ခြင်း,သာယာခြင်း,မုန်းခြင်း, မသာယာခြင်း ဟူ သော အမှုဖြစ်ပွါးလေသည်။

၃-ဗသဲပစ္စယာ ဝေဒနာ။

ဆောင်ပုဒ်။

ဗသဲခြောက်သည်,သူ့စွမ်းရည်ဖြင့်၊ ကြိုတ်နည်သောအား၊ စက်ရှိန် ဝါး၏၊ခြောက်ပါးအာရုံ၊ မြေမြေတုန်လျက်၊ ခြောက်စုံရသ၊ အနိဋ္ဌနှင့်၊ ဇာဋ္ဌဟူသည်၊အရည်ဓိုးဓိုး၊ယိုထွက်စီးသော်၊ဓောတ်သီးခြောက်ဖြာ၊ဝေ ဒနာဟု၊ ထွေလာအထူး၊ထွက်ပေါ်မြူးခွံ၊ ခြောက်ဦး ရှုန်းစည်၊အာရုံ ရည်ကို၊ မည်မည်,ရရ၊ခံစံကြမှ၊သုဘ သုဘာ၊သာ,မသာနှင့်၊ ထွေလာ များတောင်း၊ ကောင်း,မကောင်းလည်း၊ ထောင်းထောင်း ပေါ်ပေါ်၊ သိထင်ပေါ်၍၊ကောင်းသော်စိတ်ဝမ်း၊ ဘိုတ်ဘိတ်လျှမ်းလျှင်၊ ရွှင်လန်း နှလုံး၊ စွင့်စွင့်ပြီး၏၊ မုန်းဘွယ်တွေက၊ ခြောက်သွေ့ နွမ်းညှိုး၊ နှလုံး ဆိုး၍။ အခိုးလူလူ၊ပွက်ပွက်ဆူမျှ၊ ပူပူပင်ပင်၊မရွှင်မလန်း၊ စိတ်ကုန်ခန်း ၏၊ချမ်းသာသုခ၊ဘခုမျှ၌၊လောကအထု၊ အကုန်စု၏၊ ပုပ္ပရွရွ၊မြင်သ မျှလည်း၊သုခတို့ချည်း၊ လုံလ သည်း၏၊ အရည်းသူမြတ်၊ပရမတ်ကို၊ ချန်လှပ်ထား၍၊အများလောက၊ရှိသမျှကို၊ဒုက္ခပွါးမှု၊များစွာပြုသည်။ ။ သုခဝေဒနာ စွမ်းရည်တည်း။

ဗသဲခြောက်ပါးတို့ ကြိုတ်နယ်မှကြောင့် အာရုံးခြောက်ပါးတို့ မှ ရသခြောက်ပါးပေါ်ထွက်သော အခါ ထိုရသကို ခံစားသောဝေ ဒနာ ခြောက်ပါးဖြစ်ပေါ်သည်း စက္ခုသမ္ဖဿဇာ ဝေဒနာ တပါး, သောတသမ္ဖဿဇာ ဝေဒနာတပါး,ဃာနသမ္ဖဿဇာ ဝေဒနာတ

ပါး,ဓိဝ္ဂါသမ္ဗဿဿာဝေဒနာ တပါး, ကာယသမ္ဗဿဿာဝေဒနာ ထပါး, မနောသမ္ဗဿဿာဝေဒနာ တပါး၊အဆင်းအာရောင်ဟူသော ရူပါရုံ၌ ကောင်းသော ဖြာ၌ရသ,မကောင်းသော အနိဋ္ဌရသနှစ်ပါးရှိသည်၊ထိုနှစ်ပါးကို ဝေဒနာသည် ခံစားခြင်း ကောင်းသည်ဟုထင်ရှားပေါ်လာ၏၊မကောင်းသည်ဟုထင်ရှား ပေါ်လာ၏၊ထိုသို့ ထင်ရှားပေါ်လာသည်ကို ဝေဒနာခံစားချက်ဆိုသည်၊သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ၌၌၌လည်းဟူထည်း၊ ။အကြောင်း သိသားပြု၊ 'ချမ်းသာသုခ၊တရမျှဋ္ဌ၊လောကအထူ၊ အကုန်ရုဏ်, ဆိုသည်ကား-လောကဋ္ဌအလုံးစုံသောသတ္တဝါအပေါင်းတို့သည်သုခကိုသာ၊တောင့်တကြ၏၊ သုခဝေဒနာကိုရလိုသော ဆန္ဒတရမှာ အကုန်ဆုံးကြ,ရုပ်ကြ၏ ဆိုလိုသည်။ "ပုပ္ပဂ္ဂ၊ မြင်သမျှလည်း၊ သုခတို့ချည်း၊လုံ့လသည်း၏" ဆိုသည်ကား,လောကဋ္ဌ ကိုယ်အမှု, နှုတ်အမှုတို့နှင့် နေ့နေ့,ည,ည,လုံ့လဥဿာဟပြုပြုသမျှသည်သုခတို့ချည်းအမှန်ဖြစ်၏၊ သုခကို ရလို၍ အသည်းအထန်ကြောင့်ကြစိုက်ကြ၏ ဟူလိုသည်၊ သစ္စာလေးပါး, ကိုသိမြင်ပြီးသော အရိယာပုဂ္ဂိုလ်တို့ကို "အရည်းသူမြတ်ပရဟတ်" ဆိုသည်၊သုခဝေဒနာသည် အရိယာပုဂ္ဂိုလ်တို့ကို ချန်လှပ်၍ ပုထုဇဉ်သတ္တဝါအပေါင်းတို့အား ဒုက္ခတရား ပွါးများမှုကို ပြု၏၊မိမိကိုယ် ချမ်းသာလိုသော အတွက်ကြောင့် သူ့အသက်ကို သတ်၍အပါယ်၌ကျကြရသည်၊ လောကဋ္ဌလည်း သုခကို လို၍ လွှဲထိုး,လွှတိုက်-စသော ဒုက္ခကို ခံကြရသည်၊ သုခဝေဒနာသည် နောက်ပုဒ်၌လာသတို့သော တဏှာဖြစ်ပွါးကြောင်းအားကြီးသော တရားဖြစ်၍ 'ချမ်းသာသုခ၊ တရမျှဋ္ဌ၊လောက အထူ၊ အကုန်ရုဏ်' အစရှိသော နောက်စကားရပ်ကို ဆိုပြန်ရသည်။

၇-ဝေဒနာပစ္စယာ တဏှာ၊

ဆောင်ပုဒ်။

သုခဝေဒနာ၊ စွမ်းရည်ဖြာ၍၊ ရသာမြိန်ရွှန်း၊ အစိမ့်မွန်းက၊ သွန်းသွန်းဆွဲကြ၊ထိုသုခ၌၊ ပိုယဟူသား၊ အချင်ပွါး၍၊ခြောက်ပါးဝေဒနာ၊

မြိန်ယှက်စွာကို၊ လွယ်ကာမနှေး၊ လိုတိုင်းပေးသည်၊သေဋ္ဌေးရတနာ၊ ပမာအလား၊ ကြင်မယားနှင့်၊ ဝတ်စားရွှေငွေ၊ လယ်, မြေ-လုပ်ခင်း၊ ထမင်း, ဘောဇဉ်၊ သဘင် ပွဲလမ်း၊ အဆန်းဆန်းတည့်၊ပန်းမျိုးနံ့သာ၊ အဖြာဖြာလျှင်၊ ရူပါရုမ္မဏ၊စသည် အပုံ၊ ပဉ္စာရုံနှင့်၊ ခြောက်စုံဖသာ၊ စက္ခုစသား၊ ဒွါရခြောက်မည်၊အကြည် အလင်း၊ ကိုယ်တွင်းဓာတ်နှုံ၊ အစုစုလျှင်၊ ဗဟုဘေဒါ၊ များပြားစွာသည်၊ ဓမ္မာရမ္မဏ၊ ကာမဝတ္ထု၊ အစုအပုံ၊ခြောက်အာရုံ၌၊ ခုံတမင်မင်၊ ခင်တမြားမြား၊ နေ့စဉ်ပွါး၍၊ တရားအချက်၊ သဒ္ဓာဒေါနက်ကို၊ အိပ်မက်တွင်မျှ၊ မမြင်ကြဘဲ၊ ကာမထောင်တွင်း၊ခန္ဓာကင်းသည်။ ။ခြောက်သင်းတံကျာစွမ်းရည်တည်း။

သုခဝေဒနာ ဖြစ်ပေါ်လာသော အခါ ထိုသုခဝေဒနာ၌၊ သာယာခင်မင်သောဘဏ္ဍာခြောက်ပါးသည် ဖြစ်ပွါး၏။ ရူပတဏှာတပါး, သဒ္ဒါတဏှာ တပါး, ဂန္ဓတဏှာ တပါး, ရသတဏှာတပါး, ဖောဋ္ဌဗ္ဗ တဏှာတပါး, ဓမ္မတဏှာတပါး၊ 'ကြင်မယားနှင့်၊ဝတ်စားရွှေငွေ၊ လယ်မြေ လုပ်ခင်း၊ထမင်းဘောဇဉ်၊ သဘင်ပွဲလမ်း၊ပန်းမျိုးနံ့သာ, အစဉ်အဆက်သားအာရုံငါးပါး၊ ဖသခြောက်ပါး, ဝေဒနာခြောက်ပါး,စက္ခု-စသော ဒွါရအကြည် ခြောက်ပါး, ထိုမှ ကြွင်းသောသဒ္ဓါ,စေတနာ, ပညာ, သတိ-အစဉ်သော ဓမ္မာရုံ၌အာရုံ ခြောက်ပါးသည် သုခဝေဒနာကို လိုတိုင်းပေးနိုင်သော သေဋ္ဌေးရတနာတွေနှင့် တူပေ၏၊ ထို့ကြောင့် သုခဝေဒနာကို သာယာလိုသော အတွက်ကြောင့် ထိုအာရုံ ခြောက်ပါးကိုပင် ခင်မင်တွယ်တာ ရှာဖွေစုဆောင်းကြံရသည်၊ထိုပဉ္စာရုံနှင့်ဓမ္မာရုံ၌အာရုံခြောက်ပါးကိုပင် ကာမဝတ္ထုအာဂုအပုံဆိုသည်။ ။အကြွင်းသိသာပြီ။

၈-တဏှာပစ္စယာဥပါဒါနံ။

ဆောင်ပုဒ်။

တဏှာ ခြောက်မည်၊ အရင်း တည်၍၊ အရှည် များလျား၊ အစဉ်ပွားက၊ လေးပါးအမှန်၊ ဥပါဒါန်လည်း၊ ခန္ဓာကာယ၊ အနုတ္တာနှင့်၊ ကာမအာရုံ၊အလုံးစုံကို၊ အကုန်နှိုးရင်း၊အစွဲပြင်း၏၊ အသင်းပွားများ။ သား, မယားက၊ စသည်ဖြာဖြာ၊ မဆုံးရာသား၊ ကာမဝတ္ထု၊ စွဲလမ်း

ဖြူသည်၊ ကာမုပါဒါန်၊ တဘန်ထို့ပြင်၊ မိန္ဆာညာဉ်ဖြင့်၊ အမြင်ယွင်းဘောက်၊အယူမှောက်သည်၊ ခြောက်ဆဲ့နှစ်ပါး၊ ပြားသည်ဒိဋ္ဌိ၊ တစိထိုမှ၊ ဂေါသီလကို၊ ဝဋ်မှထုတ်တတ်၊ စွဲထင်မှတ်သည်၊ သီလဗ္ဗတုပါဒါန်၊ ခန္ဓာငါးပါး၊ တရားအဇ္ဈ၊ ဓာတ်အနုကို၊ ကိုယ်ဟု စွဲကပ်၊ အမြဲမှတ်သည်၊ အတ္တဝါဒုပါဒါန်၊ အထန်အပြင်း။ အယူတင်း၍၊ ဝဋ်ခင်းဝဋ်နွယ်၊ ဝဋ်ပင်လယ်မှ၊ လွတ်ဘွယ်မအား၊ တမားမိုးသည်။ ။ လေးပါးဥပါဒါန် စွမ်းရည်တည်း။

တဏှာအစွဲအလမ်းသန်လှ၍ ဥပါဒါန်လေးပါးဖြစ်ပွားရသည်၊ ဥပါဒါန်လေးပါး-ဟူသည်ကား-ကာမုပါဒါန်တပါး, ဒိဋ္ဌုပါဒါန်တပါး, သီလဗ္ဗတုပါဒါန်တပါး, အတ္တဝါဒုပါဒါန် တပါး-ဤလေးပါးကို ဆိုသည်၊ထိုလေးပါးတို့တွင်ကာမုပါဒါန် ဟူသည်ကား-'ခန္ဓာကာယ၊ အဂ္ဂါတ္တနှင့်၊ ကာမအာဝုံ၊ အလုံးဝုံ၌၊ အကုန်နှိုးဝင်း၊ အစွဲပြင်း၏။အသင်းပွားမျာ၊ သားမယား၊ကာ၊ စသည်ဖြာဖြာ၊ မဆုံးရာသား၊ ကာမဝတ္ထု။ စွဲလမ်းပြုသည်၊ကာမုပါဒါန်' ဟူသည်နှင့်အညီ ဒိဒိ-ဒိဒိတို့၏ကိုယ်ခန္ဓာနှင့် တကွပစ္စည်းဥစ္စာ,ဓနာ ဂွေးငွေ,လယ်မြေ,ကွဲ,နွားသား, မယား,စသော ကာမဝတ္ထု၊တို့၌အပြင်း,အထန်စွဲလမ်းသော တဏှာသည် ကာမုပါဒါန်မည်၏၊ အပြင်း,အထန် စွဲလမ်းသော ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန်မည်၏၊ နွားတို့၏ အဖေ့အကျက်,ခွေးတို့၏ အဖေ့အကျက်-စသည်တို့ကို သံသရာမှ လွတ်ကြောင်းဖြစ်၏ဟု စွဲလမ်းမှုသည်သီလဗ္ဗတုပါဒါန်မည်၏၊ ဒိဒိ၏ခန္ဓာငါးပါးရုပ်,နာမ်တရားတို့ကို ငါ့ကိုယ်,ငါ့ကိုယ်-ဟု စွဲလမ်းမှုသည် အတ္တဝါဒုပါဒါန်မည်၏၊ တဏှာဖြင့် သာယာမှုဂိုဏ်းကြောင့် ဤဥပါဒါန်ထရားလေးပါး ဖြစ်ပွါးလေသတည်း။

၉-ဥပါဒါနုပစ္စယာ ဘဝေါ၊
ဆောင်ပုဒ်။

စွမ်းရည်ပြင်းထန်၊ ဥပါဒါန်ဖြင့်၊ ခန္ဓာဓမ္မ၊ကိုယ်ကာယဠ်၊အတ္တအစွဲ၊ မြကြီး,မြ၍၊ ရဲရဲ,ရင့်ရင့်၊ ကိုယ် အတွက်ကြောင့်၊ သက်သတ်,ခိုးမှု၊ စသည်ပြုလျက်၊ အကုသလ၊ ကမ္မဆယ်တန်၊ အပြစ်လျှံ၏။ တဘန်

နောက်နှောင်း၊ ငါလျှင်ကောင်းစိမ့်၊ အကြောင်းရည်ရော်၊အရှည်မြွှာ လျက်၊သူတော်မလေ့ ရသေ့ရဟန်း၊ လှူဒါန်းဝေငှ၊ပဉ္စင်္နှင့်၊ အဌင်္ဂအင်္ဂီ၊ ဒသဂိုတည့်။ လေးလိုပြုဟ္မ၊ ဝိဟာရစ္စာန်၊ဆယ်တန်ကသိုဏ်း၊ အလှိုင်း များစွာ၊ ဘာဝနာဟု၊ ဆယ်ဖြာပုည၊ ကုသလကို၊ လုံ့လကြိုးစား၊ ကောင်းမှုပွားဓ၏။ နှစ်ပါးကုသိုလ်၊အကုသိုလ်ဟု၊ထိုထိုဘဝ၊ဖြစ်သမျှ၌၊ ဗီဇပြည့်ဖြိုး၊ အမျိုးမျိုးကြောင့်၊ အကျိုးတရား၊ အရှည်ပွါးသည်။ ။ နှစ်ပါးဘဝ စွမ်းရည်တည်း။

ဤလက်ဝယ်ဒုန်၌း ၊အကုသလကမ္မပထဆယ်ပါး,ကုသလကမ္မ ပထဆယ်ပါးကို ဘဝဆိုသည်၊

၁၀-ဘဝပစ္စယာ ဇာတိ၊
ဆောင်ပုဒ်။

ဘဝစွမ်းရေ၊ ကံနှစ်ထွေကြောင့်၊ သဗ္ဗေသတ္တာ၊ သတ္တဝါတို့၊ဖြစ် ရာဘဝ၊ ဆုံးပြန်ကလည်း၊ ဧက,စတု၊ငါးခုခန္ဓာ၊ ကံချရာ၌၊ ဓမ္မတာ စစ်၊ သစ်တလဲလဲ၊ ဒုနဲနဲလျှင်၊ ဖြစ်မြဲဇာတိ၊ သန္ဓေငြို၍၊ တြိဘုံပြင်၊ နယ်တခွင်၌၊အစဉ်ပြည့်ပွါး၊ အစားစားလျှင်၊မားမား,မတ်မတ်၊ဇာတ် အမျိုးမျိုး၊ တန်းခိုးထင်တိမ်၊ ဂုဏ်သိမ်နိမ့်မြင့်၊ အကျင့် ဆိုးကောင်း၊ အပေါင်းများစွာ၊ သတ္တာဝါဟု၊ နာနာကာယ၊ ဖြစ်ပြန်ကြသည်။ ။ လေးဝဇာတိ စွမ်းရည်တည်း။

ဤသက်ဝယ်ဒုန်၌၊ ဥဒ္ဓကိန်းသောအဏ္ဍဇာမျိုး၊ သားအိမ်၌ ကိန်း သောဇာသဇုဇာမျိုး၊အညှို့,အပုပ်,အစေး,အကျိ၌ ကိန်းသောသံသေ ဒဇာမျိုး၊ ကိုယ်ထည်အပြိုးဖြစ်ပေါ်သော ညှပပါတ်ဂကမျိုး၊ ဤလေး မျိုးကို လေးဝဇာတိ ဆိုသည်၊

၁၁-ဇာတိပစ္စယာ ဇရာမရဏံ၊
ဆောင်ပုဒ်။

သန္ဓေဇာတ်၊ တဘန်ငြို၍၊ တြိဘုံသူ၊ အဆူဆူလျှင်၊ လူလူ,နတ်နတ်၊ မတ်မတ်,မားမား၊ ဖြစ်ပြန်ငြားသော်၊ သုံးပါးအရွယ်၊ အလယ်,အဆုံး၊ ရှိမြဲထုံးဖြင့်၊ အနှုန်းစဉ်စီ၊ သန္ဓေချိုက၊ နာရီဆင်သင့်၊ အဆင့်ဆင့်လျှင်၊

ရင့်မြ,ရော်မြ၊ တသဲသဲတည့်။ မစဲနွေ,ည၊ တရွရွလျှင်၊ ခဏသန္တာတို၊ ဒုဂ္ဂိဇရာ၊ နှစ်ဖြာလောင်မီး၊ ရှိန်ရှိန်,ညီးရှဲ၊ အကြီး, အငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်၊ အသွား,တွင်တွင်၊ မစဲနှင်၏။ လေးအင်သေမှု၊တခုခုလည်း၊ ဗဟုအန္တရာယ်၊အသွယ်သွယ်နှင့်၊ နှီးနွယ်ရုံးစည်း၊ တလုံးတည်းလျှင်၊ကြီးကြီး,ငယ်ငယ်၊အရွယ်မထောက်၊ အချိန်ရောက်က၊ချုပ်ပျောက်ခန္ဓာ၊မငြင်းသာသည်။ ။ဇရာမရဏာ စွမ်းရည်တည်း။

၅၂-သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿုပါယာသာ,သမ္ဘဝန်္တိ၊

ဆောင်ပုဒ်။

သန္ဓေဇာတိ၊ ခန္ဓာရှိက၊ဥာတိဘောဂ၊စသည်သင်းပင်း၊ ကွေကွင်းခြင်းနှင့်၊ မကင်းစသာ၊ ကြံကြိုက်လာသော်၊ ပူဆာသောက၊ ယူတဝိုင်ကြွေး၊ သက်မွေးဝန်ထမ်း၊ပူချမ်းဒုက္ခ၊အနိဋ္ဌကြောင့်၊ စိတ်ကမကြည်၊ မဆည်ငင်ရှိုက်၊ အလိုက် အလဲ၊ ဆင်းရဲငါးပါး၊ အကျဉ်းအားတည့်၊ ကျယ်ပွါးအနန္တ၊ တွေ့ကြုံရသည်။ ။မူလဇာတိအနှန်းတည်း။

၅၃-ဇဝဓမ္မတာသည် ကဝလသည် ဒုက္ခက္ခန္ဓသည် သမုဒဒေယာ ဟောတိ၊

ဆောင်ပုဒ်။

ဝဋ်သံသရာ၊ ဒုညီမင်းစွာ၌၊သူငါကစ၊ဖြစ်သမျှကား၊ သတ္တမဟုတ်၊ ဓာတ်မှန်ထုတ်သော်၊ နာဓိရုပ်နှစ်သင်း၊ အမြင်လင်းလော့၊ အရင်း အဝိဇ္ဇာ၊ဟိုမှဖြာ၍၊ဇရာမရဏာ၊အဆုံးကျသည်၊ဓမ္မအပြား၊ ဆဲ့နှစ်ပါးကို၊ ဤကားလူပင်၊ဤလျှင်နတ်ဘဲ၊အထင်လွဲလျက်၊တဝဲလည်လည်၊ဝဋ်နွှယ်စည်၏၊ရှည်လေသမျှ၊ အနန္တကား၊သုခဟူသည်၊မြှုမျှမကွက်၊ အဆက်ဆက်လျှင်၊သက်သက်ဒုက္ခ၊ဓာတ်မှန်ရသည်၊ ။ဘဝဤကိုယ် ဖြစ်ထုံးတည်း။ ။

မံဂျာရြှေ၊လယ်တီတောရကျောင်းဆရာ၊မဟာဗေဒင်ဆရာကြီးမြတ်၊ ပန်းလေးရြှေတော်မှ၊ ၁၂၅၇-ခု၊ တပို့တွဲသပြည့်ကျော် (၃)ရက် ရုန်းကုန်ထွက်မိုးရေထဲးပေါ်တွင်၊စီစဉ်ရေးသားသောပဋိစ္စသမုပ္ပါဒ် အာကျဉ်းလက်ာ ၁၃ ပုဒ်ပြီး၏။ ၊ပဋိစ္စသမုပ္ပါဒ်အာကျဉ်းပြီး၏။

ဆုံးမစာ။

ဆိုပိမ့်မည်သာ၊ခစ့်စေ့နာလေ့၊ဂဂ်ါသဲမျှ၊ပွင့်ကုန်ကြသား၊ဘုရား့သံဃသနာ၊ ခေတ်အခါငယ်၊လူ့ရွာ,နတ်ဌာ၊နင်ကြိုကြိုက်လည်း၊ အမိုက်မခွေ၊အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျင်၊ ရိုးတီး ယောင်တောင်၊ ခုတိုင်အောင်တည့်။ ၁–သန်းခေါင်,လကွယ်၊တာအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုံး၊ အပြည့်ဖုံးသည်၊ မိုဃ်းလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊နင့်ကား ရာ,ထောင်၊မကမ္ဘောင်၏။ ၂–လူ့ဘောင်,လူ့ရွာ၊သာသနာ၌၊ကြမ္မာတော်၍၊ ယခုတွေ့လည်း၊ အလေ့မလွဲ၊ အမျှားနဲလျင်၊ မိုက်မြဲနှင်နှင်၊မိုက်စရှင်၏။ ၃–မျက်မြင်လောက၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာ ကင်း၏၊ ၄–သေမင်းအစာ၊ နှင့်ခန္ဓာကို၊ တဏှာဘီလူး၊ အမှောင့်ပူး၍၊ ဒဏ္ဍာပြင်ပြင်၊ နှင့်ကိုယ်ထင်၏။ ၅–နှင်နှင့်မဆိုင်၊နင်ပိုင်မဟုတ်၊နှင့်ရုပ်,နှင့်နာမ်၊နှင့်သန္တာန်ကို၊နှင့်ဥာဏ်မစူး၊အပေါ်ဖြူး၍၊ မှုးမှုး,မေ့မေ့၊အမျှားလေ့ဖြင့်၊နွေရက်အပုံ၊လွန်ခဲ့တုံပြီ။ ၆–အာရုံငတ္တု၊မိုးစာစုကို၊မှုန်မှုန်,ရရ၊နင်အားကျလည်း၊ဒါးမြဲ သေမင်း၊ သူ့တပ်နင်းက၊မငြင်းဆန်သာ၊နှင့်ခန္ဓာသည်၊ပြာပုံအပြီး၊ဖြစ်လုနီးပြီ။ ၇-ရိုးတီးရားတား၊ သေ၍သွားလည်း၊ တရားမကြွယ်၊အထုပ်ငယ်လျက်၊အပါယ်စခန်း၊ သွားရာလမ်း၌၊ဝဠာပန်းဟိုက်ဟိုက်၊ တရှိုက်,ငင်ငင်၊ တငြင်,ငြိုငြို၊ ဆင်းရဲဝိုလျက်၊ ထိုထိုဘဝ၊ အနန္တလျင်၊ အမျှဝေးထုံးတည်း၊ အနှန်းမပျက်၊ အောက်နှရက်ဝယ်၊ တသက်နှယ်နှယ်၊ အမြစ်တွယ်သို့၊ အပါယ်ထိုထို၊ ဥဒဟိုသည်။ ။ နင်လိုလူမိုက် သွားလမ်းတည်း။

၎င်းဆုံးမစာ၌ 'မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်'ဆိုသည်ကား-တမိုးလုံး မိုးတိမ်တိုက်ကြီး ပြည့်၍နေ၏။ လျှပ်ပြက်သော အခါ၌လည်း မကြိုက်၊ ဆိုလိုသည်။ 'မိုက်မြဲနှင်နှင်'ဆိုသည်ကား–အမိုက်လက်စမသိမ်း ဆိုလိုသည်။ 'နှင့်ကိုယ်ထင်၏'ဆိုသည်ကား–၎င်းပိုင်သောကိုယ်ဟု မှတ်ထင်၏ဟု ဆိုလိုသည်။ 'အထုပ်ငယ်လျက်'ဆိုသည်ကား-ကောင်းမှုကုသိုလ်,မျိုးရိုးကျွာထုပ် သေးငယ်သည်ကိုဆိုလိုသည်။'အောက်နှရက်'ဆိုသည်ကား–ငရဲဘုံကို'နှရက်'ဆိုသည်။ နှရက်ဆိုသောစကားနှင့် ငရဲဘုံဆိုသောစကား အတူတူမှတ်လေ။

ဆုံးမစာ ပြီး၏။



ဂေါဏသုရာဒိပနိကဏ္ဍံး။

နမောတဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

အထက်အောက် မြန်မာနိုင်ငံ၌ အမြဲမြဲ အရှာရှာ ဗုဒ္ဓဘာသာဝင် ရှင်,လူအပေါင်း သူတော်ကောင်းတို့အား ကြဲးထိကြဲစေရန် သုတ္တန်ပါတဲ့ ပါဠိတော်အထွက် အနက်အဓိပ္ပါယ်တို့ကို ဘော်ပြလိုက်အံ့။

၁ လူတို့၏အကျိုး, စီးပွါးတို့ကို အမြဲနိစ္စ ဆောင်ရွက်ကြဲပေကုန်သော ကျွ,နွား-သတ္တဝါအပေါင်းတို့သည် လူတို့၏အမိနှင့် တူကုန်သည်, အဘနှင့်တူကုန်သည်, အစ်ကို,ညီသား, မောင်ဘား တသင်း၊ သားရင်း, သျှီးရင်း, ဆွေမျိုးခင်းနှင့် တူကုန်သည်-ဟူ၍ ဟောတော်မူသည်တရပ်။

၂ လူအပေါင်းတို့သည် ကျွ, နွား-သတ္တဝါတို့၏ လုပ်စာ-ထမင်း-အာဟာရ အတွက်နှင့် အသက် ရှည်၍ တဲ့သည်နေနိုင်ကြကုန်သည်ဖြစ်ရကား၊ ကျွ,နွား-သတ္တဝါတို့သည် အာယု, ဝဏ္ဏ, သုခ, ဗလ-ဟူသော ကောင်းကျိုးကြီးလေးပါးတို့ကို လူသတ္တဝါအပေါင်းတို့အား နေ့စဉ်ပေးအပ် ချီးမြှောက် ထောက်ပံ့လျက် ရှိနေကြဲပေကုန်သည်ဟု ဟောတော်မူသည်တရပ်။

၃ ကျွ,နွား-သတ္တဝါတို့ကို လူသတ္တဝါတို့က ဒိ,ဘ, ဆွေမျိုးတို့နှင့်အတူ ကြည်ဖြူကြဲသောအခါ၌ သမ္မာဒေဝ နတ်အပေါင်းတို့

သည် လူသတ္တဝါတို့ကို ဆွေမျိုးညာတကာတို့နှင့် အဝှ ကြည်ဖြူ လေးဖြတ် စောင့်ကြပ်,ကြည့်ရှုကြပေကုန်၏၊ လူတို့၌ဌာန်ခြင်း၊ကျွဲ,နွားသတ္တဝါတို့၌ဌာန်ခြင်း-ရောဂါဆိုး,ကပ်, ဥပဒ်မျိုးတို့ကို မပေါ်မပေါက် မကျရောက်နိုင်အောင် စောင့်ရှောက်ကြ ပေကုန်၏-ဟူ၍ ဟော တော်မူသည်တရုပ်၊

၄ အကြင်အခါ၌ လူသတ္တဝါတို့သည် ကျွဲ,နွား-သတ္တဝါမျိုး တို့၌ ကတညူထာ, မေတ္တာ, ကရုဏာ-တရား နည်းပါးကြကုန်၏၊ အဆမတန် စည်စားကြကုန်၏၊ အငေ်ျး,အမွေး နည်းပါးကြကုန် ၏၊ ပြင်းထန်စွာ ရိုက်နှက် ညှဉ်းပန်းကြကုန်၏၊ သတ်ဖြတ် စား သောက်ကြကုန်၏၊ထိုအခါ၌ သမ္မာဒေဝ နတ်အပေါင်းတို့သည် လူ သတ္တဝါတို့၌ မေတ္တာ,ကရုဏာတရား ကင်းခွင်းကြကုန်၏၊ ကိုယ် စောင့်နတ်တို့သည် ကိုယ်ကို မနှီးကြကုန်၏၊ အိမ်စောင့်နတ်တို့ သည် အိမ်သူ, အိမ်သားတို့ကို မနှီးကြကုန်၏၊ ရွာစောင့်နတ်တို့ သည် ရပ်သူ,ရွာသားတို့ကို မနှီးကြကုန်၏၊ မြို့စောင့်နတ်တို့သည် မြို့သူ,မြို့သားတို့ကို မနှီးကြကုန်၏၊ တိုင်းစောင့်နတ်, ပြည်စောင့် နတ်တို့သည် တိုင်းသူ, ပြည်သားတို့ကို မနှီးကြကုန်၏၊ ကြည့်ရှု ခြင်း,စောင့်ရှောက်ခြင်းတို့ကို ပယ်ကြကုန်ပြီ၊ ထိုအခါ၌ ဘီလူး, သမ္မာက်-စသော မိစ္ဆာဒိဋ္ဌိနတ်ဆိုးတို့သည် အစွင့်ရကြကုန်၏၊ ရောဂါ ဆိုး,အနာဆိုး,ကပ်,ဥပဒ်မျိုးတို့သည် လူတို့၌ဌာန်ခြင်း၊ကျွဲ,နွား-သတ္တဝါ တို့၌ဌာန်ခြင်း-ပေါ်ပေါက်ကျရောက်ကြကုန်၏ ဟူ၍ပေါ်တော်မူသည် တရုပ်၊ ဤကား-သတ္တနိပါတ်ပါဠိတော်မြတ်၏ နိဒါန်း, နေယျဏ္ဍ အနှက်အဓိပ္ပါယ်တည်း၊

၅ ကျွဲ,နွားသတ္တဝါတို့ကိုအရွယ်ရှိစဉ်အခါ၌ကောင်းစွာမွေးမြူ မှု,မေတ္တာ,ကရုဏာ-အလိမ္မာတို့နှင့် တိုင်းထာ၍ စည်စားခိုင်းစေမှု တို့ကို ပြုပြီး၍ အရွယ်လွန်သော အခါ၌ အစာ,ရေစာ ဝစွာ ကျွေး မွေး၍ ပင်စင်အငြိမ်းစား ချမ်းသာစွာထားရမည်-ဟူ၍နာရဒဇာတ် ပါဠိးထက်မြတ်၌ ဟောတော်မူသည်၊ ဤကား-နာရဒဇာတ် ပါဠိ တော်မြတ်၏ နိဒါန်း, နေယျဏ္ဍ အနှက်အဓိပ္ပါယ်တည်း၊

၄ လူဖြစ်သော သူတို့မှာ-လူတို့၏ ဆိုင်ရာဖြစ်သော ငါးပါး သောသိက္ခာပုဒ်, ရဟန်းဖြစ်သော သူတို့မှာ ရဟန်းတို့၏ ဆိုင်ရာ ဖြစ်သော ၂၂၇-ပါးသော သိက္ခာပုဒ်တို့ကို လုံခြုံစွာ စောင့်ထိန်း၍ ကိုယ်အမှု, နှုတ်အမှု-စင်ကြယ်မှုသည် သီလနှင့် ပြည့်စုံသော သီလဝန္တ၏ပဓာနအင်္ဂါတည်း။ ၊လူဖြစ်ခြင်း,ရှင်ဖြစ်ခြင်း သူတပါး တို့အား အသိအလိမ္မာ ပညာတိုးပွားအောင် တရားကျမ်းဂန်နှင့် ညီညွတ်စွာ ပြောဟောပြသဆုံးမ သွန်သင်နိုင်ခြင်းသည် ပဏ္ဍိတ ဟု ဆိုအပ်သော ပညာ၏ ပဓာနအင်္ဂါတည်း၊ ၊မိမိကိုယ်၌ သူတပါးတို့ပြုဘူးသောကျေးဇူးဂုဏ်ကို မမေ့မပျောက် တတ်ခြင်း သလောက် ထင်ရှားအောင် ပြုနိုင်ခြင်း, ဂုဏ်ရှိသော သူတို့၏ ဂုဏ်ကို ကြည်ညိုချီးပင့်နိုင်ခြင်းသည် သပ္ပုရိသဟု ဆိုအပ်သော သူတော်ကောင်း၏ပဓာနအင်္ဂါတည်း၊ ၊ဤပဓာနအင်္ဂါနှင့်တကွ နှုးညံ့ ပြေပြေပျောင်း စိမ်နှုလုံးကောင်းသည်ကို သူတော်ကောင်း ဆိုသည်၊ ။ဗုဒ္ဓဘာသာသာသနာ၌ ဝိနည်းပိဋကတ်တော်သည် သီလဝန္တ၏ ပဓာနအင်္ဂါတည်း။ အဘိဓမ္မာ ပိဋကတ်တော်သည် ပညာ၏ပဓာနအင်္ဂါတည်း၊သုတ္တန်ပိဋကတ်တော်သည် သူတော်ကောင်း၏ပဓာနအင်္ဂါတည်း၊ ၊ဤပဓာနအင်္ဂါနှင့်တကွ နှုးညံ့ပြေပျောင်း စိမ်နှုလုံးကောင်းသည်ကို သူတော်ကောင်း ဆိုသည်၊ ။ဗုဒ္ဓဘာသာသာသနာ၌ ဝိနည်းပိဋကတ်တော်သည် သီလဝန္တ၏ ပဓာနအင်္ဂါတည်း။ အဘိဓမ္မာ ပိဋကတ်တော်သည် ပညာ၏ပဓာနအင်္ဂါတည်း၊သုတ္တန်ပိဋကတ်တော်သည် သူတော်ကောင်း၏ပဓာနအင်္ဂါတည်း၊ဤလောက၌ အချို့သောသူတို့သည် သီလဝန္တသာဖြစ်ကုန်၏၊ ပညာရှိမဟုတ်ကုန်, သူတော်ကောင်း မဟုတ်ကုန်၊ ၊အချို့သောသူတို့သည် ပညာရှိသာ ဖြစ်ကုန်၏၊ သီလဝန္တ မဟုတ်ကုန်, သူတော်ကောင်းမဟုတ်ကုန်၊ ၊အချို့သောသူတို့သည် သူတော်ကောင်းဆိုရကုန်၏၊ သီလဝန္တမဟုတ်ကုန်, ပညာရှိမဟုတ်ကုန်၊ ၊အချို့သောသူတို့သည် သီလဝန္တ, ပညာရှိဖြစ်ကုန်၏၊ သူတော်ကောင်းမဟုတ်ကုန်၊ ၊အချို့သော သူတို့သည် သီလဝန္တ, သူတော်ကောင်းဖြစ်ကုန်၏၊ပညာရှိမဟုတ် ကုန်၊ ၊အချို့သောသူတို့သည် ပညာရှိ,သူတော်ကောင်း ဆိုရကုန်၏၊ သီလဝန္တမဟုတ်ကုန်၊ ၊အချို့သောသူတို့သည် သီလဝန္တ, ပညာရှိ,သူတော်ကောင်းအင်္ဂါသုံးမျိုးနှင့်ပြည့်စုံကုန်၏၊ ။ အချို့သောသူတို့သည် သီလဝန္တ, ပညာရှိ, သူတော်ကောင်းအင်္ဂါ

သုံးမျိုးလုံးမှ ကင်းကွာနိုင်၏၊ ။အဂ်ါသုံးမျိုးလုံးနှင့် ညီညွတ်သော သူကား အလွန်ရှားပေ၏၊ ။ဤကား သရောဂ်ိဇာတ်ပါဠိတော်ဖြင့်၏ နိဒါန်း၊ ဇနပယျဆွေ-အနက်အဓိပ္ပါယ်တည်း၊

၇ အကြင်သစ်ပင်၏ အရိပ်၌ခိုရိ၍ ထိုင်ဘူး၏, အိပ်ဘူး၏၊ ထိုသစ်ပင်သည် ထိုသူ၏ကျေးဇူးရှင် မိတ်ခင်ပွန်းဖြစ်၏၊ ထိုသူသည် ထိုသစ်ပင်ကို မဖောင်းသောစိတ်ဖြင့် အကိုင်း,အခက်ကိုမျှ မချိုးရာ။ ။ချိုးခဲ့သော် ခင်ပွန်းပြစ်မှားရာရောက်၏, သူတော်ကောင်း အဂ်ါပျက်၏ဟူ၍ တေဒိဇာတ်ပါဠိတော်ဖြစ်၌ဟောတော်မူ၏။

အသက်မရှိသောသစ်ပင်ကို ခုတ်ချိုင်းပျက်၍ အကုသိုလ်အစစ်မဖြစ်သော်လည်း ကတညုတာဟူသော သူတော်ကောင်းအဂ်ါကို အသက်မရှိသော သစ်ပင်မှာပင် မပျက်စေရ၊ အလွန်အလေးပြုထိုက်သောအဂ်ါဖြစ်၏၊ ။အလေးမပြုခဲ့သော် အသက်မရှိသော သစ်ပင်အတွက်နှင့်ပင် သူတော်ကောင်းသက္ခဏာပျက်၏,သူယုတ်မာသက္ခဏာသက်၏။ အသက်ရှိသော သတ္တဝါတို့အတွက်မှာ ဆိုဘွယ်ရာမရှိဟုပါဠိတော်၏အဓိပ္ပါယ်ကိုတော်ဆိုရမည်၊ ။ဤကား သုတ္တန်ပါဠိတော်တို့၏အနက်အဓိပ္ပါယ်ကိုတော်ပြချက်တည်း၊

၈ မဟာဇောဓိဇာတ်တော်၌ ခေတ္တာဝိဇ္ဇာဒီဋ္ဌခေါ်သော ပိန္ဆာဒီဋ္ဌတမျိုးလာရှိ၏။ အကြင်သစ်ပင်၏အရိပ်၌ ခိုစဉ်အိပ်ဘူး၏, ထိုင်ဘူး၏၊အကျိုးတပါးရှိမည်ဖြစ်ခဲ့သော် ထိုသစ်ပင်ကိုအဖြစ်ပါ တူးဖြိုပျက်ဆီးရာ၏ဟု ပိန္ဆာဒီဋ္ဌတမျိုးလာ၏။ အကျိုးတပါးရှိမည်ဆိုလျှင် 'ဘ၏နဲ့ဂိုးမှာ သိုက်ဘူးရာ၏' ဟူသော လောကစကားမျိုးသည် ထိုဒိဋ္ဌမျိုးမှ လာသောစကားတည်း၊

၉ ကတညုဘာဝုဒ်၌ ကတဆိုသည်ကား ပြုဘူးသောကျေးဇူးမှုပေတည်း၊ ထိုကျေးဇူးမှုသည် ဂုဏ်ရှိသောသူက ပြုဘူးသောကျေးဇူးမှ, ဂုဏ်ခဲ့သောသူက ပြုဘူးသောကျေးဇူးမှ-ဟူ၍ နှစ်မျိုးရှိ၏၊

ဤလောက၌ အချို့သောသူတို့သည် ဂုဏ်ရှိသောသူက ပြုဘူးသောကျေးဇူးဖြစ်ခဲ့အံ့၊ တကျပ်တန်မျှကိုပင် တရာတန်,တးထောင်

ထန်ပြု၍ ပြောဆိုလေ့ရှိကြဲကုန်၏၊ ဂုဏ်မရှိသောသူက ပြုဘူးသော ကျေးဇူးဖြစ်ခဲ့အုံ၊ တရာတနဲ့, တထောင်တနဲကိုပင် တကျပ်ထန်မျှမ မပြောချင်ကြကုန်။ အလောင်းအလျာမဟုတ်သော လူနှပ်, လူဖွဲ့, လူစဉ်းလဲတို့၏ လမ်းတည်း၊ ဂုဏ်ရှိသောသူ၏ ကျေးဇူးဖြစ်ခဲ့အုံ၊ တကျပ်တန်ကို တဆယ်တန်မက တရာတန်မကပြု၍ ပြောနိုင်ရာ၏၊ ဂုဏ်မဲ့သောသူ၏ ကျေးဇူးဖြစ်ခဲ့အုံ၊ တကျပ်တနဲကို တထောင်တန်မက တသောင်းတန်မကပြု၍ ပြောနိုင်ရာ၏၊ ကျွတ်တမ်းဝင်ကြဲသော သူးတဲ့ကောင်း, သူဖြတ်လောင်းတို့၏လမ်းပေတည်း။

၁၀ တွားဖြင်စကာသဋ္ဌိ အဓိ၏ဝါးဖတ်ထမင်းကို မျိုရသော နေ့မှစ၍ ကျွဲ, နွား, သတ္တဝါတို့သည် လူတို့အား တနေ့, ထနေ့လျှင် နှစ်ကြိမ်, နှစ်ကြိမ်အသက်ဖိဝကို ပေးကြဲပေကုန်၏၊ ထိုနေ့မှစ၍ လူတို့သည် ကျွဲ, နွားတို့၏အသက်နှင့် အသက်ရှည်ကြရကုန်၏၊ ဆန်စပါးပေါများသည့်အတွက် သေဌေး, သူကြွယ်, ဘုရားတည့်, ကျောင်းဆောက် ချမ်းသာဖြောက်အောင် ကျွဲ, နွားတို့သည် လူတို့အား စည်းစိမ်ချမ်းသာ ဥစ္စာဓနတို့ကို နှစ်စဉ်ထာဝရလုပ်ဆောင်၍ ပေးကြဲပေကုန်၏၊ ဤသို့လျှင် လူသတ္တဝါတို့အား ကျွဲ, နွားတို့၏ ကျေးဇူးသည် အလွန်ကြီးကျယ်လှ၏၊ အဓိကျေးဇူး, အာဘာကျေးဇူးနှင့် အလားတူ၏။ "မဘာဝိတုဂုဏော အနန္တော" ဆိုသကဲ့သို့ "ဂေါမဟိံသဂုဏော အနန္တော" ဟုအနန္တတပါးဆိုထိုက်၏၊ မျက်မြင်ဒိဋ္ဌ ပေတည်း၊ ထိုကြောင့် ကျွဲ, နွားတို့သည် လူတို့၏ အဓိနှင့်တူကုန်သည်, အဘာနှင့် တူကုန်သည်-ဟု ၁-ဂဏန်းအချက်မှာပါဋ္ဌိတော်အနက်ကိုဖြဆိုခဲ့ပေသတည်း။

၁၁ ထိုး ၁-ဂဏန်းအချက်၌အစ်ကို, ညီသား, မောင်ဘား, တသင်း, သားခင်း, သိုင်းခင်း, ဆွေခင်း, မျိုးခင်းတို့နှင့် တူကုန်သည်ဟု ဟောတော်မူရာ၌ထို့ဆွေခင်း, မျိုးခင်းတို့ကို ဒိဒိကိုယ်တိုင်နှိပ်စက် ညှဉ်းပန်းမည်ကို ဝေးလစွ၊ သူတပါးတို့ နှိပ်စက်ညှဉ်းပန်းပြုလုပ်သည်ကိုဆို ရ, ဖြင်ရလျှင်ပင်မခံမရပ်နိုင်ဖြစ်ကြ၏၊ ထို့ဆွေခင်း, မျိုးခင်းတို့ကိုမိမိကိုယ်တိုင်သတ်နိုင်မည်ဝေးလစွ၊ သူတပါးတို့သတ်သည်

ကိုသိရ,ဖြင်ရလျှင်ပင်မခံမရပ်နိုင်ဂို့ကြဲ၏၊ထိုအတူကလျှ,နွားသတ္တဝါတို့လည်း မိမိကိုယ်တိုင် ညှဉ်းဆဲနှိပ်စက် သတ်ဖြတ်နိုင်မည်ဝေးစွ၊ သူတပါးတို့ညှဉ်းဆဲ နှိပ်စက်သတ်ဖြတ်သည်ကို ကြားသိရလျှင်ပင် ရင်ထုမနာ-မသက်သာကြီးဖြစ်ကြမြဲဂေးအရိုးအစဉ်ဂို့သည်ကိုဂင်း, သူတပါးသတ်ဖြတ်၍ထားသော ဆွေရင်း,မျိုးရင်းတို့၏ အသားကို စွတ်လျှင် စားသောက်လိုသော တဏှာရာဂ ဖြစ်နိုင်မည်ဝေးစွ၊ မမြင်ဝံ့ဘဲ နှုလုံးကွဲမျှ သစ္စာဝိရလိင်မည်ဖြစ်သကဲ့သို့သတ်၍ထားသောနွားသား, ကျွဲသား,များကို စွတ်ရလျှင် စားသောက်လိုသော တဏှာရာဂဖြစ်နိုင်မည်ဝေးစွ၊ရင်ထုမနာ မသက်သာကြီး ဖြစ်ကြမြဲ ဂေးအရိုးအစဉ်ဂို့သည်ကိုဂင်း၊ထိုပါဠိတော်၌ပြတော်မူပေ၏။

၁၂ သူတော်ကောင်း၏ ပဝေနအင်္ဂါကတညူတာတရားကို နှတ်ဆိကြားတို့ အလွန်အလေးပြုကြကုန်၏၊ အမိ,အဘတို့နှင့် အလားတူ မျက်မြင်ဒိဋ္ဌကျေးဇူး ဂုဏ်ကြီးကျယ်လှသော ကျွဲ, နွားသတ္တဝါတို့ကို သတ်နိုင်ကြဲသောသူ,ကျွဲ,နွားသတ္တဝါတို့၏ အသားကို စားသောက်နိုင်ကြဲသော သူတို့၌ ကတညူတာ ဟူသော သူတော်ကောင်းဘရားပျက်ပြားမှုသည် အလွန်နှက်နဲလှ၏၊ထိုကြောင့် ကျွဲနွားသတ္တဝါတို့၏ အသားကို စားသောက်ကြသော လူတို့ကို သမ္မာဒေဝနှတ်တို့သည် အလွန်မုန်းကြကုန်သည်ဟု ၃-ဂဏန်းအာ ချက်မှာပြဆိုခဲ့ပေသည်၊

လောက၌ အစိုးရမင်းမရှိခဲ့လျှင် ထိုနိုင်ငံမှာရိုးသုထားပြသောင်းကျန်း၏။အစိုးရမင်း အုပ်ချုပ်လျက်ရှိသောအခါ၊ ထိုထိုမြို့ရွာ၌ရှိနေသော လူဆိုးတို့သည် မခိုးသာ,မတိုက်သာ ငြိုင်ဝပ်စွာနေကြကုန်၏။အစိုးရမင်းမရှိမူ၍ မင်းမဲ့တိုင်းပြည်ဖြစ်နေသောအခါ ထိုထိုမြို့ရွာရှိ လူဆိုး, သူဆိုးတို့သည် ထကြွသောင်းကျန်းကုန်၏၊ ထိုအတူ လူ့လောကကိုသမ္မာဒေဝနှတ်တို့ ကြည်ညိုမှု,လေးမြတ်,စောင့်ကြပ်, ကြည့်ရှုခြင်းနေကြသောအခါ လောက၌ရှိနေကြသော ဘီလူး,သန္ဓာက် အစရှိသော နှတ်ဆိုး နှတ်ဝါးတို့သည် မသောင်းကျန်းသာ ငြိမ်ဝပ်စွာနေကြကုန်၏၊ လူတို့ကို အလွန်မုန်းကြသဖြင့် သမ္မာဒေဝနှတ်တို့

မကြည့်, မရှုပစ်ထားကြသောအခါ လောကနှင့်အပြည့်ရှိနေကြကုန်သော ထိုနတ်ဆိုး, နတ်ဝါးတို့သည် ထင်ကြသောင်းကျန်းကြကုန်၏၊ ထိုထိုရောဂါဆိုး, အနာဆိုး ကပ်, ဥပဒ်အမျိုးမျိုးတို့ကို ဖြစ်စေ၍၊ လူတို့၏ အဆိ, အသွေး ကွဲ, နားသတ္တဝါတို့၏ အဆိ, အသွေးတို့ကို စားသောက်ကြကုန်၏၊ ထိုကြောင့် ၃-ဂဏန်း အချက်၌ ကိုယ်စောင့်နတ်, အိမ်စောင့်နတ်, ရွာစောင့်နတ်, မြို့စောင့်နတ်-အစရှိကုန်သော သမ္မာဒေဝနတ်တို့သည် လူ့လောကကို မကြည့်, မရှုကြကုန်သဖြင့် ပို့စ္ဆာနတ်ဆိုးတို့ ထင်ကြသောင်းကျန်းကြကုန်သည့် အတွက် လူတို့၌၎င်း၊ ကွဲ, နားသတ္တဝါတို့၌၎င်း၊ ရောဂါဆိုး, အနာဆိုး, ကပ်ဥပဒ်အမျိုးမျိုးတို့, ပေါ်ပေါက်ကျရောက်ရှိနေကြောင်းကို ပြဆိုခဲ့ပေသည်။

၁၃ ကွဲ, နားဖြင့်အသက်မွေးကြကုန်သောလယ်သမား, ယာသမားလည်းသမားတို့၌ ရှိကြသော ဥစ္စာခန့်တို့မှ ထက်ဝက် ထက်ဝက် သောဥစ္စာခန့်တို့သည် ကွဲ, နားတို့အားထိုက်တန်ကုန်၏၊ လယ်ယာမှ စပါးလုယ်ခွန်တရာထွက်လျှင် လူနှင့် ကွဲ, နား ငါးဆယ်စိ ထိုက်တန်၏၊ လည်းတိုက်ရာမှ ၄၀၀ဒင်္ဂါးတန်ကျပ်ရခဲ့လျှင် လူနှင့် ကွဲ, နား ငါးမူးစိထိုက်တန်၏၊ အိပ်ရာ, နေရာကောင်းစွာထား၍အစာရေစာ ဝစွာကျွေးမွေး၍ အားခွန်ဗလနှင့်တိုင်းတာ၍ နံနက်ခင်းညနေခင်း၌ ဖြည်းညှင်းသာယာမောင်းနှင်၍ မိမိအစ်ကိုညီသားကဲ့သို့ မေတ္တာကရုဏာ တရားနှင့် ရိုင်းစကြကုန်မှသာလျှင် ကွဲ, နားတို့အတွက် တဝက်သော ဥစ္စာကို သုံးစားထိုက်ကြကုန်၏။ ထိုအတူ အရွယ်လွန်သော ကွဲ, နားတို့ကို မစေမခိုင်းမငေါင်းမချတဲ့ ပင်စင်အငြိမ်းစား ချမ်းသာစွာ ထားနိုင်ကြကုန်မှသာ ကွဲ, နားတို့ကြွေးမြီမှကင်းလွတ်ကြကုန်ရာ၏၊ ထိုကြောင့် ၄-ဂဏန်းအချက်၌ ပင်စင်အငြိမ်းစားဒေသနာကို နာရေဒဇာတ်တော်မှ ထုတ်ဟောဝါ၍ပြခဲ့ပေသည်။ ။ ဆိုခဲ့ဘိုင်းမပြုတဲ့ ကွဲ, နားတို့အားထိုက်သောအတိုကိုသုံးစားသော သူတို့မှာ ကွဲ, နား သတ္တဝါတို့၏ သံသရာကြွေးသည်တင်ရှိ၏၊ သံသရာကြွေးမည်သည် အဆထောင်သောင်းတိုးပွါး၏၊ သံသရာ၌ရှိ

သော ဗာလ, ပါပ, ဒုဿီလတို့၏လက်သို့ရောက်ကြရသော ကျွန်, နွားသတ္တဝါများသည် ငရဲထိန်း, ငရဲခွေးတို့၏လက်သို့ရောက်ကြရသော ငရဲသူ, ငရဲသားတို့နှင့် အလားတူလေ၏ ပညာ, သတိရှိကြစေကုန်၊

၁၄ တကြိမ်တခါမျှအရိပ်ခို၍ထိုင်ဘူး, အိပ်ဘူးသော အသက်မရှိသော သစ်ပင်ကိုပင် အရိပ်ခိုခို အခက်ချိုးချိုး မပြုရာ, ပြုခဲ့သျှင် ခင်ပွန်းပြုမှားရာကဲ့၏, သူတော်ကောင်း လက္ခဏာ ပျက်၏ဟု ဟောတော်မူသောဘုရားတော်ဟူသည် ဗုဒ္ဓဘာသားမှာ နေ, လအသွင် အလွန် ထင်ရှားလျက်ရှိသောကြောင့် လူဘ၌ အသက်သခင်, စည်းစိမ်သခင် အရှည်ထာဝရဖြစ်ကုန်ကြ၍ မြင်းဇိရိ၊ တောင်ကြီးအသွင် ထင်ရှားသော ကျောက်ဂူးကုဏ်ရှိသော ကျွန်, နွားတို့၏ အသားကို မြှန်မြှန်ရက်ရက် နှစ်နှစ်သက်သက် စားသောက်ခိုင်ကြသော သူတို့မှာ ကတညူတာဟူသော သူတော်ကောင်းအဂ်ါကြီးအပျက်ကြီးပျက်၏။ ကျွန်, နွားသတ္တဝါတို့က လူတို့အား နေ့ရည် အသက်ကို ပေးကြပေကုန်၏။ လူတို့က ကျွန်, နွား သတ္တဝါတို့အား နေ့စဉ်အသက် သေဘေးကြီးကိုပေးကြကုန်၏။ သတ္တနေရကင်ကြီးကို ဖြစ်စေကြကုန်၏။ ။သတ္တနေရကပ်-ဆိုသည်ကား ရှမ်းပြည်, ရှမ်းရွာတို့နှင့် တကွ အထက်နိုင်ငံ, အောက်နိုင်ငံတို့၌ တနေ့, တနေ့လျှင် သတ်နွားကောင်ရေပေါင်း တရာထက်ကျထား၍ ရေတွက်သည်ရှိသော် တလတာသမျှာ နွားပေါင်းသုံးသောင်း-သုံးသောင်းသေဆုံး၏၊ တနှစ်တနှစ်မှာ နွားပေါင်းသုံးသိန်းခြောက်သောင်း, သုံးသိန်းခြောက်သောင်းသေဆုံး၏၊ ဆယ်နှစ် ဆယ်နှစ်မှာ နွားပေါင်းသုံးသန်းခြောက်သိန်း, သုံးသန်းခြောက်သိန်းသေဆုံး၏၊ ဤကား မြန်မာနိုင်ငံမှာ ကျွန်, နွားသတ္တဝါတို့ ဒုဿတ္ထနေရကင်ကြီး နေ့စဲ, ညမစဲ တိုက်၍ နေပုံတည်း၊ ကျွန်, နွားတို့အားပါ ဒုဿတ္ထ ထားဓိုး, လှံဓိုးကြီး နေ့စဲ, ညမစဲရှာ၍ နေပုံတည်း။ ကြွေးငွေပေး၍ စားကြသူတို့၏ကြွေးငွေများသည် နွားသတ်ကုဋ္ဌေကော်တို့လက်သို့ရောက်သောအခါ သတ်နွားဝယ်ယူရန် အငှေးအနှီးဖြစ်၏၊ ထိုကြွေးငွေများနှင့် ကျွန် နွားတို့ကိုဝယ်ယူ၏၊ စားသူရှိ၍သတ်သူရှိသည်အမှန်ဖြစ်၏၊ စားသူတို့က ကြွေးငွေပေးကြ၍နွားသက်ရုံတည်

နှိုင်သည်အမှန်ဖြစ်၏၊ ရှမ်းပြည်ရှမ်းရွာတို့နှင့်တကွအထက်အောက် မြန်မာနိုင်ငံ၌ နွားသတ်ရုံးပေါင်းတထောင်မက များပြား၏၊ တနှစ်တာ နှစ်သျှင် နွားကောင်ရေပေါင်း အထိန်းများစွာသေဆုံး၏၊ ဝယ်၍စား သူတို့၏ကြေးငွေနှင့် သေဆုံးရသော အမှုအမှန်ဖြစ်၍ တနိုင်ငံလုံးမှာ ဤနွားသတ်ဝါတို့၌ နှေမစဲ,ညမစဲတိုက်၍နေသော သတ္တန္တရကပ် ကြီးသည်နွားသားစားသူတို့ကထူထောင်၍ထံးကြသောကပ်ဥပဒ် ကြီးပင်ဖြစ်သတည်း။ ။ကျွဲ,နွားသတ်ဝါတို့က လူသတ်ဝါတို့ကို ဒုဿီလန္တရကပ်ကြီး ထိမဆိုက်ရအောင် အမြဲ ဆောင့်ရှောက်၏၊ လူသတ်ဝါတို့က ကျွဲ,နွား သတ်ဝါတို့ကို နှေမစဲ,ညမစဲ သတ္တန္တရ ကပ်ကြီးနှင့် အတွင် တိုက်သတ်၏၊ တနေ့,တနေ့လျှင် နွားသတ်ဝါ ပေါင်း အထောင်မက သေဆုံးရကြ၏။

၁၅ ဝိနည်းတော်၌ နွားသား, ကျွဲသားကို မစားအပ် ဟူ ပညတ်တော်မရှိ၊ ဗုဒ္ဓဟန်းတော်တို့အတိုသတ်သည်ကိုဖြင့်မှ,ကြားမှ ယုံမှားမှုမရှိ၍ 'တိဏကောဋိ ပရိသုဒ္ဓ' ဖြစ်ခဲ့သော် နွားသား,ကျွဲသား ကို စားအပ်၏။ အာပတ်မရှိ၊အာပတ်မရှိရုံမျှနှင့် သူတော်ကောင်း အက်ါပြည့်စုံသေးသည်မဟုတ်၊ ဝိနည်းတော်မည်သည် အလွန်ရှုန့် ရင်းသော ကာယကံ,ဝစီဒုံတို့ကိုသာ ပယ်၏၊စတုပါရိသုဒ္ဓိသီလ လေးမျိုးတို့တွင် ပါတိမောက္ခသံဝရသီလ တမျိုးသာ လုံခြုံ၏၊ ကြွင်းသော ပါရိသုဒ္ဓိသီလ သုံးမျိုးတို့သည်မူကား သတ္တန္တဒေသနာ တော်နှင့် ညီညွတ်မှ လုံခြုံကုန်၏၊ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံရုံ ရှိသော်သူသည် သီလဝန္တအက်ါနှင့် ညီညွတ်ရုံသာ ရှိသေး၏၊ က တည်ုတ, ကတးဝဒိ-အာပရှိသော မဒနုဂဏ် အရာဖြစ်သော စိတ် နှလုံးကောင်းမှ သပ္ပုရိသအက်ါလိုသေး၏။အတိဓမ္မာကျမ်းဂန်တတ် ၍ ဓမ္မဝိနိစ္ဆယဉာဏ်နှင့် ပြည့်စုံရုံရှိသော သူသည် ပဏ္ဍိတအက်ါ နှင့် ညီညွတ်ရုံသာ ရှိသေး၏၊ ပြဆိုခဲ့ပြီးသော သပ္ပုရိသအက်ါ လို သေး၏၊ ဤလောက၌ အဃျိုသော ဗုဟန်းသည် ဝိနည်း တတ်၏၊ သိက္ခာပုဒ်ကို အလေးပြု၏။ သီလဝန္တဖြစ်၏။ နှလုံးကျွန်း၏၊ ဃာန ခက်ထန်၏၊ဆရာကိုလွန်၏၊ဆင်းရဲသော အဝိ,အာဘကိုလုပ်ကျွေး

တမျှမပြု၊ ဖြည့်တွန် ငေါက်ငမ်းလေ့ရှိ၏၊ ပညာရှိတပါး၏ ဂုဏ်ကို ပြုစု၏၊ ပုတ်ခတ်၏၊ ကုလမည်ဆွေ၌, လာဘမည်ဆွေ၌, စကြာမည်ဆွေ၌-အားကြိုး၏၊ပညာမဲ့၍ သဒ္ဓါလွန်သူ လူတို့ကြည်ညိုဘွယ်ဖြစ်သော အဖေါ်ရံအမျှအရောဘို့ကို တမ်းခွန်ပြု၍ ဘုန်းတန်းလာဘ်လာဘကိုအားထုတ်၏၊ ပါတိမောက္ခသံဝရသီလ တစိတ်နှင့်ပြည့်စုံသည်ဖြစ်၍ သီလဝန္တသာဝိုခ၏၊ ကခရကီယမတ္ထ ကုသလေန-အစရှိသော မေတ္တာသုတ်-ပရိတ်တော် ဒေသနာတော်များနှင့် အလွန်ဝေးကွာလျက်ရှိသောကြောင့် ရဟန်းသူတော်ကောင်းမဟုတ်သေး၊ ပလ္လင်တအင်္ဂါနှင့် ပြည့်စုံလျက် နှလုံးကြမ်းတန်းခြင်း, မာန်ခက်ထန်ခြင်း-စသည် ရှိနေသော ရဟန်းကိုလည်း ပညာရှိရဟန်းဟူ၍ ဆို၏၏၊ ရဟန်းသူတော်ကောင်းမဟုတ်သေး။

လူတို့ဒွိလည်း အချို့သော သူသည် ငါးပါးသီလကို စောင့်ထိန်း၏၊ ပါဏာတိပါတမှစ၍ မိမိ၏ ပယောဂကြောင့် သတ္တဝါတပါးသေဆုံးသော်လည်း မိမိကသေစေလိုသော စိတ်စေတနာမရှိခဲ့သျှင် ကံမကြောက်ဟု ဆိုးသောကြောင့် သတ္တဝါအများသေဆုံးရန် အငွင်ကို ဖြင်သော်လည်း သေစေလိုသော စိတ်စေတနာကိုရှောင်ကြဉ်၍ ကိုးတပါးကို အကြောင်းပြုသဖြင့် ထိုထိုပယောဂကို ပြု၏၊ဆေးဘယ်သို့ပြုသနည်း၊ မိဓိလယ်ထောင်၍ ဖြက်တို့ကို ဂျင်းလင်းစေရန် အငွင်ရှိ၏၊ ချုံအမှိုက်တို့ကို ဂျင်းလင်းစေရန် အငွင်ရှိ၏၊ ပိုးမွှားတိရစ္ဆာန် အဖြောက်အဖြား သေဆုံးရမည်ကိုလည်း မြင်၏၊ ပိုးမွှားတိရစ္ဆာန်တို့ကို သေစေလို၍ ပြုသည်မဟုတ်၊ ဖြက်,ချုံ,အမှိုက်တို့ကိုဂျင်းလင်းစေလို၍ ပြုပါသည်ဟု ဒီးတိုက်လေ၏၊အသိနှံးအသန်းပင် သေးသင်လည်း ထိုသူမှာကံမကြောက်,ပါဏာတိပါတသိက္ခာပုဒ်မပျက်, ဒုသီသမဖြစ်, သီလဝန္တပင်ဖြစ်၏၊ ဒီးတိုက်မှာ ပယောဂကို ငါပြုလိုက်သည်ရှိသော် ပိုးမွှားတိရစ္ဆာန်အဖြောက်အဖြား ကောန်သေလိမ့်မည်ဟု သိပြင်လျက်နှင့် ကရုဏာ မရှိသည့်အတွက် ဒီးတိုက်နိုင်လျက် ရှိသောကြောင့် ထိုသူကို သူတော်ကောင်းဟူ၍ကားမဆို၏။အချို့သောသူသည်ငါးပါးသီလကိုလုံခြုံ

စွာ ထိန်းထိမ်းဂ၏၊ ဆင်းရဲသော ဓိ,ဘကို ပစ်ထားဂ၏၊ ဓိဘကို အရိအာသေမဂ်၌၊ လုပ်ကျွေးထမှ မပြု၊ပညာဂ်ိကို ပုတ်ခတ်ဂ၏၊ မျက်နှာကြိုးငယ်လိုက်ဂ၏၊အောက်လူကို နှိပ်စက်ဂ၏၊ ထိုသူသည် ငါးပါးသီလလုံခြုံသည်ဖြစ်၍ သီလဝန္တ ဟုတ်ဂ၏၊ ကတညုတ-စသော သူတော်ကောင်းအင်္ဂါမဂ်၌သောကြောင့် သူတော်ကောင်းဟူ၍ကား မဆိုရ၊

လူတို့က ကြွေးငွေပေး၍ နွားသား,ကျွဲသားတို့ကို စားကြသည့် အတွက် နွားသတ်ရုံပေါင်း တထောင်ကတည်ဂ်၍ နေ့မစဲ,ည်မစဲ ကျွဲ,နွားသတ္တဝါပေါင်း သိန်း,သောင်းများစွာ သေကြ ပျက်စီး၍ နေသည်ကို ကြောင်ကြောင်ကြီး သိဖြင့်ကြပါကုန်လျက် ကြွေးငွေပေးမှသည် သာ၍နက်နဲဂ၏။ ထိုကြွေးငွေကြောင့် နွားသတ်ရုံတွေ နေ့ချည်,လ၌ည်တည်းနေသည် အမှန်ဖြစ်ဂ၏။ ထိုကြွေးငွေကြောင့် တနေ့တနေ့လျှင် နွားပေါင်း ထောင်သောင်း နေ့မစဲ, ည်မစဲအမြဲသေ၍နေသည့်အမှန်ဖြစ်ဂ၏၊သီလဝန္တ ငယ်လုပ်ယောကျ်ား ဂ၏ ဒီးဝေးကြောင့် ပိုးမွှား တိရစ္ဆာန် သတ္တဝါပေါင်း အသိန်း, အသောင်းသေဆုံးရသည်နှင့် အလားတူ ဂ၏၊

ဝိနည်းပညတ်တော်မည်သည် သဗ္ဗညုတ ဖြတ်စွာဘုရားတို့၏ အာဏာမှကြီးဖြစ်ဂ၏။ လွန်ကျူးသောသူတို့မှာ အာဏာ ဝိတိက္က မန္တာရယ်ကြီး ထိုက်ဂ၏၊ ရဟန်းတို့မည်သည် လူတို့လျှဒါန်းရာကို စားသောံကြိရကုန်သည်ဖြစ်၍ လူတို့နှင့် ဒိုးစားမကွဲသာဂ်ိကြကုန်ဂ၏၊လောကဋ္ဌ သက်သတ်ရှောင်သောလူမျိုး,နွားသား,ကျွဲသားရှောင်သောလူမျိုးနည်းပါးဂ၏၊ အာပတ်ကိုပည်တ်ခဲ့သည်ဂ်ိသော် မရှောင်နိုင်သူတို့မှာ အာဏာဝိတိက္က မန္တာရယ်မှ အလွန် များပြားရာဂ၏၊

ရှောင်သူတို့မှာလူတို့နှင့်အိုးစားကွဲထွက်ရှိသောကြောင့် စားရေး, သောက်ရေး အာသက်ပွေးမှုကြောင်တည်းဖြစ်နေရာ၏၊ထိုကြောင့်ဝိနည်း တော်၌ အာဒုပတ်ကို ပညတ်တော်မမူပေသတည်း၊ ဒုစ္စရိုက် ဆယ်ပါးတို့တွင် သိလ၏နယဲသည့် ကာယဒုစ္စရိုက်ကြမ်း, ဝစီဒုစ္စရိုက်ကြမ်းတို့ကိုသာခြုံ၍၊မနောဒုစ္စရိုက်သို့မဆောတ်။

သုတ္တန်၌ ဒေသနာသည် မနောဒုစ္စရိုက်ကိုခြုံ၏။ မနောဒုစ္စရိုက်ကင်းရှင်းမှ သူတော်ကောင်းဖြစ်၏၊ ကတညုတာဒေသရား, ဗြဟ္မစိုရ်တရားတို့သည် မနောဒုစ္စရိုက်ကင်းရှင်းသူမှာမှ ဖြစ်နိုင်ကြကုန်၏၊ ထိုကြောင့် ၄-ဂဏန်းအဆက်မှာ သိလဝန္တအင်္ဂါ, ပဏ္ဍိတအင်္ဂါ, သူတော်ကောင်းအင်္ဂါ-ဟုပဓေနအင်္ဂါတခြားစီဖြစ်ကြောင်းပြဆိုခဲ့ပေသတည်း။ ။ပညာ,သတိရှိကြစေကုန်။

၁၆ ပဒိကိုကျွေးမွေးသောသူ၏ ဂုဏ်ကျေးဇူးကိုတိရစ္ဆာန်သတ္တဝါတို့ပင် သိကြဲကုန်၏။ရိုင်းစိုင်းလွန်းသော တောတိရစ္ဆာန်တို့သည်ပင်လျှင် ကျွေးမွေးသောသူကို ယဉ်ကြကုန်၏၊ ခင်မင်ကြကုန်၏၊ ကျေးဇူးသိကြကုန်၏၊ ကျွဲသား,နွားသားကို စားသောက်ကြသောလူတို့သည် ပဒိတို့ကို နေ့စဉ် ကျွေးမွေးကြပေကုန်သော ကျွဲ,နွား သတ္တဝါမျိုးတို့ကို မယဉ်နိုင်ကြကုန်။ မခင်မင်နိုင်ကြကုန်။ ကျေးဇူး မသိနိုင်ကြကုန်။ အံ့သြဘွယ်ကြီးကောင်းလှ၏။ ပဒိကို ကျွေးမွေးသူ၌ ဖြစ်ပွါးတတ်သော ကတညုတာတရား, မေတ္တာ, ကရုဏာတရားမျှားသည့် ရိုင်းစိုင်းလွန်စွာသော ခြင်္သေ့,သစ်,ကျား, ဝံပြော,နဂါး-စသော တောတိရစ္ဆာန်တို့မှာပင် တည်ရှိကြကုန်၏။ ဤတိရစ္ဆာန်တို့၌ ဆိုဘွယ်မရှိ၊ဗုဒ္ဓဘာသာဆိုသူလူတို့၌ ထိုတရားသုံးပါး မကင်းနိုင်ရှိနေသည်ကား အလွန်အံ့သြဘွယ်ကောင်းလှ၏။ ကျွဲ,နွားတို့၏ လုပ်စာထမင်း အာဟာရကို စားသောက်ကြသူတို့မှန်သျှင် ကျွဲ,နွားသတ္တဝါမျိုးတို့၌ ထိုတရားသုံးပါးအမြဲတည်ထိုက်လှ၏။

၁၇ ၊ကတညုတာတရားသည် သဒ္ဓါနည်းပါး၍ အဓိက်တရားအားကြီးသူတို့၌ ဂုဏ်ရှိ, ဂုဏ်ခဲ့သို့လိုက်၍ လုပ်ရှားတတ်၏၊ဂုဏ်

ဂိုဏ်းနေသော သူပြုသော ကျေးဇူးမှမျှော တမတ်တန်ကို တဲ့ရာတန် ပြောချင်တတ်၏၊ ထိုထက် ဂုဏ်ဂိုပြုနိုလျှင် တမတ်တန်ကို တ ထောင်တန် ပြောချင်တတ်၏၊ ကျေးဇူးပြုသူ ဂုဏ်ကြီးလေလေ ကျေးဇူးလုံးကြီးကြီး ဘော်ချင်လေလေ ဖြစ်၏။ ၊ဂုဏ်မဂိုသော သူပြုသောကျေးဇူးမှမျှော တရာတန်ကို တမတ်ထန်မျှ ပြောချင်၏၊ ထိုအောက် ဂုဏ်မဲ့ပြုနိုလျှင် တထောင်တန်ကို တမတ်တန်မျှ ပြော ချင်၏၊ ပြောမှမပြောချင်ဘဲသော်လည်း ဂိုတတ်၏၊ ကျေးဇူးပြုသူ ဂုဏ်မဲ့လေလေ ကျေးဇူးကို ချေဖျက်ရှုတ်ချလေလေဖြစ်၏၊ လူ့ အလယ်၌ ကျေးဇူး ဘော်မည်ကိုပင် စိုးရိမ်၏၊ ကျေးဇူးပြုဘူးသူ ယခုမှပြစ်ရောက်သည့်, ပျက်စီးသည်ဆိုလျှင် မိမိအိမ်သို့ လာမည် ကိုပင် ကြောက်ကြဲ၏၊ သမ်းမှာတွေ့ရမည်ကိုပင် စိုးရိမ်၏။ သေ၍ သွားပြီဆိုလျှင် ဝမ်းမြောက်၏။ အဘယ်ကြောင့်နည်း ဆိုသော်၊ ကျေးဇူးဆပ်ရမည်ကို စိုးရိမ်လျက် ဂိုသောကြောင့်တည်း။

ကျွန်, နွားတို့၏အနှစ်က ကျေးဇူးမျှားကိုမှကား တပဲတန်မျှမဖြင်ကြ ကုန်ပြီ။ အဘယ်ကြောင့်နည်းဆိုသော်၊ ဂုဏ်မဂိုသောကြောင့်၎င်း, ပြန်လှန်၍ မပြောတတ်, မဆိုတတ်သောကြောင့်၎င်း တည်း။ ဤသို့ လျှင်ကတည်း တာဝတရားသည် သင်္ခါနည်းပါး၍ အဓိက်တရားအား ကြီးလှသော လူတို့၌ လှပ်ရှားဖျိ၊ ဂုဏ်ဂို, ဂုဏ်မဲ့ သို့လိုက်၍စောက် ထိုး, ကျွမ်းပြန်မှောက်လှန်တိမ်းစောင်း၏၊ ထိုသို့လှပ်ရှားတတ်သော ကြောင့်လှပ်, မရှားထိုက်ကြောင်းကို ထင်ရှားစေခြင်းငှါ ယသသ ရကွသသ ဆောယသယ-အစရိသည်ဖြင့်အသက် မဂိုသောသစ်ပင်၏ ကျေးဇူးကိုပင် မချေ ဖျက်ထိုက်, ဖရှုတ်ချထိုက်ကြောင်းကို အ လောင်းတော်ပညာဂိုကြီးတို့သည်ဂင်း, ဂြတ်စွာဘုရားတို့သည်ဂင်း-ဟောဒေါတ်မှကြဖေကုန်သည်၊ လောကကျေးဇူးမျိုးတွင်လည်း အ သက်ကို မွေးမြူ၍ ပေးသော ကျေးဇူးသည် အကြီးကျယ်ဆုံးဖြစ်၏။ ထိုကြောင့်လူတို့၌နွားတို့၏ကျေးဇူးကို အဓိကျေးဇူး, အဘာကျေးဇူး နှင့်အလားတူပြု၍ လာပေသည်၊ ထိုကဲ့သို့ ကြီးကျယ်လှသော အ သက်သခင်, စည်းစိမ်သခင်မျိုးဖြစ်ကြဂုကုန်လျက် ကျွဲ, ဂျင်, နွားဂျင်

ဖြစ်သူလူတို့သည် ဒိဒိအိမ်မှာ နှစ်ရှည်, လများခိုင်းစေ၍သာခဲ့သော ကျွန်, နွားတို့၏ အသားကိုပင် စားနိုင်ကြကုန်၏။ တိရစ္ဆာန် သတ္တဝါတို့မှာပင် ရှိကြသော ကတညုတာတရားသည် ထိုသူတို့မှာ မရှိကြကုန်၊ သင်္ခါတရား နည်းပါးမှ, အဓိက်တရား အားကြီးမှသည် ဤမြေလောက်နက်နဲ၏၊ အသားကိုစားနိုင်ကြသည်ကို မြင်သဖြင့် ကျွန်, နွားတို့၌ မေတ္တာ, ကရုဏာ မရှိကြကြောင်း ထင်ရှား၏။ မေတ္တာ, ကရုဏာ မရှိကြသည်ကို မြင်သဖြင့် ကတညုတာ တရားမရှိကြကြောင်းထင်ရှား၏၊ အကယ်၍ ကတညုတာစိတ် ကပ်လာသည် ဖြစ်အံ့၊ မေတ္တာစိတ်, ကရုဏာစိတ်—ဤကုန် ကပ်လာလတ္တံ့။ အမိအဖ သား, အဘအသားနှင့်အတူ စိတ်မှာ ထင်မြင်လတ္တံ့။ အစ်ကို, ညီ သား, သားရင်း, သို့ဖြင်းတို့၏ အသားနှင့်အတူ စိတ်မှာ ထင်မြင်လာလတ္တံ့။ စားနိုင်, မျိုနိုင်မည်ဝေးစွ၊ နှစ်ရှည်, လများခိုင်းစေ၍ပါပိတို့မှာ ခံစံ၍ လာခဲ့သော ကျွန်, နွား၏ ကျေးဇူး ဟောင်းတွေ စိတ်ထဲမှာပေါ်၍ လာသဖြင့်ဝမ်းနဲပက်လက် မျက်ရည်စက်နှင့်လက်နှင့်မျှမတို့ချင်, မြင်နိုင်, မရှုနိုင် ဖြစ်သာလတ္တံ့၊ ထိုသို့ မဖြစ်လာမူ၍ ပါပိခိုင်းစေ၍ လာခဲ့သော ကျွန်, နွား၏ အသားကို လိုးဖြတ် စင်းရုတ် ချက်ပြုတ် ကြော်လှော်၍ မြှုံနှက်နှစ်သက်စွာ စားနိုင်ကြသောသူတို့၌ သေဆုံးရာသော ကျွန်, နွားတို့၏အနန္တဂုဏ်ကျေးဇူးသည်တမူးတန်မျှမပေါ်လာပြီးတဏှာအဓိက်တွင်းမှာ ဖြုံပိဆုံးလေတော့သည်၊

အရိပ်ခိုဘူးသောသစ်ပင်၏ကျေးဇူးကိုပင် မတိမ်ကောစေရဟု ပြခဲ့သော ဒေသနာနှင့် ထောက်စာ၍ ဖြေလိုက်လျှင် ထိုသူတို့၌ကတညုတာတရား လှုပ်ရှားမှ အလွန်နှက်နဲလှ၏၊ ဂ-ဂဏန်း အချက်မှာ ပြခဲ့သော အကျိုးတပါး ရှိခဲ့မည်မှန်လျှင် ဘ၏ နဂိုးမှာ သိုက်ဘူးရာ၏-ဟူသော ခေတ္တာဝိဇ္ဇာဒိဋ္ဌိ အယူရှိသော လူမျိုးတို့နှင့် ထပ်တူကျလေ၏၊ ကတညုတာတရား လှုပ်ရှားနိုင်အောင်ဟောကြားတော်မူသော ဒေသနာတော် အလိုအားဖြင့် မူကား ပါပိတို့၌ ကျွန်, နွားတို့၏ ကျေးဇူးသည် အဘယ်မျှလောက် ကြီးသည်ဟု အာကုန်မြောက်၍ ထံးပြီးလျှင် ဤမျှးလောက် ကျေးဇူးကို ပြုပေသော

သူသည် ဂုဏ်ရှိသော လူ ဖြစ်ခဲ့အံ့။ ငါသည် ထိုသူ၏ ကျေးဇူးကို အာဘယ်မျှလောက် ထင်လိမ့်မည်နည်း။ ထိုသူ၌ မေတ္တာထရား, ကရုဏာထရား-အာဘယ်မျှလောက် ကြီးမည်နည်း၊ ထို့သူကို သူ ထပါးတို့ နှိပ်စက်ညှဉ်းပန်းပြုခဲ့သော်, သတ်ဖြတ်ခဲ့သော် အာဘယ်မျှ လောက်ကျင်နာလိမ့်မည်နည်း၊ သတ်၍သေသောအလောင်းကိုဂင်း, လှီးဖျက်ခုတ်စဉ်း၍ထားသော ထိုသူ၏ အသားပုံ, အသားစုကိုဂင်း တွေ့မြင်ရသော် အာဘယ်မျှလောက်ကျင်နာစိတ်ရှိမည်နည်းဟုဆင် ခြင်စဉ်းစား၍ ကြဲ, နွားတို့မှာ ထိုထက် အဆ ထမ်းပိုး သာသော ကထည်တာစိတ်, မေတ္တာ, ကရုဏာစိတ်ကို ခိုင်မြဲစွာထားရာ၏။ ဤသို့ ထားနိုင်မှ 'ယသာရကွဿသ ဆာယာယ' ဟူသော သူတော် ကောင်းအင်္ဂါနှင့် ကောင်းမွန်စွာ ညီညွတ်ရာသတည်း၊ ထို့ကြောင့် ၇-ဂဏန်းအချက်မှာ ထို ဂါထာ၏အဓိပ္ပါယ်ကို အကျယ်ပြထားခဲ့ ပေသတည်း၊ ပညာသတ်ဝိုက်ပြီးစေကုန်။

ခွေးသား, ကျိုးသားတို့၌ စားစဖွယ်ရှိသည့်အတွက် မစင်ကို စား သည်ဟု စက်ဆုပ်၏၊ စားစရှိသည့် အတွက် မစင်ကို စားသော ဝက်သား, ကြွက်သားတို့၌ မြှိန်ရှက်၏။ ထို့အတူ စားစဖွယ်ရှိသည့် အတွက် လူသား၌ စက်ဆုပ်ကြ၏၊ စားစရှိသည့် အတွက် နွား သား, ကျွဲသား၌မြှိန်ရှက်ကြ၏၊ စားစရှိခဲ့မူ လူသား၌လည်း မြှိန်ရှက် ကြကုန်လတ္တံ့။ စားစရှိခဲ့သျှင် မိမိ၏ အမိအသား, အဘအသား၌ပင် မြှိန်ရှက်ကြကုန်လတ္တံ့။ မိမိ၏ သားသျှီး၏ အသား၌ပင် မြှိန်ရှက်ကြ ကုန်လတ္တံ့။ စားစရှိခဲ့သျှင် မစင်, ခွေးကောင်ပုပ်တို့၌ပင် မြှိန်ရှက်ကြ ကုန်လတ္တံ့။ တဏှာရာဂတရားမည်သည် ဤမျှလောက်ယုတ်ကန်း, ညစ်ညမ်း၏၊ တဏှာရာဂ တရား မည်သည် စည်းကမ်းရှိသော တရားမျိုးမဟုတ်။ ပေါက်လွတ် အလိုလိုက်ခဲ့လျှင် ခွေး, ဝက် တို့၏ တဏှာရာဂနှင့်ထင်တူဖြစ်၍သွားလတ္တံ့။ ခွေး, ဝက်တို့၌ ညစ်ညမ်း မှုသည် တဏှာရာဂ၏ အတတ်ပင်တည်း။ တဏှာရာဂကို ပေါက် လွတ် အလို ဖလိုက်ကြကုန်ရာ၊ ကတညုတာ ဂုဏ်လာတရားကို

ပွါးများ၍ နွားသား, ကျွဲသားတို့၌ မြိန်ရက်နိုင်သော တဏှာရာဂ တရားကို ဝေးစွာခွါကြဉ်ကုန်ရာ၏။

ကတညုတာ မဂ်လာ တရားကို ပွါးများပုံကား- "ယထာ ဖာတာပိတာ ဘာတာ၊အညဝါဒိစ ဉာတကာ" ဟူသော သုတ္တ နိပါတ် ပါဠိတော်၌ ဟောတော်မူလျက်ရှိ၏၊ အသက်သခင်, စည်းစိမ်သခင်ဖြစ်ဖူးပ၍ ကျွ, နွားတို့သည် လူတို့၏ အဓိန္ဒ် ဝဋ္ဋကုန်၏, အဘနှင့်တူကုန်၏၊ လူတို့သည် အဓိ, အဘ၏ အသားကို စားနိုင်ကြဲကုန်လျှင် ကျွ, နွားတို့၏ အသားကို စားနိုင်ကြဲကုန်ရာ၏၊ အဓိ, အဘတို့၏ အသားကို မစားနိုင်ကြကုန်လျှင် ကျွ, နွားတို့၏အသားကိုသည်း မစားနိုင်ကြကုန်ရာ၊ မည်သူသည် အဓိ, အဘတို့၏ အသားကို စားသည်ဟု ကြားဆိုခဲလျှင် လူမဟုတ်၊ ဘိလူး, သန္ဓက် ခွေး, ဝက်-တိရစ္ဆာန်တကား-ဟု တံဏ်းတွေးထွေးကြကုန်လတ္တံ့၊ ထို့အတူ ကျွသား, နွားသားကို စားသည်ဟု ကြားဆိုရလျှင်ပင် လူမဟုတ်၊ ဘိလူး, သန္ဓက် တကားဟု တံဏ်းတွေးထွေးထိုက်ကုန်၏၊ အဘယ့်ကြောင့်နည်းဆိုသော် အဓိ, အဘတို့လည်း အသက်သခင်, ကျွ, နွားတို့လည်းအသက်သခင်မျိုးဖြစ်ကြကုန်သောကြောင့်တည်း၊

မည်သူသည် အစ်ကို, ညီသားတို့၏ အသားကို စားသည့်, နှမပေါက်ဘော်တို့၏ အသားကို စားသည့်, ဒိဗ္ဗ သားသို့တို့၏ အသားကိုစားသည့်-ဟု ကြားဆိုရလျှင် ထို့အတူ တံဏ်တွေးထွေးကြကုန်လတ္တံ့၊ ကျွ, နွားတို့၏ အသားကို စားသည်ဆိုလျှင် ထို့အတူ တံဏ်တွေးထွေးထိုက်ကုန်၏၊ အဘယ့်ကြောင့်နည်းဟူမူ၊ အစ်ကို, ညီသား, နှမ ပေါက်ဘော်, သား, သို့းတို့လည်း အလွန်ချစ်ခင်, ကြင်နာအပ်သော သူတို့ဖြစ်ကြကုန်၏။ ကျွ, နွားတို့လည်း အလွန်ချစ်ခင်ကြင်နာအပ်သော သူတို့ ဖြစ်ကြပေကုန်သောကြောင့်တည်း၊

ကတညုတာ မဂ်လာတရား ပွါးများပုံကို ၁၀-ဂဏန်း အာချက်၌ လည်း ဟော်ဆိုခဲ့ပြီ။ ဤသို့ အစရှိသည်ဖြင့် ကျွ, နွား သတ္တဝါတို့၌ ကတညုတာ မဂ်လာတရားကို မျက်မြင်ဒိဋ္ဌ ဉာဏ်ရှိသမျှ ပွါးများ၍ ကျွသား, နွားသားတို့၌ စွဲလမ်းသော တဏှာကို ဝေးစွာ ခွါကြဉ်

ကုန်ရာ၏။ သတ္တနိပါတ်ပါဠိတော်, တေဓာတ်ပါဠိတော်,နာဂဒေ
ဓာတ်ပါဠိတော်များကို ထိုကျမ်းဂန်များမှာ ကြည့်ရှု၍ ယူကြ
လေကုန်း

နွားတရားပြီး၏။

သေရည်သေရက်တရားကိုအတန်ငယ်ပြဆိုအံ့။

သုရာပါနံ ဘိက္ခဝေ အာသေဝိတံ နိသေဝိတံ နိဗ္ဗယ
သံဝတ္တနိကံ တိရစ္ဆာနယောနိသံဝတ္တနိကံ ပေတ္တိဝိသယ
သံဝတ္တနိကံ၊ ယောဒ သဗ္ဗလဟုကော သုရာပါနဿ ဝိပါ
ကော၊သော ဥမ္မတ္တကသံဝတ္တနိကော။

ပဉ္စနိပါတ် အင်္ဂုတ္တိရ်ပါဠိတော်ကြီး။

ဘိက္ခဝေ၊ရဟန်းတို့။ သုရာပါနံ၊ သုရာပါနံကံသည်၊ အာသေ
ဝိတံ၊မြဲသည်ရှိသော်၊ နိသေဝိတံ၊မြဲသည်ရှိသော်၊ နိဗ္ဗယသံဝတ္တ
နိကံ၊ ငရဲဖြစ်စေတတ်၏။ တိရစ္ဆာန ယောနိသံဝတ္တနိကံ၊ တိ
ရစ္ဆာန်မျိုးဖြစ်စေတတ်၏။ ပေတ္တိဝိသယသံဝတ္တနိကံ၊ပြိတ္တာဘုံဖြစ်
ဖြစ်စေတတ်၏။သဗ္ဗလဟုကော၊အလုံးစုံတို့အောက် အပေါ့ဆုံးဖြစ်
သော၊သုရာပါနံသည်၊သုရာပါနံကံ၏၊ ယောဝိပါကော၊အကြွင်းဝဋ်
ဝိပါက်အကျိုးသည်။ အတ္ထိ၊ ရှိ၏။ သောဝိပါကော၊ ထိုဝဋ်ဝိပါက်
အကျိုးသည်၊ဥမ္မတ္တကသံဝတ္တနိကော၊အရူးအမှိုက်မှိုက်,အရိုင်းအမှိုက်
မှိုက်, အကြွမ်းအမှိုက်မှိုက်, အနှမ်းအမှိုက်မှိုက်ကို ဖြစ်စေတတ်၏၊
ပါဠိတော်အနုက်၊

သုရာပါနံကံ၏ အကျိုးသည် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုး
ဟူ၍နှစ်မျိုးရှိ၏။အပါယ်အကျိုး,ဝဋ်ဝိပါက်အကျိုးဟူ၍လည်းဆိုရ
၏၊ထိုနှစ်မျိုးတို့တွင် အပါယ်အကျိုး ကိုပြတော်မူခြင်းငှါ "နိဗ္ဗယ
သံဝတ္တနိကံ,တိရစ္ဆာနယောနိသံဝတ္တနိကံ, ပေတ္တိဝိသယသံဝတ္တ
နိကံ" ဟူ၍ ဟောတော်မူ၏။ ဤပါဠိတော်၌ အသုရကာယ်ဘဝ
သည် ပြိတ္တာဘဝ၌ အတွင်းဝင်၏။ အပါယ် လေးပါး၌ ဖြစ်စေ

တတ်၏ ဟူလိုသည်၊ ဝဋ်ဝိပါက်အကျိုးကို ပြတော်မူခြင်းငှါ "ယောစ သဇ္ဇုလဟုကော သုရာပါနသ ဝိပါကော၊သော ဥမ္မတ္တကသံဝတ္တနိကော" ဟူ၍ ဟောတော်မူ၏၊ သုရာပါနကံ၏ ဝဋ်ဝိပါက် အကျိုးကား-အရူးအမျိုးမျိုး, အရိုင်းအမျိုးမျိုး, အကြမ်းအမျိုးမျိုး, အနှမ်းအမျိုးမျိုးကို ဖြစ်စေတတ်၏ဟူလိုသည်၊ ထိုနှစ်မျိုးသောအကျိုးတို့တွင် သုရာပါနကံသည် အပါယ်အကျိုးကို အဘယ်သို့ ဖြစ်စေတတ်သနည်း ဟူမူကား၊ ဒုဂ္ဂတိလိုက်သစ်တို့ကြုံဖြစ်စေသော အားဖြင့်၎င်း, အကုသိုလ်ကံဟောင်းတို့ကို အခွင့်ပေးသောအားဖြင့်၎င်း-အပါယ်အကျိုးကို ဖြစ်စေတတ်၏၊

သုရာပါနကံသည် အကုသိုလ်ကံသစ်တို့ကို အဘယ်သို့ဖြစ်စေတတ်သနည်း ဟူမူကား၊ သုရာပါနကံသည် လောဘ, ဒေါသ, မောဟဟူသောအဓိကတရားတို့ကိုလွန်စွာပွါးစီးစေနိုင်၏၊ နိဝရဏတရားတို့ကို လွန်စွာ ပွါးစီးစေနိုင်၏၊ လူမှန်း,သူမှန်း မသိအောင် အလွန်နက်နဲသော အမှုး အယစ် အညစ်အကြေးတို့ဖြင့် စိတ်ကို လောင်ကျွမ်းစေ၏၊ ထိုတရားတို့သည် မနောဒုစ္စရိုက်တရားတို့တည်း၊ သေရည်,သေရက် မူးယစ်လျက် ပြုအပ်သော ကိုယ်အမှုအရာ ဟူသမျှတို့သည် ကာယဒုစ္စရိုက်တို့သာတည်း၊ သေရည်,သေရက် မူးယစ်လျက် ပြောဆိုသောစကားတို့သည် ဝစီဒုစ္စရိုက်တို့သာတည်း၊ သေရည်,သေရက် ချိုးစွဲသောသူ၏ ကိုယ်အမှုအရာ,နှုတ်အမှုအရာ,စိတ်အမှုအရာတို့သည် ယေဘုယျအားဖြင့် ဒုစ္စရိုက်အမှုတို့ သာတည်း၊ တနေ့ထက် တနေ့ အပါယ်ဝန်, သံသရာဝန်လေး၍ သွားတော့သည်၊ သေလွန်သောအခါ၌ ထိုဒုစ္စရိုက်တို့တွင် တခုခုသော ဒုစ္စရိုက်သည် ဇနကကံစွန့်နှင့် အကြိုးအမှုးဖြစ်၍ ကြွင်းသောဒုစ္စရိုက်တို့သည် အားပေးကူညီဖြစ်ကြကုန်၍ ထိုသူသည် အပါယ်ဝင်ရဲ့ဖို့ ဖလွဲနိုင်ပြီး၍သို့လျှင် သုရာပါနကံသည် အကုသိုလ်ကံသစ်တို့ကိုဖြစ်စေ၍ အပါယ်သို့ချတတ်၏၊

သုရာပါနကံသည် အကုသိုလ် ကံဟောင်းတို့ကို အဘယ်သို့ အခွင့်ပေးသောအားဖြင့် အပါယ်သို့ ချနိုင်သနည်းဟူမူကား၊ သံသ

ရာဌိ ကျင်လည်၍ နေကြကုန်သော သတ္တဝါတို့အား သူတော်ကောင်းတရားနှင့် ထွေကြိုရသောဘဝ အလွန်နည်းပါးကြ၏၊ ဘဝတထောင်မှာ တခါတရံမျှ မထွေကြိုကြ၊ ဘဝတသောင်းမှာ ထခါတရံမျှ မထွေမကြိုကြ၊ ဘဝတထိန်းမှာ တခါတရံမျှ မထွေမကြိုကြ၊ ဒုစ္စရိုက်အဖိုက်အမဲတို့နှင့် ကုန်ခဲ့သောဘဝတို့သာ အလွန်များကုန်၏၊ တယောက်တယောက်သော သတ္တဝါ၏ သန္တာန်မှာ အပါယ်ဝရဲသို့ ပစ်ချရန် အကုသိုလ် ကံဟောင်းတို့သည် အသင်္ချေယျ အနန္တာ ပါဂိုဏ် နေကြကုန်၏။ သုရာပါနမှသည် ထိုအကုသိုလ် ကံဟောင်းတို့ကို အားပေး, အားမြောက် အထောက်အကူ ကြီး၏၊ အကုသိုလ်ကံဟောင်းတို့သည် အရေပရေ အရွားရွာ၌ ဂိုနေကြကုန်သော သူခိုး, ဒါးပြတို့နှင့် အလားတူကုန်၏။ သုရာပါနကံသည် တရသော ရွာအလယ်, ရေပ်အလယ်၌ ဂိုနေသော သူခိုးလက်ခံကြီး, ဒါးပြလက်ခံကြီး ဂိုနေသမျှ ကာလပတ်လုံး သူခိုးဒါးပြတို့သည် ထိုရွာ၌ ခိုးခွင့်, တိုက်ခွင့် ကောင်းကောင်း ဖြင့်ကုန်၏။ ထိုအတူ သုရာပါနမှဂိုနေသမျှ ကာလပတ်လုံး ထိုသတ္တဝါသန္တာန်မှာ အကုသိုလ်ကံဟောင်းတို့ကို အားပေး, အားမြောက် အထောက်အကူ ကြီး၏၊ အကုသိုလ်ကံဟောင်းတို့သည် အရေပရေ အရွားရွာ၌ ဂိုနေကြကုန်သော သူခိုး, ဒါးပြတို့နှင့် အလားတူကုန်၏။ သုရာပါနကံသည် တရသော ရွာအလယ်, ရေပ်အလယ်၌ ဂိုနေသော သူခိုးလက်ခံကြီး, ဒါးပြလက်ခံကြီး ဂိုနေသမျှ ကာလပတ်လုံး သူခိုးဒါးပြတို့သည် ထိုရွာ၌ ခိုးခွင့်, တိုက်ခွင့် ကောင်းကောင်း ဖြင့်ကုန်၏။ ထိုအတူ သုရာပါနမှဂိုနေသမျှ ကာလပတ်လုံး ထိုသတ္တဝါသန္တာန်မှာ အကုသိုလ်ကံဟောင်းတို့သည် အကျိုးပေးခွင့် ဖြင့်ကုန်၏၊ အပါယ်ဝရဲသို့ ပစ်ချခွင့် ဖြင့်ကုန်၏၊ ထိုသတ္တဝါ သန္တာန်မှာ ကုသိုလ်ကံဟောင်းတို့သည်လွှင့်ခွင့်မရှိနေကြကုန်၏။ သုရာပါနမှကို မစွန့်မှ၍ သေခဲ့သည်ရှိသော် ထိုသူသည် ဒုစ္စရိုက်ကံဟောင်းတို့လက်မှ မလွတ်နိုင်ပြီ။ ဤကား အပါယ်ဝရဲသို့ ကျရောက်လတ္တံ့။ ဤသို့လျှင် သုရာပါနကံသည် အကုသိုလ်ကံဟောင်းတို့ကို အခွင့်ပေးသောအားဖြင့် အပါယ်ဝရဲသို့ပစ်ချတတ်၏။

အဘယ်မည်သော အပါယ်ဝရဲသို့ ပစ်ချသနည်းဟူမူကား။ ရောရဝဝင်ရဲကြီးသို့ပစ်ချ၏။ ထိုရောရဝဝင်ရဲကြီးသည် ဓာလရောရဝဝင်ရဲကြီး, ဓူမရောရဝဝင်ရဲကြီးဟူ၍ ၂-ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ဓာလရောရဝဝင်ရဲကြီးဆိုသည်ကား-ဝင်ရဲကြီးရှစ်ထပ်တို့တွင်စတုတ္ထဝင်ရဲကြီးပေတည်း။ ထိုဝင်ရဲကြီးသည် ဓမ္မပဒဒိပါကျွန်း၏ အောက်၌ ဤလူ့ပြည်မှသည် ယူဇနာပေါင်း ခြောက်သောင်း ဝေးကွာသော

အရပ်၌ ဖမ္မ။ဒိပါကဲ့သို့ကျယ်စနိုးစွာသော မြေဥမင်တွင်း၌ တည်ရှိ၏၊ရဲရဲညိသော သံဖြေအပြင်ရှိ၏၊ ယစ်မျိုးအပေါင်းတို့တွင် အရည်ယစ်မျိုးတို့ကို သောက်မျိုကြဲ ကုန်သော သူတို့သည် သေသည်၏ အခြားမဲ့၌ ထိုင်ရဲသို့ ကျရောက်ကြကုန်၏၊ ကိုယ်ကောင်တို့သည် တောင်ပမာဏရှိကြကုန်၏၊ ခံတွင်းပေါက်အစရှိကုန်သောဒွါရကိုးပေါက် တို့သည်ချောင်း,မြောင်း သဏ္ဌာန်ရှိကြကုန်၏၊တောင်တွင်းသို့ စီးဝင်ကုန်သော ချောင်းငယ်, မြောင်းငယ်တို့ကဲ့သို့ မီးတောက်မီးလျှံနှင့်တကွကုန်သောသံပူငယ်တို့သည်ထိုဒွါရကိုးပေါက်တို့မှကိုယ်ခန္ဓာတွင်းသို့ အမြဲစီးဝင်၍ နေကုန်၏၊ထိုသတ္တဝါတို့သည်အနှစ်တသိန်း-စသည်ဖြင့် ပြင်းထန်လှစွာသော ဒုက္ခဝေဒနာတုံးကြီး ဖြစ်၍ ခံနေကြရကုန်၏၊ ထိုင်ရဲသို့ကျရောက်သောအခါမှစ၍အသက်တခါ ရှူမှု သက်သာရာမရကြကုန်ပြီ၊ သေရည်, သေရက်သောက်စားကြသူတို့သာတိမ္မကြီးလေကုန်။

ထိုဓာသုရောရဝင်ရဲကြီးမှ အောက်၌ ယူဇနာတသောင်း, ငါးထောင်-ကွာခြားသောမြေဥမင်ကြီးအတွင်း၌ ရှမရောရဝင်ရဲကြီးတည်ရှိ၏၊ ရဲရဲညိသောသံဖြေအပြင်ရှိ၏၊ယစ်မျိုးငါးပါးတို့တွင်ဘင်း, ဘိန်း-စသော အဓိုးအရှယ်ယစ်မျိုးတို့ကို သောက်ရှုကြကုန်သော သူတို့သည် သေသည်၏ အခြားမဲ့၌ ထိုင်ရဲသို့ ကျရောက်ကြကုန်၏၊ ကိုယ်ကောင်တို့သည် တောင်ပမာဏရှိကြကုန်၏။ ခံတွင်းပေါက်အစရှိကုန်သော ဒွါရကိုးပေါက်တို့သည် ချောင်း, မြောင်းသဏ္ဌာန်ရှိကြကုန်၏၊ တောင်တွင်းသို့စီးဝင်သော ချောင်းငယ်, မြောင်းငယ်တို့ကဲ့သို့ အသျှံနှင့် တကွသော အလွန်ပူလောင်ခါး, ငံလှစွာသောအဓိုးတို့သည် ထိုဒွါရကိုးပေါက်တို့မှ ကိုယ်ခန္ဓာတွင်းသို့အမြဲစီးဝင်၍ နေကုန်၏၊ ထိုသတ္တဝါတို့သည် အနှစ်တသိန်း-စသည်ဖြင့် အလွန်ပြင်းထန်လှစွာသော ဒုက္ခဝေဒနာတုံးကြီးဖြစ်၍ ခံနေကြရကုန်၏၊ ထိုင်ရဲသို့ ကျရောက်သောအခါမှစ၍ အသက်တခါ ရှူမှု သက်သာရာမရကြကုန်ပြီ၊ ။ဘင်း, ဘိန်း-သောက်ရှုသူတို့သတိမ္မကြီးလေ

ကုန်၊ ။ဤကား နိရယသံဝဏ္ဏနိဂံ-ဟူ၍ပြောတော်မူသော သုရာပါနကံ၏ ပဋိသန္ဓေ အကျိုးကိုပြဆိုခန်းတည်း။

ယခုအခါ ဝဋ္ဋဝိပါက်အကျိုးကို ပြဆိုအံ့။

ဗုဒ္ဓဘာသာလူမျိုးတို့မှာ ဒါန, သီလ, ဘာဝနာ ပရားတို့ကို အားကိုးကြရကုန်၏၊ အဘယ်အကျိုးငှါအားကိုးကြရကုန်သနည်းဟူမူ၊ နောင်ပွင့်တော်မူလတ္တံ့သော အရှင်မေတ္တေယျဖြစ်စွာဘုရားကြီးကို ကိုယ်တိုင်, ကိုယ်ကြပ်ဖူးတွေ့၍ မင်္ဂဒ်းထော်, ဖိုလ်ဥာဏ်နိဗ္ဗာန်တရားတော်ဖြတ်ကို မချွတ်မလွဲ, ဇကနဲအမှန်ထုတ်ချောက်ရောက်ပါရခြင်း အကျိုးငှါ ဒါနကိုပြုကြရကုန်၏၊ ဥပသံသီလကို စောင့်ထိန်းကြရကုန်၏၊ အရှင်မေတ္တေယျ ဖြစ်စွာဘုရား၏ နောက်မှာ ကမ္ဘာတရာ, ကမ္ဘာတသောင်းအတွင်း၌ဘုရားပွင့်ခြင်း မရှိပြီ။ သည်ကမ္ဘာ ခေါ်သော ကမ္ဘာ အဆိုက်ထောကြီးတွေ သွားတော့မည် ယစ်မျိုးငါးပါးကိုမကြဉ်ရှောင်ကြသောသူတို့သည် မေတ္တေယျဖြစ်စွာဘုရားကို တွေ့ဖြင် ရလိမ့်မည်ဟု မထင်စားကြရကုန်ပြီ။ ထိုစကားကို ထင်ရှားအောင်ဘော်ပြအံ့။

ယစ်မျိုးငါးပါးကို စားသောက်မှုမည်သည့် ပဓိတို့စိတ်ကို အာရုံးတို့က်မှသက်သက်, အရိုင်းတို့က်မှသက်သက်, အနှိမ်းတို့က်မှသက်သက်, အကြမ်းတို့က်မှ သက်သက်သာ ဖြစ်၏။ နွေရာသည် ရက်များ, ထုံ၍သွားသည်ရှိသော် ကိုယ်သန္တာန်, စိတ်သန္တာန်နှစ်ပါးတို့တွင် ကိုယ်သန္တာန်တခုလုံးသည် ယစ်မျိုးခိုး, ယစ်မျိုးဆိပ်ပြည့်၍ နေ၏။ ယစ်မျိုးတုံး, ယစ်မျိုးခဲကြီး ဖြစ်၍နေ၏။ စိတ်သန္တာန်သည် မစင်ဘင်ပုပ်အတွင်းမှ ထွက်သော အခိုးကဲ့သို့ ယစ်မျိုးတုံး, ယစ်မျိုးခဲကြီးမှ ထွက်ရသည်ဖြစ်၍ အလွန်ညစ်ထေး၏၊ ကာမဂုဏ်အာညစ်တွင်းသို့သာ ညွှတ်ကိုင်း၏၊ ရင်တွင်း, ဝမ်းတွင်းမှာ သေရည်ခိုး, သေရက်ခိုး, ဘင်းခိုး, ဘိန်းခိုး,-ပွက်ပွက် ဆူ၍နေမှ စိတ်ကြည်၏၊ ရင်တွင်း, ဝမ်းတွင်းမှာ ထိုအခိုး စဲကာနဲ့ရှိခဲ့လျှင် စိတ်နှောက်၏၊ သေ

ရည်, သေရက်ကို အမြဲဖြဝဲသော သူတို့မှာ တသက်လုံးပြု၍ ထား သော ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာ ကုသိုလ်တို့သည် သေရည်, သေရက်မူးယစ်သောအခါ အကျိုးအာနိသင် ယုတ်ညံ့၍ ကုန်ကြေကုန်၏၊ အဘယ်ကြောင့်နည်း ဆိုသော် ထိုကုသိုလ်တို့ သည် သွားလေရာရာအစဉ်ပါ၍ ချမ်းသာအမျိုးမျိုးတို့ကို ပေးစေ ခြင်းငှါ စိတ်အစဉ်၌ အမွှန်းတင်၍ ထားကြသော အရည်ကောင်း, အရောင်ကောင်းတို့ ပေတည်း။ သေရည်, သေရက် သောက်စားမှု သည်ကား-စိတ်အစဉ်ကို အညစ်အညမ်း ဖြစ်အောင် ပျက်ဆီးမှု ပေတည်း။ စိတ်ကို အရှုံးတိုက်မှု ပေတည်း၊ အရှိုင်းတိုက်မှု ပေ တည်း၊အနှိမ်းတို့ကိုက်မှုပေတည်း၊ အကြွမ်းတို့ကိုက်မှုပေတည်း။ စိတ် အစဉ်မည်သည် သတ္တဝါဘဝယောက်ဖြစ်သန်းရာနှမှာ နှစ်စဉ်ရှိသည် မဟုတ်၊ တစဉ်သာရှိ၏၊ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုတို့သည် လည်းထိုစိတ်အစဉ်၌ရှိနေရကုန်၏၊ သောက်သောက်သမျှသော သေ ရည်သေရက်မှုတို့သည်လည်း ထိုစိတ်အစဉ်ကို ပျက်ဆီးကုန်၏၊ စိတ်ရှုး, စိတ်ရိုင်း, စိတ်နှမ်း, စိတ်ကြွမ်းဖြစ်အောင်ပြုရသောမကောင်း မှုကြီးဖြစ်၏၊ထိုကုသိုလ်ကောင်းမှုတို့သည် သေရည်, သေရက်ပျက် ဆီးမှုကြောင့် အကျိုးအာနိသင် ယုတ်ညံ့၍ကုန်ကြေကုန်၏၊

ယုတ်ညံ့ပုံကား-ဥမ္မတ္တကသံဝတ္တနိကော-ဟူသောပါဠိတော်နှင့် အညီ သုရာပါနပျက်ဆီးမှုကြောင့် ထိုကုသိုလ်တို့သည် လူကောင်း ဘဝ,နတ်ကောင်းဘဝကို မပေးနိုင်ကြကုန်ပြီး၊ လူ့ဘဝကိုရသော် လူရွာ်း,လူနှမ်းဘဝကိုပေးကြကုန်၏၊ချင်းရိုင်း,ကချင်ရိုင်း,ကရင်ရိုင်း အစရှိသော လူရိုင်းဘဝကို ပေးကြကုန်၏၊ ထိုသူတို့သည် ထို ကုသိုလ်တို့ကြောင့် ထောသူ,ထောင်သူ, လူရိုင်းမျိုး,လူကြမ်းမျိုး, သမဒ္ဒရာ အလယ် ကျွန်းငယ်သူ, လူရိုင်းမျိုး, လူကြမ်းမျိုး ဖြစ်ကြရ ကုန်၏၊ နတ်ဘဝကိုပေးသည်ရှိသော်သမျှဒေဝနတ် ကောင်းဘဝ ကိုမပေးနိုင်ကြကုန်ပြီး၊နတ်ရွာ်း,နတ်ရိုင်း,နတ်နှမ်း,နတ်ကြွမ်းဘဝကို ပေးကြကုန်၏၊ နတ်ရွာ်း,နတ်ရိုင်း,နတ်နှမ်း, နတ်ကြွမ်းဆိုသည်ကား လောဘဒြ အစိမ်း, သူရဲ, သန္ဓာက်, တဇ္ဇော, ဖြောက်တိ,ကြိပ်-အစရှိ

သည် တို့တည်း၊ သမုဒ္ဒရာအလယ် ကျွန်းငယ်တို့၌ ဘိလူးအမျိုးမျိုး,ရက္ခိုသ်အမျိုးမျိုး,ကုန်ကော်အမျိုးမျိုး,ဂန္ဓမူနတ်ကြီမ်းအမျိုးမျိုးတို့ထည်း၊ထိုသူတို့သည် ဤကဲ့သို့သော လူရိုင်း,နတ်ရိုင်း၊လူကြမ်း, နတ်ကြမ်းဘဝတို့မှတဘဝနဲ့ ရွှေ့လျောကြဲကုန်သည်ရှိသော် အပါယ်လေးပါး တို့သို့ စုံးစုံး ဖြုပ်ကြဲ လေကုန်တော့သည်၊ မေတ္တာယျ ဖြတ်စွာဘုရားနှင့် အဝေးကြီးဝေးကြကုန်တော့သည်၊အကွာကြီး ကွာကြဲလေကုန်တော့သည်၊ ဤသို့လျင်ယစ်မျိုးငါးပါးကို မစွောင် ကြဉ်ကြသော ဗုဒ္ဓဘာသာ လူမျိုးတို့သည် မေတ္တာယျ ဖြတ်စွာဘုရားကို ဝတ္တကြဲလိမ့်မည်ဟု မထင်စားကြရကုန်ပြီ၊ မေတ္တာယျ ဖြတ်စွာဘုရားနှင့် လွဲကြဲလျင်လည်း နောက်သံသရာ ဒလဟာ-အဓိက်တောင်မြောမြေး, မြုပ်မြဲမြုပ်, မျောလေ,မြုပ်လေတော့မည်၊ဤဂေါဏ-သုရာပါနကံ၏ဝဋ်ဝိပါက်အကျိုးကိုပြဆိုခန်းတည်း။

ယခုအခါ၌ သုရာပါနမှုကို ဖိဝဲပြုကုန်သော သူတို့အားထိုအကုသိုလ်ဓမ္မကို ပယျောက်စေခြင်းငှါ အားထုတ်ရန်နည်းလမ်းကို ပြဆိုပေအံ့၊

ကြဉ်ဉ်ရှောင်သောနေ့မှစ၍စိတ်သန္တာန်၌ သမာဒါနဝိရတိတရားကို နေ့စဉ်ပွါးများစေခြင်းအကျိုးငှါ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ-ဟူသော သိက္ခာပုဒ်ဆောက်တည်ရမည်၊ ဤလည်းအားထုတ်ရန်ကိစ္စတပါး၊ ။သင်္ဂြိဟ် ၉-ပိုင်း၏ သရုပ်အဓိပ္ပါယ်ကို ဖြန်ဖြန်တတ်မြောက် စေတတ်သော ပရမတ္ထသံခိပ်ကျမ်းကို အကုန်တတ်မြောက်အောင် အားထုတ်၍ အဘိဓမ္မာပရမတ်စကားကို များစွာပြောဟောလေ့ရှိစေရမည်၊ ၉-ပိုင်းလုံးမတတ်နိုင်ရှိခဲ့သော် ၅-ပိုင်းကိုသော်ငင်း, ၇-ပိုင်းကိုသော်ငင်း, ၆-ပိုင်းကိုသော်ငင်း, ဗိထိပိုင်းကို ချန်လှပ်၍ ရုပ်ပိုင်းထိ ၅-ပိုင်းကိုသော်ငင်း, စိတ်ပိုင်း, စေတသိက်ပိုင်း, ရုပ်ပိုင်း-ဤသုံးပိုင်းကိုသော်ငင်း, အားထုတ်ရမည်၊ သို့မဟုတ်သတိပဋ္ဌာန်ပါဠိတော်ကြီးကို အာရုံကျက်၍ ဆောင်ရွက်ရမည်၊ သို့မဟုတ် ပဋ္ဌာန်းပစ္စယ

နိဒ္ဒေသပါဠိတော်ကြီးကို အရကျွက်၍ ဆောင်ရွက်ကြရမည်၊ အသက်အရွယ် ကြီးရင့်၍ မတတ်နိုင်ဂိုခဲ့လျှင် ဓမ္မစကြာသုတ်-ပါဠိ, အနက်ကိုဖြစ်စေ,အနတ္တလက္ခဏသုတ်ပါဠိ,အနက်ကိုဖြစ်စေ အရကျက်၍ တသက်လုံး ဆောင်ရွက်ရမည်၊ ဤလည်း အားထုတ်ရန် ကိစ္စတပါး။ ။ဤကိစ္စနှစ်ပါးတို့ကို အသက်ထက်ဆုံး အားထုတ်နိုင်ပါမှကား ရှေးအခါ၌ သောက်စားခဲ့သော သုရာပါနအကုသိုလ်ဓမ္မသည် ရေနှင့်လျော်ပွတ်၍ ပစ်သကဲ့သို့ ပယ်ပျောက်လေ၏။ သုရာပါနကံသည် ကမ္မပထအမှုရင်းမျိုးမဟုတ်လေသောကြောင့် နုရာကျ ကုစားခဲ့လျှင် ပယ်ပျောက်လွယ်သော တရားမျိုးဖြစ်၏၊ပဋိသန္ဓေအကျိုး, ပဝတ္တိဝဋ်ဝိပါက်အကျိုးတို့မှ ကင်းလွတ်စေနိုင်ရန် လွယ်သောအခွင့်ရှိ၏၊

သေရည်သေရက်တရားပြီး၏၊

နွားမြိုင်,မြင်းမြိုင်ပွဲတရားကိုပြဆိုလိုက်ဦးအုံ။

အာဝုသော၊ငါ့ရှင်၊ဣဓ၊ဤအရပ်၌၊ အဟံ၊ငါသည်၊ဂိဏ္ဍကာဒုပမံ တာ၊ဂိဏ္ဍကုန်တောင်မှ၊ သြရောဟေန္တော၊ဆင်းသက်သည်ရှိသော်၊ ဝေဟာသံ၊ကောင်းကင်၌၊ ဂန္ဆေတံ့၊သွား၍နေသော၊ သူစိလောမံ၊ သံချွန်,သံစူးလျှင်အမွေးရှိသော၊ပုဂိသံ၊ယောကျ်ားကို၊အဒ္ဒသံ၊မြင်ရ၏။ တသ၊ထိုယောကျ်ား၏။ ကာယေ၊တကိုယ်လုံး၌၊ တာသူစိယော၊ထိုသံချွန်,သံစူးတို့သည်းဥပ္ပတိတွာ ဥပ္ပတိတွာ၊ပျံတက်၍ပျံတက်၍၊ နိပ္ပတန္တိ၊ကိုယ်းပါ၌အမြဲကျရောံစူးဝင်ကုန်၏။သော၊ထိုပြိတ္တာသည်။ အန္ဓသ၏၊အကြင်းအထန် ကျင်နာသံကို၊ ကရောတိ၊ပြု၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဧသော သတ္တော၊ ဤသတ္တဝါသည်၊ ဧကဒေဝံ ယေဝ ရာဇကုဟော၊ ဤရာဇကြွက်ဟပြည်၌ ပင်သျှင်၊ သာရထိကော၊ မြင်း, နွားတို့ကို သံချွန်,သံစူးဖြင့် ထိုး၍ မောင်းနှင်သောယောကျ်ားသည်။ အဟောသိ၊ဖြစ်၏၊ ။ဝိနည်းပါဠိတော်၊ ။ တဿံ၊ထိုယောကျ်ားအား၊ ပတောဒသူစိယာ၊ နွှင်တံဖျားခွ် တပ်

သော သံသျှန်, သံစူးဖြင့်၊ ဝိဇ္ဈနဘာဝေါ၊ယော၀၊ ထိုးသော အခြင်း အရာသည်ပင်လျှင်၊ နိမိတ္တံ၊ သေခါနိုးတွင် နိမိတ်ထင်သည်၊ အ ဟောသိ၊ဖြစ်လေ၏။ တသ္မာ၊ ထို့ကြောင့်။ သူစိန္နလောမဖေပတော၊ သံသျှန်,သံဇူး အ၊မွေးဂို၊သော ပြဿာသည်၊ဇာတော၊ဖြစ်၊လေ၏။ ။ ပါရာဇိကဏ်အဋ္ဌကထာ၊ ။နွားပြိုင်ပွဲ, မြင်းပြိုင်ပွဲတို့၌ မြင်း,နွား မောင်းနှင်သူတို့ သတိထား၊ကြရန် ကျမ်း၀န်အထွက်ကို ဘော်ပြ ချက်တည်း။ တခုတခုသော ဒုစ္စရိုက်မှု၌ ဒုဋ္ဌရိုက်အပွါး၊လေးပါး, လေးပါးစီ ထွက်သည်ကို ဒသဂိုတ္တရ၊ပါဠိတော်၌ ဟော၊တော်မူ သည်ကား-

အတ္ထေနာဒ၊ ပါဏာတိပါတီ ဟောတိ၊ ပရေ၊ တတ္ထ သမာဒ၊ပေတိ၊ ပါဏာတိပါတသ၊ ဝဏ္ဏော၀ါဒီ ဟောတိ၊ တတ္ထ၊ စ သမန္နာ၊ဟော၊တိ။ ။ပါဏာတိပါတမှ၌ လေး ပါးပွါးပုံပါဠိတော်၊

ထိုအမှုကို ကိုယ်ဘိုင်ပြုသူတ၊ယောက်, ထိုအမှုကို ပြုဖြစ်၊လေ အောင် နှိုး၊ဆော်တိုက်တွန်း ဗိုင်း၀န်းကူညီသူတ၊ယောက်, ထိုအမှု ကို အလုပ်ကောင်းပြု၍ ချီးမွမ်း၊စကား၊နှင့် အား၊ပေး၊ထောက်ပံ့ ပြု သူတ၊ယောက်,ထိုအမှုမှာစိတ်တူ,သ၊ဘောတူပါ၀င်သူတ၊ယောက် ဤကား ထိုပါဠိတော်အ၌ လေးပါးပွား နည်းတည်း။ ။နွား,မြင်း တို့ကို အ၊ဆမတန် ညှဉ်း၊ဆဲ၊သော နွားပြိုင်ပွဲ, မြင်းပြိုင်ပွဲများ၊သည် ဖြဆိုခဲ့ပြီး၊သော ပါဠိတော်ဖြတ်၌ တိုက်ရိုက်လာရှိ၊သော ဒုစ္စရိုက်မှု ကြီး၊တမျိုး၊ဖြစ်၏။ နွား၊လောင်းသူ, မြင်း၊လောင်းသူတို့သည် ထိုဒုစ္စ ရိုက်မှုကြီး၏ အပွား လေးပါးတို့တွင် ပါ၀င်လျက် ရှိကြကုန်၏။ ထို၊ကြောင့် မြတ်စွာဘုရား၏ တပည့်သား ပြိလိုကုန်သော သူအ ပေါင်းတို့သည် ပြဿာဖြစ်မှု-၀ဏ္ဏ၊ သက်၊သေ, ဒေသနာတန်း၊လန်း ထိုမျှ၊လောက် ကြမ်းတန်း၊သော ဒုစ္စရိုက်မှုကြီး၊များ၊အပွား၊အင် ၂ တွင် ပါ၀င် ၊ပါမ၀င် ရှောင်ကြဉ် လွှဲကင်း၊ကြဖို့၊စေကုန်ရာသတည်း။ မြင်းပြိုင် ပွဲ, နွားပြိုင်ပွဲတို့၌ လက်ခုင်း, လက်ပျား နွား၊လောင်း, မြင်း၊လောင်း

သူ,ပဲကြည့်သူတို့ သတို့ထားကြဲရန် ကျမ်းဂန်အထွက်ကို ဘော်ပြ ချက်တည်း၊

၁ ယထာမာတာပိတာဘာတာ၊ အညေဝါပိစဉာထကာ၊ ဂါဝေါနောပရမာပိတ္တာ၊ယာသု'ဇာယန္တိ်ကြသဝေ၊ ။

၂ အန္နဒါဗလဒါစေတာ၊ဝဏ္ဏဒါသုခဒါစ ကာ၊ ဇေတမတ္တဝသံ ဥတ္တာ၊နာဿသု ဂါဝေါ ဟန်ံသု တေ၊ ။

၃ တတော ဒေဝါပိတရော၊ဘာပိ၊ဣန္ဒော အသုရရက္ခသာ၊ ။ အဓမ္မော ဇာတိ ပက္ခန်ံ၊ယံ သတ္တံ နိပ္ပတိ ဂဝေ၊

၄ တယော ရောဂါ ပုရေ အာသုံ၊ဣစ္ဆာ အနသနံ ဇရာ၊ ပသူနဉ္စ သမာရမ္ဘာ၊ အဉ္ဉနဝုတိ အာဂမုံ၊ ။ သတ္တာနံပါတ်ပါဠိတော်၊ ။

၁ ဂါဝေါ၊နွားတို့သည်၊ နော၊ငါတို့၏၊ မာတာယထာစ၊အပိ ကဲ့သို့ဂုဏ်း၊ ပိတာယထာစ၊ အဘကဲ့သို့ဂုဏ်း၊ ဘာတာယထာစ၊ မောင်ကြီး, မောင်ငယ်ကဲ့သို့ဂုဏ်း၊ အညေဝါပိ၊ တပါးသည်း ဖြစ် ကုန်သော၊ ဉာတကာယထာစ၊ ပေါက်ဘင်သားချင်း, ဆွေရင်း, မျိုးရင်းတို့ကဲ့သို့ဂုဏ်း၊နော၊ငါတို့၏၊ပရမာ၊အလွန်ဆုံးဖြစ်ကုန်သော၊ ပိတ္တာ၊အသက်ထက်ဆုံးချစ်ခင်အင်ကုန်းသော ဓိတ်ကြီးဆွေကြီးတို့ ပေတည်း၊ ယာသု၊အကြင်နွားတို့၌၊ ဩသဓာ၊ထောပတ်, ဆီဦး-အစရှိကုန်းသော အသက် ဂုဏ်းကြောင်း, အနာဂတ်းကြောင်း-ဆေး ကောင်းဆေးဖြတ်တို့သည်၊ဇာယန္တိ၊ဖြစ်ပေကုန်၏၊

၂ ဇော၊ ထိုနွားတို့သည်၊ နော၊ ငါတို့အား၊ အန္နဒါစ၊အစာ ထမင်းကိုလည်း ပေးကြပေကုန်၏၊ ဗလဒါစ၊ အားဖွန်ဗလကို လည်းပေးကြပေကုန်၏၊တာ၊ထိုနွားတို့သည်၊နော ငါတို့အား၊ဝဏ္ဏ ဒါစ၊အရောင်အဆင်းကိုလည်း ပေးကြပေကုန်၏၊ သုခဒါစ၊ကိုယ် စိတ်နှစ်ဖြာချမ်းသာသုခကိုလည်းပေးကြပေကုန်၏၊ဇော်အထွဝသံ၊ ဤသို့သောနွားတို့၏အကျိုးကျေးဇူးရက်အထူးကို၊ဥတ္တာ၊မြော်မြင် သိရှိကြကုန်သည်ဖြစ်၍၊ တော၊ထိုဂုဏ်းသူတော်ကောင်း-လူအပေါင်း

ဘို့သည်း၊ဂါဂေါ၊ နွားတို့ကို၊ နဟန် သ၊ဦးက်ပုတ်ညှဉ်းဆဲခြင်းကို မျှမပြုကြပေကုန်၊

၃ ယံ-ယဒါ၊ အကြင်အခါ၌၊ ဂဂေ၊ နွားတို့၏အပေါ်၌၊ သင်္ဃံ၊ သတ်ဖြတ်သောထားလက်နက်သည်၊ နိပ္ပတိ၊ကျရောက်၏၊ တတော၊ ထိုနွားတို့ကို သတ်ကြသောအခါမှစ၍၊ ဒေဝါစ၊ လူ့လောကကို စောင့်ရှောက်ကြကုန်သော နတ်တို့သည်ဂုဏ်း၊ ပိတရော၊လူ့လောကကို စောင့်ရှောက်ကြကုန်သော ပြဟ္မာတို့သည်ဂုဏ်း။ ဇာနေန္ဒာစ၊ထိကြီးမင်းကြီးသည်ဂုဏ်း၊အသုရ၊ရက္ခသာစ၊အသုရာနှတ်, ရက္ခိုသ် နှတ်တို့သည်ဂုဏ်း၊ အဝမ္ဘောဇ္ဇာတိ၊ လူ့လောကမှာ အယုတ်တမာ မိန်ဆွာတရားကြီးဖြစ်ပေါ်၍လာပြီဟုပါးပက်ခဲ့နှုံ၊လူ့လောကကို မမြင်လိုတဲ့ ရှောင်လွဲပစ်ခွါ၍ သွားကုန်၏၊

၄ ပုရေ၊နွားသတ်ယောက်ျား, နွားသားစားတို့ မပေါ်မီရှေးကာလ၌၊ တယောရောဂါ၊ အနာရောဂါသုံးမျိုးတို့သည်သာလျှင်၊ အာသုံ၊လူ့လောက၌ဂိုကြကုန်၏ ဇာနွာ၊မဂိုလျှင်လိုချင်တောင့်တရခြင်းတပါး၊ အနသနံ၊ စားချိနိုက်၍ မစားရခဲ့လျှင် ဆာလောင်ရခြင်းတပါး၊ ဇရာ၊အိုချိနိုက်လျှင် အိုရခြင်းတပါး၊ (ဤကား အနာသုံးမျိုးတည်း)။ ။ပသူနံ၊နွားသတ္တဝါတို့ကို၊ သမာရဗ္ဘာ၊ သတ်ဖြတ် စားသောက်ကြသော အခါမှစ၍၊ အဋ္ဌနဝုတိ၊ ကိုးဆဲ့ရှစ်ပါးသော အနာဆင်း,ရောဂါဆိုး,ကပ်,ဥပဒ်မျိုးတို့သည်၊ အာဂမုံ၊ လူ့လောကဋ္ဌ ဖြစ်ပေါ်၍လာကုန်၏။

ယသ ရဲကွသ ဆာယာယ၊နိသီဒေယျ သယေယျဝါ၊
နှ တသ သာခံ ဘဇ္ဇေယျ၊ဗိတ္တဒ္ဒါ၊ဇ္ဇာ ဟိ ပါပကော။

ယသရက္ခသ၊အကြင်သစ်ပင်၏။ ဆာယာယ၊အရိပ်၌၊ နိသီဒေယျဝါ၊ ထိုင်မှလည်းထိုင်ဘူးရာ၏၊ သယေယျဝါ၊ အိပ်မှလည်း အိပ်ဘူးရာ၏၊ တသ၊ ထိုသစ်ပင်၏၊ သာခံ၊သစ်ခက်ကို၊ နဘဇ္ဇေယျ၊ မချိုးဖျက်ရာ၊ဟိသစ်ကိုမှန်၏၊ဗိတ္တဒ္ဒါ၊ဇ္ဇာ၊ ဒိတ်ခင်ပွန်းကို ဖျက်ဆီးခြင်းသည်၊ပါပကော၊ယုတ်မာလှ၏၊

အင်္ဂလိပ်မင်းဝင်စ ၁၂၄၇-ခုနှစ်အတွင်း မုံရွာမြို့-လူကြီး,လူ
ကောင်းတို့ တောင်းပန်ချက်အရနှင့် ဂေးဝေးသည့် နွားမကြာစာ-

ခေတ်ကာလ ယခု ဖြစ်လာရ အမှုမှာ၊ ဘယ်သူ့ကို ကိုးစား၊
ဘယ်သူ့ကို ငြိုးထားမည်၊ ရိုးမှားလို့ မသင့်၊စဉ်းစားတို့အခွင့်မှာ၊
ချိန်သင့်ခါ မှန်းမည်ဟု၊ တတိုင်းလုံး ကြံမှာ၊ ငါပါက်ရင်း ပါသော
ကြောင့်၊သာကီန္တယ် ထိန်းခြောက်သောင်း၊ ဆွေတော်များအပေါင်း
တို့၊ သူမကောင်း ဒိဋ္ဌာဉဏ်၊ ငိဋ္ဌဒု။ ဘေးရန်ကြောင့်၊ ကျွမ်းပြန်
အောင် ပျက်ပြားရာ၊ မြတ်ဘုရားဘုန်းလွှိုင်လည်း ကိုယ်တော်တိုင်
မားမား။ သုံးကြိမ်တိုင် ကြွသွား၍၊ တားသော်လည်း မရ၊ မရ
သေး်လည်း မတတ်သာ၊ နတ်, သိကြား, ဗြဟ္မာတို့၊ နေအားသည့်
တွက်တာနှင့်၊ ဆိုစရာမရှိပြီ၊ ဝိဋ္ဌဒု။ တုရင်၊သာဝတ္ထိပြည့်ရှင်လည်း၊
သာကိဝင်ထပြည်လုံးကို ပျက်မှုန်းသည့်ကံသစ်ကြောင့်၊စစ်ရဲမက်
ဗိုလ်ပါနှင့်၊ ဖြစ်ဂင်္ဂါးရေစခန်းတွင်း၊ ပရိမ်းပတာ ပျက်ပြား၍၊ ငါး
လိပ်တို့ အစာ၊ ဖြစ်ကွားသည့် ကျွမ်းလာ၊ ဒေသနာအထွက်နှင့်၊ ချိန်
စက်ကာ ယူခဲ့လျှင်၊ ပျက်သူမှာ ဖြစ်လမ်း၊ ပျက်သူမှာ နစ်မွန်းတို့၊
စခန်းလမ်းဆိုက်လေသည်၊ ထိုက်သက်ရင်းတရား၊ ခဖြစ်ပုံအလား
ကို ဘုရားဟာကျမ်းထွက်နှင့် အချက်ကုညီလိုက်သော်-

ဘာရံဝဟတိ ယောယသ၊ နိဗန္ဓေါ အတ္ထသောသဒါ၊
မာတာပိဘာစ ဘာတာစ၊ ဉာတိမိတ္တာစ တာသ သော၊
ယေ တာဒိသေနုကမ္ပန္တိ၊ ကတညုကတဝေဒိနော၊
ဝဖုန္တိ ယသဘောဂေဟိ၊ သုက္ကပက္ခေဝ စန္ဒိမာ၊
ယေစ တေနာနုကမ္ပန္တိ၊ သံဝုဠ္ဠာ မိတ္တဒုဿိနော၊
ဟာယန္တိ ယသဘောဂေဟိ၊ ကာသပက္ခေဝ စန္ဒိမာ။

၍ပါဠိပုဒ်အဓိပ္ပါယ်ကျသည်မှာ-ဓိဘုန့်ဆရာဥာတကာတစု၊
ကျေးဇူးပြု စီးပွားဘက်၊ ခြောက်ဦးသားအနက်ငယ်၊ တသက်နှင့်
တကိုယ်၊မပျက်ဘူးအလိုနှင့်၊ ဗြဟ္မစိုရ်တရား၊ လက်မကွာထားနိုင်
မှာ၊ စီးပွားဟောင်းမပျက်၊စီးပွားသစ်တိုးတက်၍၊ ချမ်းသာသက်ရှည်

ရာသည်။ ခြောက်ဦးသည်ထိုသူကို၊မကြည့်ဖြူမသနှား၊ အလေးမဲ့ပေါ့စားသျှင်၊ စီးပွားသစ်မတိုး၊စီးပွားဟောင်းညှိုးသည့်ပြင်၊ ဘေးမျိုးစုံသောကနှင့်၊ မောခန့်မည့် တကယ်ဟု၊ အဓိပ္ပါယ်အပြာ၊ အနှက်သွားကျချေသည်။ ဖြန်မာ့နှယ်တရိုး၊ ကျွန်ုပ်တို့လူမျိုးမှာ၊ ဂုဏ်အရိုးဖြိပ္ပစ်ရိုရှိ၊ကမ္ဘာ့စောင့်တရားကို၊ ယွင်းယိုသည့်အမှု၊ သည်အချက်ထခုနှင့်ပင်၊ယခုလိုဖြစ်ရေး၊ တတိုင်းလုံးခေတ်ဘေးကို၊ နှစ်မငေးဆက်သက်ကာ၊ တွေကြလျက်နေပါသည်၊ မိတ်သဟာဖြန့်ဖြူး၊ ဆင်ခဲ့သည့်ခြေခံဦးတွင်၊အာဏာပင် ကွက်ခြားချ၊တရားပျက်နာသည်မှာ၊ ကမ္ဘာနှင့်အမှု၊ဖြန်မာတို့ဒေသသည်၊ဇာဂလပြုပြု၊ နွား,ကျွဲကိုအားမွှေလျက်၊ ဘိုး,ဘေး,ဘိအစဉ်၊သက်မွေးမှုတွင်သည်ကို၊ မျက်မြင်ဖြစ်ပါသည်၊သို့သနစ်အကြောင်းရင်း၊ သိကြဲလျက်အခင်းကို၊သနားခြင်းကွာဝေးသည့်၊ ငရဲခွေးအစာ၊ လူဒုဿီပြိတ္တာကို၊မာန်မိန်ဆဲဆိုယှဉ်ပူးချ၊ကျေးဇူးပြု-စီးပွားဘက်၊ဖြန်မာနွယ်အဆက်၊ ကမ္ဘာကသက်ခဲ့သော၊ အသက်ရှည်သဖွေနှန်၊ မိတ်ဖက်စစ်မှန်လှသော၊ တိရစ္ဆာန်ကျွဲ,နွားကို၊သား,မယားမွေးမှုနှင့်၊ ကရဏာဒေကပ်တဲ့၊ သတ်ဖြတ်ချရောင်းသူမှာ၊ လမ်းနှစ်ကြောင်းမရှိ၊ အဝိဇ္ဇာကာရ်ရွာ၊ ကမ္ဘာကို ရက်တွက်ချ၊ ထောင့်တသက် သွားတော့မည်၊ တရားကိုယ်ထင်လင်းရှိ,စဉ်းစုတ်ခွင့်မလိုပြီ၊ ဝယ်ကြသူတဦးကိုသာ၊တရားကိုယ်ထင်လင်းအောင်၊ သတင်းစာတမ်းလိုက်ပါသည်၊ ကျမ်းဝိဘင်း ဌာကထာ၊ တိုက်ရိုက်ကြိုး အလာမှာ၊ ပါဏာတိပါတာ၊ ပြုလုပ်သည့်ဌာနဝယ်၊ ကာယခွင်တခန်း၊ ချိုးမွမ်းသူတယောက်၊ ဝမ်းဗြောက်သူတဘက်၊ သုံးဦးသားအနှက်၊ အကျိုးဆက် မတူကြ၊ ကာယခွင်ဗဟလမှာ၊ နိရုယတာလမ်း၊ ချိုးမွမ်းသူပြိတ္တာ့ရောက်၊ ဝမ်းဗြောက်သူအနေမှာ၊ တိရစ္ဆာန် ဖြစ်စေဟု၊ ဝေပုံကျအပြီး၊ ဆုံးဖြတ်ချက်သင်းသိုးတွင်၊ ပစ္စည်းခွင်ဝယ်လူစုမှာ၊ ချိုးမွမ်းမှ တစိတ်ပါ၊ ဝမ်းသာမှ တသွယ်ထွက်၊ နှစ်ပါးစုံ ရောခွက်သော်၊ လက်သည်ထက်အပြစ်ကြီးမည်ဟု၊ ယူဗိုးရန် ကျူးသော်လည်း၊ ကာယကံအခွင့်နှင့်၊ တူလျှင်ပင် ခဲလှပြီ၊ နောက်ဆွဲက လိုက်ခြင်းမှာ၊ တရကောင်း

အတွက်၊ဝမ်းသာသည့်အချက်နှင့်ပင်၊ဆက်ဆက်ကြီး ပါရုံမည်ဟု ဤကထာရှိသည်ပင်၊ ယုတ္တိနှင့် စဉ်းစားလျှင်၊ ရောင်းသမား, ဝယ်သမား၊နှစ်ဦးသားသဘောတူ၊ ဝယ်သူကမူလ၊ရောင်းသူမှာဘာတူတာ၊ ဝယ်သူပေါ်မှ ရောင်းသူ၌၊ရောင်းသူ၌မှ တွင်တွင်သတ်၊ နဘေထပ် လွန်းပေါင်းတင်၊ သည့်အတိုင်း ဖြင်ကြဲလျက်၊ ဖွတ်ငင်သည့် တဏှာကြောင့်၊ဟင်းလျာသည်ဆိုလျှင်ပင်၊ ခိုပြိုသည့်အတိုင်း၊ဝိုင်းကြဲသည် ကြွက်ကြွက်ဆူ၊ သူမရ,ငါးငင၊ ငွေစကို တဖြင်ဖြင်၊ ချိန်ခွင်ကိုတခါခါ၊ နက်ဖြန်လည်းလာပါနေဉ်၊ သံဘက်လည်းမျှော်ပါမည်၊ခေါ်လိုက်သူတချို့၊ လက်တို့၍မှာသူမှာ၊ဟင်းလျာသည် လာခဲဟု၊ စိတ်ထဲက တ,သူတ၊ သို့ဖြစ်၍နေကြလျက်၊ ပါးစပ်က ပရိယာယ်၊ရောင်းလာလို့ ဝယ်ပါသည်၊ဘာသံအပြစ်မရှိပါဟု၊ ယောင်လို့ များမဟာနှင့်၊ ဝမ်းထဲကသဘောကို၊မပြောဘဲကုန်စင်အောင်၊ ဖြင်ရင်းစွဲဖြစ်ကြသည်၊ ပစ္စည်းရှင်ဝယ်သူတို့၊ ကူပုံ့သည့်အလား၊ ပေးလိုက်သည့်ဒင်္ဂါးသည်း၊ နွားရှာ၍သွင်းသူနှင့်၊ စီးပွားတူလုပ်ဘက်၊ ငွေဖြင်သည့်အတွက်ကြောင့်၊ သွက်သွက်လည်းအတွင်ရိုး၊ လှည်း,တောင်သူတရိုးမှာ၊ နွားမျိုးများ ပြဲတ်မတတ်၊သား, မယား အာဝတ်တွင်၊ မတ်တတ်မှိုင် ကြံမရ၍၊ ဒါးပြဿိုဝင်သူ ဝင်၊ သို့ဖြစ်အင်မူလမှာ၊ ဝယ်သူက အခြေခိုင်း၊ဟုတ်မဟုတ် မငြင်းနှင့်၊ ထင်အလင်းဒိဋ္ဌ၊ မျက်မြင်ပင်ဖြစ်ကြသည်၊ သည်ရသတဏှာမွဲ၊ သူအတင့်ရဲတိုင်းကို၊ အထဲကမသနှံ၊ ဖွတ်လှဲ၍ခံကြလျှင်၊ပါယ်လေးတန်ဒုက္ခမှာ၊ မြဲပ်ကြမည်စင်းစင်း၊ သည်တဏှာကင်းလျှင်ပင်၊တဆေးလင်းအဓိက်၊ သည်လောဘစရိက်ကို၊ အမြိုက်သိုးအလား၊ အလိုက်ကြိုးမှားကြလျှင်၊ ပါယ်လေးပါး ယမဒုံတွင်၊ အိမ်ထောင်စုံဆေးတော်ထိုး၊ ရိုးအာမျိုးစာခိုင်းမှန်၊ ရွှေတိုက်တော် လက်ခံနှင့်၊ မပြန်တမ်းအဟုတ်၊ ကမ္ဘာနှင့်စာချုပ်၍၊ ဝုန်းဝုန်းကြိုး မြဲပ်ကြဲမည်၊ မဟုတ်ဘူးထင်နှင့်၊ မယုံလျှင်ကိုယ်တွေ့မှ၊ ဆိုသရွေ့မကဟု၊လွှဲကြိုးဆိုလိမ့်မည်၊ဇာတ်နိပါတ်သက်သေကို၊ ရှာဘွေကာ ထုတ်ဆိုလျှင်၊ပိုအဓိပ္ပါးများမည်ကြောင့်၊ တရားသားသက်သက်၊ စကားသွားသွား

ညက်ညက်နှင့်၊ နားမျက်စိ ဖေါ်သာအောင်၊ လိုရာတွင် ဖြောင့်လိုက်သည်၊ ရောင့်တက်သည့်သေဘာ၊ ဖနောက်ဖောကျ၍၊ ဂေါမံသဟင်းလျာကို၊ မြိန်ရှက်ဖွယ်ဖြစ်ရမှာ၊ ဆိအာသားပွဲ့ဖြိုး၊ ဥာဏ်ပညာတိုးသည်ဟု၊ နှလုံးဆိုး စကားထင်၊ ကပ်လျှင်သာ ကပ်ရမည်၊ သုတ်နိပါတ်ကျမ်းဂန်တွင်၊နာဖျားခန်အကြောင်းဟု၊ ထုံးဟောင်းကို ဝတ္ထုရသည်၊ အလေ့ဆိုးဂသိညဉ်၊သည်တဏှာသူငင်၍၊ လူအာရုဂ်ဂုတ်တုတ်တွင်၊ ပြိတ္တာရုပ် ဓာတ်ပေါ်၍၊ တအော်အော် နေရုံကြောင်း၊ ဂုဏ်ပြင် အပါယ်ကျ၊ ဓာတ်ဝဋ္ဌသာဂကမှာ၊ ကျောင်းတကာ့,ကျောင်းတိုင်းတွင်၊ ဆယ်ကြောင်းဂရေး, ကိုးကြောင်းဂရေး၊ စာတိုက်ချင်းရက်ဝေွးလို့၊ မကွေးသာ,မဆန့်သာ၊ ပေါ်များလှပါဂတာ့သည်၊ သည်တဏှာစရိုက်ကို၊ အလိုလိုက်မှားကြဲလျှင်၊ နွားသတ်တို့သွားရာ၊နေဝံ့တော်လိုက်ပြီးပါလျှင်၊ နွားရုပ်သွင်အထူးနှင့်၊ တဘူးဘူး,တတဲတဲ၊ မဲ့အောင်တွန့်မြည်၊နှစ်အရှည်မောကြမည်၊ သို့သဘောတည့်၊ အမှန်ကိုသိကြို၍၊ ပကတိအရိုး၊ ဟင်းသီးမျိုး, ဟင်းရွက်မျိုး၊ ကောင်းနိုးရာ ရှာကြံ၍၊ ဆိအာတန် ဆားအထိုက်၊ မွမ်းမံဘွယ်အလိုက်နှင့်၊ သိုက်မြိုက်းအောင် စီရင်၍၊ သူးတော်စင်အာနန္ဒာန်းစိတ်သတ်၍သုံးပါလျှင်၊ အဆုံးတိုင်မြိုက်ရုက်၊ ဘေးရောဂါမဘက်၊ ဆိအာသား ပွားတက်၍၊ အသက်လည်း ရှည်ပါသည်၊ သန္တာန်၌ အချက်မှာ၊ စက္ကဝါက်ဌက်မင်း၊ အလောင်းကော် ကျေးသင်းတို့၊ ခင်းခဲ့သည့် စံထုံးနှင့်၊ လုံးလုံးကြီး ဖေတော်ငြားသော်လည်း၊ တော်အားသမျှ ကြိုးခြိုလျှင်ပင်၊ အကျိုး တန်ပေးပါသည်၊ ကျေးသူတော် ထုံးဟောင်းကို၊ ကောင်းကောင်းကြီး အားပြု၍၊ သည့်ဝဋ္ဌုအသားထူးကို၊ မစားဘူးကောနဟု၊ ဓိဋ္ဌာန်၍ပြီပြီ၊ သည့်အတိုင်းညီပါလျှင်၊ ပါရမီ ဆယ်ဖြာလည်း၊ အလွယ်သာ ရမှု၊ အကုန်လုံး စုပါသည်။ ယခုခါ ခေတ်အတွင်းမှာ နွားသားဟင်း, ကျွဲသားဟင်းအသန့်ပင်လွတ်ကင်းအောင်၊ ရှင်းရှင်းကြီးကျွန်ုပ်တို့လည်း ရှောင်ပါသည်၊ နောင်လာခန် အာဘို့နှင့်၊ ကျွန်ုပ်တို့ထပ်တူ၊ သဘောထားဖြူကြပါ၊ လူတို့လိုတိုတိုတာဘာ၊ မပြောတတ်ဟုကြလို့၊ ၎တ်

တုတ်သာ မပြုနိုလွန်၊ပြုသမျှခံရသည်၊ ဌာနိုကရိဏ်းပြုတ်သား၊ နွှုတ်လျှာများတတ်အားသျှင်၊ နွားတို့က ဆိုရန်၊ ခွင့်ရှိသည်အမှန်၊ မြန်မာနှင့်ကုသား၊ နှစ်ပြည် ထောင် တိုင်းသားတို့၊ ဖြစ်ပွါးသည့်တွက်တာသည်၊ ငါတို့မှာသေတွင်း၊ အကုန်လုံးရချေသည်၊ သူတို့ဘေး, သူတို့ဘိုး၊ တမျိုးလုံး, တန္ဒယ်လုံး၊ သူတို့တို့ငင်မဆုံး၊ တို့တဘတွေပခုံးမှာ၊ မြီးဟုန်းဟုန်းထမတတ်၊ တို့လုံ့လ ဥမ်းအံ့၊ တို့အာပန်းခံနိုင်လို့၊ ဆန်စပါးပြောင်း, နှမ်း၊ ဗူးခရမ်းပဲမျိုး၊ မြေပြင်လုံးမောက်ပြီးအောင်၊ တိုးတက်သည့်တဏှာနှင့်၊ လိုရာတိုင်းပြည့်စုံ၊ ကုန်လုံးကြီးအသီးသီး၊ ကျောင်းကြီးဆောက်, ဘုရားကြီးတယ်၊ တတိုင်းလုံးကြွယ်သည်မှာ၊ ဘယ်သူကအခြင်းဟု၊ စဉ်းစားဘွယ် မရှိ၊ ထင်အလင်း ဆိပါလျက်၊ သတိပင်မပေါ်၊ ကျေးဇူးကိုမမြော်၊ စိတ်အချော်ဇာမိုးပါး၊ မိတ်အတော်စိမ်းကားသျှက်၊ တို့အသား, တို့အသဲ၊ တို့အဆီ ရဲရဲကို၊ ထမင်းပွဲအလယ်၊ အနှင့်သားတယ်ပြီးလျှင်၊ ရယ်ခါနှင့် ပြီးခါ၊ အရသာကိုခံစား၍၊ လင်မယားတွေ။ မျိုကြဲသည့်အနေမှာ၊ မြန်နိုင်ပေ့ သူတို့ကို၊ မျိုရက်ပေ့ သူ့ခံတွင်း၊ တို့လုပ်သည့်ထမင်းကို၊ တို့ဟင်းလျာအသား နှင့်၊ စားကြဲသည့်ဖြစ်နဲ့ကို၊ တို့အသဲနှလုံးက်ကဲ့၊ ကန္တာဦးစတင်၊ ထက်ကာဓိ၌ ယခင်က၊ ဇရ, သမင်တောသား၊ အမျှားတို့ ထုံးစံ၊ တိရစ္ဆာန်စဉ်က်၊ တို့ဘဝသာတသိုက်၊ အလိုက်မျှား နေခဲ့ကြလျှင်၊ မသေမီစပ်ကြား၊ အိပ်ချင်အိပ်, စားချင်စား၊ သွားချင်သွား၊ လာချင်လာ၊ အပုံကြီးချမ်းသာမည်၊ ယခုမှာ လားလား၊ အမြဲလူသားနှင့်၊ စီးပွါးတူ-ချမ်းသာဘက်၊ ခိုမိသည့်အတွက်ကြောင့်၊ တက်တက်ကြီးအကုန်မှား၊ ငါးပါးမှောက်, ခြောက်ပါးမှောက်၊ မှားသလောက် မပြောနိုင်၊ တသက်တိုင် ရှိစဉ်လည်း၊ မချိအောင် စဉ်းစား၊ တို့ကိုယ်ကောင် အသားကို၊ ဟင်းထပါးသတ်၍လုပ်၊ ဘယ်သင်းက ဟုတ်သေးတုန်း၊ ယုတ်မာသည့်ဖြစ်လား၊ သည့်လောက်တောင် ရိုင်းငြားသည့်၊ လူသားတို့လက်ထဲတွင်၊ ဖွဲပြောင်းခိုးခြင်းရော၊ သုံးစား၍နေရသည့်ထက်၊ တောကျားတွေ ပါးစပ်မှာ၊ ခေါင်းပြတ်၍ သေရခြင်းသည်၊ လွန်အဆင်းဖြတ်သေးဏီ၊ ဤအထက်ကာဓိ၊ ပဒေကိုအခြေက

ရေလိုက်ကြိုးမောက်မှာဒူး၍၊ တို့နောက်သားတစုမှာ၊ လူဘိလူးအစာ၊ ဟင်းလျားတို့အပြီး၊ ဗူးသီးနှင့်ကြံလိုကြံ၊ ဖရုံနှင့်ငြားလိုငြား၊ သခွါးနှင့်တွဲလိုတွဲ၊ ချိုတနဲ့, ချဉ်တထွေ၊ တို့ဖြစ်ပုံအနေနှယ်၊ သေလျင်လည်းလတ်တသော၊ ခွင်စဉ့်လည်း ဗတ်ဗတ်မော၊ အဟောဒုက္ခ၊ ဘယဲအခါတွင်မှ၊ သက်သာရာမရအောင်၊ တို့ကြဲမှာပြုနဲ့ကို၊ အသဲထိနာလိုက်ပါဘိ၊ ဥာတကာတသင်း၊ မိတ်ဆွေ ရင်းတို့ဟု၊ နွားချင်းချင်းဆင်ကြရန်၊ ခွင့်ရှိသည်အမှန်ပင်၊ သနားရန်တာလမ်း၊ ဂုဏ်မြစခန်းကို၊ ဆုံးခန်းရောက်ပြေခေါ်၍၊ မသူတော်စရိုက်၊ ထွန်းကားသည့်အခိုက်ကို၊ အလိုက်သင့် အခြောင်ကောင်းနိုင်မှ၊ နောင်နှာင်းကို ချမ်းသာ၍၊ နတ်ရွာမှာ အတူတွေ့ကြခြင်းအောင်၊ အားလုံးကောင်းချင်းချင်း၊ ဇောသဒ္ဓါစင်းစင်းနှင့်၊ သတင်းစာပါးလိုက်ပါသည်။ ကြားကြားသမျှ ဒိတ်ဆွေအပေါင်းသူတော်ကောင်းပညာရှိတို့။

သက္ကရာဇ်–၁၂၄၇–ခုနှစ်တွင် မုံရွာမြို့နေ လူသူတော်ကောင်း အပေါင်းတို့ကအရပ်ရပ်မြို့ရွာသို့ကြော်ငြာဝေငှသောဂေါမုံသမေတ္တာစာ။

သံဝဂနလေးချီးကြွ။

၁ ဓိုက်မလင်းနိုင်လို့၊ မြို့ကိုခင်းညာဆိပ်မှာ၊ ခါတော်မှီသိမဝေ့နိုင်ဘူး၊ ဒီကွေ့တွင် ဒုက္ခနဲမျောပြုနဲ့ရ၊ အားတာ ဘယ်မသတ်နိုင်တဲ့ရဟာတ်ဒေါ့၊

၂ ငါးရေပ်ကယ်ရုံညီ၊ ဒုလ္လဘိငယ်၊ ကြုံမှိရခဲတယ်၊ မြန်ခင်းစမ်း။ မှန်ကင်းငယ်ထူ၊ လူထက်လူဖြစ်ပါလျက်၊ အနှစ်ကယ်မနွယ်၊ အာကာတောမှာ၊ ဗျာဒမာကျယ်လို့၊ အကယ်ဃာင်ယောင်၊ အဖြင်မဖြောင့်၊ အညွှန်းထောင့်၊ မှောင့်ထက်မှောင်၊ သန်းခေါင်လဓိုက်၊ ဓိုဃိုး တိမ်ဖြေးတဲ့၊ မိုးသွေးတိုက်မှာ၊ အလိုက်ကယ်ဘာသာ၊ အဖြင်ဖင့်၊ အထင်ရှုနှင့်၊ အလှည့်ကျလျက်၊ အခါနာဓိ၊ ရှုရှုရှုငယ်ချို၊ တိတိဆန်းဆုတ်၊ ရတုအစဉ်၊ လုလုငယ်နှင်၊ အတွင်ချုပ်လို့၊ သုတ်သုတ်ကယ်ရက်ရော့ဇရာလက်မှာ၊ အသက်သာကြွတော့တယ်၊ အသေ

သတ်လက်မခွံကို၊ အသက်ခွန် ပဏ္ဏာသွင်းရန်ဘို့၊ ထမင်းအစာ စုံနှင့်၊ခန္ဓာရုံ ပြိုပြတည်းဆိုက၊အငြိုးဖြကာစောင့်ရာကြဲ၊စိုးနှောင့် သရော်၊

၃ သို့ပါမူလဲ၊ ပုန္နယ်ဆွေးနွယ်၊ အရေးကျယ်တွေကို၊ အေး ဘွယ်ထင်မှတ်၊ အစမခြင်း၊ဘဝလျှဉ်၊ အစဉ်တစ်ဟာဖို့၊ မသတ် ကယ်အာသာ၊အာရုံမွေ့၊ ပြာပုံမွှမှာ၊ရသာရှာလျက်၊ ငါတလူလူ၊ ပမာမူ၊ရွာသူတို့ဝက်၊အစားများထူ၊အသားလူ၊ ဆူလေလေ ခက် ပါလျက်၊ရေမွှက်ကယ်မာန်ဝင်၊သူ့အသင်းမှာ၊သူမင်းတဲ့ ထင်လိုက် လို့၊ ရွှင်နိုင်မျိုစက်သဏ္ဌာန်လို၊ အချက်မှန်ပေါ် မလင်းစေတို့၊ဘော် သင်းရွှေ မိတ်သင် ယှက်သည့်၊ခင်မက်ဘွယ်အရုံစုံပ၊ မာန်တကုဏ် ဟန်ပုံနှင့်ဖုံးရာကြဲ၊ရှုံးပလေ၊ထုံးဖြေပြာစု-မိတ်တွေဖို့၊

၄ ငါတလုံးနယ်၊ အနှုန်းငယ်ကျယ်၊ သုံးသွယ်မြို့သိုက်၊ ဘုံ တလိုက်မှာ၊တုန်ရိုက်ကယ်ဆူညံ၊မြူမခွန်၊ ပူလျှံတောက်ညီး၊အုံမြွ စတေ၊မစဲချေ၊အသေမီးတဲ့၊ အုပြီးငယ်ကုန်စင်၊ ဘုံတခွင်ကို၊အ တွင်းလောင်မြိုက်၊အပြောင်တိုက်လို့၊ အမှိုက်ကယ်ဝင့်နွယ်၊အဖြစ် မစဲ၊သစ်သစ်လဲ၊ သဲသဲကွဲယ်သည်း၊အကယ်မလောက်၊သူကသာ မောက်တော့၊ နောက်နောက်ကမ္ဘာ၊ ဘန်ဘန်လာလဲ၊ အခါသူ့ တွင်၊ တခုသာထင်ကြဲရ၊ သင်္ခါတရပ်နာမ်ငယ်၊ အဟုတ်ဥာဏ် မတင်စိုးနိုင်ရ၊သည်မီးတာ ဘယ်တကိန်းမှာမှ၊ငြိမ်းပါ့မယ်လို့၊

သက္ကရာဇ် ၁၂၅၆-ခုနှစ်အတွင်း၊မုံရွာမြို့မှ မန္တလေးမြို့တော်နေ ကင်းဝန်မင်းကြီးထံ ပေးသည့် သံဝေဂလေးချိုးကြီး။

အဓိပ္ပါယ်ပြန်ချက်။

၁ ဖိုက်မလင်းဆိုသည်ကား-သစ္စာလေးတန် အမှန်လေးချက် ကို သက်သက်မမြင်အောင်၊ဖုံးပိတ်သော အဝိဇ္ဇာလေးပါးသည် ဖို့၏၊ထိုအဝိဇ္ဇာလေးပါးကို အဖိုက်ဆိုပေသည်၊ အမှန်လေးချက်ကို သိသော သစ္စာဉာဏ် လေးပါးကိုမရ၍ ထိုအဝိဇ္ဇာလေးပါး ထင်

ရှားရှိနေသည်ကို ဖိုက်မလင်းဆိုသည်၊ အမှန်လေးချက် ဟူသည် ကား-ခန္ဓာငါးပါး, ရုပ်,နာမ်တရားသည် ဒုက္ခအမှန်ဖြစ်သည် တ ချက်၊လောဘသည် ဒုက္ခမျိုးစေ့သာအမှန်ဖြစ်သည်တချက်၊ နိဗ္ဗာန် သည်သာ ငြိမ်းရာအမှန်ဖြစ်သည် တချက်၊ သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်လမ်းကြောင်းမှန်သည် တချက်၊ ဤကား အမှန်လေးချက်တည်း၊ဤအမှန်လေးချက်ကို ဖုံးလွှမ်းသော အဝိဇ္ဇာ လည်း လေးပါးရှိသည်၊ ဘွင့်လှစ်သော ဝိဇ္ဇာသည်း လေးပါးရှိ သည်၊ မြှိုက်ခင်းညာ ဆိုသည်ကား-နိဗ္ဗာန်သည် သေဘေးမှကင်း လွတ်ရာဖြစ်၍ အမြှိုက်မည့်၏၊ ထိုအမြှိုက်သည့်ပင် သခ်ါရေမွတို့ နှင့် မရောမယှက် တကွက်တကွင်းဖြစ်၍ အမြှိုက်ခင်းမည့်၏၊ ထို အမြှိုက်ခင်းသည်ပင် သံသရာဒုက္ခပေယျာလမှ ဆန့်တတ်ရာဖြစ်၍ ခင်း ညာမည့်၏။

ခါတော်မှီ ဆိုသည်ကား-နိဗ္ဗာန်ဆိုက်ကြောင်း လမ်းကောင်း, လမ်းဖြတ်ပဋိပတ်ကို မကျင့်နိုင် ဆိုလိုသည်။ ။ဒိဇ္ဇော ဆိုသည် ကား-သံသရာငဲ့ညှာသဆိုလိုသည်။ ။ရဟတ်ဘွေ ဆိုသည်ကား ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်၊ ဤဝဋ်သုံးပါး လည်၍နေသော သံသရာစက်, ဝဲအချက်ဆိုလိုသည်။ ။အဝိဇ္ဇာ-အစရှိသော ကိလေ သာရှိ၍ ဒါန-စသော ကံဖြစ်သည်း ဒါန-စသော ကံဖြစ်၍ လူ့ဘဝ စသော ဝိပါက်ဖြစ်ရသည်း လူ့ဘဝ-စသောဝိပါက်ရှိပြန်၍ အဝိဇ္ဇာ စသောကိလေသာ ရှိပြန်ရသည်း ကိလေသာရှိပြန်လျှင် ကံဖြစ်လာ မြဲ၊ကံရှိပြန်လျှင် ဝိပါက်ဖြစ်လာမြဲ၊ ဝိပါက်ရှိပြန်လျှင် ကိလေသာ ဖြစ်လာမြဲ၊ ဤသို့ အဆုံးမသတ်တော် ချားရဟတ်ကဲ့သို့ တပတ် လည် လည် နေရကြသည်ကို ရဟတ်ဘွေဆိုလိုသည်၊

ပထမပိုဒ်ပြီး၏၊

---

၂ ဒုလ္လဘိအရ ဒုလ္လဘတရားငါးပါး ပြောပုံ, ဆိုပုံထင်ရှားပြီ၊ အနှစ်မနွယ်၊ အကာတောမှားဗျာဓေါကျယ်ဆိုသည်ကား-လောက

ရေး,လောကမှာ၊မင်းရေး,မင်းမှုများသည် သာသနာ့ရေး,သာသနာမှ သိလ,သမာဓိ, ပညာမှမဟုတ်သောကြောင့် အနှစ်နှင့် မနှောသော အကာတောသက်သက်ဖြစ်၏။ဝန့်ရှင်ထော် ကင်းဝန်မင်းကြီးသည် ထိုအကာတော၀ယ် အသက်အရွယ်ကြီးရင့်သည့် တိုင်အောင် အချည်းနှီးသော ဗျာပါဒ,မောဟ,ဥဒ္ဓစ္စတွေနှင့်သာ နှစ်ကာလ ကျယ်ပွားခဲ့လာခဲ့သည်ဆိုလိုသည်၊

အကယ်ယောင်ယောင်ဆိုသည်ကား-အနှစ်မပါအကာတိုးထိုး အချည်းနှီးသော ကိစ္စတွေကိုပင် အကယ်စင်စစ်အနှစ်သာရမှတွေ့ယောင်ယောင် စိတ်ရော, ကိုယ်ပါ မဲ့မဲ့သဲသဲ အားထုတ်သည် ဆိုလိုသည်၊

အဖြင်မဖြောင့်၊အညွှန်ထောင့်ဟူသည်ကား-ခန္ဓာငါးပါး ရုပ်, နာမ်တရားသည်၊ ဒိဋ္ဌိကိုယ်ပိုင်ဖေဟုတ်ဟု ဖြင်လျှင် အဖြောင့်,ဒိဋ္ဌိကိုယ်ပိုင် ဟုတ်သည်ဟု ဖြင်လျှင်မဖြောင့်,ဒိဋ္ဌိဆိုင်ပိုင်သော ဥစ္စာမဟုတ်ဟု ဖြင်လျှင်အဖြောင့်, ဒိဋ္ဌိဆိုင်ပိုင်သော ဥစ္စာဟု ဖြင်လျှင် မဖြောင့်, အဖြောင့်မှာ ယထာဘူတ ဉာဏ်တည်း။ မဖြောင့်မှာ သက္ကာယဒိဋ္ဌိတည်း။အဖြင်မဖြောင့်သည်ကို အဖြောင့်ဖြင်ရအောင် ဖလိုက်စားတဲ့ မဖြောင့်သည်ထက် မဖြောင့်ဘက်ရှိသာ လိုက်စားစွဲမြဲကာ နေခြင်းကြောင့် ခြေးခြေးရိုက်ခဲ့ဘူးသော ငိဝဋ္ဋ ပါရမီဉာဏ်ဝသီဟောင်းတို့သည် ပွင့်ခွင့်မရ, ပေါ်ခွင့်မရ,ဆုံးဖြတ်ခြင်ထားသော ဓိဋ္ဌာန်ကျိုးကဲ့သို့ မှိန်မှေးတက်ခြုပ်ခြင်သာ နေရကုန်တော့သည်၊ ထိုသို့ နေရသည်ကို အဖြင်မဖြောင့်,အညွှန်ထောင့် ဆိုသည်၊

မှောင့်ထက် မှောင် ဆိုသည်ကား-ငယ်ရွယ်စဉ်ရှိ ပလိဗောဓ နှည်းပါးသေးသည်နှင့် ဘုရားသံ, တရားသံကို ကြားခဲ့လျှင် သင်္ခါတရား ကြည်ကာ, ကြည်ကာ တက်သာသည်း ကြီးသော အခါစည်းစိမ်ဥစ္စာ အဖြေအနေကြီးလျှင် ကြီးလိုက်၊ ငယ်လျှင်ငယ်လိုက် ပလိဗောဓကျယ်ဝိုင်းခြင်လာသည်၊ ဘုရားသံ,တရားသံသည်လည်း အဆင်ထပ်အခါခါ ကြားဘန်, နာဘန် မျှားလွှဲ့ ဖောင်းခြင် ကုန်သည်နှင့် ဘုရားသံ, တရားသံကို ကြားနာရသော်လည်း သင်္ခါ

ပြောင်ပြောင် မလာပြီ၊ အများရှိသေအောင် ပြုရသော ဟန်မှသာ ရှိတော့သည်။ ကြီးလေ,ကြီးလေ သင်္ခါအစွယ်တုံးလေလေ, သင်္ခါအရောင် မှေးလေလေ ဖြစ်၏။ ထိုကြောင့် မှောင်ထက်မှောင် ဆိုသည်။

မိုးသွေးတို့က် ဆိုသည်ကား-လောကီစိုးပွား, သား ယာမှတွေသည် မှောင်ထက်မှောင်တို့သာ ဖြစ်သောမိုးသွေး ဥမင်ကြီးတွေသာတည်း။

အလိုက်ကယ် ဘာသာ၊ အဖြင်မငွေ့၊ အထင်ရှေ့နှင့်၊ အလွန်ရာ ဆိုသည်ကား-ကြီး၍ လာသောအခါ လောကီစိုးပွား သား, ယာမှတွေတည်းဟူသော မိုးသွေးတည်းဟူသော မိုးသွေးဥမင် တွင်းခွံ အကျဉ်းအကြပ် လွှင့်ပြိုးဖြစ်၍ ငါ၏ ရှေးက ပါရမီကား-ဤမျှသာဟု မိမိကိုယ်ကို အဆုံးချကာ ဘာသာအလိုက် ဖြစ်ထိုက်သမျှသော သင်္ခါငွဲပွဲ, ပညာပွဲပွဲနှင့်သာ ရံခါအနိစ္စ, ရံခါဒုက္ခ, ရံခါအနတ္တ၊ ရံခါတုရားဂုဏ်,ရံခါတရားဂုဏ်, ရံခါသံဃာဂုဏ်။ ယောင်မှ,ယမ်းမှ အတုအပ ရေးသွဲစိတ်ဖြေသာ ဖြစ်ရတော့သည်။ အကြည်အလင်,အဖြင်အတွေ့ဆို၍ ငွေ့ရုံမျှ ငွေ့တွားသည်မရှိ၊ စိတ်ထင်ရာရာနှင့်သာ ဝါသနာဘာဂါ ဖြစ်ရုံမျှ အလေ့အလာ ပြုရတော့သည်ဆိုလိုသည်။ အခါနာဓီ၊စသည်ကျိသော မရောသတ်အခေတ်းဒွဲ ဘွားဖြင်စ အခါတွင် အနှစ်တရာ နေရမည့် သင်္ဘင်္ဂဝါ၏ အသက်သည် နှစ်ပေါင်းတရာပြည့် ရှည်သေး၏၊ ဥတုပေါင်းသုံးရာ, ရတုပေါင်း ခြောက်ရာ, ပက္ခပေါင်း နှစ်ထောင့် လေးရာ, ရက်ပေါင်းသုံးသောင်းခြောက်ထောင်, နာရီပေါင်းတသန်း ကိုးသိန်း ခြောက်သောင်းပြည့် ရှည်သေး၏။ မိုးရထားသွားရာလမ်းအနိုးဂို သစ်ပင်တောချုံတို့သည် ချာချာ,ချာချာသည်၍နေရစ်သကဲ့သို့ အဆုံးဖြစ်သော သေရက်,သေနာရီသို့အဆိုက် အတွင်နှင်၍သွားသော အာယုသင်္ခါရ၏ သွားရာလမ်းစဉ်၌ နာရီအစဉ်, ပက္ခအစဉ်,မာသအစဉ်,ရတုအစဉ်,ဥတုအစဉ်,နှစ်အစဉ်တို့သည်လည်းချာချာ,ချာချာလည်၍ နေရစ်ကုန်၏။ လွန်တိုင်း, လွန်တိုင်း အသက်တို့သည် အ

ပိုင်းအပိုင်းပြတ်၍ နေရစ်ကုန်၏၊ သည်ကိုရည်၍ အခါနာရှိ၊ ရွှေ့ ရွှေ့ပေယ်ချိ၊တိတ်ဆိတ်နိုးဆတ်၊ရတုအစဉ်၊လုလုငယ်နှင်၊ အတွင်ချုပ် လို့ သုတ်သုတ်ကယ်ရက်ရော၊ဇရာသက်မှာ အသက်သာကြွတော့ တယ်ဟုဆိုသည်၊

အသေသတ်လက်မခွံဆိုသည်ကား-သူသတ်သေမင်းပေတည်း၊ အနမတဂ္ဂ သံသရာနှင့်တရ၊ စကြဝဠာ အနန္တတွင် ဘုံသုံးပါးအ တွင်းဌိကျင်လည်ကြွေးသောသတ္တဝါခန္ဓာရုသည်ထိသေမင်း၏အစာ, ထမင်း ဟင်းလျာ စမဲ ရုသာဖြစ်၏၊ ထိုကြောင့် သေမင်း အစွန် သိမ်းပိုက်လာသျှင် မိဒိအသက်ခန္ဓာကို ဆုတ ဖြိုးဖြိုးနှင့် အရံသင့် အခန့်သင့်-ဆက်သွင်းပါရခြင်းအကျိုးငှါအိမ်ယာ, ဝင်းခြံ-ဟူသော ခန္ဓာရုံ, ခန္ဓာမြို့အိပ်ခင်း ပလ္လင်, ခုတင်, ညောင်စောင်း-ဟူသော ပြာဘည့်တို့ဌိ လှောင်သွင်း၍ အစာ, ရေစာဝစွာ ကျွေးမွေးကာ နေကြရသည်၊ သည်ကိုရည်၍-အသေသတ် လက်မခွံကို၊ အသက် ဇွန်ပဋ္ဌာဝသွင်းခန်တို့၊ ထမင်းအစာရုံနှင့်၊ ခန္ဓာရုံပြုပြတ်တည်းဆိုက၊ ငြိုးဖြေကာ စောင့်ရာရ၊ စိုးနှောင့်သရော်ဟုဆိုသည်၊ ၂၅၂စကား ၌ပြတ်တည်းဆိုသည်ကား-အိပ်ရာ တိုက်ခန်းကို ဆိုသည်၊ အိပ်ရာ, ပလ္လင်, ခုတင်, ညောင်စောင်းကိုလည်းဆိုသည်၊ ပြတည်း ဟူ၍ လည်းရေးကြ၏၊ ဂှေးဝေါဟာရတည်း၊ ယခုကာလ၌ကား-ပြတင်း ဟူ၍ခေါ်ကြ၏။ ၂၅၃အငြိုးဖြေကာ စောင့်ရာရဟူသည်မှာသေမင်း မရောက်လာမီ အတွင်းမှာ ကိလေသာစိုးမင်းတို့၏ ကံကျွေးကွယ်ထိ အလုပ်နှင့်နေရသည်ဖြစ်ပြန်၍ ကိလေသာ အစိုးရကြီးတို့ မငြိုးငွေ့ ရအောင် ကောင်းနိုးရာရာအာရုံဝတ္ထုနှင့် ပြုစုလုပ်ကျွေး၍ ဖြေဖျော်ကာ စောင့်စားကြရသည်၊ သေမင်း၏အမှုမှာ အသက်ခန္ဓာမည်သို့း မန္ဓမ်းဂို့ နေသျှင်ပင်အခွင့်ကုန်ပါ၏။ကိလေသာမင်းမှုမှာ အကောင်း ထက်အကောင်းလိုက်စားမှုဖြစ်ချ၍အခွင့်ကြေကုန်သည်ဟူ၍မဂို၊ အန္ဓပုထုဇဉ်နတို့မှာ ဤအမှုကြီး နှစ်မှုနှင့်သာ ဘဝဘဝ သာခဲ့ကြရ သည်၊ကိုယ် စိုးပွါးမှုဟူ၍ မဂို၊ပြု၊ကလျာထာပုထုဇဉ်နတို့မှာ ကိလေ သာမင်းမှုကို အလွတ်ရှောင်၍ သေမင်းမှုကိုလည်း အခွင့်ကုန်ကာမျှ

ဆောင်ရွက်၍ မိမိစီးပွားမှုကို အတွင်ခဲကြေပေသည်၊ မိမိစီးပွားဟူသည်ကား-သေမင်းလက်မှ လွတ်ထည့်ရန်အပ္ပေတည်း၊

ဒုတိယပိုဒ်ပြီး၏။

---

၃ ပုန္နယ်ဆွေးနွယ်၊ အရဲကျယ် ဆိုသည်ကား-လောကီမှု, စီးပွါးမှု,သားမယားမှုကို မဆိုထားလင့်ဦး၊ နောက်နောက်ဘဝတို့၌ ခံစံဘို့ ဘဝသမ္ပတ္တိ,ဘောဂသမ္ပတ္တိ-များကို အာသာစွဲလမ်း၍ ပြုကြသော ဒါနမှု, သီလမှုများသည်သည်း ပုန္နယ်,ဆွေးနွယ်၊ အရဲကျယ်ပင်တည်း။ ၊ထိုဒါနမှု, သီလမှုများသည် ကိလေသာ အစိုးအပွားသာဖြစ်ချေ၍ ပုန္နယ်မည်၏၊ သောကဒုက္ခတို့၏ အစိုးအပွားဖြစ်ချေ၍ ဆွေးနွယ်ဆိုသည်၊ ဝိပတ္တိ၏ အဆောက်အဦဖြစ်သော သမ္ပတ္တိအမျိုးမျိုးတို့ကို အဆင့်ဆင့်ပေးဘတ်သည်ဖြစ်၍ သံသရာအရဲကျယ်မည်၏။ ၊တနည်း-လိုချင်မှု, ဖြစ်ချင်မှု-ဟူသော သဇဒယသမ္ဘာသည် ပုန္နယ်မည်၏၊ရမှု,ဖြစ်မှု ဟူသော ဒုက္ခသမ္ဘာသည် ဆွေးနွယ် မည်၏။ ဤသမ္ဘာနှစ်ပါးသည် သံသရာပင်ကိုယ်ရင်းဖြစ်၍ အရဲကျယ်မည်၏။ ၊တနည်း-အဝိဇ္ဇာ, တဏှာ, ဥပါဒါန် - ဟူသော ကိလေသာ ဝဋ်အစုသည် ပုန္နယ်မည်၏။ ထိုကိလေသာဝဋ်ကို၍ ဖြစ်ပွားရသော သုစရိုက်ဆယ်ပါး, ဒုစ္စရိုက် ဆယ်ပါး-ဟူသော ကမ္မဝဋ်သည် အရဲကျယ်မည်၏။ ထိုကမ္မဝဋ်ကြောင့် ဖြစ်ပေါ်ရသော လူ့အဖြစ်,နတ်အဖြစ်-ဟူသော ဝိပါကဝဋ်သည် ဆွေးမြို့ ပျက်ပြုန်းတို့သာ ဖြစ်ခဲ့၍ ဆွေးနွယ်မည်၏။ ၊တနည်း-အတ္တဘောဒို့အကျုံးဝင်သော စက္ခုဟူသော အဖြင်ဓာတ်ရုသည် ကိလေသာတို့၏ အစိုးအပွားသာဖြစ်၍ ပုန္နယ်မည်၏၊ဇရာဓိုး,မရဏဓိုးတို့၏ လောင်ရာ အစစ်ဖြစ်၍ ဆွေးနွယ်မည်၏၊သောကိနယ်ကို အကျယ်ချဲ့သမားဖြစ်သော တဏှာပပဉ္စတရား,မာနပပဉ္စတရား,ဒိဋ္ဌိပပဉ္စတရား-သုံးပါးတို့ အသိုက်,အခဲ့သာဖြစ်၍ အရဲကျယ်မည်၏။ အတ္တဘောဒို့အကျုံးဝင်သော အကြားဟူသော သောဘဓာတ်အရု,ယာနဟူသော အနံ့ဓာတ်အရု,

ဒိဋ္ဌါဟူသော အရေးယူဝေတ်အရ,ကာယဟူသောအတွေ့,အဝိ, အသိယူဝေတ်အရ, မနောဟူသော အကြိုးဘန် ဝေတ်အရသည် ကိလေသာတို့၏ အစိုးအပွားသာဖြစ်၍ ပူနွေယ်မည်၏။ ဇရာဓိုး,မရဏဆိုးတို့၏ လောင်စာသာဖြစ်၍ ချွေးနွေယ်မည်၏။ လောကီမှ, လောကီနယ်ကို အကျယ်ချဲ့သမားဖြစ်သော တဏှာ,မာန,ဒိဋ္ဌိဟူသော ပပဉ္စတရားသုံးပါးတို့၏ အာသိုက် အခဲသာဖြစ်၍ အရေးကျယ်မည်၏၊ အစမဖြင်၊ဘဝလျှင် ဟူသည်ကား-အနုမတဂ္ဂ ဘဝအဆက်ဆက် ဆိုလိုသည်။ ။အစဉ်ငေတ် ဆိုသည်ကား-လိုချင်သည်, ရချင်သည်, ဖြစ်ချင်သည်, မြင်ချင်သည်, ကြုံးချင်သည် စသော တဏှာအာသာ မပြေမငြိမ်းသမျှသည် စကြဝဠာတ်မင်း, သိကြား-နှစ်ပါးပင် ဖြစ်သော်လည်း ငတ်မွတ်ခြင်းဒုက္ခ အမြိန်ပိစက်သော ပြိဿာနှင့် အာလေးတူ အစဉ်ထာဝရ အငတ်မျိုးသာတည်း။ ။ဓသက်ဇယ်အာသာ ဆိုသည်ကား-ထိုအစဉ်ငေတ်, အမြဲတေ်,ထာဝရငေတ်ဖြစ်သော ရူပတဏှာ,သဒ္ဒတဏှာ,ဂန္ဓတဏှာ, ရသတဏှာ,ဖောဋ္ဌဗ္ဗတဏှာ,ဓမ္မတဏှာ-ဟူသော တဏှာခြောက်ပါးသည် အာသာမည်၏၊ ထိုအာသာကိုဖြတ်နိုင်, မသတ်နိုင်ဆိုလိုသည်။ ။ပြာပုံမွှမှာ ရသရာဆိုသည်ကား-လူ့ခန္ဓာ,လူ့ဘောဂ, နတ်ခန္ဓာ, နတ်ဘောဂ, ပြိဟ္မဒုခန္ဓာ ပြိဟ္မဒုဘောဂ-ဟူသမျှသည် တဆဲတပါးသောမိုးတို့၏ မပြတ်ဖေ အမြဲလောင်ရာဖြစ်၍ ပြာပုံ, ပြာစုဖြစ်၏၊ အနှစ်သာရဟူ၍ အကယ်မြဲမမှဲဂိုခြင်းကြောင့် အမွှ အရွှ လည်းမည်၏၊ အရွှးသည် ရွှာတံခါးဝတွင် ရွှာသူတို့ထာဝရစွန့်ပစ်ထားသော အမှိုက်ပုံကြီးကို ငွေ့လေရာ သူနှစ်သက်ရာမျှားကို ရှာဘွေ ကောက်ယူလေ၏။ ထိုအမှိုက်ပုံကြီးမှာပင် မျှားစွာသော အကောင်းအမွှနံခံစားဘွယ်, စံစားဘွယ်မျှားကို ငွေ့ဂိုဆိမ်းယူရသကဲ့သို့ ထိုအတူ လူ,နတ်,ပြိဟ္မာ စည်းစိမ်ချမ်းသာဟူသော အာရုံယာတို့ စွန့်ပစ်အပ်သော အမှိုက်ပြာပုံရှတို့၌ အကောင်းအမွှနံခံစားဘွယ်,စံစားဘွယ်ရသလို ရှာဘွေလိုက်စား၍ နေကြသည်ဟူလိုသည်။ ။ရွှာက်ဥပမာ၌ ထိုဝက်သည် အစာရေစာပေါ်မျှား၍

တဒနန္တတခြားအသားအဆိသူထပ်ပွားဘိုးခြ် ဆူပြိုးသေလေ၊ စက်ထိုးသား မြို့သူ, ဖျာသူတို့ မျက်စောင်းထိုးသေလေသာဖြစ်၏၊ သို့သော်လည်း နက်ဖြန်နံနက်စာမှီ ဈေးရုံသို့ထွက်၍ စားပွဲခုံ တက်ခဲ့ပေလိုမထိရာ၊ ယနေ့ထက်တိုင်ပင် ဒါဒွန်ိုင်ရာ အတူနေ ဝက်အသင်းမှာ တမင်းတစိုး စိတ်ဝင်၍ ပျော်ရွှင်နိုင်းသးသည်၊ ထိုအဘူပမ္ဘည်း ဥပ္ပာအသင်းအပင်းများသော သူတို့သည်သည်း သမ္မတ်ိုများလေလေ၊ သေမင်း၏အစိတ် ဝိပက္ခိုမျက်စောင်းသန်လေသောဖြစ်၏၊ သို့သော်လည်း အနှစ်တရာ မပြည့်မီ နက်ဖြန်,သံဘက်,ဘရက်ရက်တွင် နံနက်စာမှီ,ညစာမှီ သုသာန်းဈေးရုံကြီးသို့ ထွက်၍ သင်းချိုင်းဖြေပုံ စားပွဲခုံဘက်ခရမည်ကို မဖြင်ကြဲကုန်၍ ယနေ့တိုင်ပင်ပဒိဒွန်ိုင်ရာ အသင်းမှာ တမင်းတစိုးစိတ်ဝင်၍ ပျော်ရွှင်နိုင်ကြကုန်သည်၊ ။ပျော်ရွှင်နိုင်သော အားကြေးမှာလည်း ဖြန်မာစစ်သူကြီးဗန္ဓုလသည် အင်္ဂလိပ်စစ်ဗိုလ်တို့ တည်ငပ်က ချိန်ထားသော ဗုန်းလက်နက်ကို မသိသကဲ့သို့ သေမင်း ချိန်ထားသော ဝိပက္ခိုလက်နက်ကို မဖြင်၍ ပျော်ရွှင်နိုင်ကြသည်၊မဖြင်းကြောင်းမှာလည်း အပေါင်းအဘော် အသင်းအပင်းတို့လည်း ထိုလက်နက်ချိန်ရွယ်ချက်ကို မဖြင်နိုင်အောင် ဖုံးနိုင်ကုန်သည်၊ ခင်ဗျယ်,မက်ဘွယ်ဝထ္ထုအာရုံ တိုက်တာ အိမ်ယာဝင်းခြံစည်းလည်း ဖုံးနိုင်သည်၊ ကားတိုင်ခြံ ချည်၍ အဝေးမှ ပစ်သတ်မည်ရွယ်သည်ကို မဖြင်ဝံ့၍ မဖြင်တဲ့ သေရေခြင်းသည်သာ ကောင်းသည်ဟု မျက်နှာကိုလုံစွာ ဖုံးရသကဲ့သို့ အားငိုးအသိုး ဒိဒွဒိမိကို ချိန်၍,ရွယ်၍နေသော ဝိပက္ခိုလက်နက်ကို မြင်ဝံ့၍မဖြင်ရတဲ့ အမှတ်မဲ့သေခြင်းသည်သာကောင်းကြောင်းဟုအကြံပြု၍ လုံစွာဖုံးသည့်နည်းအားဖြင့် သတ္တိသံဝေဂ ဝင်ခွင့်မရအောင် မသေမီအတွင်းမိတ်သဟာယကာဝထ္ထုအာရုံစုကို စုဆောင်းဆည်းပူးပြီးလျှင် တိုအာရုံစုဖြင့် ဒိဒွစိတ်ကို လုံစွာဖုံးလွှမ်းကြဲသည်၊ အဖုံးလုံလွှ၍လည်း နောက်နောက်အခါ များစွာ သေရုန်အမှ တင်းလင်းကြီးကို ငြိုးငွေ့နိုင်မည်ဝေးစွ၊ ယခုဘဝ သေရမည်ကိုမျှ သည်း ကြံခံခြင်းဘရား မပွားများကြတဲ့ အများဝမ္မဘားပ

ဟုအဓိပ္ပြာယ်ပင်။ ပြေငြိမ်းနိုင်ကြလေသည်၊ အကြင်မျှလောက် နောက်နောက် သေရေရန် အခွင့်ရကို ယခု သေရမည်နှင့် အတူ မကြောက်နိုင်သေး။ ထိုမျှလောက် ကာလပတ်လုံး သံသရာမှ မထွက်နိုင်သေး။ လုံစွာဖုံးလွှမ်းမှုကို မလွတ်နိုင်သေးသမျှလည်း ကြောက်ခြင်း မသန့်နိုင်သေး။ ကြောက်ခြင်းမသန့်လျှင်လည်း ထွက်မြောက်ရန်ကို လွတ်လွတ်ကျတ်ကျတ် မကြိုသေး။ ဤအနက်ကိုရည်၍-ငါတလူလူ၊ ပမာဒမူ။လ။ ဟာနိတရုဏ်၊ ဟာနိပုံနှင့် ဖုံးရာကြဲ ဆိုသည်။ ဤစကားဌာန အမှုမှာနိပဟူသည်ကား-သေမြဲဓမ္မတာမှ, ပျက်မြဲဓမ္မတာမှတည်း။ ။ဒိတ်သင်းရက်ဆိုသည်ကား-ဥးတိဒိတ္တာသင်္ဂဟတို့နှင့် ရောရက်သည် ဆိုလိုသည်။ ။အရံစုံ ဆိုသည်ကား-သယ်ဟာ, ဥယျာဉ်, ဝင်းခြံ, အိမ်ဟာ, ဥစ္စာဘောဂဇာတိဆိုသည်။ ။ဟာနိတရုဏ် ဆိုသည်ကား-ဟာနိအမျိုးမျိုးလည်း ဖုံးမှုပင်၊ ဂုဏ်အမျိုးမျိုး ကြွက်သရေအမျိုးမျိုးတို့လည်း ဖုံးအုပ်ပင် ဖြစ်ကုန်၏ ဆိုလိုသည်၊ ဟာနိပုံ ဆိုသည်ကား-လူအသယ်, ရှင်အလယ်၌ အတင့်အတယ် ဘွယ်ရာအပြုပုံ အလုံးစုံသည်သည်း ဖုံးမှုပင်ဖြစ်၏ဆိုလိုသည်၊ တန်းခိုးရိုးသာနတ်တို့မှာ မနေသမို ၇-ရက်ကာပင် သေနိဒိတ်ငါးပါး ထင်ရှားပေါ်သည်၊ ထိုအခါ လွန်စွာ ကြောက်လန့် ပူပန်ကုန်သည်။ ထို အခါ တပါးသော နတ်တို့က ထိုနတ်သားကို ခေါ်၍ နန္ဒဝန်ဥယျာဉ်၏ ကြက်သရေဖုံး၍ အကြောက်, အပူပျောက်လေ၏။ နတ်ပြုဟ္မာတို့၌ ဖုံးမှသာ၍ အားကြီးသည်။ ။ဒုံးပလေ ဆိုသည်ကား-အနမတဂ္ဂသံသရာနှင့်တရ ဖုံးမှကိုသာ အားစိုက်၍ လာခဲ့ကြသည်၊ ဖုံးမှသည် ကုသိုလ်ဘရားဌာန မေ့လျော့တို့သာဖြစ်သည်၊ ကုသိုလ်တရားဌာန မေ့လျော့၍သာ လာခဲ့ကြသဖြင့် ယနေ့ထက်ထိ သေခြင်းမှ ကင်းလွတ်အောင် ကြံဝံ့သော စိတ်မရှိဘဲ ဖုံးမြဲဖုံးကြသည်။ ဖုံးမှနှင့် ကုန်ရသော နှစ်, လ, နေ့, ရက် အာသက်အာရွယ်စသည် တွက်ချေတုံးသော အရှုံးသက်သက်စုသာဖြစ်သည်ဟု ဆိုလိုသည်၊ ။ထုံးဖြေပြာစဒိတ်ဆိုသည်ကား-ကာမ တဆဲ့တဘဝ်သားတို့၏ ကိုယ်ခန္ဓာ, ရူပတဆဲ့ခြောက်ဘုံသားတို့၏ ကိုယ်ခန္ဓာတို့သည် အညက်ကျိတ်

လျှင် ရဒေသာ ထုံးဖြေခဲ့မျိုးတွေသာ ဖြစ်ကုန်၏၊ အထူးကား-ဂမ္ဘဇ ဖြေမှုန့်လွန်ကဲသောနတ်ခန္ဓာ,ဖြိဟ္ဒာခန္ဓာစသည်အလွန်ထိမ်ဝှေသော ယမ်းဖြေခဲ့ရမျိုးတည်း၊ ကိုယ်စောင့် ဓာတ်မိုး လည်းအလွန်ထက်သည်၊ ရုတိစိတ်ကျ၍ စိတ္တဇဖြေ, အာဟာရဇ ဖြေ ကုန်ဆုံးလျှင် မိုးတေခံကြိုး ကွယ်ပျောက်သကဲ့သို့အကုန်ချုပ်ပျောက်လေသည်၊အာလောင်းကောင်ကောက်ယူဘို့မရပြီ၊ထိုကြောင့် ဥပပတ်နတ်ဖြိဟ္ဒာတို့၏သေခြင်းသည်ကျန်ဂိုသောသူတို့စိတ်ကြေ, လက်ကြေဂိုအောင် ပြုစုခွင့်မျှမရသော သေခြင်းဖြစ်ခဲ့၍ အစိမ်းသေ သေခြင်းဆိုသည်ဟု ဆိုခွင့်ဂိုသည်၊လူ-စသော သတ္တဝါတို့၏ ကိုယ်ထည်ဖြစ်သောထုံးဖြေစုံဝှေကား-ဂမ္ဘဇဖြေကုန်ဆုံးသောသည်နောက် ချရာသင်းချိုင်း, ဖြေသင်းချိုင်း-ပြာတို့ဒွိဓာတ်တူ ပေါင်းရှုံးလေ၏၊ သင်းချိုင်းဖြေသင်းချိုင်းပြာတို့နှင့် ဖြစ်အတူ, ပျက်အတူဒိတ်သဟာယဖြစ်ကြလေ၏။ ထိုကြောင့် ယခုတ်တုတ်ဂိုကြသော ကိုယ်ထည်အထု ဓာတ်ဖြစ်ရကို ထုံးဖြေပြာစုဒိတ်ဆိုပေသည်။

တတိယ ပိုဒ်ပြီး၏။

---

၄ ငါတလုံးနယ်ဆိုသည်ကား-ငါ—ဟူသော အာကွရာတလုံး၏ ကျင်လည်ရာ နယ်ခဆိုလိုသည်၊ထိုငါ-အာကွရာသည်ကား သမုဒယသစ္စာ တဏှာမှထွက်လာသော တဏှာ၏ တမ်းခွန်ပေတည်း၊ မိုးမှထွက်သော မိုးခိုးကို မိုး၏တမ်းခွန်ဆိုသကဲ့သို့တည်း၊ကာမ တဆဲ့တဘုံတွင်ဂိုခန္ဓာစုသည် ကာမတဏှာဘန်ဆင်း အုပ်စိုးသော ခန္ဓာစုပေတည်း၊ ရူပ တဆဲ့ဧခြောက်ဘုံဂို ခန္ဓာစုကို ရူပတဏှာ ဘန်ဆင်းအုပ်စိုးမှုပေတည်း၊ အရူပဧလေးဘုံဂို ခန္ဓာစုကို အရူပတဏှာ ဘန်ဆင်းအုပ်စိုးမှု ပေတည်း၊ အုပ်စိုးကြောင်းကိုလည်း မခံချင်တတ်သောသူထံယောကို ဧခြေနှင့်တို့၍စမ်း၊ငါ့ကို ဧခြေနှင့်တို့ရာသလောဟု တို့ရာတိုင်းကား၊ငါ့အာကွရာပေါ်လတ္တံ့။ မင်းစိုးရာဇာတို့မှာ ပြည်တို့အုပ်စိုးရာနိုင်ငံအတွင်းဘယ်တယ်ဖေ ရာကိုမဆို နိုင်ငံခြားမင်းတပါးတို့ကထိပါးလာခြားအံ့၊ရာဇမာနငါ့အာကွရာပေါ်လာလတ္တံ့။

ထိုကြောင့် သုံးဆဲ့တဘဲ့ကို ငါ့ဘလုံးနှယ်ဆိုပေသည်၊ သုံးသွယ် ပြိုသိုက်ဆိုသည်ကား-ကာမဘဲ့တသွယ်, ရူပဘဲ့ထသွယ်, အရူပဘဲ့ တသွယ်ပေတည်း၊ မြွေချနှိပ်သူသည်ကား ဖြစ်ဘက်ပျက်ဘက်စကြဲ ဝဋ္ဌာကုဋ္ဌေတထိန်းကို အစုစုထား၍ရှု၊ တည်ဆဲ့ဘဝန္တရာမှ ရှေးအနမ တဂ္ဂ အတိတ်ကမ္ဘာစုတွင် တခုခုသော ကမ္ဘာ၌ စကြဝဋ္ဌာကုဋ္ဌေ တထိန်းဂိုသော ရေ, မြေ, တောတောင်စသောအဝိညာဏကခန္ဓာခဲရ လူကောင်, နတ်ကောင်, နွားကောင်, ကျွဲကောင်, ဆင်ကောင်, မြင်း ကောင်-စဲ့သော သဝိညာဏက ခန္ဓာခဲရသည့် ဃခုမြွမျမဂိုပြီး ၍ ကမ္ဘာတွင်လည်း ၍အနှံ့ရုက်တွင်လည်း အာယုကပ်ဟူသော အသက်တမ်းချင်း ပိုင်း၍ရှု။ အသက်တမ်းတွင်လည်း တရာတမ်း ဖြစ်လျှင် ရှေ့တရာ, နောက်တရာ, ပိုင်း၍ရှု။ ရှေ့ရှေ့တရာတွင် အစ စွာဂိုနေသော ခန္ဓာစုသည် နောက်နောက်ဘရာတို့၌ မြွမျအာကြွင်း အာကျန်မဂိုပြီ၊ ။အမြဲတေ၊ မစဲခဲ့ဆိုသည်ကား-ဘယ်အချိန်မှာ မဆို, ဘယ်အရပ်မျက်နှာကိုမဆို, လက်ညှိုးထိုးလိုက်လျှင် ထိုးရာ တိုင်း ထိုးရာဘိုင်းမှာပင် လက်ညှိုးတဲ့ရာ အရပ်မျက်နှာမှာ သေဆဲ သတ္တဝါ အနှံ့အနှံ့ထိုးခဲသည်ချည်းမည်၏၊ ။အပြောင်တိုက် ဆိုသည်ကား-မြွမချနိုင်ခဲ့ပြီးသော အတိုင်းဆိုလော။ ။အမှိုက် ကယ် ဝဋ်ဆွယ်ဆိုသည်ကား-ရာဂမိုး, ဒေါသမိုး, မောဟမိုး, ဇာတိ မိုး, ဇရာမိုး, မရဏမိုး, သောကမိုး, ပရိဒေဝမိုး, ဒုက္ခမိုး, ဒေါမနဿ မိုး, ဥပါယာသမိုး-ဟူသောတဆဲ့တပါးသော မိုးတို့၏ လောင်စာ လောင်သင်း-မြက်ထင်းအမှိုက်တွေသာဖြစ်ခဲ့ချ၍ သုံးဆဲ့တဘဲ့တွင် သက်ဂို, သက်ခဲ့ အလုံးစုံအကုန်ကို အမှိုက်စု အမှိုက်ခဲ့ထွဆိုပေ သတည်း၊ အသက်ဂိုဖြစ်သောအမှိုက်စုကို ကိလေသာတစု, ကံတစု, ဝိပါက်ဘစု-သုံးစုခွဲ၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်-၍သုံးပါးသည် ကိလေသာစုတည်း၊ သင်္ခါရ, ကမ္မဘဝ-၍နှစ်ပါးသည် ကံစုတည်း၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-၍ငါးပါးသည် ဝိပါက်စုတည်း၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဂိုလျှင် သင်္ခါရ, ကမ္မဘဝ ဟူ ဆိုအပ်သော သုခရိုက်, ဒုစ္စရိုက်ဖြစ်ပေါ်မြဲ၊ သုစရိုက်, ဒုစ္စရိုက်ကံ

မှအိုလျှင် ဘဝသစ်ခေါ်ရသော ဝိပါက်အရုဏ်ကောန်ဖြစ်ပေါ် မြဲ၊ဝိပါက်အာရုဖြစ်ပြန်၍ လူကောင်,နတ်ကောင်ဖြစ်ပြန်လျှင် ထိုလူကောင်,နတ်ကောင်ကို အစွဲပြု၍ ကိုးလေသဒ္ဒးစု ဖြစ်ပေါ် မြဲ၊ ငါငါဟူ၍ဂုဏ်, ငါ့ဟာငါ့ဟာဟူ၍ဂုဏ်, ငါ့အတွက်ငါ့အတွက်ဟူ၍ဂုဏ်, ငါမင်း, ငါပုဏ္ဏား, ငါသေဋ္ဌေး, ငါသူကြွယ်-ဟူ၍ဂုဏ်၊ ငါနတ်, ငါဆိုးကြား, ငါဗြဟ္မာ, ငါဇာတိ, ငါပုရိသ-ဟူ၍ဂုဏ်း-ဤသို့စသည်ဖြင့် စွဲလမ်းသော ကိုးလေသာတို့သည် ဗာလ ပုထုဇ္ဇန်တို့မှာ ဇောနံဖြစ်ပေါ် မြဲ ဟူလိုသည်။ ကိုးလေသာကိုဖြုန်လျှင်လည်း၊ ကံအရုဏ်ကောန်ဖြစ်ပျက်မြဲ၊ ကံအာရုဖြစ်ပျက်မြဲ၍ထင်ရှားကိုဖြုန်လျှင်လည်း၊ ဘဝသစ် ခန္ဓာသစ် ဟူသော ဝိပါက်ကောင်ကောန်ပေါ် မြဲ၊ ဝိပါက်ကောင်ပေါ်ပြန်လျှင်လည်း သာယာစွဲလမ်းသောကံလေသာရုဏ်ကောန်ဖြစ်လာမြဲ၊ ဤသို့အမှန်လေးချက်ကို အပိုင်သိသော ယထာဘူတဉာဏ်ကို ဇရသမ္မရဏလပတ်လုံး မရပ်မတည်ဟူးဟူးလည်၍နေသောကြောင့် အစုကြီးသုံးပါးကိုဝဋ်နွယ်ဆိုသည်။ ‘အဖြစ်မစဲ၊ အသစ်လဲ၊သဲသဲကွဲယ်’ဟူသည်ကား-အသေမီးက ဖြူမှမဟုန်အောင် အတွင်းလောင်၍လိုက်ငြားသော်လည်း စကြဝဠာအနန္တနှင့် အပြည့်အပြည့်ပင် မစဲမပြတ် အသစ် အသစ် ဖြစ်ပေါ်၊ ပြောင်းလဲ၍ စကြဝဠာအားလုံး အုန်းအုန်း သဲသဲ အဖြစ်ပည် ပင်ပြည့်ကွယ်သည်သာဖြစ်၏ဟူလိုသည်။ ‘အကယ်မသေလော်၊ သူကသာမောက်တော့ဆိုသည်ကား-ထိုကဲ့သို့စကြဝဠာအနန္တလုံး ပြည့်အောင်အသစ်အသစ်မစဲအောင်ဖြစ်ပျက်၍နေသော်လည်းသင်၏ရုတို့က ပိုရ၍သွားနိုင်သည်မဂို၊ အသေမီးကသာပိုမေဝံလျက်ရှိတော့သည်ဟူလို၊ ဖြစ်သမျှသောသင်၏ရုတို့မည်သည် ပျက်ခြင်းလျှင်အဆုံးရှိကြကုန်၏၊ ပျက်ခြင်းကိုလွန်၍ အဖြတ်တည်နေနိုင်သေသင်၏ရုတရား ဟူ၍ကားဝုံဘရာမျှမရှိ၊ နေဝံနေဝံကမ္ဘာ၊ ဘန်ဘန်လာလဲ၊ အစာသူတွင် တရုသာထင်ကြ၏ ဆိုသည်ကား-နေဝံနေဝံ ကမ္ဘာသစ်ကမ္ဘာသစ် ဆက်၍စကြဝဠာအနန္တနှင့်အပြည့်အပြည့်ဖြစ်လာသော်သင်၏ရုမျှမတို့သည် မရေဏမီး၏ အစိုးအပွါးသာဖြစ်ကုန်၍ သူ့လက်တွင်းဥဒိုး စာထင်းမှိုက်အဖြစ်နှင့်သာတရမကျန် တလုံးဘစုထည်းထင်ကြ၏

ကုန်၏ ဆိုလိုသည်၊အဟုတ်ဥာဏ်မတင်စိုးနိုင်ရဆိုသည်ကား-တ
ယောက်သောပြည့်စုံမင်းသည် အတုမရှိလှပသောမင်းသွေးယောင်
ဆောင်၍နေသော ဘီလူးမကိုတောင်ညာဘင်လေ၏၊ထိုမင်းသည်
ဘီလူး၏ဒုက္ခိုက်ဘွယ်ဆိုးရွားသောစာတိရုပ်သွင်ကိုဖြင်နိုင်သော
ဒိဗ္ဗစက္ခုနှတ်ဆေးကိုမရသမျှကာလပတ်လုံးထိဘီလူးမ၏နှတ်သွေး
အသွင် ထင်ဖြင်အောင်ဘန်ဆင်း၍ မာယာပရိယာယ်ဖြင့် ပြုသမျှ
သောအတင်စိုးကို ခံခုလေ၏၊ ဒိဗ္ဗစက္ခု နှတ်ဆေးကိုရ၍ မျက်စိ၌
ကွင်း၍ကြည့်သောအခါမှစာတိရုပ်သွင်ကို ဟုတ်တိုင်းဖြင်ရသဖြင့်
ချည့်နှောင်ရိုက်ခတ် အသေသတ်၍ ထိုမင်းကတင်စိုးနိုင်လေ၏၊ ထို
အတူ ဤသတ္တဝါအပေါင်းတို့သည် ယထာဘူတဉာဏ်ကို မရကြို
သေးသမျှ ကာလပတ်လုံး သခ်ိဘရုပ်နာမ်တရားတို့၏ အတင်အစိုး
ကို ခံနေကြရကုန်၏၊ တင်စိုးပုံကား ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ား
မိန်းမ မဟုတ်ကုန်သော ရုပ်နာမ်တရားတို့သည် ပုထုဇ္ဇန်သတ္တ
ဝါတို့အား ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ားမိန်းမ ထင်အောင်ပြု၏၊
ပုဂ္ဂိုလ်ဆင်ကြရု၏၊သတ္တဝါထင်ကြရု၏၊ ယောကျ်ားမိန်းမထင်ကြ
ရု၏။ပုဂ္ဂိုလ်သတ္တဝါယောကျ်ားမိန်းမ အလှအယဉ် ထင်ဖြင်စွဲလမ်း
ကြ၍ ချစ်ကြ ခင်ကြကုန်၏၊ ချစ်ဖွယ်မှသည် သံသရာ၌မာရ်မင်းငရဲ
မင်းကြီးတို့၏ သံကြိုးသံလွန်ပေတည်း၊ ထိုသံကြိုးသံလွန်တို့ဖြင့်
အသဲနှလုံးတို့၌ အတင်းအကြပ်ချည်တုပ်ဖိလျက်ရှိနေကြကုန်သော
အနှစ်ပုထုဇ္ဇန်သတ္တဝါတို့သည် မာရ်မင်းငရဲမင်းတို့၏လက်မှမလွတ်
နိုင်ကြကုန်ပြီး၊ ဤကားသခ်ိတရုပ်နာမ်တို့၏ တင်စိုးချက်တည်း၊ အ
ကြောင်းအခါ၌ သခ်ိတရုပ်နာမ်တို့၏ဇာတိအသွင်ကို ထင်ဖြင်နိုင်သော
ယထာဘူတဉာဏ်ကိုရ၏၊ ထိုအခါမှစ၍ ကလျာဏပုထုဇ္ဇန်စွဲ
သောတာပန်အဖြစ်သို့ ရောက်ကြကုန်၍။ရုပ်နာမ်တို့၏တင်စိုးချက်မှ
လွတ်စပြု၏၊ရုပ်နာမ်တရားတို့ကို ပိပိတို့က အနိစ္စဟူ၍ တင်စိုးနိုင်
ကြကုန်၏၊ဒုက္ခဟူ၍,အနတ္တဟူ၍,ပုဂ္ဂိုလ်မဟုတ်ဟူ၍ သတ္တဝါ မ
ဟုတ်ဟူ၍,ယောကျ်ား,မိန်းမ မဟုတ်ဟူ၍,သူမဟုတ်ဟူ၍, ငါမ
ဟုတ် ဟူ၍-တင်စိုနိုင်ကြကုန်၏၊ အဟုတ်အမှန် အဖြင်သန့်သော

ယထာဘူတဉာဏ်ဖြင့် နာမ်ရုပ် တရားတို့ကို အပြစ်ဒေါသဘေး ဘယတို့နှင့် ရှုတ်ချဘိစီးနှိုင်ကုန်၏၊ ဤကား ကလျာဏပုထုဇ္ဇန်, စူဠသောတာပန်တို့က ရုပ်နာမ်တရားတို့ကို တင်စီးဖုံဘည်း၊ ၊ ဤကဲ့သို့ယထာဘူတဉာဏ်သော အဟုတ်ဉာဏ်ဖြင့်သခ်တရုပ်နာမ် တို့ကို မတင်စီးနိုင်၍၊ မဘိစီးနိုင်ရဆိုလိုသည်၊ ၊သည်မိုးဟာ ဘယ်ထကိန်းမှာမှ၊ ငြိမ်းပမယ်လို့ ဆိုသည်ကား-တံုတွင်းကို အတွင်းလောင်ဖြိုက်အပြောင်တိုက်၍နေသောအသေမီးနှင့်တကွထဆဲ့ တပါးသောမီးတို့၏ဘာဝနာမှ လွတ်ငြိမ်းခွင့်ကို ဘယ်ဘကိန်းမှာ ရုပါဒ်ခံနည်း ဆိုလိုသည်၊ တကိန်းဆိုသည်ကား-ဘဆူဘဆူသော မြတ်စွာဘုရား၏ ဖြစ်ပွင့်တော်မူရာ သာသနာ ကျွတ်ကိန်းကြီးကို သာသနာကျွတ်ပွဲကြီးကို ဆိုသည်၊

သံဝေဂလေးချီးကြီး၏အနှက်အဓိပ္ပါယ်ကို
ဘော်ပြချက်ပြီး၏၊